
www.burmeseclassic.com




3836640190002

www.burmeseclassic.com

www.burmeseclassic.com



**August, 2017**

**No.151, August,**


တစ်နွယ်ငင်ရာ ... ၆

ကြုမည့်ကြံ့တော ...
နောင်လွင်

ညှော်
လူရှိန်အောင် ၇၄

မျှမျှတတနှင့် ... ၈၄

ဇာတာပုံကို ...
နောင်လတ်

ဒေါ်ဆောင်းနေ့ ...


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထောင်မှူးမမ
ကိုကိုဘာလို့မုန်းတာလဲ ၁၄၆


လက်ဆယ်ဖြာထိပ်မှာမိုးလို့
မောင်သိကျွာ ၁၇၃

ဖြေမရှင်နိုင်တယ်
ကျော်ဦး ၁၈၆

တုန့်ရှိုင်းမရှိသော အဖေ့မေတ္တာ
ဆွေမြင့် ၁၉၉

ဟန်ချက်ပျက်သွားသော [illegible]မှတ်
တင့်ထူး (ဇေယျဝတီ) ၂၁၆

မသုံးလုံးအနှ[illegible]
ညိုညိုနိုင် [illegible]



www.burmeseclassic.com

www.burmeseclassic.com


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (၀၉ ၃၁၁၁၆၉၉၉)

အုပ်ချုပ်အယ်ဒီတာ
မခင်မာရွှေ

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ရုံးအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊ ကောင်းကောင်း–၁၊ ကောင်းကောင်း–၂၊ အောင်ဇင်မင်းပိုင်၊ ညီနွယ်၊ ဖြူဖြူသင်း၊ ကြည်စင်သန့်၊ ကြည်လဲ့လဲ့ဦး၊ နိုင်နိုင်၊ အိဖြူ။

ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက် ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)

စာအုပ်ချုပ်
တင်မေထွန်း

အုပ်ရေ ၅၀၀
တန်ဖိုး –၂၀၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၃၈၃၆၆၄၊ ၃၈၆၈၃၃။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ–၀၀၅၆၂) Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂ခ)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ (သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြတ်မင်းဟန်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ငိုင်းငေး။

ကွန်ပျူတာနှင့် ဖလင်
Quality


www.burmeseclassic.com

www.burmeseclassic.com

## Next Month Preview

ဓသွေးကြောက်သောလူသတ်သမား

**ဒဂုန်ရွှေမျှား**




ပဉ္စမမြောက်မှန်ခေါင်း

**ဆွေမြင့်**



အများတစ်ရံ့အမှန်တရား

**ကေရာဇ်**



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဦးနှစ်ဖက် ချစ်ခင်စုံမက်၍ယူသော အိမ်ထောင်သည်များပင် ဖြစ်လင့်ကစား ယောကျ်ားဘက်မှသော်လည်းကောင်း၊ မိန်းမဘက်မှသော်လည်းကောင်း တစ်ဖက်ဖက်မှ ဝတ္တရားပျက်ကွက်ခဲ့ပါမူ အိမ်ထောင်သက်တမ်းသည် တာရှည်လေးမြင့်စွာ ခံတော့မည်မဟုတ်ပေ။ တစ်ဦး၏ ဝတ္တရားမကျေပွန်မှုသည် အခြားတစ်ဦးအပေါ်၌ သမီးရည်းစားဖြစ်စဉ်က ချစ်ခဲ့သောအချစ်ကို ဒီဂရီအနည်းငယ်မျှ လျော့ပါး၍သွားစေတတ်၏။ ဒီဂရီပေါင်းများလတ်သော် မူလအချစ်သည် သိသိသာသာကြီး ကျဆင်းသွားတတ်လေသည်။ ထိုအခါ ယောကျ်ားသည် မိန်းမအပေါ်၌ အပြစ်ဖို့လျက် မိန်းမကလည်း ယောကျ်ားအပေါ်၌ အပြစ်ဖို့ကာ အိမ်ထောင်ရေးအရသာ လျော့ပါးဆုတ်ယုတ်၍ လာတော့၏။



www.burmeseclassic.com

ww.burmeseclassic.com

[illegible] သိမ်းသိမ်းမှ နားမလည်သည့်

အမျိုးသမီးတစ်ယောက် [illegible] အပေါ် စိတ်ဆိုးပြီးနောက်

နေ့အိမ်မှဆင်းသွားရာမှာ အခြေအနေတွေ

ပြောင်းလဲသွားကာ ...

ဂုဏ်ရွှေများ

# ကော်နွယ်ငြိရာ



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ အိမ်ထောင်တစ်ခု၏ အချိန်တာရှည်လေးမြင့်စွာ တည်တံ့ခိုင်မြဲရေးသည် ယောကျ်ား၏အလုပ်အကိုင် အကြံအစည် အောင်မြင်မှုနှင့်တကွ ဇနီးဖြစ်သူ၏ အိမ်ထောင်သိမ်းဆည်းမှု လင်ယောကျ်ားအပေါ်တွင် ပြုစုယုယမှု စသည်တို့အပေါ်၌ တည်ရှိလေသည်၊ တစ်ဖက်ဖက်မှ ချစ်ရေးကိစ္စတွင် သစ္စာဖောက်ဖျက်မှုမဆိုထားဘိဦး။ အိမ် ထောင်မှုကိစ္စနှင့်ပတ်သက်၍ ဝတ္တရားပျက်ကွက်မှု လစ်ဟင်းမှုတို့သည်ပင် အိမ်ထောင်တစ်ခု တည်တံ့ခိုင်မြဲမှုကို ထိခိုက်ပျက်စီးစေတတ်၏။

ယောကျ်ားခေါင်းဆောင်သော အိမ် ထောင်၌သော်လည်းကောင်း၊ မိန်းမခေါင်းဆောင်သောအိမ်ထောင်၌သော်လည်းကောင်းနှစ်ဦးနှစ်ဖက်ဝတ္တရားပျက်ကွက်ခြင်းမရှိကြဘဲ ကျေပွန်စွာထမ်းဆောင်နိုင်ကြမှသာလျှင် ထိုအိမ် ထောင်၏တည်တံ့ရေးမှာသာ၍ပင် စိတ်ချရပေသည်။

အချစ်ဟူသည်မှာ မာကြောသော သဘောတရားမဟုတ်ဘဲ ဆွဲငင်ရာပါတတ်သည့်သဘောရှိ၍ ရော်ဘာခေါ် ကြက်ပေါင်စေးနှင့်တူ၏။ နူးညံ့ပျော့ပျောင်းသော သဘောတရားရှိ၏။ သံလိုက်ဓာတ်ကဲ့သို့ နီးရာသို့ တွယ်ကပ်တတ်၏။ သို့ဖြစ်၍ ဇနီးမောင်နှံရခါစ၌ ချစ်ခဲ့သောအချစ်ကို ဆက်လက်ထိန်းသိမ်းရန်မှာ ယောကျ်ားတွင် တာဝန်ရှိသလောက် မိန်းမဘက်၌လည်း တာဝန်ရှိလေသည်။

ရန်ကုန်အရှေ့ပိုင်း (၅၁)လမ်းရှိ တိုက်တစ်တိုက်၏ ပထမထပ် အတော်အတန် ခမ်းနားသပ်ရပ်သော အခန်းတစ် ခန်းတွင် ကိုတင်အေး၊ မရင်မေဆိုသူ ဇနီးမောင်နှံတို့ နေထိုင်ခဲ့ကြလေသည်။ ကိုတင်အေးမှာ သတင်းစာတိုက်တစ်တိုက်တွင် လခ (၄၅၀) မျှရသော အယ်ဒီတာတစ်ယောက်ဖြစ်၍ မရင်မေမှာ အငြိမ်းစား အရေးပိုင်ကြီးတစ်ဦး၏ သမီး ဖြစ်လေသည်။

ကိုတင်အေးမှာ ဝိဇ္ဇာ(က) သို့ အရောက်တွင် ကျောင်းမှထွက်ခဲ့ရ၏။ နာမည်နှင့် လိုက်အောင် အေးချမ်းစွာနေတတ်သော လူတစ်ယောက် ဖြစ်၏။ သို့ နှင့်လည်း ရှေ့ ခြင်း၊ မျက်နှာလိုမျက်နှာရ လုပ်ခြင်းတို့ဖြင့် ပြွမ်းလျက်ရှိသော အစိုးရလခစား ရာ



www.burmeseclassic.com

ww.burmeseclassic.com

တစ်ခုမှ ထွက်ခဲ့ပြီးလျှင် ကလောင်ဖြင့် အသက်မွေးရသည့် အယ်ဒီတာအလုပ်ကို ရွေးချယ်လုပ်ကိုင်ခဲ့သူ ဖြစ်လေသည်။ ဇနီးသည်ဘက်ကမူ မိဘမျိုးရိုးအားဖြင့် အထက်တန်းအရာရှိကြီးများဖြစ်ပြီးလျှင် မရင်မေကိုယ်တိုင်လည်းအင်္ဂလိပ်သီလရှင်ကျောင်းထွက် ဖြစ်ခဲ့၏။

ကိုတင်အေးနှင့် မရင်မေတို့မှာ တစ်ဦးနှင့်တစ်ဦး တွေ့မြင်ဖူးခြင်းမရှိဘဲ မိဘများ စေ့စပ်၍အကြောင်းပါခဲ့ခြင်းဖြစ်ရာ ထိုအခါက နှစ်ယောက်စလုံးပင် ကျောင်းမှထွက်စ ဖြစ်သဖြင့် တွေ့မြင်ချစ် ဟူသော သဘောတရားမှလွဲ၍ မိမိတို့အိမ်ထောင်ကို မည်ကဲ့သို့ ထိန်းသိမ်းမည်၊ မည်ကဲ့သို့ ထူထောင်မည် စသည်တို့ကို စိုးစဉ်းမျှ မတွေး။ အိပ်မက်မျှပင် မမက်ကြချေ။ ယောကျ်ားဘက်တွင် ခေတ်ပညာတတ် ရုပ်ချောတစ်ယောက်၊ မိန်းမဘက်တွင် အရေးပိုင်သမီး ခေတ်ပညာတတ် မိန်းမချောတစ်ယောက်ဟူ၍သာ အများက ထင်မြင်ကြ၏။ သူတို့ ကိုယ်တိုင်လည်း ဤသို့ပင် နားလည်ကြလေသည်။ ကိုတင်အေးဘက် ဆွေမျိုးများကလည်း ကိုတင်အေးမှာ ပညာတတ် ရုပ်ချောဖြစ်သည်ဟု မာန်မာနတက်၏။

မရင်မေဘက်မှလည်း မျိုးရိုးနှစ်ဖက် အင်္ဂလိပ်စာတတ်၍ ခေတ်ဆန်သူ မိန်းမချောတစ်ယောက်ဟု ဂုဏ်မောက်၏။

ကိုတင်အေးသည် အဝတ်အစားလဲ၍ နံနက်အလုပ်သွားခါနီးတွင် မယားဖြစ်သူအား နှုတ်ဆက်လျက် မရင်မေကလည်း တံခါးပေါက်ဝအထိ ယောကျ်ား၏လည်ပင်းကို ဖက်တွယ်ကိုင်လျက် နှစ် ယောက်စလုံး ခွဲမရအောင် ဖြစ်ကြကုန် ၏။ သို့သော် ကိုတင်အေးမှာ ဝိဇ္ဇာတန်းကို ရောက်ခဲ့သူဖြစ်လင့်ကစား လခစားအလုပ်ဖြင့် ပစ္စည်းများဖွေပေးရုံမှလွဲ၍ အိမ်ထောင်ရေးတွင် ခေါင်းဆောင်မှု မပေးနိုင်ချေ။ မရင်မေမှာမူ ထို့ထက်ပင် ဆိုးရွားသေး၏။ အလှပြင်၍ လင်ကိုချစ်မည်၊ အခြားအရာရှိကတော်များထက် သာအောင်ဝတ်မည်။ အဖိုးတန်သော ပေါင်ဒါ၊ မိတ်ကပ်၊ ရေမွှေး၊ နှုတ်ခမ်းဆိုးဆေးများကို အား ရအောင် ဝယ်မည်၊ နိုင်လွန်ဇရိုကိတ် အသစ်ဆန်းမှန်သမျှကို အခြားသူများထက် ဦးအောင်ဝယ်မည်စသော အပေါ်ယံ သာမန်ပြုမှုများမှတစ်ပါး အခြားသောအိမ်ထောင်ထိန်းသိမ်းမှုကို နားမလည် စိတ်ဝင်စားမှုလည်း မရှိချေ။



www.burmeseclassic.com

ww.burmeseclassic.com

ကိုတင်အေးနှင့် မရင်မေတို့အကြောင်းပါစဉ်က ကိုတင်အေးမှာ (၂၀)နှစ်၊ မရင်မေက (၁၈)နှစ်သာ ရှိသေး၏။

ကိုတင်အေးမှာ အရပ်ထဲတွင် နေခဲ့ ရသည်ထက် ကျောင်းတွင် "ဘော်ဒါ" နေခဲ့ရသည်က များသဖြင့် အရပ်အကြောင်း နားမလည်၊ အိမ်မှုကိစ္စတွင်လည်း ဗဟုသုတနည်းပါးခဲ့သူဖြစ်၏။ မရင်မေ နှင့် လူကြီးချင်းစေ့စပ်၍ အကြောင်းပါခဲ့ရာ ကိုတင်အေးမှာ လူပျိုဘဝကပင် အပျော်အပါးလိုက်စားခဲ့ခြင်းမရှိသော လူရိုးတစ်ယောက်ဖြစ်သဖြင့် မရင်မေ ကလွဲလျှင် ကမ္ဘာပေါ်တွင် အခြားမိန်းမ မရှိသလောက် စိတ်တွင်ထင်ခဲ့၏။ မရင်မေ၏ အပြစ်ကို မမြင်၊ အချစ်ကိုသာ မြင်ခဲ့၏။

မရင်မေမှာလည်း ယောကျ်ားရပြီးနောက် "အိမ်တစ်ဆောင် မီးတစ်ပြောင်" နေရသော အိမ်ထောင်သည်တို့၏ဝတ္တရားများကိုလည်းကောင်း၊ ဘဝခရီးလမ်းတွင် မလွဲမရှောင်သာ ကြုံတွေ့ရမည့် လောကဓံလှိုင်းဂယက်များကိုလည်းကောင်း မမြင်ဘဲ ပျော်လိုက်မည်၊ ပါးလိုက်မည်၊ စားလိုက်မည် ဟူသည့် အပေါ်ယံပျော်ရွှင်မှုတို့ကိုသာ မြင်သူ ဖြစ်၏။

ငယ်စဉ်ကပင် မိဘများလက်အောက်မှ "ခြေမွေးမီးမလောင် လက်မွေး မီးမလောင်" နေခဲ့ရပြီးနောက် အထက်တန်းကျောင်းသူဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းခဲ့သောအခါ ချက်ရေးပြုတ်ရေးနှင့်တကွ အိမ်ထောင်ထိန်း သိမ်းရေးတို့ကို လုံးဝပြန်၍ မကြည့်တော့ချေ။

ဤသို့ဖြင့် မရင်မေသည် အပျိုစင်ဘဝကပင် အိမ်မှုကိစ္စမှန်သမျှကို ကိုယ်တိုင် လုပ်လေ့မရှိဘဲ အစေခံများနှင့်သာ လွှဲထားတတ်သည်ဖြစ်ရာ ထိုအလေ့အကျင့်ကို အမွေအားဖြင့်ရခဲ့သော မရင်မေသည် အကျင့်ပါ၍နေပြီဖြစ်၍ နောက်ဖေးမီးဖိုချောင်နှင့် အိမ်မှုကိစ္စမှန်သမျှကို ပီရိသေသပ်စွာ မလုပ်ချင်တော့ချေ။

ငွေကြေးရှားပါး၍ အစားအသောက်ဈေးကြီးသောခေတ်၌ အိမ်ဖော်တစ်ယောက်ထားရန်သော်လည်းကောင်း၊ အစေခံတစ်ယောက်ထားရန်သော် လည်းကောင်း၊ ဝန်လေးလှ၏။ အကယ်၍ မကုန်တန် မကျတန်သည့်နေရာတွင် အလဟဿ မကုန်ကျစေဘဲ အိမ်ထောင်ကို ကောင်းစွာဦးစီးနိုင်ရုံမျှ အနည်းဆုံး အိမ်ဖော်မိန်းမကြီးတစ်ယောက် ထားနိုင်မည်မှန်သော်လည်း အဘက်ဘက်တွင် လစ်ဟင်းခြင်းဖြင့်သည်၊



www.burmeseclassic.com

ww.burmeseclassic.com

ကောင်း၊ ဒေါက်ဖိနပ်ဖိုး၊ နိုင်လွန်ဖိုး၊ ဘရိုကိတ်ဖိုးများဖြင့်လည်းကောင်း၊ ဆူးလေဘုရား လမ်းရှိရုပ်ရှင်ရုံများသို့တစ်ပတ်လျှင်အနည်းဆုံးနှစ်ကြိမ်၊ တစ်ကြိမ်မျှဆက်သွားရသော အခွန်များကြောင့်လည်းကောင်း ကိုတင်အေး ရှာဖွေပေးသမျှသော ငွေတို့မှာ လ မကုန်မီ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်လေသည်။

ကိုတင်အေးမှာ လစာ (၄၅၀) ကျပ် အပြင် အခြားတိုက်များသို့ ဆောင်းပါးများ ရေးပေးသဖြင့်လည်းလတိုင်းလိုလိုပင်အပိုအလျှံဝင်ငွေရသေး၏။ သို့နှင့်ပင်မရင်မေ မှာအနည်းငယ်မျှစုဆောင်းမိသည်မရှိဘဲ တစ်ခါတစ်ရံ ရွှေလက်ကောက်တစ်ဖက်ကို ပေါင်ရခြင်း၊ အိမ်နီးပါးချင်းများထံမှ အတိုးကြီးပေး၍ ငွေချေးရခြင်း စသည်တို့ကို ကိုတင်အေး မသိအောင် ပြုလုပ်တတ်လေသည်။

တစ်ကြိမ်တွင် နောက်ဖေးမီးဖိုဘက်၌ ချွေးခြောက်ရန် ခေတ္တလှမ်းထားသော တူတယ်လုံချည်နှစ်ထည်မှာ ညအိပ်ရာဝင်ခါနီးတွင် ပြတင်းပေါက်ကို မပိတ်မိသဖြင့် ပျောက်သွား၏။ တစ်ခါကလည်း အိမ်ရှေ့ဘက် အုတ်နံရံစွန်းတွင် နေလှန်းထားသော ကိုတင်အေး၏ "ဂျွန်ပွိုက်" ဖိနပ်တစ်ရံမှာ အချိန်လွန်မှ ရုတ်မိသောကြောင့် ဖိနပ်တစ် ဖက်မှာ ရှာ၍မတွေ့တော့ချေ။

တစ်ခါကလည်း မင်းကတော်အိမ် တစ်အိမ်ရှိပိုကာဝိုင်းတွင် ကစားလောကြီး၍ နေသဖြင့် အခန်းတွင်းရှိ မှန်တင်ခုံပေါ်၌ ခေတ္တချွတ်၍ တင်ထားသော ရွှေလက်ပတ် နာရီကလေးမှာ အချိန် (၁၀) မိနစ်ခန့်ကြာ၍ သတိရသောအခါ ရှာ၍ မတွေ့တော့ ချေ။

ထိုနာရီကလေးမှာ ကိုတင်အေးက မင်္ဂလာဦးလက်ဆောင်အဖြစ်ဖြင့်ပေးသော (၂၅၀) ကျပ်တန် ရွှေနာရီကလေး ဖြစ်လေသည်။

မီးဖိုဆောင်ဘက်မှာလည်း ဈေးမှဝယ်လာသော အမဲသားငါးများကို ကြောင်စား ၍သွားခြင်း၊ ကျိုးရှို၍သွားခြင်း၊ ဟင်းအိုးကိုတည်ကာ အိမ်ရှေ့တွင် စကားကောင်းနေ သဖြင့် ဟင်းအိုးတစ်အိုးလုံး ပစ်လိုက်ရခြင်း စသည်တို့မှာလည်း အကြိမ်ပေါင်း မရေ မတွက်နိုင်ချေ။

ဤသို့ဖြင့် ကိုတင်အေးနှင့်မရင်မေ တို့အိမ်ထောင်ရေးမှာ အပေါ်ပန်းတွင် အုမြင် လှသလောက်အောက်တွင် "ဟာ" လျက်ရှိနေလေရာ ကိုတင်အေးလုပ်ကိုင်ရရှိသော



www.burmeseclassic.com

www.burmeseclassic.com

လခကလေးမှာ စည်းစနစ်ကျနစွာနှင့် ခြိုးခြံစွာသုံးစွဲခဲ့ပါမှ လင်မယားနှစ်ယောက်အတွက် လောက်လောက်ငင ရှိရုံမျှမကအတော်အတန်ပင်ပိုလျှံရမည်ဖြစ်သော်လည်း မီးဖိုဆောင်ဘက်တွင် လစ်ဟင်းမှုအိမ်ရှင်●၏ပျင်းရိမှု၊ ချွေတာရေးကို နားမလည်မှုတို့ကြောင့် တစ်လနှင့်တစ်လ အလျှင်မီအောင်ပင် ရှိခဲ့လေသည်။

အချိန်ကြာမြင့်လာသည်နှင့်အမျှ သူတို့၏ အိမ်ထောင်ရေး သာယာမှုကလေးသည်လည်း တဖြည်းဖြည်းသွေ့ခြောက်၍ လာလေသည်။ မရင်မေမှာ ဖဲဝိုင်းနှင့် အိပ်ရာထဲ၌သာ အချိန်ကုန်ခဲ့လျက် အိမ်တွင် တစ်စုံတစ်ရာ သိမ်းဆီးခြင်းမပြုရုံမျှမက အိမ်၌နေသောအခါများ၌ မိမိကိုယ်ကိုပင် မိမိ ဖီးလိမ်းဝတ်စားခြင်းမပြုနိုင်အောင် ရှိတော့၏။

သို့ဖြစ်ရကား ကိုတင်အေးမှာ မရင်မေအားမျိုး၍ထားမတတ် ချစ်ခင်စေကာမူ ဇနီးသည်၏ ချို့ယွင်းမှုကို တဖြည်းဖြည်း ငြီးငွေ့လာတော့၏။

ကိုတင်အေးသည် ညနေအလုပ်မှ ပြန်လာသောအခါ သန့်ရှင်းသာယာသောအိမ်နှင့် ပြုံးရွှင်သောဇနီးသည်ကို မြင်ရမည့်အစား ဆံပင်ဖိုးရိုးဖားရားနှင့်

ကိုတင်အေး
မြည်တွန်တောက်တီးတာတော့
ရင်ရင် မခံချင်ဘူး။
အိမ်မှာနေတုန်းက မခံရဘူး။
အခုမှ ခံရတယ်။ ရင်ရင်ဟာ
ဘယ်သူ့ မြည်တွန်တောက်တီး
တာမှ မခံခဲ့ရဘူး။ အဲဒီတော့
ရင်ရင် စိတ်မချမ်းသာဘူး။
ကိုတင်အေးမှာလည်း ရင်ရင့်
အတွက် စိတ်မချမ်းသာဖြစ်
ရတယ်။ အဲဒီပြဿနာဟာ
တစ်ယောက်နဲ့တစ်ယောက်
ကွဲမှပဲ အေးမယ်။



www.burmeseclassic.com

ww.burmeseclassic.com

ထဘီရင်လျားလျက်ရှိသော မရင်မေကိုမြင်ရ၏။ အိမ်ရှေ့ခန်းတွင် အမှိုက်သရိုက်များ မလှဲကျင်းရသေးဘဲ စားပွဲကုလားထိုင်များမှာ ဖုန်အတိ ရှိနေ၏။

ဘုရားကျောင်းဆောင်မှ ညောင် ရေအိုးတွင် ပန်းများသွေ့ခြောက်လျက် ရှိ၏။ စားပွဲတင် ကြွေပန်းအိုးကလေး၌ ပန်းမရှိချေ။ သတင်းစာတစ်စောင်မှာ တစ်ရွက်စီ လွင့်ပါးကာ ကြမ်းပေါ်၌ ပြန့် ကြဲလျက်ရှိ၏။ နောက်ဖေးဆောင်၌ လည်း နံနက်ခင်းက လှီး၍ထားသော ဟင်းသီးဟင်းရွက်များကိုပင် မသိမ်း ရသေးချေ။

အမှိုက်တောင်းမှာ နံဘေးပတ်ဝန်းကျင်သို့ပင် အမှိုက်သရိုက်များ လျှံကျနေ၏။ ဆွဲအိမ်သာမှာ ရက်ပေါင်းအတော်ကြာ မဆေးကြောနိုင်သဖြင့် ပုပ်ပောင်နံစော်လျက် ရှိ၏။ ရေချိုးခန်း၌လည်း မိမိ နံနက်ခင်းက ဝတ်၍ချိုးခဲ့သော ရေလဲကိုပင် ရေညှစ်၍ မလှမ်းသေးချေ။

မရင်မေ၏ အလုပ်ကား တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် ရုပ်ရှင်ကြည့်လို၏။ တနင်္ဂနွေနေ့များတွင် အင်းယားကန်တော်ကြီး စသော နေရာများသို့ ပျော်ပွဲစား ထွက်တတ်၏။ အပေါင်းအသင်းကောင်းလျှင် ကျိုက္ကလို့၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ မှော်ဘီ၊ ပဲခူးမြို့များအထိ ပျော်ပျော်ပါးပါးထွက်၍ သွားတတ်၏။ ထိုအခါမျိုး၌ မရင်မေမှာ ဝတ်စားဆင်ယင်လျက် ရှိတတ်လေရာ အိမ်ရှင်မတစ်ယောက်နှင့်မတူဘဲ ရုပ်ရှင်မင်းသမီးနှင့် ပို၍တူလေသည်။

မရင်မေသည် နေမြင့်မှ အိပ်ရာက ထပြီးလျှင် ကပျာကယာ ဈေးသို့ပြေး၍ ဖြစ်သလိုချက် ဖြစ်သလိုစား၏။ ထမင်းစားပြီးနောက် သူတစ်ပါးအိမ်သို့ လည်ပတ်ကာ အချိန်ကိုကုန်စေ၏။ သို့မဟုတ်လျှင်လည်း ညနေ (၄)နာရီအထိ အိပ်ပြီးလျှင် လင် ပြန်ရောက်ခါနီးမှ ထမင်းအိုးတည်ကာ နံနက်မှကျန်သောဟင်းကို နွှေး၍ လင်မယား နှစ်ယောက် စားတတ်၏။ သားသမီးမရှိ၍သာ တော်သေး၏။ ရုပ်ရှင်သို့ သွားရမည့် နေ့များ၌မူ ထမင်းကိုကပျာကယာစားကြ၍ စားကြွင်းစားကျန် ပန်းကန်ခွက်ယောက်များကို မီးဖိုချောင်၌ ထိုးထားခဲ့ပြီးလျှင် တစ်နာရီခန့်မျှ ကိုယ်လုံးပေါ်မှန်ရှေ့တွင် အလှ ပြင်ပြီးနောက် အိမ်တံခါးကို သော့ခတ်၍ လင်မယားနှစ်ယောက် ထွက်တတ်ကြ၏။

ရုပ်ရှင်မှပြန်လာလျှင်လည်း သိမ်းဆည်းရန်ရှိသမျှကို မသိမ်းဆည်းသေးဘဲ အဝတ်အစားများလဲပြီးနောက် အိမ်ရှေ့ခန်းသို့ထွက်ကာ မင်းသား၊ မင်းသမီးများ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း၊ကို ဝေဖန်၍ နေတတ်သေး၏။ အိပ်ချိန်ရောက်သောအခါမှ အိပ်ရာသို့ ဝင်ကာ အိပ်ရာခင်းများကို ကပျာကယာဆွဲဆန့်လျက် ဖရိုဖရဲကြဲနေသော ခေါင်းအုံးများကို ထပ်ပြင်ကာ အိပ်တတ်၏။

ဤသို့လျှင် ဝင်ငွေလေးငါးရာမျှရှိသော အိမ်ထောင်ရေးပင် ဖြစ်လင့်ကစား အိမ်ရှင်မ၏ ပျင်းရိခြင်း၊ သိမ်းဆည်းမှု ညံ့ဖျင်းခြင်းတို့ကြောင့် သာယာပျော်ရွှင်မှုကင်းပြီးလျှင် တဖြည်းဖြည်း ခြောက် သွေ့ ပြီးငွေဖွယ်ကောင်း၍လာတော့၏။ ကိုတင်အေးသည် မယားဖြစ်သူအား အချစ်စစ် အချစ်မှန်ဖြင့် "လင်ချစ် မယားချစ်" ချစ်ခဲ့သည်မှန်သော်လည်း အိမ်ထောင်ကို ဂရုမစိုက်ဘဲ ဝတ္ထုရားပျက် ကွက်သော မရင်မေအပေါ်တွင် အပြစ်များကို မြင်စပြုလာတော့၏။

○

လခထုတ်သည့်နေ့ တစ်နေ့သော ညနေစောင်းအချိန်၌ ကိုတင်အေးသည် ညနေ (၆)နာရီလောက်တွင် အိမ်သို့ပြန်ရောက်လာရာ အခန်းမှာ မှောင်မည်းမည်း ရှိနေပြီးလျှင် မရင်မေသည် ရေနံဆီမီးခွက်တစ်ခွက်ကို ထွန်းညှိပြီး မီးဖိုဆောင်ဘက်မှ ယူလာကာ တံခါးကို ဖွင့်ပေး၏။ မရင်မေမှာ ဆံပင်ဖားလျား ထဘီရင်လျားဖြင့် ရှိနေ၏။

"မောင် - ဘာဖြစ်လို့ နောက်ကျသလဲ"

"ဦးဘခင်က လခထုတ်တဲ့နေ့ သူ့အိမ်လိုက်ပြီး ထမင်းစားပါဦးဆိုလို့ လိုက်သွားရသေးတယ်ဟေ့"

"ဒါဖြင့် စားပြီးခဲ့ပြီပေါ့လေ"

"ဟုတ်တယ် - ရင်ရင် ပြီးခဲ့ပြီ"

"ဒါဖြင့် ရင်ရင် ထမင်းမချက်တော့ဘူး။ လက်သုပ်ပဲ ဝယ်စားတော့မယ်။ ဒါနဲ့ ဦးဘခင်အိမ်ကို ကြပ်ကြပ်သွား သူ့ခယ်မ မဝင်းဝင်းက မျက်နှာရှူး - တော်တော် ကြာတော့ ..."

"ရင်ရင်ကလည်းကွယ် မဟုတ်တာတွေ ပြောရော့မယ်။ မောင်ဖြင့် ဒါမျိုးတွေ အိပ်မက်တောင် မမက်ဖူးဘူး။ ဒါပေမဲ့ ဝင်းဝင်းက အိမ်မှာ အင်မတန် အသိမ်းအဆည်း ကောင်းတယ်ဟေ့"



www.burmeseclassic.com

ww.burmeseclassic.com

ကိုတင်အေးသည် ရှုံးအုပ်စာရေးကြီး ဦးဘခင်က မိမိအားဖိတ်၍ညစာ ကျွေးမွေး ရာတွင် ခယ်မဖြစ်သူ ဝင်းဝင်း၏ သပ်ရပ်စွာ လုပ်ပုံကိုင်ပုံများကို သတိရသဖြင့် အမှတ်မဲ့ ပြောလိုက်ခြင်းပင် ဖြစ်လေသည်။

"အသိမ်းအဆည်းကောင်းရင် ယူလိုက်ပါလား၊ ကျုပ်တို့တော့ နိုင်းစရာ စရာ လည်း မရှိဘူး ဒီလောက်ပဲတတ်တယ်"

ကိုတင်အေးသည် အပေါ်အင်္ကျီချွတ်ပြီးလျှင် ခေါင်းရင်းခန်းရှိအင်္ကျီချိတ်သို့ သွား ၍ ချိတ်ထားလိုက်၏။ ထို့နောက် ဖိနပ်ချွတ်ရန် တံခါးဝအနီးရှိ ဖိနပ်စင်သို့ ပြန်ရောက် လာရာ ထိုခဏတွင် အပြင်မှ လေတစ်ချက်တိုက်လိုက်သဖြင့် မရင်မေ လက်ထဲတွင် ကိုင်ထားသော ရေနံဆီ မီးခွက်ကလေးမှာ ဟုတ်ခနဲ ငြိမ်းသွားလေသည်။

မရင်မေက ဆက်လက်၍ -

"အိမ်မှာနေတုန်းက ရင်ရင် ဘယ်လို နေလာသလဲဆိုတာ မောင်အသိဆုံး။ သိမ်းဖို့ဆည်းဖို့ဆိုတာ ဖိုးရွှေက အိမ်ရှေ့ရော နောက်ဖေးရော ခြံထဲရော အားလုံးလုပ် တယ်။ နောက်ဖေးဆောင်ဆိုလည်း ဒေါ်ပုက ဘာမှပြန်မကြည့်ရဘူး။ ဒယ်ဒီ ရုံးသွား ခါနီးကျရင် စားပွဲပေါ်မှာ ပြင်ပြီးပြီ၊ မိညွန့်က ဈေးမသွားခင် တစ်အိမ်သားလုံးအတွက် ကော်ဖီဖျော်ပြီး စားပွဲပေါ်မှာ အဆင်သင့်ပြင်ထားရတယ်။ ကော်ဖီ မဖျော်ခင် ပေါင်မုန့် လေးငါးချပ်ကို ကြွပ်နေအောင် မီးကင်ထားခဲ့ရသေးတယ်။ ဈေးက ပြန်လာလည်း သူ့ခုမှ မသက်သာဘူး၊ နောက်ဖေးဆောင်ပြေးပြီး ဒေါ်ပု ကူလိုက်ရ၊ ရင်ရင် ကျောင်း သွားဖို့ အဝတ်အစားတွေ ထုတ်ပေး၊ ခေါင်းဖြီးပေး၊ ဖိနပ်တိုက်ပေး၊ စာအုပ်တွေ ရှာပေး၊ ရင်ရင် နိုင်းသမျှလုပ်ပေးရရှာတယ်။ ဘယ်မှာ ရင်ရင် လုပ်စရာတစ်ကွက်ရှိလို့လဲ"

ကိုတင်အေးက ဖိနပ်ချွတ်ရင်း -

"အေးကွယ် - ဟုတ်ပါတယ်၊ ဒါကြောင့် ခက်တာပေါ့။ မောင်တို့ကတော့ ရင်ရင် တို့အိမ်လို အနိုင်းအစေမထားနိုင်ပဲကိုးကွဲ့၊ အနိုင်းအစေ မထားနိုင်တဲ့အိမ်ဆိုတာ အိမ် ရှင်မက ဒီလိုလုပ်ရမှာပဲ။ ကိုင်းကွယ် - စကားရှည်မနေပါနဲ့၊ ဓာတ်မီးများဖွင့်စမ်းပါဦး - မှောင်လှပြီ"

"ဓာတ်မီးမလာဘူး၊ ဓာတ်မီးပျက်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com

"နို့ - ဦးအောင်မင်းတို့ အိမ်ခန်းသွားပြီး တယ်လီဖုန်းနဲ့ မပြောဘူးလား ရင်ရင်ရဲ့"

"ဟင့်အင်း - မပြောရသေးဘူး။ ရင်ရင်လည်း ခုတင်ကပဲအိပ်ရာက နိုးတယ်၊ နိုးနိုးချင်း မီးဖိုဆောင်ထဲပြေးပြီး ထမင်းအိုးတည်ရသေးတယ်။ မျက်နှာတောင် မသစ်ရသေးဘူး"

"ဒါလောက်တောင် အိပ်ရသလား ရင်ရင်ရယ်၊ ဒီအချိန်ထိ အိပ်တော့ နေထိုင်မကောင်းဖြစ်တတ်တယ်။ ညက ဟိုဘက်ခန်းက ဘယ်အချိန်မှ ပြန်လာသလဲ"

"(၁၂)နာရီ"

"မဟုတ်ပါဘူးကွယ်။ (၁၂)နာရီတုန်းက မောင် စာဖတ်နေတုန်း ရှိပါသေးတယ်"

"(၁)ချက်"

"ဒါလောက်တောင် ညဥ့်နက်အောင်နေရင် မကောင်းတော့ဘူး ရင်ရင်၊ မနက်ကျရင်လည်း ကိုယ့်အိမ်မှာ ကိုယ်လုပ်စရာ ကိုင်စရာလေးတွေ ရှိသေးတယ်မဟုတ်လား။ ကိုင်းကွယ် - ဖယောင်းတိုင်ကလေးများ ထွန်းစမ်းပါဦး။ မင်းရေနံဆီမီးခွက်ကြီးက မှိုင်းစွဲပါတယ်"

"ဖယောင်းတိုင် မရှိဘူး"

"ကိုင်း - ကိုင်း - ဖယောင်းတိုင်မရှိရင် မောင်ပဲ သွားဝယ်ပေးပါ့မယ်"

ကိုတင်အေးသည် ခြေညှပ်ဖိနပ်ကိုလဲပြီးနောက် ဖယောင်းတိုင်ဝယ်ရန် အောက်ထပ်သို့ ဆင်းသွားလေရာ မရင်မေသည် မီးဖိုထဲသို့ ပြန်သွားလေသည်။ သို့ပြန်သွားလေရာ မောင်ထ[illegible]ကုလားထိုင်တစ်လုံးကို ဝင်၍တိုက်မိရာ နေ့လယ်က လက်ဖက်ရည်သောက်ပြီးနောက် အမှတ်တမဲ့တင်ထားခဲ့သော လက်ဖက်ရည်ပန်းကန်လုံးကို တိုက်မိသဖြင့် သမံတလင်းပေါ်သို့ကျကွဲသွားလေ၏။ ဖယောင်းတိုင်ဝယ်ရာမှပြန်လာသော ကိုတင်အေးသည် ဖယောင်းတိုင်များကို အိမ်ရှေ့ခန်း အိပ်ခန်းနှင့်တကွ မီးဖိုခန်းပါမကျန် လိုက်၍ထွန်းပေးလျက်ရှိရာ မရင်မေမှာ ပန်းကန်ကွဲများကို ဆောင့်ဆောင့်အောင့်အောင့်ဖြင့် သိမ်းဆည်းလျက် ရှိလေ၏။

အိမ်ရှေ့ခန်း၌ကား ကုလားထိုင်နှင့် ကြမ်းပြင်ပေါ်တွင် ဖုန်တသောသော ရှိနေလျက် ကုလားထိုင်အနီးတွင် မီးခြစ်ဆံနှင့် ဆေးလိပ်ပြာများ စုပုံလျက်ရှိသည်ကို

ww.burmeseclassic.com

တွေ့ရ၏။ သို့နှင့် ကိုတင်အေးသည် စားပွဲနှင့် ကုလားထိုင်များပေါ်မှ ဖုန်များကို အဝတ်တစ်ခုဖြင့် ပုတ်ချပြီးလျှင် တံမြက်စည်းတစ်ချောင်းကို ဆွဲယူကာ အိမ်ရှေ့အိမ်ခန်းကို လှဲကျင်းပြီးနောက် အမှိုက်သရိုက်များကို ထောင့်တစ်ထောင့်၌ စုပုံထား၏။ အခန်းတွင်းသို့ဝင်ခဲ့ရာအတော်ပောင်းနွမ်းလျက်ရှိသော နှစ်ယောက်အိပ်ရာခြင်ထောင်မှာ တစ်ဖက်တွင်ကျလျက် အိပ်ရာခင်းမှာ တွန့်လိပ်နေပြီးလျှင် ခေါင်းအုံးများသည်လည်း ဖရိုဖရဲကြဲလျက်ရှိနေ၏။ ကတ္တီပါစောင်ကြီးမှာခြေရင်းတွင် စုပုံလျက်ရှိ၏။ ကိုတင်အေးသည် ဖယောင်းတိုင်တစ်တိုင်ကို မီးညှိကာ စင်ပေါ်တွင် တင်ထားလိုက်ပြန်၏။

ကိုတင်အေးသည် မီးဖိုဘက်သို့ လှမ်း၍ -

"လုံချည်ကလေးများ လဲဖို့ပေးပါဦး ရင်ရင်"

"လုံချည်တွေ ရေစိမ်ထားတယ်"

"တစ်ထည်မှ မရှိတော့ဘူးလား၊ ချည်လုံချည် သုံးထည်တောင် ရှိတာပဲ"

"သုံးထည်စလုံး စိမ်ထားတယ်"

"အဖြူကွက်ကလေးဟာ အသစ်ကြီး ရှိပါသေးတယ်ကွယ်။ မနေ့ညကမှ ဝတ်တာပဲ"

"အဲဒါက အမှတ်တမဲ့ရောပါသွားလို့"

"ဒါဖြင့် ဘာဝတ်ရမလဲ ရင်ရင်ရဲ့"

"ဘောင်းဘီနဲ့ နေပေါ့"

"မောင်က ဘောင်းဘီနဲ့ မနေတတ်ဘဲ၊ အေးကွယ် - ဒီလိုဆိုလည်း ကျူထရုံကွက်ကလေးပဲ ဝတ်နေပါတော့မယ်"

ထိုအချိန်တွင် ဓာတ်မီးပြင်သမားတစ်ယောက် ရောက်လာသဖြင့် ပြင်ဆင်၍ပေးရာ မကြာမီ ဓာတ်မီးများ လင်းလာလေသည်။ ကိုတင်အေးသည် အပြင်ခန်းရှိ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ စီးကရက်တစ်လိပ်ကို သောက်ရင်း အမောဖြေလျက်ရှိရာမှ ရင်ရင်အား လှမ်း၍ခေါ်လိုက်ရာ ရင်ရင်သည် မျက်နှာသုတ်ပဝါ တစ်ထည်ကိုခြုံကာ အပြင်သို့ထွက်လာလေ၏။ ကိုတင်အေးက ဓာအိတ်တစ်လုံးတွင် ထည့်၍ထားသော လခငွေကို ပေးလိုက်လေသည်။

ရင်ရင်က ငွေများကို ရေတွက်ပြီးနောက် -



www.burmeseclassic.com

www.burmeseclassic.com

"အားလုံး (၅၅၀) ဆိုတော့ (၁၀၀) တောင် ပိုနေပါလား၊ လခတိုးလားဟင်"

"ဘယ်ကလာပြီး လခတိုးရမှာလည်း ရင်ရင်ရယ်၊ လခဆိုတာ ချက်ချင်း (၁၀၀) ကြီး တိုးနိုင်ပါ့မလား။ အဲဒီ (၁၀၀) က မဂ္ဂဇင်းတိုက်တွေက မောင်ရေးတဲ့ ဆောင်းပါး နှစ်ပုဒ်အတွက် ပေးလိုက်တာ ရင်ရင်ရဲ့ ရင်ရင်က မောင် အခုရတဲ့လခနဲ့ မလောက်ဘူး ဆို။ ဒီတော့ ငွေပိုကလေး ဘာကလေးရအောင် ကြံရတာပဲ"

"ဒါလည်း မလောက်သေးပါဘူး မောင်ရယ်"

"ဘာဖြစ်လို့လဲ - ငွေ (၁၀၀) ပိုရတာတောင် မလောက်သေးဘူးလား"

"မလောက်ဘူး - မလောက်ဘူး၊ ဒီလမှာ လက်ပတ်နာရီလည်း ဝယ်ချင်တယ်။ ဝယ်ရင်လည်း ကောင်းကောင်းမှ ကောင်းတာ၊ နုနုစိန်ရဲ့နာရီလေးဟာ ဘဲဥပုံလေး သိပ်လှတာပဲ။ အခုတစ်ခါဝယ်ရင် အဲဒါမျိုးဝယ်မယ်"

"နုနုစိန်က အတွင်းဝန်ကတော်ကွဲ့၊ သူ့ယောကျ်ားက လခ (၁၀၀၀)ရတာ။ ပြီးတော့ မောင်ပေးတဲ့နာရီကလေးလည်း ရင်ရင်က ဖျောက်ပစ်တာကိုး၊ ဒီတော့ ငွေ အပိုကုန်ဖို့ ထပ်ဖြစ်လာတာပေါ့"

"အို - ပျောက်တာ၊ ရင်ရင့်အပြစ်ချည်း မဟုတ်ပါဘူး။ သူ့သမီးလေးက လက် ဆော့တယ်။ သူ့သားကလည်း ဒီလိုပဲတဲ့။ သူတို့ အိမ်တစ်အိမ်လုံး သူခိုးချည်းပဲ"

"ဒါတော့ သူခိုးရှိတဲ့အိမ်ကို ရင်ရင်က သွားတာကိုး"

"ဒါဖြင့် အသိအိမ်ကို အလည်မသွားရတော့ဘူးလား"

"မသွားရဘူးလည်း မဟုတ်ပါဘူးလေ။ သွားတာတော့ သွားရပါတယ်။ ဒါပေမဲ့ ကိုယ့်ပစ္စည်းကို ပေါ့ပေါ့ဆဆ မထားရဘူး ရင်ရင်ရဲ့၊ ကိုင်းလေ - ပြီးတာ ပြီးပါစေ။ ဒါပေမဲ့ - (၂၅၀)တန်ဆိုတော့ မများလွန်းဘူးလား - ရင်ရင်ရယ်။ (၁၅၀)တန် အလွန်ဆုံး (၁၇၅)တန်လောက်ဆိုရင် တော်ရောပေါ့။ အခုရောက်လာတဲ့ နာရီ ကလေးတွေ (၁၅၀)လောက်ပေးရင် အတော်ကောင်းကောင်းရပါတယ်"

"မောင် ဘာသိလဲ - သူတို့ မင်းကတော်တွေနဲ့ အတူပွဲထိုင်တို့ ဒင်နာတို့သွားရင် သိပ်အောက်ကျတယ်။ အဝတ်အစားက အရေးကြီးတယ်ဆိုပေမယ့် လက်ဝတ် လက်စားကို သာပြီးအကဲခတ်ကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီး မှားပြီ–မောင်သောင်း၊
အစ်မကြီး မှားပြီ၊ မင်း
အစ်ကိုကလည်း
အေးအေးနေတတ်တဲ့လူ၊
အစ်မကြီးကလည်း
ကျောင်းကထွက်၊ သူနဲ့
အကြောင်းပါတော့ ဘာတစ်ခုမှ
နားမလည်ဘူး။
ကျောင်းနေတုန်းကလည်း
ကျောင်းဆာနဲ့
ရုပ်ရှင်ကြည့်ဖို့လောက်ပဲ
ရှုနိုက်တယ်။ အိမ်ထောင်မှုဆိုတာ
ဝေလာဝေး...



"အင်း–အဲဒါကြောင့်ခက်နေတာပဲ။ မိန်းမတွေက အဝတ်အစားပြိုင်ကြ ယောက်ျားတွေက ကုန်းရုန်းလုပ်၊ တရားတဲ့နည်းနဲ့ ရှာလို့ဖွေလို့မရတော့ မတရားတဲ့နည်းနဲ့ လာဘ်စား၊ ထင်သလိုလုပ် ထင်သလို ဖြစ်နေကြတာပေါ့ကွယ်။ ကိုင်း–ကိုင်း–မင်းဝယ်ချင်တာဝယ်ပေါ့"

"ဒီတော့ လက်ပတ်နာရီက (၂၅၀) အိမ်လခက (၆၀)ပေးရဦးမယ်။ မီတာခ မပါသေးဘူး။ အရင်လက ဒေါ်စောဆီက ဝယ်ထားတဲ့ ဆန်တစ်တင်းဖိုးက (၁၆) ကျပ်၊ အခုလ ဈေးဖိုးက (၂၀၀၊ ၂၅၀) ကုန်မယ်။ ပြီးတော့ ဖိနပ်တစ်ရံနဲ့ လုံချည်တစ်ထည် ဝယ်ချင်သေးတယ်"

"ဘာလုံချည်လဲ"

"ဘရိုကိတ်"

"လာပြန်ပြီ ဘရိုကိတ်–ရင်ရင့်မှာ ဘရိုကိတ် (၄၊ ၅၊ ၆)ထည်ရှိတယ်မဟုတ်လား"

"ရှိတာတော့ရှိပါတယ်။ ဒါပေမဲ့ အခုလာတဲ့ ငွေချည်ထိုး မရှိသေးဘူး။ စန်းစန်းမြ တို့ မင်္ဂလာဆောင် အမီဝယ်ရဦးမယ်"

"ပြီးတော့ ဖိနပ်တစ်ရံဆိုတာက ဘာလဲ–ရင်ရင်မှာ ဒေါက်ဖိနပ် (၄၊ ၅၊ ၁၀)ရံရှိတယ်မဟုတ်လား"



www.burmeseclassic.com

ww.burmeseclassic.com

"(၁၀)ရုံမဟုတ်ပါဘူး၊ (၉)ရုံတည်း ရှိပါတယ်"

"ကိုင်း - ကိုင်း - ရင်ရင့်ကို မပြောတော့ဘူး၊ ရင်ရင့်သဘောအတိုင်းပဲ။ မောင်တော့ တစ်နေ့ထမင်း နှစ်နပ်စား၊ ကော်ဖီနှစ်ခွက်သောက်ရရင် တော်ပြီ၊ ထမင်းဆိုတာ ဘာဟင်းနဲ့ပဲ စားရစားရ မောင် ကျေနပ်တယ်"

ကိုတင်အေးသည် စကားလက်စပြတ်စေရန် နောက်ဖေးရေချိုးခန်းသို့ သွားပြီး လျှင် ရေချိုးလျက် ရှိလေ၏။

ရေချိုးရာမှပြန်လာ၍အိပ်ခန်းသို့ရောက်သောအခါ မိမိ၏ရုပ်အင်္ကျီဟောင်းများ ထောင့်တစ်ထောင့်တွင် စုပုံနေသည်ကို မြင်ရသဖြင့် အခန်းထဲမှ နေ၍ -

"ရင်ရင်ကလည်းကွယ် - မောင့် အင်္ကျီတွေအားလုံး ဟောင်းနေပြီ၊ တစ်ထည် လောက်များလျှော်ပြီး မီးပူတိုက်ထားရောပေါ့။ ဓာတ်မီးပူလည်း အရှိသားပဲ"

"မောင့်ဟာကပြောတော့ အလွယ်လေး၊ အိမ်မှာ အစေခံရတာမှတ်လို့ မနက် ကော်ဖီဖျော်ရသေးတယ်။ မောင် ရုံးသွားအမီ ထမင်းချက်ရသေးတယ်။ ပြီးတော့ ရေချိုး၊ ဒီကနေ့များ ချွေးခံအင်္ကျီတွေချည်း လျှော်ရတာ (၁၀)ထည် လောက် ရှိလိမ့် မယ်"

"ဒါကတော့ (၁၀)ရက်လောက် မလျှော်ဘဲ ပုံထားရင် ရှိမှာပေါ့။ ရင်ရင်ရဲ့ မဟုတ် သေးပါဘူး - ရင်ရင်ရယ်။ ရင်ရင်လုပ်ပုံတွေ မဟုတ်သေးပါဘူး။ လျှော်စရာရှိတာ မလျှော်ဘဲထားလို့ ကြွက်ကိုက်ရတာနဲ့ ပိုးဟပ်တောက်ရတာနဲ့ အရင်တစ်ခါလည်း နောက်ဖေးတန်းမှာ လုံချည်အသစ်ကြီးတွေလှမ်းပြီး မရုတ်ပဲထားလို့ အောက်ကို လွင့်ကျတယ်ဆိုပြီး ဆုံးပါပေါ့လား။ မောင့်နောက်ပိတ်တစ်ဖက်လည်း အိမ်အောက် ကျတယ်ဆိုပြီး ပြန်ရတော့ဘူး။ ပြီးတော့ မောင့်ရုပ်အင်္ကျီတွေဟာလည်းအားလုံး အဟောင်းတွေချည်းပဲ။ နက်ဖြန်တောင် ဝတ်စရာမရှိတော့ဘူး။ တကယ်ဆို ဒိုဘီပေး တန်တာပေး၊ လျှော်ပြီး မီးပူတိုက်သင့်တာ တိုက်ပေါ့ ရင်ရင်ရဲ့၊ ကိုယ့်မှာ လင်နဲ့ သားနဲ့ အိမ်ထောင်သည်ဆိုတာ အိမ်မှာ အခိုင်းအစေမရှိပေမယ့် နည်းနည်းပါးပါး တတ်နိုင် သလောက်တော့ ကြည့်လုပ်မှာပေါ့။ အိမ်ပြန်လာရင်လည်း အိမ်ရှေ့အိမ်ခန်းမှာရော နောက်ဖေးခန်းမှာရော နည်းနည်းကလေးမှ သိမ်းခြင်းဆည်းခြင်းမရှိဘူး။ တစ်အိမ်လုံး ပွနေတာပဲ ခက်ပါတယ် ရင်ရင်ရယ်။ ဒီအတိုင်းသာ သွားနေမယ်ဆိုရင် စိတ်ညစ်စရာ တွေချည်း တွေ့မှာပဲ၊ တစ်နေ့မှ စိတ်မချမ်းသာရဘူး"



www.burmeseclassic.com

ww.burmeseclassic.com

ဟု ကိုတင်အေးက ဆိုလေရာ -

မရင်မေက အတန်ငယ် ခက်ထန်သောအသံဖြင့် -

"အို - ဘယ်သူကကော စိတ်ချမ်းသာလို့လဲ။ မောင်နဲ့ နေရတာ ရင်ရင် မိဘ လက်ထဲနေရသလောက် စိတ်ချမ်းသာတယ်များ ထင်နေသလား။ ဟိုမှာဆိုရင် မီးဖို ချောင်ဘက် ခြေဦးတောင်မလှည့်ဘူး။ ထမင်းဆို ထမင်းပွဲရှေ့ရောက် လက်ဆေး ပြီးမှ ဝင်တယ်၊ ကော်ဖီဆိုလည်း အဆင်သင့်၊ အို - မောင်နဲ့နေရတာ သိပ်စိတ်ဆင်းရဲ ပါတယ်"

"အို - ကျုပ်နဲ့နေရတာ စိတ်ဆင်းရဲတယ် ဟုတ်လား။ ဘယ်သူကကော စိတ်ချမ်း သာလို့လဲ၊ မိန်းမယူပြီး အိမ်ထောင်ပြုရတာ ဘာအရသာရှိသေးသလဲ"

"မောင်က ရင်ရင့်ကို မပေါင်းချင်တော့ဘူး ဆိုပါတော့"

"မပေါင်းချင်လို့ ပြောတာမဟုတ်ဘူး ရင်ရင်ရဲ့၊ အိမ်မှာ ရင်ရင် လုပ်ပုံကိုင်ပုံ နေပုံ ထိုင်ပုံတွေဟာ တစ်ခုမှ စည်းကမ်းမကျဘူး။ စည်းစနစ်မကျတော့ လင်လုပ်တဲ့လူပါ စိတ်ဆင်းရဲရတယ် မဟုတ်လား။ အိမ်ထောင်ဆိုတာ ကိုယ့်အဝင်အထွက်ကိုကြည့်ပြီး မျှမျှတတ နေထိုင်နိုင်အောင် အုပ်စီးနိုင်မှ အလုပ်လုပ်ရတဲ့ လူလည်း အားရှိမယ်။ တစ်လနဲ့ တစ်လလည်း အလျှင်မီပြီး စိတ်ချမ်းသာမှာပေါ့ ရင်ရင်"

"အို - ကျွန်မ စိတ်ဆင်းရဲတယ် - စိတ်ဆင်းရဲတယ်"

"ဟုတ်ပါတယ် - ခင်ဗျားက သိပ်စိတ်ဆင်းရဲတယ်။ ကျုပ်ကတော့ သိပ်စိတ်ချမ်း သာတယ်။ ဟိုတစ်ယောက်မှာလည်း စိတ်ဆင်းရဲ၊ ဒီတစ်ယောက်ကလည်း စိတ်မချမ်း သာဘူးဆိုရင် တစ်ယောက်တစ်ကွဲစီနေရင် နှစ်ယောက်စလုံး စိတ်ချမ်းသာသွားမှာ ပဲ"

မရင်မေက ယခင်ကထက် ခက်ထန်သောအသံဖြင့် -

"အို - ဘယ်သူကကော ပူရဦးမှာလဲ"

မရင်မေသည် မျက်ရည်ပေါက်ကြီးများကျလာပြီးနောက် ခြေသံကို ခပ်ပြင်းပြင်း နင်း၍ အိပ်ခန်းသို့ ဝင်သွားလေ၏။ အိမ်ထောင်မှုကို နားမလည်သော်လည်း လင်ကို ချစ်သော မိန်းမတစ်ယောက်ဖြစ်ရကား ဤလောက် ကိုတင်အေးက မြည်တွန် တောက်တီးသည်ကို စိတ်ထဲ၌ လွန်စွာအခံရခက်လျက် ငါ ယောကျ်ားယူမိလို့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com

တော့တာပဲ။ အမှန်တော့ ငါလည်း အပြစ်မကင်းပေဘူး။ ဩော် – ရင်ရင် ထင်သလို မင်းလုပ်သွားတာ ကောင်းရောလား ရင်ရင်"

ဟု ပါးစပ်မှ အသံများထွက်လုမတတ် ရေရွတ်ကာ ညည်းညူရှာမိ၏။

ထို့နောက် ကိုတင်အေးသည် ခေါင်းအုံးအောက်တွင် တွေ့ရသော စာအိတ်ကို အကျီအိတ်ထဲသို့ ထိုးထည့်လိုက်ပြီးလျှင် အိမ်ခန်းတံခါးကို သော့ခတ်၍ ပုဇွန်တောင် ရဲစခန်းသို့ မရင်မေအိမ်မှ ပျောက်သွားကြောင်း တိုင်ကြားရန် ထွက်ခဲ့လေ၏။

○

မရင်မေသည် မိမိ၏ အဝတ်အစားကလေးများနှင့် ပေါ့ပေါ့ပါးပါး ပစ္စည်းကလေး များကို လက်ဆွဲသားရေအိတ်ငယ်ကလေးတစ်လုံး၌ သိုသိပ်စွာထည့်ပြီးလျှင် ကိုတင် အေး အိပ်ရာမှမနိုးမီ အိမ်ရှေ့တံခါးကို အသာအယာဖွင့်၍ အောက်ထပ်သို့ ဆင်းခဲ့ပြီး နောက် လမ်းထိပ်သို့ လာခဲ့လေ၏။

ဗိုလ်ချုပ်လမ်းထိပ်သို့ ရောက်သောအခါ သုံးဘီးကားတစ်စီးငှား၍ မြေနီကုန်း ဘက်တွင်နေသော ညီမတစ်ဝမ်းကွဲ တော်စပ်သူ ရီရီအိမ်သို့ လာခဲ့လေသည်။

ရီရီဆိုသူမှာ မရင်မေထက် တစ်နှစ် ခန့်စော၍ အိမ်ထောင်ကျခဲ့သူဖြစ်၏။ သူမ၏ ခင်ပွန်းသည် ကိုသောင်းမှာ အထက်တန်းစာရေးတစ်ယောက်ဖြစ်၍ ကိုတင်အေး ကဲ့သို့ပင် သဘောသကာယကောင်း၍ သားမယားအပေါ်တွင် ခင်မင်ကြင်နာသူ တစ် ယောက် ဖြစ်လေ သည်။

နံနက်ဝေလီဝေလင်း သာသာမျှ ရှိသေးသော်လည်း ရီရီမှာ အိပ်ရာမှ ထပြီးလျှင် ကော်ဖီဖျော်ရန် ရေနွေးအိုးတည်နေသည်ကို တွေ့ရ၏။

မရင်မေအား ရီရီသည် ဆီး၍ ပထမ အံ့အားသင့်ကာ ကြည့်ရှုလျက်ရှိရာမှ မရင် မေက အကျိုးအကြောင်း ပြန်ပြောပြသောအခါ ရီရီက –

"မဟုတ်တာ – မမရယ်၊ ဒီအပြစ်ကလေးလောက်နဲ့များ အစ်ကိုကြီးနဲ့ ကွဲရမယ် ဆိုလို့ ဟုတ်နိုင်ပါ့မလား။ အစ်ကိုကြီးလို သဘောကောင်းတဲ့လူ မမ ထမင်းထုပ်နဲ့ လည်ရှာအောင် တွေ့မှာ မဟုတ်ဘူး"



www.burmeseclassic.com

ww.burmeseclassic.com

"အို – တွေ့တာ မတွေ့တာ အပထား၊ ညည်း – အစ်ကိုကြီးနဲ့တော့ ဘယ်နည်းနဲ့မှ ဖြစ်နိုင်တော့မယ် မဟုတ်တော့ပါဘူး – ညီမရယ်"

"ဘာဖြစ်လို့လဲ – မမရဲ့"

"ရတဲ့ လခကလည်း မသုံးလောက် မစွဲလောက်နဲ့ ဒီအထဲ သူက မြည်တွန် တောက်တီးလိုက်သေးတယ်။ မမ ငယ်ကတည်းက ချမ်းချမ်းသာသာ နေလာခဲ့တယ် မဟုတ်လား။ အခိုင်းအစေနဲ့ ထမင်းဆိုလည်း ထမင်းပွဲရှေ့ရောက် မီးဖိုဆောင်ဆိုတာ ပြန်စောင်းမကြည့်ခဲ့ဘူး"

"အို – မမကလည်း ယောကျ်ားရတော့ တစ်မျိုးပေါ့ မမရဲ့။ ငယ်ငယ်ကဟာတွေ ပြန်ပြောနေလို့ ဖြစ်တာမှမဟုတ်ဘဲ။ ခဏတစ်ဖြုတ်လောက်နေပြီး ပြန်သာသွားပါ မမရယ်၊ အစ်ကိုကြီး စိတ်ပူနေရော့မယ်"

"မဖြစ်ပါဘူးအေ – မဖြစ်ပါဘူး။ သူနဲ့ ကွဲရင် အေးပါတယ်။ ဒီလောက်လခလေးနဲ့ မမ ဘယ်နည်းနဲ့မှ မသုံးလောက်ဘူး"

"လခက ဘယ်လောက်မို့လဲ မမရဲ့ အရင်ကရတဲ့အတိုင်း မဟုတ်လား၊ အရင် ကျွန်မသိတာတော့ (၄၀၀) ကျပ် ကျော်ကျော် အစ်ကိုကြီး ရတယ်မဟုတ်လား"

မရင်မေသည် ဦးခေါင်းကို ညိတ်လိုက်၏။ ရီရီက ဆက်၍ –

"ပြီးတော့ – အစ်ကိုကြီးက မဂ္ဂဇင်းတိုက်တွေမှာ ဆောင်းပါးလေးတွေ ဘာ ကလေးတွေ ရေးသေးတယ် မဟုတ်လား"

"ဒါက မဖြစ်စလောက်ပါ ရီရီရယ်၊ အလွန်ဆုံး (၅၀)ကျပ်၊ (၁၀၀)ကျပ် လောက်ပါ"

"(၅၀ – ၁၀၀)ကော နည်းသလား မမရဲ့။ ကိုင်း – နေရစ်ဦး၊ ရီရီ သွားပြီးတော့ ကော်ဖီလေး ဖျော်လိုက်ဦးမယ်"

ရီရီသည် မီးဖိုဆောင်ဘက်သို့ လျင်မြန်သွက်လက်စွာ ဝင်သွားပြီးလျှင် ကော်ဖီ များဖျော်လျက် ရှိ၏။ မကြာမီ အသက် (၁၀)နှစ်၊ (၁၁)နှစ်ခန့်ရှိ မိန်းကလေး တစ် ယောက်သည် ဒန်လင်ပန်းကလေးတစ်ချပ်ပေါ်၌ အငွေ့ထောင်းထောင်းထွက်လျက် ရှိသော ကော်ဖီပန်းကန်နှင့် ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်ကို ယူလာပြီးလျှင် မရင်မေ ထိုင်နေသော ကုလားထိုင်ရှေ့ရှိ စားပွဲပေါ်သို့ ရိုသေစွာ ချထားလေ၏။



www.burmeseclassic.com

ww.burmeseclassic.com

ထို့နောက် မိန်းကလေးသည် ဒူးထောက်ကာ "သုံး ဆောင်ပါ မမကြီး"ဟု ပြောကြားပြီးလျှင် ထွက်သွားလေ၏။

တစ်ခဏမျှကြာသောအခါ ရီရီကိုယ်တိုင် နောက်ဖေးခန်းမှ ရောက်လာ၍-

"ကိုင်း - မမ ကော်ဖီပူပူလေး သောက်လိုက်ပါဦး"

"အေးကွယ် - သောက်တာပေါ့၊ ဟိုကလေးမ ဘယ်သူတုံး၊ အိမ်မှာ ခိုင်းတာလား"

"ဝမ်းမနာသမီးပေါ့ - မမရဲ့၊ ဟိုဖျာပုံမှာ သောင်းကျန်းသူတွေ ရှိနေတုန်း ပြေးလာတဲ့ ဒုက္ခသည်တွေထဲက ကျွန်မ ရလိုက်တယ်။ အဖေ၊ အမေ မရှိရှာတော့ဘူး"

"ဖြစ်မှ ဖြစ်ရလေ သနားစရာပဲ"

"ဒါနဲ့ ညီမကယူပြီး မွေးစားထားလိုက်တယ်လေ၊ နာမည်က မိနီတဲ့"

"ကောင်းတာပေါ့အေ - ပြီးတော့ ကလေးမလေးက လိမ္မာပုံရပါတယ်"

"ပထမတော့ အရိုင်းကလေးပေါ့မမရယ်၊ ညီမဆီရောက်မှ ပြုပြင်ထားရတာပေါ့။ ပြီးတော့ ဟိုဘက်အခန်းကလေးငှားပြီး ညီမက အိမ်ဆိုင်ကလေး ဖွင့်ထားတယ်။ ကျွန်မ မရှိတဲ့အခါ သူပဲ ရောင်းရတယ်။ ငယ်ငယ်ကတည်းက ချက်ချက်ချာချာဖြစ်အောင် သင်ထားရတယ် မမရဲ့"

"ဩော် - ညည်းက အိမ်ဆိုင် ထွက်သွားသေးလား"

"ဟုတ်ကဲ့၊ ထွက်တာ သိပ်မကြာသေးပါဘူး၊ ကိုသောင်း လခက (၂၀၀)ကျပ်တောင် မပြည့်သေးပါဘူး မမရဲ့၊ ဒီတော့ နည်းနည်းပါးပါး အိမ်စရိတ်ကလေးပဲ ကာမိကာမိဆိုပြီး လုပ်ရတော့တာပဲ။ ဘာမှသာမဟုတ်တယ်၊ တစ်နေ့လေးငါးကျပ်လောက်တော့ ရတယ် - မမရေ"

မရင်မေသည် တစ်စုံတစ်ရာကို စဉ်းစားလျက် ရှိ၏။

ရီရီက -

"ဟဲ့ - မိနီ၊ ဟောဒီက ကော်ဖီလင်ပန်း လာယူလေ"

"ဟုတ်ကဲ့ - လာပါပြီ မမ"

မိနီသည် အိမ်ရှေ့ခန်းသို့ တက်လာပြီးလျှင် ခပ်လှမ်းလှမ်းမှနေ၍ ဒူးထောက်ကာ ကော်ဖီလင်ပန်းကိုယူလေ၏။ ထို့နောက် ကော်ဖီလင်ပန်းကို ထားခဲ့ပြီး ကွမ်းကြက်မွေး


www.burmeseclassic.com

ww.burmeseclassic.com

တံမြက်စည်းတစ်ချောင်းဖြင့်ကုလားထိုင်များကိုဖုန်ခါလျက်ရှိလေ၏။ ရီရီသည်အင်္ကျီလက်တိုကိုဝတ်ကာ အခန်းတွင်းမှ ထွက်လာပြီးနောက် -

"ဟဲ့ ... မိနီ၊ ဆိုင်ဖွင့်တော့လေ (၇) နာရီခွဲပြီ၊ တံမြက်စည်း ငါ လှည်းပါ့မယ်"

"ဟုတ်ကဲ့ - မမ"

မိနီသည် သော့တွဲကိုယူကာ အခြားအခန်းဘက်သို့ ပြေးသွားလေ၏။ ဆိုင်တံခါးများကို ဖွင့်ပြီးလျှင် ကုန်စည်ပစ္စည်းများကို နေသားတကျ ပြင်ဆင်လေ၏။ ရီရီသည် အင်္ကျီလက်တိုကိုဝတ်ကာ အခန်းတွင်းမှ ထွက်လာပြီးနောက် -

ဆွဲချိတ်ရန် ပစ္စည်းများကိုဆွဲချိတ်၏။ စုပုံရန် ရှိသည်ကိုစုပုံ၏။ လှီးဖြတ်တန်သည်ကို လှီးဖြတ်၏။ ထို့နောက် ဆိုင်အတွင်း အပြင်ကို ဖုန်များကို ခါလျက်ရှိလေသည်။

"ဩော် - ဒါထက် မောင်သောင်းတစ်ယောက် မမြင်ပါ့လား၊ အိပ်ရာက မထသေးဘူးလား - ရီရီ"

"ဟုတ်ကဲ့ - မမ၊ သူက မနက် (၈) နာရီလောက်မှ ထတယ်၊ နောက်ဖေးတန်းက ဆရာအောင့်ကျောင်းသွားပြီး ညကျောင်းဆရာ လုပ်ရသေးတယ်လေ၊ အဲဒါက (၇၅) ကျပ်ရတယ်။ ဒီလိုပဲ မမရေ - လခက နည်းတော့ လင်မယားနှစ်ယောက်စလုံး ဘေးဘီက ဝင်ငွေကလေးရအောင် လုပ်ကြရတော့တာပဲ။ ပစ္စည်းကရှားငွေကလည်း အသုံးမခံဆိုတော့ ကြံရတာပဲ မမရဲ့"

မရင်မေသည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ဦးခေါင်းစိုက်ချကာ စဉ်းစားလျက်ရှိလေ၏။ ထိုအချိန်၌ ဈေးဆိုင်ကလေးသို့ ဈေးဝယ်များ တဖွဲဖွဲ လာရောက်စပြုရာ မိနီသည် အရှုယ်နဲ့မလိုက်အောင် ဖျတ်လတ်သွက်လက်စွာ ရောင်းချလျက် ရှိလေ၏။

ရီရီက ဆက်လက်၍ -

"မိနီ မွေးထားတာပဲ မွေးရကျိုး နပ်ပါတယ် မမရယ်၊ ကြည့်စမ်းပါဦး မမရဲ့ ဟိုမှာ ရောင်းဝယ်နေလိုက်တာ၊ စကားပြောလိုက်တာများ "ခဲ" လို့"

"ဟုတ်ပါတယ် - မြင်သားပဲ"

"မမတို့ ဘာပူစရာရှိလဲ မမရယ်။ မမမှာလည်း လက်ဝတ်လက်စား အပြည့်အစုံ၊ အစ်ကိုကြီးကလည်း သတင်းစာတိုက်က (၄၅၀) ကျပ်ရပြီး အပြင်မှာရေးတာကလည်း (၁၀၀) ကျပ် ရသေးတယ်"



www.burmeseclassic.com

မကလည်း စ၍မပြောဘဲ သတင်းစာကိုဖတ်ရင်း မောင်သောင်း ပြောသောစကား များကိုသာ တွင်တွင်ကြီး နားထောင်လျက် ရှိလေသည်။

နာရီဝက်မျှ မကြာမီ ရီရီသည် ဈေးမှ ပြန်ရောက်လာပြီးလျှင် မီးဖိုဆောင်သို့ ဝင်ကာ ချက်ပြုတ်လျက် ရှိလေ၏။ မရင်မေကလည်း မီးဖိုဆောင်သို့ လိုက်ပါကာ ရီရီအား ကူညီလျက် ရှိလေ သည်။

မီးဖိုဆောင်ကလေးမှာအတန်ငယ်ကျဉ်းသော်လည်း သပ်သပ်ရပ်ရပ် ရှိလှလေ ၏။ ရေနံဆီမီးဖိုတစ်လုံးနှင့် မီးသွေးမီးဖိုတစ်လုံးအပြင် ပန်းကန်ခွက်ယောက် တင် သော စင်ကလေး၊ လက်ဖက်ရည်ပန်းကန်များချိတ်သော သစ်သားဗီရို အကြမ်း ကလေးတို့မှာ သန့်ရှင်းသပ်ရပ် စွာရှိနေ၏။ လက်ဆေးဖလုံနှင့် ကြေး ဖလားများသည် ပြောင်စင်တောက်ပလျက်ရှိသည်ကို တွေ့မြင်ရ၏။ ရီရီသည် ဒယ်အိုးထဲမှ ငါးကြော် များကို ပန်းကန်ပြားထဲသို့ ထည့်ရင်း ...

"ဒီလိုပဲ - မမရဲ့ ကိုယ့်လင်ကိုယ့်သားနဲ့ နေပြန်တော့ မိဘအိမ်နေတုန်းကလို ဘယ်ဟုတ်မလဲ၊ အိပ်ရာက စောစောထ မျက်နှာသစ် ရေနွေးအိုးတည်၊ ပေါင်မုန့်ကင် ရာရှိကင်ပြီး ကော်ဖီကိုစွကို တစ်ခါတည်းပြီးအောင် လုပ်လိုက်တယ်။ ကော်ဖီဖျော် နေတုန်း ကောင်မလေးက ဟိုဘက်မီးဖိုမှာ ထမင်းအိုးတည်ထားတော့ ကော်ဖီလည်း သောက်ပြီးရော ထမင်းအိုးလည်း ဆူရော၊ ဒီတော့ ဈေးမသွားခင် ဒီကိစ္စတွေပြီးတာပဲ။ ဈေးက ပြန်လာရင်လည်း သူ ရုံးမီအောင် ငါးကလေးကြော်တန်ကြော်၊ ဘဲဥကလေး ပြုတ်တန်ပြုတ် ဟင်းရည်မရှိတဲ့နေ့မှာပဲ လက်ဖက်ရည်အကြမ်းနဲ့ပြီးရတာပေါ့။ တစ်ခါ ကလေလည်း ပဲပြုတ်ကလေး ဝယ်ရတယ်။ ကိုသောင်းက ဈေးမများပါဘူး။ ရီရီ ချက် ပေးသမျှ စားရှာတာပါပဲ။ ဒါထက် ဈေးဆိုင်လေးအကြောင်း ပြောရဦးမယ်။ ဈေးရောင်း လို့ရတဲ့ အမြတ်ထဲက ကိုသောင်းမသိအောင် ရီရီစုထားတာ (၃၀၀) ကျော် ကျော် ရပြီ။ ရှလောက်ဆိုရင် လက်ကောက်တစ်ရံဝယ်နိုင်ပြီ - မမရေ"

မရင်မေသည် တွေဝေစဉ်းစားလျက် ရှိရာမှ -

"တော်တယ်ဟေ့ - တော်တယ်။ ဆိုင်ကလေးကလည်း ရောင်းရတယ်နော်"

"ရောင်းရတယ် - မမရဲ့ အရပ်ထဲက လူတွေဟာ လွယ်လွယ်ရှိရင် ဝယ်ကြတာပဲ။ လေဟာ်ရယ်၊ ထန်းလျက်ရယ်၊ ဆေးလိပ်မီးခြစ်၊ ဆပ်ပြာခဲ၊ ဖယောင်းတိုင်၊ ငှက်ပျောသီး၊

ရီရီသည် စကားပြောရင်း အိမ်ရှေ့ဧည့်ခန်းကို ကြွက်မြီးတံမြက်စည်းဖြင့် လှည်း ကျင်းလျက် ရှိ၏။ ထို့နောက် စားပွဲနှင့် ကုလားထိုင်ခုံကို ဖုန်သုတ်ကာ စားပွဲပေါ်၌ တင် ထားသော ပန်းအိုးလေးမှ ပလတ်စတစ်ပန်းများကို သုတ်သင်ပြင်ဆင်လျက်ရှိ၏။

အိမ်ရှေ့ဧည့်ခန်း အလုပ်ဝတ္တရားများ ပြီးစီးသောအခါ ရီရီသည် လင်ယောက်ျား မျက်နှာသစ်ရန် ဆပ်ပြာမွှေး၊ သွားပွတ်တံ၊ သွားတိုက်ဆေးဘူးများကို ယွန်းလင်ပန်း ကလေးတစ်ချပ်ပေါ်၌တင်ကာ နောက်ဖေးဆောင်သို့သွားသော လမ်းရှိစားပွဲကလေး ပေါ်၌ တင်ထား၏။ ထို့နောက် ဒိုဘီကျုမျက်နှာသုတ်ပဝါတစ်ထည်ကို သပ်ရပ်စွာ ခေါက်ထည့်ပြီးလျှင် အနီးရှိ လက်တန်းကလေးပေါ်၌ တင်ထားလိုက်လေသည်။

အိမ်တွင်းကိစ္စပြီးစီးသောအခါ ရီရီသည် အခန်းတွင်းသို့ ဝင်သွားပြီးနောက် အဝတ်အစားများ လဲပြီးလျှင် လက်ဆွဲခြင်းကလေးကိုကိုင်ကာ အိမ်အပြင်သို့ ထွက် လာလေသည်။ ပြင်ဆင်သောအချိန်မှာ (၅)မိနစ်မျှသာ ကြာလေသည်။ သတင်းစာ ပို့သောသူငယ်သည် သတင်းစာကို လာ၍ပို့လေသည်။

ထိုအချိန်တွင် မောင်သောင်း အိပ်ရာမှ နိုးလာသဖြင့် ရီရီသည် မောင်သောင်း အနားသို့ကပ်ကာ တစ်စုံတစ်ရာကို တီးတိုးကပ်ပြောလိုက်၏။ မောင်သောင်းသည် မရင်မေအား ပြုံးရွှင်စွာနှုတ်ဆက်ပြီးလျှင် မျက်နှာသစ်ရန် နောက်ဖေးခန်းသို့ ဝင် သွားလေ၏။ ထိုအချိန်၌ ရီရီသည် လက်ဆွဲခြင်းကလေးကို ချထားခဲ့ပြီးလျှင် နောက် ဖေးဆောင်သို့ဝင်ကာ မောင်သောင်းအတွက် ကော်ဖီနှင့် မုန့်များကို ပြင်ဆင်ယူလာ ခဲ့ပြီးနောက် အိမ်ရှေ့စားပွဲတွင်ချထား၏။

"ကိုင်း – သတင်းစာဖတ်ဦးနော် မမ၊ ရီရီ ဈေးပြေးလိုက်ဦးမယ်။ မကြာပါဘူး။ ကိုသောင်းလည်း ခုပဲ လာမှာပဲ"

"အေး – သွားသွား"

မကြာမီ မောင်သောင်းသည် မျက်နှာသစ်ပြီးနောက် အိမ်ရှေ့ခန်းသို့ ထွက်လာ ပြီးလျှင် ကော်ဖီသောက်ရင်း မရင်မေနှင့် စကားစမြည်ပြောဆိုလျက် ရှိလေ၏။ မောင်သောင်းက ဤကဲ့သို့ မရင်မေ အိမ်မှစိတ်ဆိုးလျက် ထွက်လာသည်ကို စကား စပ်၍မပြောဘဲ အခြားရောက်တတ်ရာရာ စကားဦးတည့်ရာ ပြောဆိုလျက်ရှိ၏။ မရင်


www.burmeseclassic.com

www.burmeseclassic.com

မုန့်ကလည်း တရုတ်မုန့်ကလေးတွေ စုံအောင်ထားတယ်။ ပြီးတော့ ဆန်တို့၊ ဆီတို့၊ ရေနံ့ဆီ၊ အုန်းဆီ၊ ကြက်သွန်၊ ငရုတ်သီး၊ ပဲ၊ အာလူး အစုံပေါ့ – မမရယ်”

သို့ပြောပြီးနောက် ရီရီသည် ဆွမ်း၊ ငှက်ပျောသီး သောက်တော်ရေတို့ကို ငွေလင်ပန်းကလေးဖြင့်ထည့်ကာ ခေါင်းရင်းခန်းသို့ယူသွားပြီးလျှင် ဆွမ်းတော်တင်၏။ ဘုရားကျောင်းဆောင်ကိုရှင်းလင်းသုတ်သင်၏။ ဘုရားအိုးမှပန်း ဟောင်းများကိုစွန့်ပြီးလျှင် ဈေးမှဝယ်လာသော နှင်းဆီပန်းနှင့် သစ္စာပန်းများကို ထိုး၏။ ထို့နောက် တစ်ခဏမျှ ဘုရားအားဝတ်ပြုပြီးလျှင် မီးဖိုချောင်သို့ပြန်လာလေသည်။

မရင်မေသည် ရီရီ တတွတ်တွတ်ပြောသည်များကို နားထောင်ရင်း ရီရီ လုပ်ပုံကိုင်ပုံများကို ကြည့်ရှုအကဲခတ်လျက် ရှိလေ၏။ မိနီသည် ဈေးဝယ်များ ပါးသည်နှင့် တစ်ပြိုင် မီးဖိုချောင်သို့ ပြေးလာပြီးလျှင် ပန်းကန်ပြားများကို ဆေး၏။ ထမင်းစားစားပွဲခင်းကို ခင်းကာ ပန်းကန်၊ ဇွန်း၊ လက်ဆေးဇလုံတို့ကို သူ့နေရာနှင့်သူ အဆင်သင့်ချထား၏။ ရီရီက ခပ်ပေးသော ဟင်းပန်းကန်များကို စားပွဲပေါ်သို့ သွား၍တင်ထား၏။

ထိုနေ့ မရင်မေ အကူအညီဖြင့် ထမင်းခပ်စောစော ကျက်လေ၏။

(၉) နာရီထိုးသည်နှင့်တစ်ပြိုင်နက် မောင်သောင်းအတွက် ထမင်းပွဲ အဆင်သင့်ပြင်ပြီးဖြစ်ရာ ချဉ်ရေဟင်းတစ်ခွက်၊ ငါးကြော်တစ်ခွက်၊ ငံပြာရည်ချက်တစ်ခွက်၊ ဘဲဥပြုတ်ဆီဆမ်း၊ ပဲပြုတ်ကြော်၊ သခွားသီး၊ တညင်းသီး၊ ဟင်းသီးဟင်းရွက်၊ တို့စရာ အစုံအလင်ဖြင့် ထမင်းပွဲကလေးမှာ ဝေဝေဆာဆာ ရှိနေ၏။ မောင်သောင်း ထမင်းစားနေ နိုက်ရီရီသည် ကျနစွာခေါက်၍ထားသောပိုးလုံချည်တစ်ထည်၊ ရှပ်အင်္ကျီ၊ အပေါ်အင်္ကျီတို့ကို ယူလာ၍ စားပွဲပေါ်၌ တင်ထားပြီးလျှင် သက္ကလတ်အင်္ကျီကို အင်္ကျီချိတ်တစ်ခု၌ ချိတ်ထားကာ အင်္ကျီအိတ်ထဲသို့ ပိုက်ဆံသားရေအိတ်၊ စီးကရက်ဘူး၊ မီးခြစ်၊ ဖောင်တိန်တို့ကို နေသားတကျ ထည့်ပေး၏။ ထို့နောက် လက်ကိုင်ပဝါအသစ်တစ်ထည်ကို ရေမွှေးဆွတ်ကာ သက္ကလတ်အင်္ကျီ၏ လက်ယာဘက်အိတ်ထဲတွင် ထည့်ပေး၏။ ထိုအချိန်၌ မိနီသည် ဖိနပ်စင်မှ နောက်ပိတ်ဖိနပ်တစ်ရံကို အဝတ်စုတ်ဖြင့် ပွတ်တိုက်ပြီးနောက် ခြေအိတ်နှင့်အတူ ယူခဲ့ပြီးလျှင် အိမ်ရှေ့တံခါးအနီး၌ အသင့်ချထားပေး၏။



www.burmeseclassic.com

ww.burmeseclassic.com

မောင်သောင်း ဖိနပ်စီးပြီးသောအခါ ရီရီသည် မောင်သောင်းအား ထီးကို လှမ်းပေး ရင်း -

"ကိုသောင်း - ဒီနေ့ ဘယ်ဝင်စရာရှိသေးလဲ"

"မရှိပါဘူးကွယ်"

"ဒါဖြင့် စောစောပြန်လာနော်။ အစ်မကြီး ရှိနေတုန်းကြည့်မြင်တိုင်ကမ်းနားဘက် အပျင်းပြေလမ်းလျှောက်ရအောင်"

မောင်သောင်းသည် မရင်မေဘက်သို့ လှည့်၍ -

"အစ်မကြီး ပျော်ပျော်နေနော်၊ ထမင်းစားပြီးလည်း တစ်ရေးတစ်မော အိပ်နေ ပေါ့။ ကျွန်တော်တို့အိမ်မှာ ဘာမှအားနာစရာမရှိဘူး။ အစ်မကြီး ပျော်သလောက်နေ။ ကိုင်း - သွားမယ် အစ်မကြီး၊ ရုံးချိန်နီးနေပြီ"

မောင်သောင်း ရုံးသို့သွား၍ အတန်ကြာသောအခါ မရင်မေနှင့် ရီရီတို့သည် ထမင်းစား စားပွဲတွင် မျက်နှာချင်းဆိုင်ကာ နံနက်စာ စားသောက်ကြလေသည်။

ထမင်းစားပြီးသောအခါ မရင်မေသည် ခုတင်ပေါ်တွင် အညောင်းပြေလှဲလျက် ရှိစဉ် ရီရီသည် ရေမချိုးမီ ကြက်မွေးတံမြက်စည်းတစ်ချောင်းကို ကိုင်ကာ အိမ်ရှေ့ ဧည့်ခန်းနှင့် အိပ်ခန်းတွင် ဖုန်များကို လှည်းကျင်းသုတ်သင်လေ၏။ ထို့နောက် မောင်သောင်း၏ လုံချည်အဟောင်းများ နှင့် ရှပ်အင်္ကျီများကို ဖွပ်လျှော်ပြီးလျှင် ညနေ (၃) နာရီလောက်၌ မီးပူတိုက်၏။ မီးပူတိုက်ပြီးသောအခါ ညစာအတွက် ချက်ပြုတ်ရန် ပြင်ဆင်ကြလေသည်။

ညနေ (၅) နာရီခွဲသာသာတွင် မောင်သောင်းအလုပ်မှ ပြန်ရောက်လာ၏။ လက်ထဲတွင် ဖက်စိမ်းဖြင့် ထုပ်လာသော အထုပ်များပါလာရာ ရီရီသည် မောင်သောင်းလက်မှ အထုပ်များကို ဆီးယူပြီးလျှင် မီးဖိုလက်သို့ ပေးလိုက်၏။ ထို့ နောက် အခန်းတွင်းသို့ဝင်ကာ အချိုးကျစွာ ခေါက်ထားသော ပလေကတ် လုံချည် တစ်ပတ်ရစ်တစ်ထည်ကို ယူခဲ့ပြီးလျှင် မောင်သောင်းအား အဝတ်လဲရန် ပေးလေ၏။ ရှပ်အင်္ကျီကို ချွေးများခြောက်စေရန် ကြိုးတန်းတွင် လွှားထားလိုက်၏။ သက္ကလတ် အင်္ကျီအိတ်ထဲမှ အသေးအဖွဲ့ ပစ္စည်းများကို ထုတ်ယူပြီးလျှင် ဘီးဖြင့်တိုက်၍ ချိတ် တွင် ချိတ်ထားလေ၏။



www.burmeseclassic.com

ww.burmeseclassic.com

မောင်သောင်းသည် အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ စီးကရက်သောက်ရင်း သတင်းစာဖတ်လျက်ရှိ၏။ မရင်မေသည်အိမ်ရှေ့ကုလားထိုင်တစ်လုံးတွင် မဂ္ဂဇင်းစာအုပ်ကိုလှန်လှောကြည့်ရှုလျက်ရှိ၏။ ယခု မရင်မေကား နံနက်ခင်းက ရောက်လာသော မရင်မေ မဟုတ်တော့ချေ။ တစ်နေ့လုံး ရီရီလုပ်ကိုင်သမျှကို မြင်ရသဖြင့် ရီရီကို ချီးကျူးအားကျကာ လက်တွေ့သင်ခန်းစာ ရခဲ့ပြီ။

"မောင်သောင်း"

မောင်သောင်းသည် မရင်မေ၏ အသံကြောင့် ရုတ်တရက် လန့်ဖြတ်သွားလေသည်။

"ခင်ဗျာ – အစ်မကြီး"

"အစ်မကြီး အခု ဘာကြောင့် အိမ်က ထွက်လာတယ်ဆိုတာ သိတယ်မဟုတ်လား"

ထိုအချိန်၌ ရီရီသည် အနီးသို့ ရောက်လာ၏။

"ရီရီပြောလို့ နည်းနည်းပါးပါးသိပါပြီ – အစ်မကြီး"

မျက်ရည်များလည်လျက် –

"အစ်မကြီး မှားပြီ – မောင်သောင်း၊ အစ်မကြီး မှားပြီ – မင်း အစ်ကိုကလည်း အေးအေးနေတတ်တဲ့လူ၊ အစ်မကြီးကလည်း ကျောင်းကထွက်သူနဲ့ အကြောင်းပါတော့ ဘာတစ်ခုမှ နားမလည်ဘူး။ ကျောင်းနေတုန်းကလည်း ကျောင်းစာနဲ့ ရုပ်ရှင်ကြည့်ဖို့လောက်ပဲ ဂရုစိုက်တယ်။ အိမ်ထောင်မှုဆိုတာ ဝေလာဝေး၊ ပြန်စောင်းမှ လှည့်မကြည့်ခဲ့ဘူး။ မှားတာပဲ မောင်သောင်း အခုတော့ မင်းမိန်းမ လုပ်ပုံကိုင်ပုံမြင်ရပြီး အစ်မကြီး နောင်တရပြီ"

"ကောင်းပါပေရဲ့ – အစ်မကြီးရယ်၊ ကျွန်တော်ဖြင့် ဝမ်းသာလိုက်တာ"

"ကိုင်း – ကိုသောင်း အစ်မကြီးကို အခု လိုက်ပို့ကြစို့"

"နေပါဦးကွယ် – ထမင်းမစားကြတော့ဘူးလား။ အေးအေးဆေးဆေး ထမင်းစားပြီးမှ သွားကြတာပေါ့"

ညစာ စားသောက်ကြပြီးနောက် မောင်သောင်းနှင့် ရီရီတို့သည် သုံးဘီးကားတစ်စီးငှား၍ မရင်မေအား အိမ်သို့ ပြန်ပို့ကြရာ ကိုတင်အေးအား အဆင်သင့်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ကိုတင်အေးမှာမူ နာမည်နှင့်လိုက်အောင် အေးသောလူတစ်ယောက် ဖြစ်သည့်အတိုင်း တစ်ခါတစ်ရံ စိတ်နောက်ကိုယ်ပါ တစ်ဖွတ်ထိုး လုပ်တတ်သော ဇနီးချောအား အလွယ်တကူပင် ခွင့်လွှတ်လေသည်။ အိမ်ပေါ်သို့ရောက်လျှင်ရောက်ခြင်း မရင်မေသည် ကိုတင်အေးအား ဦးချကန်တော့ပြီးနောက် တရှုပ်ရှုပ်ငိုလျက် အခန်းတွင်းသို့ဝင်သွားရာ ကိုတင်အေးက နေရာမှထကာ ချော့မောရန် ထက်ကြပ်မကွာ လိုက်သွားသဖြင့် ရီရီက ကိုသောင်းဘက်သို့ မျက်စိတစ်ဖက်မှိတ်၍ ပြလိုက်လေသည်။

မိနစ်အတန်ကြာမှ လင်မယားနှစ်ယောက် အခန်းထဲမှ ထွက်လာပြီးလျှင် ရီရီတို့ ဇနီးမောင်နှံအား လောကွတ်ပျူငှာညည့်ခံလေရာလေးဦးသားတို့မှာရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုရယ်မောရင်း ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိကြကုန်၏။

နောက်တစ်နေ့၌ကား ကိုတင်အေး၊ မရင်မေတို့၏အိမ်ထောင်ကလေးမှာ သိသိသာသာကြီး ပြောင်းလဲသွားခဲ့လေ၏။

မရင်မေသည်နံနက်စောစောအိပ်ရာမှထပြီးလျှင်ရေနွေးအိုးတည်၍နှစ်ယောက်အတွက် ကော်ဖီကိုဖျော်၏။ မျက်နှာသစ်ပြီးလျှင် ရေနွေးအိုးကို တည်စဉ် အိမ်ရှေ့ဧည့်ခန်းကို သုတ်သင်ရှင်းလင်း၏။

ထိုနေ့ညနေ ကိုတင်အေး အလုပ်တိုက်မှပြန်လာသောအခါ ယခင်အခါများက ကဲ့သို့မဟုတ်ဘဲ လှပသပ်ရပ်စွာ ဝတ်စားထားသော မရင်မေအား တံခါးဝမှ ဆီးကြိုနေသည်ကို တွေ့ရ၏။ အိမ်ရှေ့ဧည့်ခန်းမှာ ဖုန်များကင်းစင်ကာ စားပွဲကုလားထိုင်များသည် ဖိတ်ဖိတ်တောက်လျက် ရှိ၏။ ဘုရားကျောင်းဆောင်ရှေ့ရှိ ဖန်ညောင်ရေအိုးနှစ်လုံးမှာ ပန်းနရောင် သစ္စာပန်းခက်များဖြင့် ဝေဝေဆာဆာ ရှိနေ၏။ ဧည့်ခန်းမှန်စားပွဲကလေးပေးရှိ ကြွေပန်းအိုးကလေးတွင် နှင်းဆီပန်းအနီများ ထိုးစိုက်လျက် တစ်ခန်းလုံး ပန်းရနံ့တို့ဖြင့် ကြိုင်လှိုင်လျက်ရှိ၏။

မရင်မေသည်ကိုတင်အေးလက်မှထီးနှင့်အပေါ်အင်္ကျီကိုလှမ်းယူပြီးလျှင်အင်္ကျီကို ချိတ်တစ်ခုဖြင့် ချိတ်ထားလိုက်၏။ ထို့နောက် အခန်းထဲသို့ ပြေးဝင်ကာ မီးပူတိုက်ထားသော ချည်လုံချည်တစ်ထည်ကို ယူပြီးလျှင် ကိုတင်အေးအား လဲလှယ်ရန်


www.burmeseclassic.com

ww.burmeseclassic.com

ပေးလေသည်။ ကိုတင်အေးသည် ပက်လက်ကုလားထိုင်ပေါ်၌ အပန်းဖြေထိုင်လျက် ရှိနေစဉ် မရင်မေသည် ရေလဲနှင့် မျက်နှာသုတ်ပဝါကို ယူလာပြီးလျှင် -

"ကိုအေး - ရေချိုးဦးနော်၊ ပြီးတော့မှ ထမင်းစားတာပေါ့။ ဒီနေ့တော့ ကိုအေး အကြိုက် ဝက်ခြေထောက်စွပ်ပြုတ် ရင်ရင် လုပ်ထားတယ်"

ကိုတင်အေးသည် ရေချိုးရန် မီးဖိုဘက်သို့လာခဲ့ရာ နောက်ဖေးတွင် ရပ်နေသော မရင်မေကိုတွေ့ရသည်နှင့် လည်ပင်းကိုသိမ်းဖက်ကာ မွှေးမွှေးပေးလိုက်၏။

"ဒါမှ တို့အိမ်ရှင်မ ရင်ရင်ကွ"

"ဟုတ်ပါတယ် - အို - ကိုအေးကလည်း ကြည့်ပါလား - နောက်ဖေးတိုက်က မြင်ပါဦးမယ်"

အဂုန်ရွှေမှူး

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဆင်သချိုင်းရှာပုံတော်

ဆင်မှဆိုးတစ်စု ဆင်သချိုင်းရှာဖွေရာမှ
ခရီးလမ်းတွင် ထူးဆန်းအံ့သြဖွယ်ကောင်းသည့်
တောတိရစ္ဆာန်များနှင့် တွေ့ရပုံကို ...

-----------------မိုးကျော့-----------------

သံဗောတူတို့ ဆင်သချိုင်း ရှာဖွေရေးအဖွဲ့သည် နောက်တစ်နေ့ လင်းကြက်ဦး မတွန်မီကပင် ဟိုင်းဆင်နာကြီးနောက် သွေးစက်ခြေရာခံ၍ လိုက်လာကြပြန်၏။

တောင်ကျချောင်းမှာ ကွေ့ကောက်၍ စမ်းဖျားချောင်းဖျားသို့ ရောက်လာလေ ရေအိုင်စမ်းပေါက်တို့မှာလည်း ခြောက်သွေ့လာလေပင်။ ထိုအခါ ဆင်ခြေရာကို မြေပြင်တွင် ရှာမရတော့။ ကျောက်ခဲ ကျောက်တုံးနှင့် သစ်ရွက်ကြွေများပေါ်မှ ဆင်နာကြီး၏ခြေရာကို ငုံ့ကြည့်ငုံ့ကြည့်နှင့် လိုက်နေကြရပြန်၏။ မကြာမီ စမ်းရေအိုင်ကြီးတစ်ခုကို တွေ့ရတော့သည်။

ကတိမ်းကပါးနှင့် ဆင်သချိုင်းရှိရာ သို့ ခွန်အားညှစ်ထုတ်၍ သွားနေသော ဟိုင်းဆင်နာကြီးသည် ရေသောက်ဆင်းရင်း ဤစမ်းရေအိုင်ထဲမှာ ကျသွားလေသလားဟု စမ်းရေအိုင်ကို ဝိုင်းပတ်ရှုကြည့်ကြသည်။ ထိုအခါ စမ်းရေအိုင်မှ ရေစိမ်ရေသောက်ပြီး ချည့်နဲ့စွာ တက်သွားသော ဆင်ခြေရာကို တွေ့ကြပြန်ရာ ထိုဆင်ခြေရာနောက်ကို လိုက်လာကြရပြန်၏။

အင်တိုင်းတောတစ်နေရာအရောက်တွင် လှမ်းလာကြသော ဆင်သချိုင်းရှာသူများအားလုံး၏ ခြေလှမ်းများက တိုင်ပင်ထားသလို ချက်ချင်း တုံ့ခနဲ ပြိုင်တူရပ်သွားကြသည်။

အဲကြောင်းမှာ သူတို့အားလုံး၏နားစည်ကို မြွေတွန်သလိုလို အသံများက လာ၍ ရိုက်ခတ်သွားသဖြင့်ဖြစ်သည်။ သူတို့မတ်တတ်ရပ်နေလိုက်ကြသော တောင်ကမ်းပါး



www.burmeseclassic.com

ww.burmeseclassic.com

ယံကျောမှတိရစ္ဆာန်တစ်ကောင် (သို့) တောတိရစ္ဆာန်တစ်အုပ်သည် သူတို့ရှိနေသော နေရာဘက်ဆီ သို့ ပြေးလာနေကြသော အသံလိုလို အသံမျိုးကိုလည်း သဲ့သဲ့ကြား လာရ၏။

ကုန်ခဲ့သောညက ကင်းခြေများအုပ် နှင့် တွေ့လာခဲ့ကြရသော သူတို့မှာ ယခု လည်း ထိုကင်းခြေများအုပ်နှင့်ပင် ပြန်တွေ့ကြရလေဦးမည်လားဟု စိုးရိမ်မိသွားကြ သည်။ မနေ့ကမူ သူတို့မှာ လင့်စင်ပေါ်ကဖြစ်သဖြင့် များစွာစိုးရိမ်ကြောင့်ကျမှု မဖြစ်ခဲ့ ကြသော်လည်း ယခု မြေပြင်ပေါ်ဖြစ်နေ၍ ထိုကင်းခြေများအုပ်နှင့်သာ ပြန်ဆုံမိကြ လျှင် ရာပေါင်းထောင်ပေါင်းများစွာသော ကင်းခြေများကို မည်သို့ရင် ဆိုင်ကြရတော့ မည်နည်းဟု စိုးတထိတ်ထိတ်နှင့် ရှိနေကြသည်။

ထို့ကြောင့်လည်း သူတို့အားလုံး သည် တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ် မျက်ခြည်နှင့်သတိပေးကာ နီးစပ်ရာ သစ်ပင်များပေါ်တက်ပြေးသင့်လျှင်တက်ပြေးကြ ရန် အသင့်ရှိနေကြ၏။ ခွေးကျားနိုင်ကလည်း လူတွေ၏ အရိပ်အခြေကို အကဲခတ် မိ၍လားမသိ။ သံတောတူ အနီး၌ရပ်၍ လျှာတွဲလောင်းချကာ ဟောဟဲ ဟောဟဲလုပ်ပြီး အသံကြားရာဘက် လှမ်းကြည့်နေသည်။ လူတွေအားလုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ "ဘာသံပါလိမ့်" ဟု ရေ့တူရူအသံ ကြားလာရာဘက်ကိုသာ စိုးတထိတ်ထိတ်နှင့် ငေးစိုက်ကြည့်နေကြ၏။

ထိုအချိန်မှာပင် မြွေတွန်သံများက ဟိုမှသည်မှ ဆူညံလာ၏။ ဆင်သမားတွေမှာ ဤမျှများပြားလှသော မြွေတွန်သံများကို မကြားဘူး၊ မကြုံဘူးကြသဖြင့် အားလုံး အထိတ်တလန့်ဖြစ်နေကြ သည်။ သူတို့အားလုံး မတ်တတ်ရပ်၍ နားစွင့်နေကြချိန် မှာပင် တောင်ကမ်းပါး ယံ ဆင်ခြေလျှောအတိုင်း တစ်စုံတစ်ဦး လိမ့်ဆင်းပြေးလာ သလို အသံတစ်ခုက ပေါ်လာပြန်၏။

"ဟေ့ - ဟေ့ - ငါ ငါထင်တယ်။ ဒီအသံတွေဟာ မြွေတွေ မိတ်ခေါ်သံ၊ မိတ်လိုက် လာကြသံ ဖြစ်နိုင်တယ်။ မင်း တို့အားလုံး မှဆိုးထိုင် ထိုင်ပြီး ငြိမ်နေကြ။ ဖြစ်နိုင်ရင် အားလုံး သစ်ငုတ်လက်ငုတ်၊ ကျောက်ခဲတစ်ခဲလိုငြိမ်နေကျ၊ အသက်ရှူသံကိုတောင် မပြင်းကြစေနဲ့၊ အန္တရာယ် ရှိတယ်"



www.burmeseclassic.com

ww.burmeseclassic.com

တောအတွေ့အကြုံများသော ငထီးသံ၏ စကားမဆုံးမီမှာပင် ခွေးကျားနိုင်က ထဟောင်တော့ရာ ငဖောတူက ခွေးကျားနိုင်ကို လည်ပင်းလှမ်းဖက်ပြီး သူ့ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ပြီး ပါးစပ် နှုတ်သီးကိုလည်း လက်နှင့် ဆုပ်ထားလိုက်၏။ ထိုအခါမှ ခွေးကျားနိုင်အသံလည်း တိတ်သွားသည်။

လူတွေအားလုံးမှာ ငထီးသံ သတိပေးသလို သစ်ငုတ်လက်ငုတ်၊ ကျောက်တုံး တစ်တုံးလို ငြိမ်နေကြသည်။ လုံး၀ လှုပ်လှုပ်ရှားရှား မလှုပ်ဝံ့ကြ။

သူတို့ရောက်နေကြရာ တောင်ခြေအထက်ဆင်ခြေလျှောမှ သစ်ရွက်ကြွေတွေ ပေါ် တစ်စုံတစ်ခု တလိမ့်လိမ့် လိမ့်ဆင်းလာနေသံကိုလည်း ဖြိုးဖြိုးဖြောက်ဖြောက် ကြားလာရ၏။ အသံကြားရာဘက်ကို သူတို့အားလုံး ငေးကြည့်နေကြစဉ်မှာပင် ငထီး သံ၏ခေါင်းပေါ်ရှိ သစ်ပင်တစ်ပင်မှ လူကြီးလက်မောင်းလောက်ရှိသော မြွေကြီးတစ် ကောင်သည် ဖြုတ်ခနဲ ခုန်ဆင်းလာကာ အသံကြားနေရာ တောင်ပေါ်ဘက်သို့ မြည် တွန်ပြီး ပြေးလိုက်သွားလေသည်။

ထိုအခါမှ သူတို့မှာ မိမိခေါင်းပေါ်ရှိသစ်ပင်များပေါ်ထိတ်ထိတ်လန့်လန့်နှင့် မော့ ကြည့်ဖြစ်ကြသည်။ သူတို့နှင့် မနီးမဝေး သစ်ပင်များပေါ်တွင် ရှိနေကြသော မြွေများ သည် အမြီးပိုင်းကို သစ်ကိုင်းနှင့် ချိတ်ဆွဲထားပြီး ခေါင်းပိုင်းက အသံလာရာဘက် ယိမ်းနဲ့လှုပ်ရှားကာ ပါးပျဉ်းထောင်၍ တရှိုရှို မြည်တွန်နေကြသည်။

သို့သော် ထိုမြွေများ၏ ထူးခြားချက် မှာ သစ်ပင်အောက်၊ မြေပြင်ပေါ်ကို လုံး၀ ငုံ့မကြည့်ဘဲ အသံကြားလာရာဘက်ကိုသာ ဦးခေါင်းထောင်၍ မြည်တွန်နေကြ၏။

"မှက်ကိုက်၊ ခြင်ကိုက်တောင် မလှုပ်ကြနဲ့ကွ။ တတ်နိုင်ရင် အသက်တောင်ပြင်း ပြင်းမရှူကြနဲ့တဲ့။ မုဆိုးတွေကငါ့ကိုပြောဖူးတယ်။ ငြိမ်ငြိမ်သာနေကြ။ ဘာမှမဖြစ်ဘူး။ သံဖောတူ - မင်းငအောင်ခွေးကိုလဲ ပါးစပ်ပိတ်ထား။ ငြိမ်ငြိမ်သာနေကြ၊ မကြောက်ကြ နဲ့ - ခဏပဲ"

မုဆိုးတွေနောက်ကို မကြာမကြာ တောလိုက်သွားထားဖူးသော ငထီးသံ၏ စကားမဆုံးမီများပင် ကျောက်လုံးကြီးတစ်လုံး လိမ့်ဆင်းလာသလို တသောသော မြည်လာသံမှာ သူတို့နှင့် ပိုနီးလာ၏။ မြွေတွန်သံများကလည်း ဟိုမှ သည်မှ ပိုကျယ် လောင်လာသဖြင့် လောရှည်ကြီးငထော်က သူ့ခေါင်းပေါ် မော့ကြည့်လိုက်ရာ "အမယ်လေးဗျ" ဟုအော်ကာ ငသံညီနား ပြေးရောက်သွားသည်။



www.burmeseclassic.com

ww.burmeseclassic.com

သူထိုင်၍ ငြိမ်နေခဲ့သောသစ်ပင်ပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို အမြီးချိတ်၍ တွဲလောင်းဆွဲ ယမ်းခါနေသော ငန်းမြွေကြီးတစ်ကောင်သည် မြေပြင်ပေါ်ခုန်ချကာ အသံကြားရာဘက် ပြေးလိုက်သွားပြန်၏။ ငထီးသံကသာ ငြိမ်ငြိမ်နေကြ၊ မလှုပ်ကြနဲ့ဟု သတိပေးထားသော်လည်း သူ့အောက်က အမယ်လေး အော်၍ ထွက်ပြေးသွားသော ငထော်ကြီးကို ထိုမြွေငန်းကြီးသည် လုံးဝပင် တစ်ချက်လှည့်မကြည့်ခဲ့ပေ။

အမှန်မှာ ထိုမြွေသာ မဟုတ်။ အခြားသစ်ပင်၊ ချုံပုတ်၊ မြေပြင်၌ ရှိရှိသမျှသော မြွေများသည် တရှိန်ရှိန်တွန်မြည်ကာ ဆူညံလာသော တောင်ပေါ်ဘက်ကိုသာ ပြေးလိုက်သွားနေကြသည်။

သည်လိုနှင့် မိနစ်ပိုင်းအတွင်းမှာပင် လူကြီးတစ်ယောက်ဖက်နီးနီးရှိသော ရောင်စုံ အလုံးကြီးတစ်လုံးသည် ဆင်ခြေလျှောတောင်စောင်းအတိုင်း သူတို့နှင့် လေးငါးလံအကွာမှတောင်ကျောအောက်ဘက်ကိုလိမ့်ဆင်းလာသည်။ ထိုအလုံးကြီး ထဲတွင် အစိမ်း၊ အပြာ၊ အဝါ၊ အနီ၊ အနက်၊ အကျား၊ အစင်းကွက် များသည် ပြိုးပြိုးပြက် ရောင်စုံထွက်ကာ မြွေတွေနှင့် လုံးထွေးလိမ့်ပါလာ၏။

ထိုအလုံးကြီးမှာ လိမ့်ဆင်းလာရင်း က ကျောက်တုံး၊ သစ်ငုတ်၊ သစ်ပင်တွေနှင့် ဝင်တိုက်ကာ တစ်လုံးမှ နှစ်လုံးကွဲ ထွက်သွားပြန်၏။ ထိုအလုံးနှစ်လုံး ကွဲထွက်သွားပြီး ရှည်မျောမျော ဖြစ်သွားလိုက်၊ အလုံးပြန်ဖြစ်သွားလိုက်နှင့် လိမ့်ဆင်းသွားနေသော အလုံးနှစ်လုံးဆီ ရှိရှိသမျှ ပတ်ဝန်းကျင်က မြွေများ သွားရောက်ဝင်ပူးကာ လုံးထွေးပြီး လိမ့်ဆင်းသွားနေ၏။

ထိုအခါမှ ဆင်သချိုင်းရှာရန် လာကြသော လူတွေမှာ မြွေများ မိတ်လိုက်လျှင် နှစ်ကောင်၊ သုံးကောင်ကစပြီး တောတောင်ထဲ ပတ်ဝန်းကျင်ရှိသမျှ မြွေများအားလုံး ထိုနှစ်ကောင်သုံးကောင်ကစသော မြွေများဆီပြေးသွား လုံးထွေးလိမ်ကျစ်မိတ်လိုက် တတ်ကြရာ မြွေများလာသောအခါ မြွေလုံးကြီးများ ဖြစ်သွားသည်ကို ကိုယ်တွေ့ကြုံ ကြရတော့သည်။

တစ်တောလုံး တစ်တောင်လုံးရှိ မြွေပေါင်းများစွာတို့မှာ တစ်ကောင်နှင့် တစ်ကောင် တစ်ကောင်လုံးထွေးလိမ်ကျစ် ရစ်ပတ်ပူးချိတ်ပြီး မြေနိမ့်လျော တောင်စောင်း တိုင်း လိမ့်ဆင်းလျောဆင်းနေရာ လက်မ၊ ခြေမခန့် အကောင်ငယ်များမှာ မြွေလုံးကြီး

ww.burmeseclassic.com

ကြားတွင် လိမ်ကျစ်ညှပ်မိ၍ သုံးလေးပိုင်းပြတ်သည့်အကောင်က ပြတ်၊ အရိုးအဆစ် ပြုတ်၍မရှုမလှကျန်သည့်အကောင်က ကျန်၊ သေသည့်အကောင်က သေနှင့် မြွေလုံးကြီး လိမ့်ဆင်းသွားရာ လမ်းကြောင်းတစ်လျှောက်တွင် မြွေသေ၊ မြွေပြတ်၊ မြွေကျိုး၊ မြွေပိုင်း၊ မြွေနာတွေမှာ မြင်မကောင်း ရှုမကောင်း ရှုပ်ယှက်ခတ်၍ ကျန်နေခဲ့၏။

ထိုမြွေလုံးကြီးဆီမှ မြွေတွန်သံကြား၍ ပြေးလိုက်လာကြသော မိတ်စိတ်မွှန် မြွေများသည် ထိုမြွေလုံးကြီး လိမ့်ဆင်း သွားရာနောက်သို့ အလျင်စလို ပြေးလိုက်သွားနေကြပြန်၏။ မသေမရှင် ကျန်နေခဲ့ကြသော မြွေငယ်များသည် သေခါနီးထိ မိတ်စိတ်ပြင်းပြကာ မြည်တွန်ညည်းတွားရင်း အမြီးတလှုပ်လှုပ်၊ ခေါင်းတယမ်းယမ်းနှင့် ကျန်နေခဲ့ကြသည်။

မြွေမိတ်လုံးကြီးသည် တောင်အောက်ဘက် တလိမ့်လိမ့် လိမ့်ဆင်းသွားပြီး တသောသောအသံများ ပျောက်ကွယ်သွားတော့မှ ဆင်သရိုင်းရွာသူများမှာ သက်မ ကိုယ်စီ ချနိုင်ကြတော့သည်။

"အေးဗျာ - တစ်သက်နဲ့တစ်ကိုယ် ကျုပ်တော့ မြွေမိတ်လိုက်တာကို ဒီတစ်ခါပဲ ကိုယ်တွေ့မျက်မြင် ကြုံဖူးပါတယ်"

သံဗေတူ၊ ငထီးသံ၊ ငသံညိုတို့နှင့်စာလျှင် တောတောင်အတွေ့အကြုံနည်းသေးသော လောရှည်ကြီးခေါ် ငထော်ကြီးက ယခုမှ ရင်သပ်လှိုက်မောသံကြီးနှင့်ပြော၏။

"ငါတို့လည်း လူပြောသူပြောသာ ကြားဖူးတာ ဒီလောက်ကြီးတဲ့ မြွေမိတ်လိုက်ပွဲကြီးကို ဒီတစ်ခါပဲ မျက်မြင်ကိုယ်တွေ့ကြုံဖူးပါတယ်ကွာ။ တောထဲ တောင်ထဲ သစ်ခုတ်၊ ဝါးခုတ်ကစပြီး ဆ[illegible]ဖမ်းအဖွဲ့ဝင် လိုက်နေတာလဲ ဆယ်နှစ်ကျော်ပြီ။ ဒီတစ်ခါပဲ ကိုယ်တွေ့မြင်ဖူး၊ တွေ့ဖူးပါ ..."

သံဗေတူ၏ စကားမဆုံးမီပင် ငထီးသံက -

"အေး - ငါတော့ ဒီတစ်ခါပါဆို သုံး ခါရှိပြီ။ ဒါပေမဲ့ - ဒလက်ဖျားမှာ၊ မြင်မတိမ်ဘက်မှာတုန်းကတော့ ဒီလိုကြီးကြီးကျယ်ကျယ်မဟုတ်ဘူး။ မြွေအထီးအစ်မ နှစ်ကောင်မိတ်စလိုက်ရာကစပြီးပတ်ဝန်းကျင်က မြွေအကောင်နှစ်ဆယ်လောက်ပဲပြေးလိုက်လာကြပြီး ဝင်လုံးပူးကျစ်မိတ်လိုက်ကြတာ မြင်ဖူးတယ်။ ခုလို အကောင်သေး အကောင်ငယ်တွေလည်း မပါဘူး။ အကောင်ကြီးကြီးတွေချည်းပဲ။ အနည်းဆုံးလက်



www.burmeseclassic.com

ww.burmeseclassic.com

မောင်းလောက် ခြေသလုံးလောက်ရှိတဲ့ အကောင်တွေချည်းပဲ။ အဲဒီတုန်းက ဦးလေးတင်နဲ့ သောင်ဆရာကြီး ဦးဗန်ကူးတို့လဲ ပါတယ်၊ အဲဒါကြောင့် မင်းတို့ကို ငါ ကြုံပြောနိုင်တာပဲ။ ဒလက်ဖျားမှာ နောက်တစ်ခါတော့ လေးငါးဆယ်ကောင်လောက်ပဲ၊ မြင်မတိမ်တောင်အောက်က ဆင်သေချောင်းနားမှာပဲ"

"အေးကွ - မင်းပါလို့ တော်သေးတယ်။ နို့မို့ - မြွေမိတ်လိုက်တာ မမြင်ဘူးကြတဲ့တို့တွေ ကြောက်ကြောက်နဲ့ ထွက် ပြေးမိကြလို့ မြွေကိုက်မခံရတောင် မိတ်စိတ်မွှန်ပြီး ကမူးရှူးထိုး ပြေးလိုက်လာကြတဲ့မြွေတွေကို တက်နင်းမိပြီး မြွေကိုက်ခံကြရမှာ သေချာတယ်"

ငသံညိုက မြွေများ မိတ်လိုက်ကြသည်ကို သုံးခါ မြင်ဖူးပြီဆိုသော ငထီးသံကို ကျေးဇူးတင်စကား ပြောဖြစ်သည်၊

"အဲဒီအတွေ့အကြုံကြောင့်လည်း မင်းတို့ကို ငြိမ်ငြိမ်ကုပ်ကုပ် နေကြဖို့ ကြိုတင်ပြီး ငါ ပြောနိုင်တာပေါ့ကွ။ မြွေတွေ မိတ်လိုက်ကြတာ အစကနဦးကတော့ အထီးနဲ့အမ နှစ်ကောင်ကစပြီး နောက်တော့ အနံ့ရတွန်သံမြည်သံ ကြားတာနဲ့ တစ်တောလုံးတစ်တောင်လုံး ကြားသမျှမြွေတွေဟာ မိတ်စိတ်ဝင်လာကြပြီး အကြီးအသေး မျိုးတူသော မတူသော အားလုံးရောပါလာကြပြီး လုံးထွေးလိမ်ကျစ် မိတ်လိုက်ကြတော့တာပဲ။

အကောင်ငယ်တွေကတော့ ခု မင်းတို့မြင်နေကြတဲ့အတိုင်း အပိုင်းပိုင်းပြတ်သေတဲ့ကောင်က သေ၊ မရှုမလှနဲ့ အတွင်းကျေ ကျေတဲ့အကောင်က ကျေ၊ မသေမရှင်ကျန်တဲ့အကောင်ကကျန် ဖြစ်ကုန်ကြတယ်။ တောင်ပေါ်သားချင်း အဘိုးကြီးတစ်ယောက် ပြောပြတာကတော့ မြွေဟောက် ငန်းမြွေကိုက်ပေမယ့် လူမသေတာ၊ အချို့ကျတော့ ရေမြွေကနကုတ်ကိုက်လို့၊ လင်းမြွေကိုက်လို့ သေတာဟာ မျိုးမစစ် မိတ်ရောပါလို့တဲ့။ အဲဒါကိုပဲ ခင်ဗျားတို့မြေပြန့်သားတွေက လယ်ကွင်းယာကုန်းမှာ ရေမြွေကိုက်လို့ သေတာ၊ လင်းမြွေကိုက်လို့ သေတာကို တိုက်မြွေမို့ အပမှီလို့ ဘာဘာညာညာ ပြောတတ်ကြတယ်မဟုတ်လားဟဲ့။ အမှန်က ဘာမှမဟုတ်ဘူး။ ချင်းအဘိုးကြီး ပြောတာက ခု မင်းတို့ မြင်လိုက်ကြတဲ့အတိုင်းပဲ မြွေလုံးမိတ်လိုက်တဲ့အထဲမှာလင်းမြွေရော၊ မြွေစိမ်းရော၊ မြွေဟောက်ရော၊ ငန်းတော်ကျားရော၊ ငန်းပုပ်ရော အစုံ



www.burmeseclassic.com

ww.burmeseclassic.com

ပါတော့ရေမြေလည်းပါချင်ပါမှာ၊ ကနုကတ်လဲပါချင်ပါမှာ။ ဒါပေမဲ့ - လုံးထွေးလိမ်ကျစ်ပြီး မိတ်လိုက်ကြတဲ့အခါမှာ လင်းမြွေမနဲ့ မြွေဟောက်နဲ့ မိတ်လိုက်မိလို့ ပေါက်လာတဲ့ ကောင်တွေက လင်းမြွေဖြစ်ပေမယ့် အဆိပ်က မြွေဟောက်အဆိပ်ဆို လင်းမြွေကိုက်လည်း သေမှာပဲ။

မြွေဟောက်နဲ့ ရေမြွေမနဲ့ လုံးထွေးမိတ်လိုက်ထားလို့ ရေမြွေမက ပေါက်လာတဲ့ မြွေလေးတွေဟာ အသွင်သဏ္ဍာန်သာ ရေမြွေဖြစ်နေပေမယ့် အဆိပ်က သူ့အဖေ မြွေဟောက်အဆိပ်ပါနေတော့ လူကိုကိုက်ရင် သေမှာပဲ။ အဲဒါကိုပဲ ကွင်းပိုင်ကြီးတိုက်တာမို့ ရေမြွေကိုက်လို့သေတာ ပြောကြတယ်တဲ့။ သူပြောတာကတော့ ဘယ်မြွေပဲ ဖြစ်ဖြစ် မိတ်လိုက်တဲ့အခါ မျိုးတူမတူ စုပေါင်းလိုက်ထားကြတော့ ဘယ်ကောင်အဆိပ်က ဘယ်ကောင်မဆီပါသွားမှန်း မသိနိုင်ဘူးတဲ့။ အသွင်သဏ္ဍာန်က မြွေဟောက်ဖြစ်နေပေမယ့် မိတ်လိုက်ထားတာက ရေမြွေဆိုတော့ အဲဒီမြွေမျိုးရင်းက ပေါက်လာတဲ့ အကောင်ကိုက်ရင် လူမသေဘူးပေါ့တဲ့။ အဲဒါကြောင့် တောထဲ တောင်ထဲ စမ်းပေါက်၊ စမ်းချောင်းတွေထဲ ငါးရှာအိုင်ပက်ကြတဲ့အခါ ရေမြွေပဲဆိုပြီး အထင်မသေးကြဖို့၊ မြွေကို ရှောင်ကြဖို့ ဆင်လိုက်သမားတွေကို သောင်ဆရာကြီး ဦးဖန်ကူးချင်းက ခဏခဏ သတိပေးဖူးတယ်။ နောက်တစ်ခု မြွေပွေး မြွေဟောက်ကိုက်ပေမယ့် မသေဘူး။ မြွေဆိပ်ပြီးတယ်။ ဘာဘာညာညာဆိုတာလည်းပဲ အဲဒီသဘောပဲ။ မြွေပွေးမြွေဟောက်မနဲ့ လင်းမြွေထီးနဲ့ စပ်ကျထားလို့ အသွင်သဏ္ဍာန် အပြင်ရုပ်ကသာ မြွေပွေးမြွေဟောက်ရုပ် ဖြစ်နေပေမယ့် အဆိပ်က လင်းမြွေဆိပ်ပဲဆိုတော့ လူ မသေဘူးပေါ့တဲ့။ သောင်ဆရာကြီး ဦးဖန်ကူးပြောတာ ဖြစ်နိုင်တယ်"

ယခုအခါနှင့်ပါဆိုလျှင် မြွေများမိတ်လိုက်ကြသည်ကို သုံးခါမြင်ဖူးသည်ဆိုသော ငထီးသံပြောပြသည်ကို နားထောင်ပြီးသည်နှင့် သူတို့သည် ဟိုင်းဆင်နာကြီးနောက် လိုက်ရန် စိုင်းပြင်ကြ၏။ ထိုအခါမှာလည်း သဝထီးသံက -

"ဟိုမြွေလုံးကြီး လိမ့်ဆင်းသွားတဲ့ လမ်းကြောင်းနဲ့တော့ တို့ဝေးဝေးက သွားကြရမယ်။ အဲဒီမြွေလုံးကြီး လိမ့်ဆင်းသွားတဲ့လမ်းကြောင်းတစ်လျှောက်မှာ မြွေပြတ်တွေ မသေမရှင်မြွေလေးတွေ ကျန်နေခဲ့တော့ မတော်တဆ တက်နင်းမိရင် အကိုက်ခံရမယ်။ မိတ်စိတ်မကုန်သေးတဲ့၊ ဒါမှမဟုတ် မိတ်စိတ်ဝင်နေတဲ့ မြွေကိုက်ရင် မြွေပွေး



www.burmeseclassic.com

www.burmeseclassic.com

ထိတာကမှ ဆေးမိဦးမယ်တဲ့။ မိတ်မြွေကိုက်လို့ကတော့ ပွဲချင်းပြီးပဲတဲ့။ အဲဒါ - လာ - လာ - တို့ ဟိုဘက်အဝေးက ရှောင်သွားကြမှဖြစ်မယ်"

သည်လိုနှင့် ဤတစ်ခါတော့ သံဗောတူကိုယ်စား ဆင်သမားများကို ငထီးသံက ဦးဆောင်ပြီး စမ်းချောင်းဘက် ဆင်းလာကြသည်။ သူတို့အထင်မှာ ဟိုးဆင်နာကြီးသည် မရှိတရှိဖြစ်နေလောက်ပြီ။ ထို့ကြောင့် စမ်းချောင်းအတိုင်းသာ သွားနေလိမ့်မည်ထင်သဖြင့် စမ်းချောင်းထဲ ဆင်းလာကြခြင်းဖြစ်၏။

သို့သော် စမ်းချောင်းထဲရောက်သောအခါ ရေခန်းခြောက်နေသော အပိုင်း၌ ဆင်ခြေရာလည်း မတွေ့။ ဟိုင်းဆင်နာကြီး၏ သွေးကွက်သွေးစကိုလည်း မတွေ့ရတော့။ ထိုအခါ တောတောင်ထဲတွင် ခြေရာကောက်၊ အနံ့ထောက်တော်သည်ဆိုသော ချင်းငမောင်၏ ကျားနိုင်ခွေးကို ခဲလုံးပစ် ရှူးတိုက်၍ အနံ့ခံခိုင်းလိုက်ကြသည်။ ခွေးကျားနိုင်သည် တအင့်အင့် အသံပေးအနံ့ခံကာ စမ်းချောင်းဘေးရှိ တောင်ကြောတစ်ခုကို ပြေးတက်သွား၏။ ထိုအခါ လူတွေကလည်း ခွေးကျားနိုင်နောက် အပြေးလိုက်ကြ၏။

ဆင်သချိုင်းကို မြန်မြန်တွေ့လိုသော လောဘဇောကြောင့်သာ အပြင်းနှင်လာကြသော်လည်း လူတွေမှာ အတော်ပင်ပန်းနေကြပြီ။ ထို့ကြောင့် ခွေးထက်ပင် အပြေးမြန်သည်ဆိုသော လောရှည်ကြီး ငထော်ပင် ခွေးကျားနိုင်နောက် အမီမလိုက်နိုင်တော့။ လူတွေက သာ ပင်ပန်း၍ ခြေလှမ်းမမြန်နိုင်ကြသော်လည်း ခွေးကျားနိုင်ကမူ လူတွေရှေ့က တအင့်အင့် အသံပေး၍ ခြေသွက်နေတုန်းပင်။ တစ်ခါတစ်ခါ လူတွေမရှုကိုက်အတော်ဝေးဝေးရောက်သွားပြီး တစ်စုံတစ်ခုကို ထိုးဟောင်နေသံကိုလည်း ကြားနေကြရ၏။

ထိုအခါ စွယ်ပြောင်းကြီး ထိုးလွှတ်လိုက်သော ဒဏ်ရာမရှိမဆုံ့နှင့် သချိုင်းရှိရာသို့ သွားနေသောဟိုင်းဆင်ကြီးကို တွေ့၍ဟောင်သံပေးနေသည်အထင်နှင့် လူတွေမှာ ခွေးကျားနိုင် ဟောင်နေသံကြားရာသို့ အပြေးလိုက်ကြရသည်။ ခွေးကျားနိုင်ထိုးဟောင်နေသောနေရာကိုရောက်၍ ပတ်ဝန်းကျင်နှင့် ခွေးကျားနိုင် မော့ကြည့်ဟောင်နေသော သစ်ပင်ပေါ် လှမ်းကြည့်ကြသောအခါ ရှဉ့်ပေါ်တစ်ကောင်ကိုသာ မြင်တွေ့ကြရပြန်၏။ ထိုအခါ ခွေးကျားနိုင်အား ရှေ့သို့ ခဲတစ်လုံးပစ်၍ ရှေ့ကိုသွားရန် ရှူးတိုက်လွှတ်လိုက်ကြပြန်၏။

ww.burmeseclassic.com

သည်လိုနှင့် တဖြည်းဖြည်း တစ်လှမ်းချင်းလှမ်းတက်လာကြရာတောမှာ နက်သထက် နက်လာ၏။ နေကလည်း အတော်စောင်းသွားလေပြီ။ တစ်ချက် တစ်ချက် အော်င်လောင်ငှက်ကြီးများ လန့်ပြေးအော်မြည်သွားကြသံတွေကို လည်းကြားလာရ၏။

တောင်ကြော ဆင်ခြေလျော အတိုင်းအတက်ချည်းလာနေကြရသော အခါ လူတွေမှာ နေပြောက်မထိုးသော တောကြီးဂနိုင်၌ပင် ချွေးပြန်လာသည်။ ထိုကြားထဲ ပုပ်ဟောင်ညှဉ်းသိုးအနံ့ဆိုး တွေကလည်း ဆင်သချိုင်းရှာသူများ၏ နှာခေါင်းထဲ တိုးဝင်လာသည်။ ထိုအခါ သံဗောတူက လောရှည်ကြီး ငထော်နား တိုးကပ်လာပြီး -

"ငထော်ကြီး - ငါ့အထင်ကို ပြောရရင်တော့ ဆင်သချိုင်းနဲ့ သိပ်နီးနေပြီးထင်တယ်ကွ။ ဒီကျောကို ကျော်လိုက်လို့ ဟိုဘက်စမ်းချောင်းဖျားကိုရောက်ရင် ဆင်သချိုင်းကို မုချတွေ့ရတော့မယ်ထင်တယ်။ ခု - ဒီပုပ်သိုးသိုးအောက်တောက်တောက် နံလာတဲ့အနံ့ဆိုးတွေဟာ ဆင်သချိုင်းဆီကလေနဲ့လွင့်လာတဲ့အနံ့တွေ ဖြစ်ရမယ်"

ရှုးရှူးရှရှ ထွက်ပေါ်လာကြသေ
အသံများနှင့်အတူ ညောင်ကို
ကြီးတစ်ကိုင်းပေါ်မှ လင်ပန်း
တစ်ချပ်နီးပါးခန့်ရှိသော
မည်းမည်းလုံးလုံး အရာဝတ္ထု
တစ်ခုသည် ခွေးကျားနိုင်ပေ
ဖြုတ်ခနဲ ခုန်ချလာသည်ကို
ရိပ်ခနဲ မြင်လိုက်ကြသည်။
ခွေးကျားနိုင်မှာ တဂိန်ဂိန်
အော်မြည်ပြီး ချာလည်ပတ်
လည်သွားကာ သံဗောတို့
မျက်စိအောက်၌ပင်
မြေပြင်ရှက်ကြွေတောထဲ
လဲကျသွား၏။ အော်သံလေ
ချက်ချင်းပင် ပျောက်သွား
သည်။



www.burmeseclassic.com

ww.burmeseclassic.com

သံဖောတူ၏စကားကိုကြားလိုက်ရသောအခါ ဆင်သမားများမှာ လေဘာသား များပီပီ တအားတက်သွားကြ၏။ ဆင်သချိုင်းကို တွေ့ကြရတော့မည် ဆိုတော့လည်း ပင်ပန်းနွမ်းနယ်လာသမျှတို့သည် ချက်ချင်းလန်းဆန်းသွားကြသလိုပင်။ ထိုအခါ ဆင် သချိုင်းလာရှာသူများ၏ ခြေလှမ်းများမှာ ပို၍သွက်လက်လာကြပြန်သည်။

သို့သော် လူတွေ ရှေ့ကိုက်နစ်ဆယ်၊ သုံးဆယ် ပိုရောက်နှင့်နေသော မုဆိုးခွေး ကိုတော့ ဘယ်သူမှလိုက်မမီနိုင်ကြ။ ဆင်သချိုင်းမှ အပုပ်နံ့များကို ရ၍လားမသိ။ ခွေး ကျားနိုင်မှာ လူတွေကို "တဟင့်ဟင့်" အသံပေးကာ လူများရှေ့က အနံ့ခံ၍ လိုက်သွား နေ၏။

သည်လိုနှင့် တောင်ဆင်ခြေလျောအတိုင်း တက်လိုက်လာကြရာ ရုတ်တရက် သောခနဲ ထပျံသွားကြသော ထောင်သောင်းမက ယင်မ မည်းရိုင်းတစ်အုပ်ကြောင့် လူတွေမှာ လန့်ဖျပ်ပြီး ယောင်ယမ်းကာ မအော်မိလိုက်ကြရအောင်ပင် မနည်းသတိ ထယ်လိုက်ကြရသည်။

ထိုယင်မ မည်းရိုင်းကြီးများ ထပျံသွားကြပြီးခါမှ ပုပ်ဟောင်ဟောင် ညှီစုံးသိုးသိုး အနံ့ဆိုးတစ်မျိုးက ပို၍အော့အန်ချင်ကောင်းလောက်အောင် နံလာပြန်၏။ ဆင်သမား များမှာလည်း တဖြည်းဖြည်း ကုန်းကျောထိပ်နှင့် နီးသထက် နီးလာ၏။ သူတို့ထင်လာ ကြသည်မှာ ဤကုန်းကိုကျော်၍ စမ်းချောင်းဖျားကို ရောက်လျှင် ဆင်သချိုင်းကို မုချ တွေ့ရမည်။ အနစ်နှစ် အလလ လာသေထားကြသော ဆင်စွယ်ဆင်ရိုးတွေမှာလည်း တောင်ပုံယာပုံရှိနေကြလိမ့်မည်ဟု ထင်ထားကြ၏။ ထို့ကြောင့်လည်း သူတို့မှာ မောရ ပန်းရမှန်းပင် မသိကြတော့။ မုဆိုးခွေးကျားနိုင်နောက်ကိုသာ အားစိုက်၍ လိုက်လာ ကြသည်။

တောင်ကုန်းထိပ်နားကို ချဉ်းကပ်မိကြသောအခါ တောင်စောင်းတစ်နေရာတွင် ရောမ ဝေသီမြင့်ခေါင်သော ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင်ကို လှမ်းမြင်ကြရ၏။ ညောင်မုတ်ဆိတ်ဟူသော အမည်နာမနှင့် လိုက်ဖက်ညီစွာရှိလှသော ညောင်ကိုင်း ကြီးများနှင့် ပင်စည်နှင့် အကိုင်းအခက်ကြီးများမှ သွယ်တန်းဖြာကျနေသော ညောင် မုတ်ဆိတ်မွေးများမှာလည်း အောက်ခြေ၌ တွဲဆွဲယှက်ဖြာကာ ပိန်းပိတ်နေသဖြင့် ညောင်ပင်ရင်းကို မမြင်ရ။ လူကြီးတစ်ယောက်ဖက်၍ပင် မှီအုံ့မထင်သော စစ်ရား



www.burmeseclassic.com

ww.burmeseclassic.com

ညောင်ကိုင်းကြီးများကလည်းအရပ်ရှစ်မျက်နှာကိုဖြာထွက်နေသည်။ ညောင်ပင်ကြီး လောင်းရိပ်ကျသဖြင့် ညောင်ပင်ကြီးအောက်တွင် ချုံပုတ်နှင့် သစ်ပင်ကြီးငယ်များ ကိုပင် မမြင်ကြရ။

ညောင်ပင်ကြီးနှင့် နီးလာလေ အပုပ်နံ့တွေက ဆိုးဆိုးဝါးဝါး နံစော်လာလေပင်။ လေရှူးတစ်ချက်တစ်ချက် ဝေ့ဝိုက်ဝင်လာပြီးဆိုလျှင် လူတွေမှာ ဆိုးဝါးသောအနံ့ ကြောင့် အသက်ရှူပင် မှား မတတ်ဖြစ်ပြီး ကိုယ့်နှာခေါင်းကိုကိုယ် အလိုလိုပိတ်မိပြီး သားဖြစ်သွားကြသည်။ သို့သော်ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်တိုင်း ရွက်ကြွေခြောက် ထဲမှ ယင်ရိုင်းမည်းမများသည် တသောသော ထပျံနေကြသည်။

"ဟိုက်" ဒူးခေါင်းထိလုနီးပါး ထူထပ်နေသော ရွက်ကြွေတောထဲ၌ တစ်စုံတစ်ခု ကို တက်နင်းမိလိုက်သဖြင့် သံဗေဒူက ရုတ်တရက် လန့်ပြီး "ဟိုက်" ခနဲ အသံထွက် သွား၏။

သူ တက်နင်းမိလိုက်သော အရာဝတ္ထုကို ဆင်ထိုးလုံနှင့် ကလော်ကြည့်လိုက် သောအခါ ဆတ်ချိုစုံပါသော ဆတ်ဖားကြီးတစ်ကောင်၏ ခေါင်းခွံတစ်ခုကို တွေ့ရ သည်။ နက်ရှိုင်းစေသီသော ဤဂနိုင်ရိုးမတောထဲတွင် ဆတ်ချိုနှင့် ဆတ်ခေါင်းခွံကြီး တစ်ခုကို တွေ့ရသည်မှာ အဆန်းမဟုတ်ပေ။

ဆတ်ဖားကြီးသည် ရောဂါဘယကြောင့်လည်းကောင်း၊ ကျားတောခွေးစသည် တို့ ကိုက်သတ်သေသွား၍လည်းကောင်းသာ ဖြစ်ပေမည်။

ကုန်းထိပ်နှင့် နီးလာလေ ပုပ်ဟောင်သောအနံ့ဆိုးက ပိုနံလာလေပင်။ သို့သော် ထိုအနံ့ဆိုးရွှေမှာ ဆင်သချိုင်းရှိရာသို့ လာသောအနံ့ဟု အားလုံးက ယူဆကာ ဆင် သမားတွေအားလုံး ခြေလှမ်းသွက်လာကြသည်။

"အပုပ်နံ့တွေကတော့ သောက်ရမ်းနံလာတယ်ကွ။ ဆင်သချိုင်းဟာ စမ်းချောင်း ဖျားမှာမဟုတ်ဘဲ ဒီနားတစ်ဝိုက်မှာများ ဖြစ်နေမလားကွ - လောရှည်ကြီး"

ညောင်မုတ်ဆိတ်ပင်ကြီး၏ကိုင်းဖျား၊ ကိုင်းနားအောက်ကိုဝင်လာသော သံဗေ ဒူက လောရှည်ကြီးခေါ်ငထော်ကြီးကို ပြောလိုက်၏။

ညောင်ပင်ကြီးအောက်တွင် ထိုးထိုးထောင်ထောင်မြင်နေရသော ဟိုဘစ်စု သည်တစ်စု တိရစ္ဆာန်အရိုးစုများကို လှမ်းကြည့်၍ ငထော်ကြီးက -



www.burmeseclassic.com

ww.burmeseclassic.com

"ကိုကြီးသံပြောတာ ဖြစ်နိုင်တယ်"

ဟု ပြောပြီး ကုန်းထိပ်ဆီသို့ ယင်ကောင်တန်းတက်လာနေကြသော သထီးသံ၊ ငသံထီး၊ ငသံညိုတို့ဆီကို လှမ်းကြည့်လိုက်သည်။

"ဆင်သရိုင်းဟာ ဒီနေရာတစ်ဝိုက် မှာများ ဖြစ်နေမလား" ဟူသော သံဇောတူ၏ စကားကြောင့် ငထီးသံက ဆင် သမားအားလုံးကို သတိဝီရိယရှိကြရန် လက်ခေါက်မှုတ် အချက်ပေးလုံ့ ထောင်ပြလိုက်သည်။ ယင်းအချက်ပေးသံကြောင့် ဆင်သမားအားလုံးသည် လုံ့ရှည်ကိုယ်စီကို ရှေ့သို့ချိန်ရွယ်ကာ ညောင်မုတ်ဆိတ်ပင်ကြီးရှိရာ ကုန်းထိပ်ကို သတိကြီးစွာနှင့် တစ်လှမ်းချင်း တက်လာနေကြသည်။

အကယ်၍ ဤနေရာတစ်ဝိုက်သည် သူတို့ထင်သလို ဆင်သရိုင်းသာ အမှန်တကယ်ဖြစ်နေပါက ဆင်သေကိုစားရန် လာချောင်းနေကြသော ရှီးမကျားကြီးများနှင့် တောခွေး၊ ခွေးအတို့ကိုလည်း အနီးအနားတွင် တွေ့နိုင်ကြသဖြင့် လူတွေမှာ ပိုပြီး ပတ်ဝန်းကျင်ဘယ်ညာကို သတိထားကြည့်လာကြရသည်။ သံဇောတူက လူရှေ့ကိုက်နစ်ဆယ်ခန့်ကို ရောက်နေသော ခွေးကျားနိုင်ကိုလည်း လူနှင့် မကွဲမကွာနေရန် စုတ်သတ်၍ ခေါ်လိုက်၏။

သို့သော် ခွေးကျားနိုင်က ချက်ချင်းပြန်လှည့်မလာ။ မည်သည့်အနံ့ကို ရ၍မှန်းမသိ၊ ညောင်ပင်ကြီးအောက်တွင် လှည့်ပတ်အနံ့ခံကာ ပျောက်သွားနေ၏။

ညောင်မုတ်ဆိတ်ပင်ကြီးနှင့် နီးသထက်နီးလာသောအခါ ညောင်ကိုင်းကြီးများပေါ်တွင် နားလိုက်ဝဲပျံလိုက် လုပ်နေကြသော လင်းတမောက်နီကြီးများကိုလည်း မြင်လာရ၏။ ထိုအခါ ဤနေရာဝန်းကျင်၌ မုချဆင်သရိုင်းရှိရမည် ဟု သံဇောတူစိတ်ထဲက အတပ်ယုံကြည် စွဲမှတ်သွားသည်။ အရွက်ခြွေထား၍ အရိုးပြိုင်းပြိုင်းဖြစ်နေသော ညောင်ကိုင်းကြီးပေါ်တွင် ဆင်သေကိုစားရန် နားနားနေနေ နေနေသည့် အကောင်ကနေ အချို့အကောင်တွေက ပျံတက်သွားလိုက် ပြန်ဆင်းလာလိုက်နှင့် တစ်ကောင်နှင့်တစ်ကောင် တောင်ပံခတ် ခုန်ပေါက်ကာ မြူးထူးနေကြသော လင်းတမောက်နီကြီးများကိုလည်း မြင်နေရသည်။

ဆင်သရိုင်းကို မလွဲမသွေ တွေ့ကြရတော့မည်ဟူသော လောဘစိတ်ကြောင့် သံဇောတူက ညောင်မုတ်ဆိတ် ပင်ကြီးအောက် အမြန်လျှောက်လာ၏။ သံဇောတူ



www.burmeseclassic.com

ww.burmeseclassic.com

ကို သတိထားကြည့်ပြီး သေံထီး၊ ထေီးသံ၊ သေံညို့နှင့် ဝထော်ကြီးတို့ကလည်း တစ်ယောက်နှင့်တစ်ယောက် တစ်လံနစ်လံကွာမှ လိုက်ပါလာကြသည်။ တောင်ကြောမှာ အတက်ချည်းဖြစ်၏။ အတက်ချည်းဖြစ်၍ လူတွေက သာ မောနေကြသော်လည်း ခွေးကျား နိုင်ကား ညောင်ပင်ကြီးအောက်တွင် တဟင့်ဟင့်နှင့်အနံ့ခံကာ လှည့်ပတ်နေတုန်း။

"ကျီ - ကျီ"

"ကျလိ - ကျလိ - ကျီ - ကျီ"

စူးစူးရှရှ ထွက်ပေါ်လာကြသော အသံများနှင့်အတူ ညောင်ကိုင်းကြီးတစ်ကိုင်းပေါ်မှ လင်ဗန်းကြီးတစ်ချပ်နီးပါးခန့်ရှိသော မည်းမည်းလုံးလုံး အရာဝတ္ထုကြီးတစ်ခုသည် ခွေးကျားနိုင်ပေါ် ဖြုတ်ခနဲ ခုန်ချလာသည်ကို ရိပ်ခနဲ မြင်လိုက်ကြသည်။ ခွေးကျားနိုင်မှာ တဂိန်ဂိန် အော်မြည်ပြီး ရှာလည်ပတ်လည် လည်သွားကာ သံဖောတို့၏ မျက်စိအောက်၌ပင် မြေပြင်ရှက်ကြွေတောထဲ လဲကျသွား၏။ အော်သံလည်း ချက်ချင်းပင် ပျောက်သွားလေသည်။

နောက်ထပ် စက္ကန့်ပိုင်းမှာပင် "ကျလိ - ကျလိ - ကျီ - ကျီ" မြည်လိုက်ကြသံများနှင့်အတူ မည်းမည်း၊ ဝိုင်းဝိုင်း၊ လင်ပန်း၊ ဆန်ကော၊ ပန်းကန်ပြား၊ ပန်းကန်လုံးပမာဏရှိသော အလုံးကြီး အကြီးအငယ်များသည် ညောင်ကိုင်းကြီးများအတိုင်း အပင်ရင်းမှ ပြေးချလာကြပြီး တဖြုတ်ဖြုတ် မြေပေါ်ပေါ် ခုန်ချလာကြပြန်သည်။

အားလုံး၏ ရှေ့ဆုံးရောက်နေသော သံဖောတူမှာ ရုတ်တရက် မှင်တက်မိသွားကာ ကြောင်ကြည့်နေစဉ် ညောင်မုတ်ဆိတ်ပင်ကြီး၏ ကိုင်းကြီးတစ်ကိုင်းအတိုင်း ဂုံညင်းဒိုးကို လှိမ့်ပစ်လိုက်သလို ပြေးချလာပြီး သံဖောတူရှေ့ခုန်ချလိုက်သောအခါ သံဖောတူမှာ ကုန်းအောက်ဘက် တစ်ပြေးတည်း ပြေးချလာရတော့သည်။

အမှန်မှာ သံဖောတူသာမဟုတ် ထေီးသံ၊ သေံထီး၊ သေံညို၊ ဝထော်ကြီးတို့အားလုံးမှာ ခွေးကျားနိုင်ပေါ် မည်းမည်းလုံးလုံးကြီး အကောင်တစ်ကောင်က ခုန်ချကိုက်သတ်လိုက်ကတည်းကပင် ညောင်မုတ်ဆိတ်ပင်ကြီးအောက် မဝင်ရဲကြတော့ဘဲ ခြေဦးတည့်ရာ ထွက်ပြေးလာကြရလေသည်။



www.burmeseclassic.com

ww.burmeseclassic.com

လူငါးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် သတိမထားနိုင်ခဲ့ကြ။ ခြေဦးတည့်ရာ ပြေးလာခဲ့ကြရာ သံဗေတုသည် တောင်အောက်စမ်းချောင်းနားအရောက်မှာ ခြေချော်လဲကျ၏။ ကမန်းကတန်း ပြန်ထပြီး သူ့နောက်ကို အကောင်တစ်ကောင်ကောင်များ လိုက်လာလေမလားဟု ကြောက်ကြောက်နှင့် လှမ်းကြည့်ရာ သူ့နောက်ကို ဘာကောင်မှ လိုက်လာသည်ကို မတွေ့ရသဖြင့် ယခုမှ စမ်းချောင်းထဲက ရေကို လက်ခုပ်ကျုံးသောက်ရ၏။ အမောဖြေ ရေသောက်ရင်း မျက်နှာ၊ လည်ကုပ်တို့ကို ရေဆွတ်နေစဉ် "ဝူး-ဝူး-ဝေး-ဝေး" ဟူသော အသံတစ်ခုကို စကြားလိုက်ရ၏။

ဤအသံမှာ တစ်ယောက်နှင့်တစ်ယောက် ဆင်သမားများ ဆင်လိုက်၍ဦးတည်မဲ့ ပြေးကြရလျှင် ပြန်၍ လူစုအချက်ပေးခေါ်ကြသံမှန်း သိလိုက်၏။

ဆင်ဖမ်းသမားများမှာ တောဆင်ရိုင်းများ လိုက်၍သော်လည်းကောင်း၊ တစ်စုံတစ်ခု အန္တရာယ်နှင့် ကြုံတွေ့ကြရ၍သော်လည်းကောင်း၊ မျက်စိလည် လမ်းမှားနေလျှင်သော်လည်းကောင်း ပြေးကြလွှားကြရ၍ လူစုကွဲ သွားကြလျှင်သော်လည်းကောင်း ဤသို့ အချက်ပေး အော်ခေါ်ကာ လူပြန်စုတတ်ကြ၏။

တောထဲ တောင်ထဲတွင် အမည်နာမကို ထုတ်ဖော်မခေါ်ဘဲ "ဝူး-ဝေး-ဝေး" ဟုသာ ခေါ်တတ်ကြခြင်းမှာ သင်းခွေချပ်များနှင့် သရဲတစ္ဆေများကို လူယောင်ဆောင်ခေါ်မှာ ကြောက်ရသဖြင့် အစဉ်အလာ ယုံကြည်လာကြ၏။ လူနာမည်ကို ထိုမကောင်းဆိုးဝါးများ ကြားသွား၊ သိသွားလျှင် ထိုနာမည်ပေါက်သူအား လူတွေနှင့် ဝေးရာသို့ များခေါ်သွားကာ သေဆုံးသွားသည်အထိ အန္တရာယ်ပြုတတ်သည်ဟု ယုံကြည်ကြသည်။

ယခု "ဝူး-ဝေး-ဝေး" အသံပေးအော်ခေါ်နေကြသူများမှာ သူ့လူများဖြစ်သည်ကို သံဗေတု ချက်ချင်းသိလိုက်၏။ ထို့ကြောင့် သူကလည်း သူသည် ဤနေရာ၌ ရှိနေကြောင်း "ဝူး-ဝေး-ဝေး" ဟု အဆက်မပြတ်အသံပေးကာ အသံကြားရာဘက် လိုက်လာနေ၏။

သည်လိုနှင့် ဟိုနေရာက "ဝူး-ဝေး-ဝေး" သည်နေရာက "ဝူး-ဝေး-ဝေး-" နှင့် ဆင်သမားများ၏ အချက်ပေး လူပြန်စုကြသံမှာ တောနက်ကြီးထဲတွင် ပဲ့တင်ထပ်နေသည်။


www.burmeseclassic.com

ww.burmeseclassic.com

"မင်းအဘ ရက္ခစိုးကြီး ဖြစ်ပါလိမ့်မယ် – အားကြီးကြီး"

ဟု ဆိုလိုက်၏။

"ဟင် – ကိုကြီးငထီး – ဒါဆို အဲဒီ ညောင်မုတ်ဆိတ်ပင်ကြီးပေါ်က ကျုပ်တို့ ကိုယ်ပေါ် ခုန်ချကိုက်သတ်ဖို့လုပ်ကြတာ ဘာကောင်တွေလဲဟင်"

ငတော်ကြီးက ငထီးသံကို မေးလိုက်၏။

"အေးဗျ – ကျုပ်အနား ခုန်ချလာတဲ့ အကောင်ကလဲ လင်ပန်းကြီးနီးနီးရှိတာဗျ"

ငသံထီးကလည်း သူမြင်ခဲ့ရသည်ကို ပြောပြန်၏။

"ငါတော့ – မင်းတို့ ထင်သလို ညောင်ပင်စောင့်ရက္ခစိုးကြီးလို့ အစကပင် ထင်ကို မထင်မိဘူး။ လူသံကြားတာနဲ့ သင်းခွေချပ်ကြီးတစ်ကောင် ခြောက်တယ်ထင်တာ။ ငါ့ရှေ့ခုန်ချလာတဲ့အကောင်ကလည်းရေအိုးကြီးလောက်ကိုရှိတာ။ ငါလည်းကြောက်ရမ်း ရမ်းပြီး လှံရှည်တစ်ဆုံး ထိုးထည့်လိုက်တာ တန်းလန်းကြီးဖြစ်နေပြီး "ကျလိ – ကျလိ" အော်တော့မှ တောပင့်ကူကြီးတစ်ကောင်မှန်း သိလိုက်ရတယ်။ အမွေးစုတ်ဖွားနဲ့ အဲဒီကောင် ခြေကားယား၊ လက်ကားယားနဲ့ အော်မြည်လိုက်တော့ နောက်ထပ် ညောင်ပင်ပေါ်က ခုန်ချလာကြတဲ့ အကောင်တွေကိုတော့ ငါမကြည့်ဝံ့တာနဲ့ တစ်ပြေးတည်း ပြေးလာခဲ့ရတယ်။ ဒီကောင်တွေဟာ ညောင်မုတ်ဆိတ်ပင်ကြီးပေါ်မှာ ဘယ်ကမ္ဘေကမ္ဘာက အိမ်တည်နေနေကြလဲမှမသိတာ"

"အေးဗျ – တော်တော်ကြောက်စရာကောင်းတဲ့ တောပင့်ကူကြီးတွေပဲ၊ ညောင်ကိုင်းတွေပေါ်မှာ နားနေကြတဲ့ လင်းတမောက်နီကြီးတွေဟာ ငါ့အထင် ပြောရရင် တော့ ညောင်ပင်အောက်ကို ဝင်လာလို့ တောပင့်ကူကြီးတွေ ကိုက်သတ်လိုက်တဲ့ တိရစ္ဆာန်အသေတွေကို စားဖို့ စောင့်နေကြတာဖြစ်မယ်"

ငသံညိုက သူ့ထင်မြင်ချက်ကို ပြောပြန်၏။

"ငါ့အထင် ဒီညောင်ပင်ကြီးအောက် ရောက်လာလို့ကတော့ ခွေးကျားနိုင်လို အကောင်မျိုးမပြောနဲ့ ဆင်ကြီးတွေကိုတောင် ဒီပင့်ကူကြီးတွေက ကုပ်ပေါ်ခုန်ချလိုက် သတ်ကြမလား မသိဘူး။ တို့ကိုယ်စား ရှေ့ကသွားတဲ့ ခွေးကျားနိုင်"

"ကိုကြီးသံက ဆင်ဆိုမှ သတိရတယ်။ ကျွန်တော်လည်း တောပင့်ကူကြီးတွေကို ကြောက်ပြီး ခြေဦးတည့်ရာ စွပ်ပြေးလာတော့ ကျုပ်တို့လိုက်လာကြတဲ့ ဟိုင်းငယ်နာ

www.burmeseclassic.com

"မင်းအဘ ရုက္ခစိုးကြီး ဖြစ်ပါလိမ့်မယ် - အားကြီးကြီး"

ဟု ဆိုလိုက်၏။

"ဟင် - ကိုကြီးငထီး - ဒါဆို အဲဒီ ညောင်မုတ်ဆိတ်ပင်ကြီးပေါ်က ကျုပ်တို့ ကိုယ်ပေါ် ခုန်ချကိုက်သတ်ဖို့လုပ်ကြတာ ဘာကောင်တွေလဲဟင်"

ငတော်ကြီးက ငထီးသံကို မေးလိုက်၏။

"အေးဗျ - ကျုပ်အနား ခုန်ချလာတဲ့ အကောင်ကလဲ လင်ပန်းကြီးနီးနီးရှိတာဗျ"

ငသံထီးကလည်း သူမြင်ခဲ့ရသည်ကို ပြောပြန်၏။

"ငါတော့ - မင်းတို့ထင်သလို ညောင်ပင်စောင့်ရုက္ခစိုးကြီးလို့ အစကပင် ထင်ကို မထင်မိဘူး။ လူသံကြားတာနဲ့ သင်းခွေချပ်ကြီးတစ်ကောင် ခြောက်တယ်ထင်တာ။ ငါ့ရှေ့ခုန်ချလာတဲ့အကောင်ကလည်းရေအိုးကြီးလောက်ကိုရှိတာ။ ငါလည်းကြောက်ရမ်း ရမ်းပြီး လှံ့ရှည်တစ်ဆုံး ထိုးထည့်လိုက်တာ တန်းလန်းကြီးဖြစ်နေပြီး "ကျလိ - ကျလိ" အော်တော့မှ တောပင့်ကူကြီးတစ်ကောင်မှန်း သိလိုက်ရတယ်။ အမွေးစုတ်ဖွားနဲ့ အဲဒီကောင် ခြေကားယား၊ လက်ကားယားနဲ့ အော်မြည်လိုက်တော့ နောက်ထပ် ညောင်ပင်ပေါ်က ခုန်ချလာကြတဲ့ အကောင်တွေကိုတော့ ငါမကြည့်ဝံ့တာနဲ့ တစ်ပြေးတည်း ပြေးလာခဲ့ရတယ်။ ဒီကောင်တွေဟာ ညောင်မုတ်ဆိတ်ပင်ကြီးပေါ်မှာ ဘယ်ကမ္ဘေကမ္ဘာက အိမ်တည်နေနေကြလဲမှမသိတာ"

"အေးဗျ - တော်တော်ကြောက်စရာကောင်းတဲ့ တောပင့်ကူကြီးတွေပဲ၊ ညောင်ကိုင်းတွေပေါ်မှာ နားနေကြတဲ့ လင်းတမောက်နီကြီးတွေဟာ ငါ့အထင် ပြောရရင်တော့ ညောင်ပင်အောက်ကို ဝင်လာလို့ တောပင့်ကူကြီးတွေ ကိုက်သတ်လိုက်တဲ့ တိရစ္ဆာန်အသေတွေကို စားဖို့ စောင့်နေကြတာဖြစ်မယ်"

ငသံညိုက သူ့ထင်မြင်ချက်ကို ပြောပြန်၏။

"ငါ့အထင် ဒီညောင်ပင်ကြီးအောက် ရောက်လာလို့ကတော့ ခွေးကျားနိုင်လို အကောင်မျိုးမပြောနဲ့ ဆင်ကြီးတွေကိုတောင် ဒီပင့်ကူကြီးတွေက ကုပ်ပေါ်ခုန်ချလိုက်သတ်ကြမလား မသိဘူး။ တို့ကိုယ်စား ရှေ့ကသွားတဲ့ ခွေးကျားနိုင်"

"ကိုကြီးသံက ဆင်ဆိုမှ သတိရတယ်။ ကျွန်တော်လည်း တောပင့်ကူကြီးတွေကို ကြောက်ပြီး ခြေဦးတည့်ရာ စွပ်ပြေးလာတော့ ကျုပ်တို့လိုက်လာကြတဲ့ ဟိုင်းငယ်နာ


www.burmeseclassic.com

ww.burmeseclassic.com

ကြီး ခြေရာကို ဟိုဘက်စမ်းဖျားမှာ ကျွန်တော် တွေ့ခဲ့ရတယ်ဗျ။ ခြေရာက လတ်လတ်ဆတ်ဆတ်ပဲ၊ ချေးတုံးကလည်း မခြောက်သေးဘူး။ ဒီရက်ပိုင်းအတွင်း ကိုကြီးတို့ ပြောကြတဲ့ စမ်းဖျားက ဆင်သချိုင်းရှိရာကို တက်သွားတာ ဖြစ်ရမယ်"

"မင်းခြေရာကိုကော တိုင်းကြည့်ခဲ့သေးလား၊ တို့လိုက်လာတဲ့ ဟိုင်းနာကြီး မဟုတ်ဘဲ တခြားတစ်ကောင်ကောင် ဖြစ်နေမှာစိုးလို့"

"ကျုပ် လက်နဲ့ မွှေသသေချာချာ ထွာကြည့်ခဲ့တယ်။ ကျုပ်တို့ လိုက်လာတဲ့ ဟိုင်းဆင်နာမှ ဟိုင်းဆင်နာဗျ။ ဂွမ်းပုံကျရာနဲ့ဆို သုံးထွာနဲ့ လက်လေးသစ်ရှိတယ်"

"ဟာ - ဒါဆိုသေချာတယ်ကွ။ ဒီနေ့တော့ တောပင့်ကူကြီးကြောင့် လူတွေလည်း ပင်ပန်း၊ နေကလည်း တော်တော်စောင်းသွားပြီဆိုတော့ မနက်ဖြန် မနက်စောစောထပြီး ဆက်လိုက်ကြတာပေါ့"

ဆင်သချိုင်းကိုရှာရန် ဦးဆောင်လာသူ သံဗေဟူ၏စကားကို အားလုံးလက်ခံကြပြီး စမ်းချောင်းနားတွင် လင့်ထိုး၍ တစ်ညနားအိပ်လိုက်ကြရပြန်သည်။

ဗိုးကျော့


စာဖတ်သူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ww.burmeseclassic.com

# ကြံ့မည့်ကြံ့တော့ ကြံ့တောင့်ကြံ့ခဲ

ရှေ့တန်းရောက် ရဲဘော်များသည် အမိန့်တစ်ခုကို
တစ်သဝေမတိမ်းလိုက်နာရပုံကို ဖတ်ရှုရမည်

နောင်လွင်

"မြစ်ကြီးနား၊ နမ္မတီး၊ မိုးကောင်း"

"မိုးကောင်း၊ နမ္မတီး၊ မြစ်ကြီးနား"

ကျွန်တော်တို့ကွန်မန်ဒိုတပ်စုနေ့စဉ်တာဝန်ယူ၍သွားလာနေရသော ခရီးစဉ် လမ်းကြောင်း ဖြစ်သည်။ ခရီးသည်တင် ရိုးရိုးအမြန်ရထားများ၏ အစုန်၊ အဆန်၊ အထွက်၊ အဝင် ခရီးစဉ်များတွင် "အေပီတီ" ခေါ်လမ်းရှင်းရှေ့ပြေးရထားငယ်နှင့်အတူ ရှေ့ကပြေး၍ လမ်းကြောင်းလုံခြုံရေးကို အစဉ်မပြတ် တာဝန်ယူဆောင်ရွက်ပေးနေ ရခြင်း ဖြစ်ပါသည်။

အေပီတီရထားတွင် စက်ခေါင်းတွဲတစ်တွဲပါသည်။ စက်ခေါင်းတွဲ၏ ရှေ့က စစ်သည်တင်တွဲ၊ သူ့ရှေ့က ပက်လက်တွဲနှစ်တွဲ။ စက်ခေါင်းတွဲ၏နောက်ကစစ်သည် တင်တွဲ၊ သူ့နောက်က တတ်ဗိုလ်တွဲ၊ သူ့နောက်က ပက်လက်တွဲနှစ်တွဲ ပါရှိသည်။

စစ်သည်တင်တွဲများတွင် သံပြားနံရံအတွင်းဘက်၌ ဇလီဖားတုံးများဆင့် လျက်ကျည်ကာနံရံများစနစ်တကျတည်ဆောက်ထားသည်။ သေနတ်ပစ်ပေါက်များ ပါရှိသည်။ ဘေးနှစ်ဖက်တွင် လူသွားလမ်းပါသည်။ အလယ်တွင် ထိုင်လျက် ရပ်လျက် လိုသလိုနေရာယူပြီး ရွေ့လျားပစ်ခတ်တိုက်ပွဲဝင်နိုင်သည်။ ပက်လက်တွဲများပေါ်တွင် ရထားသံလမ်းချောင်းများ အလေးချိန်လုံလောက်အောင် တင်ထားသည်။

အေပီတီပေါ်တွင် ဗိုလ်သုံးဗိုလ် ပါရှိသည်။ စစ်ဗိုလ်ရယ်၊ စက်ဗိုလ်ရယ်၊ ဂတ် ဗိုလ်ရယ် ဖြစ်သည်။



www.burmeseclassic.com

ww.burmeseclassic.com

ပညာရပ်အနေဖြင့် စက်ဗိုလ်နှင့် ဂတ်ဗိုလ်က နီးစပ်မှုရှိကြသည်။ စက်ဗိုလ်က ရထားစက်ခေါင်းပိုင်းဆိုင်ရာ ကျွမ်းကျင်သည်။ စက်နှိုးမည်၊ စတင်ထွက်ခွာမည်။ ဖနှေးမည်၊ မြန်မည်၊ စက်ရပ်မည်၊ ရှေ့တိုးနောက်ဆုတ်လုပ်မည်။ ညဘက် ရှေ့မီးနောက် မီး သုံးမည်၊ မီးပေါင်အတင်အချ ထိန်းမည်၊ ဥသြဆွဲမည် စသည်။

ဂတ်ဗိုလ်က လမ်းအမှတ်အသားများအရ လမ်းကြောင်းထိန်းမည့် ဘူတာ အဝင်အထွက် ဖြတ်သန်းမှုများတွင် ဘူတာရုံပိုင်က ပြထားသော အချက်ပြများအရ စက်ဗိုလ်ဆောင်ရွက်ရန်များကို ဆိုင်ရာအလံများရိုက်၍ အချက်ပြမည်။ ဆက်စပ် ထောက်ကူမှုပြုမည်၊ တွဲဆက်ခြင်း၊ တွဲဖြုတ်ခြင်း၊ လမ်းခွဲခြင်း၊ လမ်းလွှဲခြင်းများကို ကြပ်မတ်မည် စသည်။

ဒါတွေက စက်ဗိုလ်နှင့် ဂတ်ဗိုလ်အပေါ် ကျွန်တော်၏ အပေါ်ယံအမြင်များသာ ဖြစ်သည်။ ကျွန်တော် မသိနိုင် မမြင်နိုင်သော ပညာရပ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင် မှုများ များစွာရှိပါဦးမည်။ မခန့်မှန်းနိုင်သော သူတို့၏ လုပ်ငန်းအတွေ့အကြုံများ ရှိကြသေးသည်။

သူတို့နှစ်ဦးက ပညာရပ်ဆိုင်ရာ နီးစပ်မှုဖြင့် ဆက်စပ်၍ တာဝန်ထမ်းဆောင် ကြသည်မှန်သော်လည်း မှုတည်တာကတော့ ကျွန်တော့်အပေါ်တွင် မှုတည်နေပါ သည်။

ဗိုလ်ကြီး ထွက်ရတော့မလား။ နှေးရမလား၊ မြန်ရမလား၊ ရှေ့တိုးဦးမလား၊ နောက်ဆုတ်မလား၊ အချက်ပေးဥသြဆွဲရ၊ မဆွဲရ၊ ရှေ့မီး နောက်မီးထိုး၊ မထိုးကအစ ကျွန်တော့် ဆုံးဖြတ်ချက်ကို ရယူလုပ်ဆောင်ကြပါသည်။ လိုအပ်သော အကြံဉာဏ် ထင်မြင်ချက်များ တောင်းလျှင်တော့ ပေးပါသည်။

ကျွန်တော်က ကြိုတင်ရရှိထားသော သတင်းအချက်အလက်နှင့် လမ်းဘေး ဝဲယာ မျက်မြင်အခြေအနေများအရ စစ်ရေးစစ်ရာ လုံခြုံရေးဖြစ်နိုင်ခြေများကို အမြဲ မပြတ် ဆက်စပ်သုံးသပ်နေရသည်။

တပ်စု၏ သာမန်အုပ်ချုပ်မှုကိစ္စများနှင့် ချက်ချိန်၊ စားချိန်၊ သွားချိန်၊ နားချိန် စသည်များကို တပ်စုတပ်ကြပ်ကြီးက ဖြည့်ဆည်းထောက်ကူ စီမံဆောင်ရွက်ပေးပါ သည်။



www.burmeseclassic.com

ww.burmeseclassic.com

ချက်ပြုတ်ဝယ်ခြမ်းရေး၊ ရေမီး၊ မိလ္လာကိစ္စများကိုတော့ ဘူတာများသို့ရောက်မှ အလျဉ်းသင့်သလို ဆောင်ရွက်ကြရပါသည်။

ရိက္ခာကို မိုးကောင်း၊ မြစ်ကြီးနားတို့တွင် ထုတ်ယူဖြည့်တင်းနိုင်သည်။ များသောအားဖြင့် မြစ်ကြီးနားရောက်မှ ဖြည့်တင်းသည်။

အသီး၊ အရွက်၊ သားငါးရိက္ခာစိုအတွက် မြစ်ကြီးနားဈေး၊ မိုးကောင်းဈေးများကို မှီခိုကြရသည်။

အကြောင်းထူးမရှိလျှင် ရထားနစ်စင်းက ၈ နာရီနှင့် ၉ နာရီမှာ ထွက်သည်၊ အေပီတီက ၇ နာရီဆို အသင့်ဖြစ်ရသည်။ ၇ နာရီခွဲတွင် တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးဌာနသို့ သတ်မှတ်ပေးထားသော ဘူတာတယ်လီဖုန်းဖြင့် ကျွန်တော်ကိုယ်တိုင် သတင်းပို့ရသည်။

ဘာထူးသလဲ၊ မထူးဘူးဆိုပါက ထွက်ဆိုမှ ထွက်ရသည်။ မြစ်ကြီးနားဘူတာသို့ အေပီတီဝင်လာလျှင်လည်း အလားတူ ဆက်သွယ်သတင်းပို့ရသည်။ ဘာထူးလဲ၊ မထူးဘူး၊ နားဆိုမှ နားရသည်။ နောက်တစ်နေ့ လာလည်း သည်အတိုင်း။

ဒါကနေ့စဉ်လုပ်နေရသောအလုပ်ဖြစ်သည်။ ပထမစတင်တာဝန်ထမ်းဆောင်ကာစကတော့ နည်းနည်းကသီသေးသည်။ နောက်တော့ တဖြည်းဖြည်း အသားကျသွားပါသည်။

ရွေ့ပြေးရထားဖြင့် လမ်းကြောင်းရှင်းပေးရသော အလုပ်ကိုသာ သတ်သတ်မှတ်မှတ်လုပ်ဆောင်ကြရပြီးတခြားအလုပ်ကိုဘာမျှခွင့်ပြုမထားပါ။ ခွင့်ပြုမထားသောအလုပ်များကို မလုပ်မိစေရန် ကျွန်တော်ကိုယ်တိုင်လည်း ရှောင်ရသည်။ ကျွန်တော့်စစ်သည်များနှင့် အေပီတီအဖွဲ့ဝင်များကိုလည်း တားမြစ်ရ၊ ကြပ်မတ်ရပါသည်။

မိုးကောင်းဘူတာရောက်လျှင်ရောက်ချင်း ရုံပိုင်ကြီးရုံးခန်းသို့ဝင်၍ သတ်မှတ်ထားသော ဖုန်းဖြင့် မပခ၊ စစ်ဆင်ရေးဌာနသို့ သတင်းပို့ပြီးပါက နတခစစ်ဗျူဟာ၊ မိုးကောင်းရှေ့တန်းရုံးသို့ ဆက်သွယ်သတင်းပို့၊ နတခစစ်ဗျူဟာသို့ သတင်းပို့လျှင် မပခသို့ သတင်းပို့ပြီး မပြီးထည့်သွင်းတင်ပြရသည်၊ သတင်းပို့တိုင်း ဖုန်းသတင်းလက်ခံသူ၏ အဆင့်အမည်ကို မှတ်သားထားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လိုလားချက်များ မပြောင်းလဲသရွေ့ လူစီးရထားများ ဝင်ချိန် ထွက်ချိန်ကို အချိန်နှင့် တစ်ပြေးညီ သတင်းပို့ပေးရပြီး လိုလားချက်များ ပြောင်းလဲလျှင်တော့ ပြောင်းလဲလုပ်ဆောင်ရပါသည်။

မိုးကောင်း၏ အောက်ဘက်၊ မိုးညှင်းဘက်သို့ လမ်းရှင်းပေးရသည့်တာဝန်က နောက်ထပ် အေပီတီတစ်စင်း၏ တာဝန်။ မိုးကောင်းမှ မြစ်ကြီးနားသို့ပြန်ထွက်သည့် အခါ မိုးကောင်းဗျူဟာအမိန့်ဖြင့် ထွက်ရသည်။ ဗျူဟာရုံးက ဘူတာနှင့် မနီးမဝေးရှိ ဗိုလ်တဲဟောင်းကြီးတွင် ဖြစ်ပါသည်။

တစ်ခါတစ်ရံ ရှီးရှီးနှင့် အမြန်ရထားနှစ်စင်း၊ မိုးကောင်းဘူတာသို့ အချိန်သိပ် မကွာခြားဘဲ ရောက်ရှိလာကြလျှင် မိုးကောင်းမှ မြစ်ကြီးနားသို့ ရထားနှစ်စင်းလုံး ရှေ့ နောက်ဆင့်လျက် တစ်ပါတည်း ခေါ်သွားပေးရသည့်အခါမျိုးလည်း ရှိတတ်သည်။

မိမိတို့ အေပီတီ နောက်မှာ ရထားနှစ်စင်းလုံး ပါလာနေပြီဆိုပါက ဘာကြောင့် မှန်းမသိ၊ ကိုယ့်ကိုယ်ကိုယ်တိုင်က လေးလေးလံလံကြီး လှုပ်ရှားနေရသလိုမျိုးဖြစ်တတ်ပါ သည်။ စိတ်ပဲ ဖြစ်မှာပေါ့။ စိတ်လေးရတာ။

မိုးကောင်းဘူတာတွင် လိုအပ်၍ ညအိပ်ရလျှင် တပ်ဖွဲ့ဝင်များ တွဲပေါ်မှာ အိပ်၊ ကင်းသမားများက အောက်ဆင်းစောင့်၊ အရပ်သားများ၊ ဈေးသည်များ မလာစေရ။ မိုးကောင်းမြို့တွင်းသို့ ညနေ ၆ နာရီနောက်ပိုင်း မိမိ စစ်သည်များကို သွားခွင့်မပြုပါ။

မြစ်ကြီးနားတွင် ညအိပ်ရလျှင်တော့ အမိုးအကာနှင့် အားလုံး အဆောက် အဦထဲတွင် ကင်းချအိပ်ကြရသည်။

တပ်စုတွင် ဆေးတပ်သား ပါသည်။ ငှက်ဖျားကာကွယ်ဆေး မှန်မှန်သောက် ကြရသည်။ လိုအပ်လျှင် ဆက်သွယ်နိုင်ရန် ဆက်သွယ်ရေးစက်တစ်လုံး ပါသည်။ ယာမန်သတင်းပို့သည့်ကိစ္စများကို ဘူတာဖုန်းများ အသုံးပြုရပါသည်။

သတ်မှတ်ထားသော လက်နက်ငယ် အရန်ကျည်များ၊ နှစ်လက်မ မော်တာ ဗုံးများ၊ လက်ပစ်ဗုံးများ အရန်ပါပါသည်။

နတခစစ်ဗျူဟာ တာဝန်ယူထားသော ဇရိယာတစ်ခုလုံး လမ်းကြောင်းတစ် လျှောက် လုံခြုံရေးတပ်စခန်းများ ရှိသည်။ ရထားလမ်းကြောင်းနှင့် ဆက်စပ်သည့် မြေပြင်လုံခြုံရေးအတွက် ထိုတပ်စခန်းများက ဆက်စပ်မှုအပြည့်ဖြင့် ကွက်ပြည့် တာဝန်ယူဆောင်ရွက်ထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

သည်ကြားထဲကပင် ရန်သူများက လူစီးမီးရထားများကို တောတောင်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းထောင်မိုင်းခွဲခြင်းများ လစ်လျှင် လစ်သလို ဆောင်ရွက်တတ်ကြသေးသည်။

ထို့ကြောင့်ပင် အများပြည်သူ ခရီးသွားများပါရှိသော လူစီးရထားများ မိုင်းမထိစေရေးအတွက် ကျွန်တော်တို့က အေပီတီရထားဖြင့် ရှေ့ကသွားပြီး မိုင်းရှင်းပေးရခြင်းဖြစ်သည်။ ဒါက ကျွန်တော်တို့ကို ပေးအပ်ထားသော ကျွန်တော်တို့ လုပ်ကိုလုပ်ရမည့် အဓိကတာဝန် ဖြစ်ပါသည်။

မနက်ပိုင်း မြစ်ကြီးနားမှ လူစီးရထားများကို မိုးကောင်းသို့ ပို့ပေး၊ မိုးကောင်း၊ ဘူတာမှာ စောင့်၊ ညနေ မိုးကောင်းသို့ဝင်လာသော လူစီးရထားများကို မြစ်ကြီးနားသို့ ပို့ပေး၊ ပုံမှန်အားဖြင့် တစ်နေ့ အဆင်းတစ်ခေါက်၊ အတက်တစ်ခေါက်သာ ဖြစ်ပါသည်။

သို့သော် လူစီးရထားမပါဘဲနှင့် သတင်းအရ ညဘက် လမ်းထွင်ရှင်းပေးရသည့်အခါလည်း ရှိသည်။ ထိုအခါ အလွန်သတိထားရသည်။ အေပီတီပေါ် တပ်ဖွဲ့ဝင်တွေ အသင့်နေရာယူပြီး အမှောင်ထုထဲသို့ ရင်တမမဖြင့် တစ်ဆင့်စီ တိုးရသည်၊ သွားပြီးပါက ပြန်လာရပြန်သည်။ အမှောင်ထု၏ ကန့်သတ်ချက်နှင့် ရထားပေါ် လိုက်ပါရသည့် ကန့်သတ်ချက်တို့အကြား ကျဉ်းကြပ်စွာ စိတ်လှုပ်ရှားရပါသည်။

တစ်ခါတစ်ရံ ရေထဲမှာ သွားလာလှုပ်ရှားနေကြသူများနှင့် လေထဲမှာ သွားလာလှုပ်ရှားနေကြသူများ၊ တပ်မတော်ရေ၊ တပ်မတော်လေမှ ညီနောင်စစ်သည်များအပေါ် စာနာစိတ်ဖြင့် အ[illegible]တွေးရောက်မိတတ်သေးသည်။ သူတို့တွေ ကြုံတွေ့ရင်ဆိုင်ရသည့် ကန့်သတ်ချက်တွေကရော နည်းပါ့မလား။

တစ်ခါတစ်ရံ မြစ်ကြီးနားမှ မိုးကောင်းအထိ အသွားအပြန် ရှင်းရပြီဆိုပါက လင်းအားကြီးမှ မြစ်ကြီးနားသို့ ဝင်ရ၊ ပြင်စရာရှိတာ အမြန်ပြင်ပြီး လူစီးရထားများ ရှေ့က ပြန်ထွက်ရ၊ တစ်ခါတလေတော့ မြစ်ကြီးနားမှ နမ္မတီးအထိသာ ရှင်းပေးရလျှင် ညဉ့်လယ်လောက် ပြန်ရောက်၍ ခဏနားချိန် အိပ်ချိန်ရသည်။

အေပီတီ ရထားစက်ခေါင်းက ကျောက်မီးသွေးများဖြင့် မီးထိုးပြီး မီးပေါ်တင်ရသည့် ရိုးရိုးစက်ခေါင်း ဖြစ်ပါသည်။ စက်ဗိုလ်တွင် အကူတစ်ဦး ပါသေး သည်၊

ww.burmeseclassic.com

ပ်လိုတာဝန်ယူလိုက်ရမလဲ။
ချွေးစေးများ ပြန်နေပြီ။
ကျွန်တော့်ကိုသာ
ပြစ်တင်နေတာ မဟုတ်။
န်တော် အပါအဝင် ကျွန်တော်
ဝန်ယူကွပ်ကဲထားရသော
တော့်တပ်ဖွဲ့ကို ကျွန်တော့်ရှေ့
ရောင်ထိန်ထိန်အောက်မှာ
ကျပ်ကိုင် ခေါ်ကားနေပြီ။
အတိုင်း ငုံ့ခံနေရမလား၊
ဘာလုပ်ရမလဲ ...



တစ်ခါက အေပီတီရထား မိုး ကောင်းမှမြစ်ကြီးနားသို့မထွက်မီနောက် ကပက်လက်တွဲပေါ်တွင်အထုပ်အပိုးများ နှင့် လူတစ်စု တက်ထိုင်နေကြတာ တွေ့ ရသည်။

"ဒါက ဘယ်လိုဖြစ်တာလဲဗျ"

တပ်စုတပ်ကြပ်ကြီးကိုမေးတော့ သူလည်းမသိ။ အခြားစစ်သည်တွေ လည်းမသိကြ။ ဂတ်ဗိုလ်အသိတွေ့ဆိုပါ လား။

"အားလုံး ပြန်ဆင်းခိုင်းပါ။ နောက်က လူစီးရထားမှာပဲ သွားစီးကြ ပါစေ။ ဒီအေပီတီမှာ ခရီးသည်တွေ လိုက်လို့မရပါဘူး။ နောက်ဘယ်သူမှ ဘယ်တော့မှ အေပီတီမှာ ခရီးသည် မတင်ပါနဲ့။ ခွင့်မပြုဘူး။ အားလုံးမှတ် ထားပါ။ ဒါအမိန့်ပဲ"

ဟုတ်သည်လေ၊ ဒီအေပီတီဆို တာရှေ့ပြေးမိုင်းရှင်းရထားပါဆို။အကယ် ၍များ ရန်သူက ရထားလမ်းမှာ မိုင်း ထောင်ထားပြီဆိုပါတော့မိုင်းချည်းသက် သက် ထောင်ထားသည်ဆိုလျှင်တောင် အရင်ဆုံး မိုင်းထိပြီးပိုးလိုးပက်လက်လန် ရမှာ ဖြစ်သည်၊ မိုင်းထောင်ပြီး ပစ်ခတ် တိုက်ခိုက်ဦးမည်ဆိုပါက ဘယ်လိုတွေ ဖြစ်ကုန်ကြမည်နည်း။ ကာစဉ့်ကလျှားနှင့်



www.burmeseclassic.com

www.burmeseclassic.com

တွဲတွေ လမ်းချော်ကာ ဒုက္ခ သုက္ခတွေ များလိုက် ကြမည့်ဖြစ်ခြင်း၊ တိုက်ပွဲကြားမှာ ပြေးကြလွှားကြ မြင်မကောင်း ရှုမကောင်း ဖြစ်နိုင်ပါ သည်။

နောက်တော့ ပက်လက်တွဲများမှာရော၊ အခြားတွဲများမှာပါ အေပီတီပေါ် ခရီး သည်တင်တာ မတွေ့ရပါ။ ဂတ်ဗိုလ်ဆရာက အေပီတီလိုက်သည့် တပ်များနှင့် တွဲဖု ပေါင်းများပြီဆိုတော့ အကဲစမ်းသည့် သဘောလား မသိပါ။

တစ်နေ့ တစ်နေ့ မနက်ပိုင်း အသွားတစ်ခေါက်၊ ညနေတစ်ပိုင်း အပြန်တစ် ခေါက် ရင်ခုန်နေရသောခရီး ဖြစ်သည်။ တစ်ခါတစ်ရံ မြစ်ကြီးနားအဝင် မိုးချုပ်တတ် သေးသည်။

မိုးကောင်းသို့ ညနေ ၆ နာရီတွင် ရထားတစ်စင်းပဲ ရောက်လာသည်ဆိုပါက ထိုရထားကို မြစ်ကြီးနားသို့ ဆက်တက်ခွင့်ပြုသည်။ အေပီတီ ရှေ့ကပါရသည်။ ကျန် ရထားတစ်စင်းက မိုးကောင်းမှာ ညအိပ်၊ နောက်တစ်နေ့ မြစ်ကြီးနားက အေပီတီ မိုးကောင်းသို့ရောက်လာပြီး လမ်းရှင်းပြီးပြီဆိုမှ ထိုရထားကို မြစ်ကြီးနားသို့ ဆက် တက်ခွင့် ပြုသည်။

တစ်ခါတလေ ရထားနှစ်စင်းလုံး ၆ နာရီထက်မက နောက်ကျနေပြီဆိုပါက နှစ်စင်းလုံး မိုးကောင်းတွင် အိပ်ကြ။ နောက်တစ်နေ့ မနက်စောစောတွင် အေပီတီ နောက်ကရထားနှစ်စင်းလုံးလိုက်၊ မြစ်ကြီးနားဝင်၊ ခရီးသည်များချတင်ပြီး အေပီတီနှ အတူ မိုးကောင်း ပြန်ဆင်းကြရသည်။

မိမိတို့ တစ်လခွဲလောက်သာ အေပီတီ တာဝန်ယူရသည်။ ထိုကာလအတွင် အတွေ့အကြုံက စုံနေပါသည်။ ရန်သူတိုက်ခိုက်မှု၊ မိုင်းခွဲမှုမျိုး တစ်ကြိမ်မျှ မကြုံ ရပါ။

နေ့ပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ် လူစီးရထားပါပါ မပါပါ အေပီတီရထား တဂျုံးဂျုံ တချက်ချက်နှင့် ထွက်လာပြီဆိုပါက အပေါ်မှာ လိုက်ပါရသူ ကျွန်တော်တို့ ရင်မခုန် ရသော အခေါက်ဟူ၍ မရှိပါ။ အခေါက်တိုင်း ရင်ခုန်ရသည်ချည်း ဖြစ်ပါသည်။

သင်တန်းကျောင်းမှာ သင်ခဲ့ရသည်က ခံစစ်၊ ခွာစစ်၊ တိုက်စစ်၊ ချီစစ်၊ တော တွင်းတိုက်ပွဲ၊ တောင်ပေါ်တိုက်ပွဲ၊ ညတိုက်ပွဲ၊ မြို့တွင်းတိုက်ပွဲ စသည် အခြေအနေ ဖွင့်ဆိုချက် အသီးသီး။ သို့သော် အေပီတီအကြောင်းတော့ သီးခြား လုံး၀မသင်ရပါ၊

www.burmeseclassic.com

ww.burmeseclassic.com

မိမိဘာသာ ဆက်စပ်စဉ်းစား မျှော်လင့်ပြင်ဆင်၊ ဖာတ်တိုက်လေ့ကျင့်၊ သုံးသပ်လုပ်ဆောင်၊ သတိမြဲမြဲ လက်ကိုင်ထားနေရသည်။ သတိကလည်း ထားရပါများလာတော့ ကြာတော့ လျော့ရဲချင်လာသည်။ ကိုယ့်ကိုယ်ကိုယ် မပြတ်နှိုးဆော်ကြပ်မတ်ပေးရသည်။ စိတ်တင်ထား စိတ်သွင်းထားရပါသည်။

ကိုယ်ချည်းသာ သတိရှိနေရုံနှင့်မဖြစ်သေး။ ကိုယ်နှင့်အတူလုပ်ဖော်ကိုင်ဖက်ရဲဘက်ရဲဘက်တွေကိုပါအသင့်တိုက်ပွဲဝင်နိုင်အောင်နိုးကြားနေကြရအောင်နှိုးဆော်ကြပ်မတ်ပေးရပါသေးသည်။ သက်သာသော အလုပ်တာဝန်တစ်ခုတော့ မဟုတ်ပါ။

စက်ဗိုလ်မှာ အကူတစ်ဦး ပါသေးသည်။ ဂတ်ဗိုလ်က တစ်ဦးတည်း ဖြစ်ပါသည်။ ကျွန်တော်က ဂတ်ဗိုလ်နှင့်အတူ လိုက်သည့်အခါ လိုက်သည်။ စက်ဗိုလ်နှင့်အတူလိုက်သည့်အခါ လိုက်သည်။ တစ်ခါတစ်ရံ ရှေ့က စစ်သည်တင်တွဲ မှာလိုက်သည်။ တစ်ခါတစ်ရံ နောက်က စစ်သည်တင်တွဲမှာ ပါသည်။ တပ်စုတပ်ကြပ်ကြီးက ကျွန်တော့်အရိပ်အခြည်ကိုကြည့်ပြီး သင့်လျော်ရာက လိုက်သည်။ အချင်းချင်းတော့ အသိပေးထားရသည်။

တစ်ခါတလေ နမ္မတီးဘူတာရောက်မှ နေရာချင်းလဲသည့်အခါ လဲသည်။ ကျွန်တော်တို့ ဘယ်သူမှ လိုက်ပါစီးနင်းခြင်းမပြုကြသောနေရာမှာ ရှေ့နောက် ပက်လက်တွဲကြီးများ ဖြစ်ပါသည်။ ထိုပက်လက်တွဲများပေါ်တွင် ရထားသံလမ်းချောင်းကြီးတွေက ပုံသေမိန့်မိန့်ကြီး နေရာယူထားကြသည်။

ကျွန်တော်က အရက်နှင့် မတည့်သူ၊ အရက်မသောက်သူဖြစ်၍ အရက်အကြောင်း စကားထဲထည့်ပြောလေ့မရှိပါ။ ထို့ကြောင့် တပ်စုတပ်ကြပ်ကြီးကလည်း အထူးဆင်ခြင်သည်ရဲဘော်များကလည်းအကင်းပါးကြပါသည်။ မူးကြောင်ရူးကြောင်ကိစ္စများ မကြုံရပါ။ ဒါကိုတော့ သူတို့ကို အသိအမှတ်ပြု ကျေးဇူးတင်မိသည်။

ကျွန်တော်သည်ထိုစဉ်က ကျောင်းဆင်းခါစ၊ ဒုဗိုလ်ဘဝ။ အသက်က ၃၀ ငယ်ငယ်နုပျိုသည်။ ဖျတ်လတ်သန်မာသည်၊ တက်ကြွရဲရင့်သည်၊ ဘာမဆို ရင်ဆိုင်ဖို့

ww.burmeseclassic.com

အသင့်။ ရှေ့ကြောင်းနောက်ကြောင်း သိပ်တွက်မနေ။ အနာဂတ်ကြီးဆိုတာလည်း ရှည်ရှည်ဝေးဝေး တွေးမနေအားပါ။

ပြောရလျှင်ပြတ်သားနေသည်။ နောက်လိုက်လုပ်ဖူးသူနောက်လိုက်ကောင်း တစ်ယောက်ဖြစ်ဖို့ အားထုတ်ကြိုးပမ်းခဲ့ဖူးသူဆိုတော့ ကိုယ်တိုင်ခေါင်းဆောင်ပေ ဖြစ်လာသောအခါ လက်အောက်က ကိုယ့်ကို အကဲစမ်းတာမျိုး မကြုံရပါ။ သူတို့နှ မိမိကြားမှာ မမြင်နိုင်သောကြိုးတစ်ချောင်းက ခိုင်ခိုင်မာမာ ချည်ထားပြီးသား ဖြစ်ေ သည်ဟု ထင်ပါသည်။

ဗိုလ်သင်တန်းတုန်းက သင်ကြားလေ့ကျင့်မှုကြားထားသည်များကလည် ခေါင်းထဲမှာ အပြည့်စုံးဝင်နေပါသေးသည်။

ကိုယ့်ကိုယ်ကိုယ် အထင်မသေးပါနှင့်တဲ့။ တစ်ဖက်ရန်သူကို ရင်ဆိုင်ရာတွ အခက်တွေ့နိုင်သည်တဲ့။

ကိုယ့်ကိုယ်ကိုယ် အထင်မကြီးပါနှင့်တဲ့။ လက်အောက်ငယ်သူများကို ကြ ကြပ်ရာတွင် အခက်ကြုံနိုင်သည်တဲ့။

ဘယ်သူ့ဩဝါဒမှန်းတော့ မသိပါ။ ဘယ်သူ့ဩဝါဒဖြစ်ဖြစ်၊ အတွေ့အကြုံမှ က ထင်ဟပ်ပြီး ဘဝထဲက စိမ့်အန်ထွက်ကျလာသော ဩဝါဒများ ဖြစ်ပေလိမ့်မည်။

မြန်မာ့သိုင်းပညာရပ်ကို လက်ထောက်ဆရာ ဘဝမျိုးအထိ သင်ယူလေ့ကျ နာယူခဲ့ဖူးသည့် အတွေ့အကြုံကြောင့် အဆိုပါဩဝါဒကို ခပ်ရေးရေးသဘောပေါက် မိပါသည်။

တစ်နေ့တွင် မိုးကောင်းဘူတာနှင့်မနီးမဝေးတွင် အိမ်ငှားနေထိုင်သူ မြေကေ ကော်ပိုရေးရှင်းမှ မြို့နယ် မန်နေဂျာဖြစ်သူနှင့် သွားရောက်တွေ့ဆုံခဲ့ပါသည်။

သူက နိုင်ငံခြားပြန် အရာရှိတစ်ဦးဖြစ်သည်။ အိမ်ထောင်မရှိ။ တပည့်တစ် နှင့် အတူနေသည်။ အိမ်က ရန်ကုန်မှာ။

ယခင်မိမိတပ်ထဲမဝင်ခင်က ဖြူးမြေကျေးရှင်းတွင် မြေဩဇာအရောင်းစာ လက်ထောက်ကိုဒေါင်မှူး (နေ့စား၊ လပေး) တာဝန်ထမ်းဖူးခဲ့ရာ မိမိအထက်လ အ စပိတ်တော်၏ အထက်အရာရှိဖြစ်ခဲ့ဖူးသည်။ ၁၉၆၆ – ၆၇ လွန်ခဲ့သော ဆယ်နှစ်ခန့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိက ဦးစွာကြမ်းပြင်ပေါ်ထိုင်၍ လက်အုပ်ချီကာ ဦးသုံးကြိမ်ချ ရှိသေစွာ ကန်တော့လိုက်ရပါသည်။ သူက မိမိအား အလွယ်တကူမှတ်မိသည်။ မှတ်မိပေမပေါ့။ မှတ်မိစရာ အဖြစ်တစ်ခု ကြုံခဲ့ဖူးသည်။

ညဘက်ကြီးအိမ်ရှေ့လမ်းမပေါ်မှာ ကျွန်တော် ပေါ်တာအဆွဲခံရသည်။ အလုပ်သမားပါ ပြောလို့မရ၊ ဝန်ထမ်းအထောက်အထားက နေ့စား လပေးဆိုတော့မပြနိုင်။ လူကြီးနဲ့ တွေ့မှ တင်ပြပါဆိုသော်လည်း ဘယ်လူကြီးနဲ့မှ တွေ့ခွင့်မရပါ။ သည်လိုနှင့် သံတောင် ဘောဂလိ နယ်မြေဘက်သို့ စစ်ဆင်ရေး အထမ်းသမား (၁၆) ရက် တိတိ ပါသွားခဲ့ဖူးသည်။ တိုက်ပွဲတွေဖြစ်တော့ ကြောက်လိုက်ရတာမှ နေစရာမရှိ။ တဆတ်ဆတ်တုန်နေခဲ့သည်။ တစ်သက်နှင့်တစ်ကိုယ်မသေကောင်းမပျောက်ကောင်း၊ ငှက်ဖျားက မိလာသေးသည်။

ပြန်ရောက်တော့ ပေါ်တာခက တစ်နေ့ ငါးကျပ်။ ထမင်းဖိုးက မနက်တစ်ကျပ် ညတစ်ကျပ်ဖြစ်သည်။ စုစုပေါင်း ၄၈ ကျပ်ရသည်။ ရကြောင်းလက်မှတ်ထိုးယူရသည်။ ဌာနက နေ့စား လပေးတစ်လကို ၁၂၀ လောက် ရသည်။ မှတ်မှတ်ရရ ထိုလအတွက် လစာမဖြတ်ဘဲ ကျွန်တော့်ကို တစ်လစာ အပြည့်ခံစားခွင့်ပြုခဲ့ပါသည်။ အတွေ့အကြုံတစ်ခုဆိုသော်လည်း ကောင်းသောအတွေ့အကြုံမဟုတ်ပါ။

"အေး – မင်းကွာ၊ တပ်ထဲဝင်သွားတယ်ဆိုတာတော့ သိခဲ့ရတယ်ကွ။ ကြည့်စမ်းပါဦး – တကယ့်လူပါလားကွ၊ ဟင် –"

အဖြစ်အပျက် အတိုချုံးပြောပြလိုက်တော့ ဆရာက အံ့သြချီးမွမ်းနေပါသည်။ လက်ရှိအလုပ်နှင့်လတ်တလောတာဝန်အကြောင်းလည်းမေးသဖြင့်ရှင်းပြရပါသည်။ ကော်ဖီနှင့်မုန့်များဖြင့် ဧည့်ခံသည်။

"အနန္တော ဇ နန္တငါးပါး ဦးထိပ်ထားတဲ့သူဆိုရင် အန္တရာယ်နဲ့ ကြုံရင်တောင် ခေးမတွေ့ဘူးပေါ့ကွာ။ မင်းကို ခုလို တွေ့ရတာ ငါ ဝမ်းသာလှချည်ရဲ့၊ မင်း ပင်ပန်းဆင်းရဲနေမှာပဲ။ ဘာလိုသေးလဲ။ ငါ ဘာများ ကူညီရမလဲ။ လိုတာရှိရင်းရင်းနီးနီး ပြောစမ်းပါ – တပည့်ရာ။ ငါ အရမ်းကို ဝမ်းသာတယ်"

"ဆရာနဲ့ ခုလို ကြုံတောင့်ကြုံခဲ ပြန်ဆုံခွင့်ရလို့ ကျွန်တော်လည်း ဝမ်းသာပါတယ် ဆရာ။ ဆရာ့ ဩဝါဒတွေ ကြားနာမှတ်သားခွင့်ရလို့ အားလည်း ရှိသွားတယ်။ ဆရာ့ဆီက တခြားအကူအညီတော့ မလိုပါဘူး။ တစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေး - ပြောပါကွ၊ ငါ ဘာလုပ်ပေးရမလဲ"

"ဟောဒီ ဆရာစာအုပ်စင်က စာအုပ်တွေ ငှားပေးနိုင်ရင် ကျွန်တော် ဖတ်ချင်ပါတယ်။ ရိုရိုသေသေဖတ်ပြီး ပြန်အပ်ပါ့မယ်"

"အို - ရပါတယ်ကွာ။ ပြောရမယ့်လူတွေလား။ ကဲ - မင်း ဘာစာအုပ်တွေ ဖတ်ချင်လည်း ရွေးပေတော့။ ကြိုက်တာရွေးကွာ။ ဒီမှာ လေရူးသုန်သုန် ရှိတယ်"

"အဲဒါ ဖတ်ပြီးပြီ - ဆရာ"

"ဒီမှာ မြသန်းတင့်ရဲ့ စစ်နဲ့ငြိမ်းချမ်းရေး"

"အဲဒါလည်း ဖတ်ဖူးတယ် - ဆရာ"

"ဒါက သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ"

"ဖတ်ပြီးသား - ဆရာ၊ တစ်ကြိမ်တောင် မကဘူး"

"ဒီဟာက နတ်နွယ်ရဲ့မြန်မာပြည်မြောက်ပိုင်း"

"တော်တော်ဖတ်လို့ကောင်းတယ်၊ ဖတ်ပြီးပြီ - ဆရာ"

"ဒီမှာ သိပ်မရှိဘူးကွ။ ရန်ကုန်အိမ်မှာ ပိုများတာ"

"ဟိုစာအုပ်ကြီးတွေကရော - ဆရာ"

"ဟ - အဲဒါတွေကစိတ်ပညာစာအုပ်တွေ၊မင်းဖတ်နိုင်ပါ့မလား။ဖတ်နိုင်မလားဆိုတာက ပညာရပ်ဆိုင်ရာ၊ အတော်ပျင်းစရာကောင်းလို့ ပြောရတာပါ"

"ဖတ်မယ် - ဆရာ၊ ကျွန်တော်နဲ့လည်း နည်းနည်းစိမ်းပါတယ်။ ကြုံတုန်းစမ်းဖတ်ကြည့်ချင်ပါတယ်"

"ဒါဖြင့် - ဟောဒီ အောင်ဝင်းရဲ့ စိတ်ပညာစာအုပ်ကို အရင်ဖတ်ကြည့်၊ မင်း ခံတွင်းတွေ့ရင် တခြားတွေ ရှိသေးတယ်"

"ကောင်းပါပြီ - ဆရာ၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"အေး - အေး - ငါ့တပည့်၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ဘေးရန်အန္တရာယ်ကင်းပါစေ၊ မင်းရဲ့ကြီးလေးတဲ့ တာဝန်ဝတ္တရားတွေနဲ့ ရည်မှန်းချက်တွေ အောင်မြင်ပါစေကွာ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ အေပီတီက မိုးကောင်းသို့ရောက်ပြီး လူစီးရထားများ၊ နောက် အေပီတီတစ်စင်းဖြင့် မိုးညှင်းဘက် ဆင်းသွားကြပြီဆိုပါက များသောအားဖြင့် အား လပ်နေလေ့ ရှိပါသည်။ ကိုယ့်အချင်းချင်း ထွေရာလေးပါး ပြောချင်ပြော၊ လက်နက် ခဲယမ်းများ တိုက်ရှုတ်စစ်ဆေးတာ လုပ်ချင်လုပ်၊ ရေချိုး၊ ထမင်းစား၊ ခဏတစ်ဖြုတ် နားချင်နား။

ရထားနားက ကြာကြာခွာလို့ ရသည်မဟုတ်ပါ။ အရေးပေါ်တဲ့ ထွက်ဟော့ဆို ချက်ချင်းထွက်ရမည် ဖြစ်သည်။

ဘူတာဘက်လျှောက်ချင်လျှောက်၊ ညနေ ကိုယ်လက်လှုပ်ရှား ကြံ့ခိုင်ရေး၊ တစ်ကိုယ်ရေ ကျန်းမာသန့်စွမ်းရေး လေ့ကျင့်၊ ရေချိုးချင်ချိုး၊ မိုးညှင်းက လူစီးရထား များ သတင်းထောက်ရင်း ရုံပိုင်ကြီးနှင့် စကားစမြည်ပြော။

အကြောင်းတစ်ခုခုဖြင့် မြို့ထဲဘက်သို့ ရဲဘော်တချို့ကို သွားခွင့်ပြုထားလျှင် ကြီးကြပ်သူ ဆရာ၊ အကြပ်နှင့်အတူ ပြန်ရောက်အလာကို မသိမသာ မျှော်ရသေး သည်။

ဆရာအောင်ဝင်း၏ "စိတ်ပညာ" စာအုပ်ကြီးက ကျွန်တော့်ကို အတော်ဖမ်း စားသည်။ ကွန်ရုပ်စ်နက်၊ ဆပ် - ကွန်ရုပ်စ်နက်၊ အော်တိုဆပ်ဂျက်ရှင်း၊ ဆက်ရီလက် ဇေးရှင်း။ အမယ်လေး - တစ်ခါမှ မကြားဘူးသေးတာတွေ။ ဖတ်လိုက်တော့ ရှင်းသလို လိုနှင့် နားလည်အောင် မနည်းကြီး ကြိုးစားကြည့်ရပါသည်။ တချို့ဝေါဟာရ ရှင်းလင်း ချက်များ ဘယ်လိုမှ လိုက်မမီပါ။ ဆက် - ရီလက်ဇေးရှင်းဆိုတာကိုတော့ သဘောကျ မိပါသည်။

စာအုပ်ကြီး ချထားလိုက်၊ ဘူတာဖုန်းက သတင်းသွားပို့လိုက်၊ တပ်စုတပ်ကြပ် ကြီး သတင်းပို့လာတာ လက်ခံလိုက်၊ ရှင်းစရာရှိတာ ရှင်းလိုက်၊ လုပ်စရာ မရှိသေးလျှင် စာအုပ်ကြီး ပြန်ကိုင်လိုက်၊ အတွေးနယ်ချဲ့လိုက် အတော်လုပ်ဖြစ်နေပါသည်။

တပ်စုတပ်ကြပ်ကြီး ဆရာကြီးအောင်မောင်းက သတင်းပို့သည်။

"ဗိုလ်ကြီး - နန်စီအောင်အထွက်မှာ နောက်ရထားကို အပစ်ခံရတယ် ပြော တယ်။ လူတွေတော့ မထိဘူးတဲ့။ ရှေ့ရထားကလည်း မိုးညှင်းမှာ စက်ချို့ယွင်းလို့တဲ့။ ဘယ်အချိန် ရောက်မယ်မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား"

ရုံပိုင်ကြီးနှင့် သွားတွေ့ရသည်။ အခြေအနေ အကြမ်းဖျဉ်းသိရသည်။ စစ်ဗျူဟာသို့ ဖုန်းဆက်တော့ နည်းနည်းပိုသိခွင့်ရသည်။ ရထားတွေ အရောက်နောက်ကျမည်။ ည ၇ နာရီနောက်ပိုင်းမှ ဝင်နိုင်ကြမည်။ မြစ်ကြီးနားသို့ ဆက်သွားခွင့်ပြုတော့မည် မဟုတ်ပါ။ မိုးကောင်းဘူတာတွင် ညဘက် လုံခြုံရေးဂရုစိုက်ရန် ပြောပါသည်။ မနက် ၆ နာရီ အသင့်ပြင်သတင်းပို့ပါတဲ့။

"ဗိုလ်ကြီး - ရဲဘော်တချို့မိုးကောင်းရုပ်ရှင်ရုံမှာ ည ၇ နာရီကား ရုပ်ရှင်ကြည့်ချင်တယ် ပြောပါတယ်။ ကျွန်တော်က ခွင့်ပြုမှာမဟုတ်ဘူးလို့တော့ပြောထားပါတယ်။ သတင်းပို့ပေးပါလားဆိုလို့"

"အင်း - ခင်ဗျားသဘောကရော"

"မလွှတ်တာတော့ ပိုရှင်းတာပေါ့။ တစ်ခုရှိတာက လွှတ်ချင်ရင်တော့ ကျွန်တော့်ကိုပါ ခွင့်ပြုမှ ဖြစ်မယ်။ ညဘက် သူတို့ချည်းလွှတ်ဖို့ ကျွန်တော် စိတ်မချဘူး"

"ည ၇ နာရီဆိုရင် ဘယ်အချိန်လောက် ပြီးမှာလဲ"

"၈ နာရီခွဲ အလွန်ဆုံး ၉ နာရီလောက်ပေါ့"

"ဘယ်နှယောက် ရှိလဲ"

"လေးငါးယောက်လောက် ရှိပါတယ်"

"ဒီလိုလုပ်ဗျာ - ဆရာကြီးပါ ခြောက်ယောက်ခွင့်ပြုပေးလိုက်မယ်။ အမည်စာရင်းတစ်ရွက်ရေး ကျွန်တော် လက်မှတ်ထိုးပေးမယ်။ ခင်ဗျား ကိုယ်တိုင်ပါတော့ သေချာကြပ်မတ်နိုင်တာပေါ့။ ၆၃ က မြို့တွင်းည လှည့်ကင်းရှိတာ သိတယ်နော်။ အရပ်ဝတ်နဲ့ သွား၊ သေနတ်မယူနဲ့"

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

သွားမည့်သူ အမည်စာရင်းနှစ်ရွက် ရေးလာသည်။ လက်မှတ်ထိုးပြီး တစ်ရွက်ပြန်ပေးလိုက်သည်။

အဲဒီညမှာ အကုသိုလ်က အတုံးလိုက် ဝင်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တပ်စုတပ်ကြပ်ကြီးနှင့် အဖွဲ့ပြန်ရောက်ကြောင်း သတင်းပို့ပြီးချိန်မှာ ည ၉ နာရီဖြစ်သည်။ အကြောင်းထူးမရှိပါတဲ့။ ရထားနစ်စင်းက ည ၈ နာရီမှ ရှေ့ဆင့်နောက်ဆင့် ရောက်လာသည်။ သတင်းပို့ပြီး ဖြစ်သည်။ ကျွန်တော်တို့တပ်က ဒုအရာခံဗိုလ်သိန်းဟန်နှင့် အင်အားဖြည့်အဖွဲ့တစ်ဖွဲ့ ပါလာသည်။

ည ၁၀ နာရီ ဘူတာက သံချောင်းခေါက်သံကြားပြီးနောက် ဇာတ်လမ်းက စပါတော့သည်။

"ဗိုလ်ကြီး - စစ်ဗျူဟာက အရေးကြီးဖုန်းပြောမယ်တဲ့။ ဘူတာက လာပြောပါတယ်"

ဘူတာရောက်သွားတော့ ရုံပိုင်ကြီးက ဖုန်းကို အသင့်ကမ်းပေးပါသည်။

"ဟုတ်ကဲ့ - အေပီတီက ကွန်မန်ဒိုတပ်စုမှူးပါ၊ ပြောပါ"

"ခင်ဗျားတပ်စုအားလုံး တစ်ယောက်မကျန် ဗျူဟာရုံးကို ခုချက်ချင်း သတင်းလာပို့ပါ။ ရှင်းလား"

"ဟုတ်ကဲ့ - အရန်ကျည်နဲ့ ကျောပိုးအိတ်ပါမလား"

"တခြားပါစရာမလိုဘူး၊ သေနတ်အီကွတ်မင့်နဲ့ တစ်ယောက်မကျန် အမြန်ဆုံး လာခဲ့ပါ။ ရှင်းပြီလား - ဒါပဲ"

"ရှင်းပါပြီ - ဒါပဲ"

ချက်ချင်း ပြင်ဆင်ကြရသည်။ ဘာမှ မသိရတော့ တပ်စုကို ကြိုတင်အမိန့်လည်း ဘာမျှမပေးနိုင်ပါ။ အင်အားဖြည့်အဖွဲ့က ဆရာကြီးသိန်းဟန်ကို အမြန်ခေါ်ပြီး ခေတ္တနေရာယူစောင့်ရှောက်ထားဖို့ မှာရသည်။ လူစစ်ပြီး စုံပြီဆိုတော့ စစ်ဗျူဟာရုံးသို့ သုတ်ချေတင်ကြရသည်။ အမိန့်ကတော့ ဘယ်လိုကြီးမှန်း မသိပါ။

စစ်ဗျူဟာရုံးက ဗိုလ်တဲအဟောင်းကြီးမှာ ဖြစ်သည်။ မီးတွေ ထိန်နေတာ လှမ်းမြင်ရသည်။ ငါးဖာလုံလောက်သာ ဝေးမည်ထင်ပါသည်။

ဗိုလ်တဲရှေ့က ကွင်းပြင်ရှိဘော်လီဘောကွင်းမှာ ပိုက်ဖြုတ်ထားပြီး မီးချောင်းတွေ ထိန်နေအောင် ထွန်းထားသည်။

ဗျူဟာ ဂျီသရီးဗိုလ်ကြီးတစ်ဦးက ကွင်းထိပ်မှာ ရပ်စောင့်နေသည်။ တန်းအပ်နိုင်းသည်။ ဘာတွေများ အရေးကြီးလို့ပါလိမ့်။ ရန်သူနောက်သို့ ထက်ကြပ် အမြန်လိုက်ပြီး ချေမှုန်းရတော့မလားမသိ။ ညကြီးမင်းကြီး အပြင်မှာက မှောင်လို့ မည်းလို့။



www.burmeseclassic.com

ww.burmeseclassic.com

တပ်စုတပ်ကြပ်ကြီး ဆရာကြီးအောင်မောင်းက ကျွန်တော့်ကို တန်းအပ်သည်။ ကျွန်တော်က ဂျီသရီးထံ တန်းအပ်လိုက်သည်။ အေပီတီ ကွန်မန်ဒိုတပ်စု၊ ရှိရင်းဘယ်လောက်၊ အခုတန်းစီး ဘယ်လောက်၊ ပျက်ကွက်သူ မရှိ၊ အမိန့်နာခံရန်အသင့်။

အချိန်က ည ၁၀ နာရီခွဲခန့် ရှိပါပြီ။

"အားလုံး သက်သာ၊ ဗိုလ်ကြီး မသိသေးဘူး ထင်တယ်"

"ဟုတ်ကဲ့ - ဘာမှ မသိရသေးပါဘူး"

"အားလုံး နားထောင်၊ မိုးကောင်းမြို့ထဲမှာ ဒီည ၉ နာရီလောက်က တို့ စစ်ဗျူဟာက ဂျီတူးဗိုလ်မှူးကို ခေါင်းကို ရိုက်ခွဲသွားလို့ သုံးချက်တောင် ချုပ်ရတယ်။ ဂျီတူးကို မင်းတို့ သိသလား"

"မသိပါဘူး"

"အေး - မသိလို့ပဲရိုက်ရိုက်၊ သိလို့ပဲရိုက်ရိုက် ဒါမျိုး လုံးဝလက်မခံနိုင်ဘူး။ မင်းတို့ထဲက ဘယ်သူလုပ်တာလဲ သိချင်တယ်။ လုပ်တဲ့သူ ဝန်ခံပါ။ ရှေ့ကိုထွက်ပါ"

ရော - ခက်ပါပြီ။ အကြောင်းက ဒီလိုပါလား။ ဒီညကျမှ ကိုယ်ကလည်း ကိုယ့်လူတွေ ရုပ်ရှင်ကြည့်ဖို့မြို့ထဲ ထွက်ခွင့်ပြုလိုက်မိသည်။ ဘယ်လိုတွေ ဖြစ်ခဲ့ကြပါလိမ့်။ ဘယ်သူမှ ဘာမှသတင်းလည်း မပို့ကြပါလား။

"ငါ ထပ်ပြောမယ်။ မင်းတို့ စစ်သားတွေ မဟုတ်ကြဘူးလား၊ စစ်သားဆိုတာ လုပ်ရဲရင် ခံရဲတယ်ကွ။ ကဲ - မင်းတို့ထဲက ဘယ်သူလဲ၊ ထွက်လေကွာ - အခု ထွက်"

ဂျီသရီးဗိုလ်ကြီးက ဒေါသအတော်ထွက်နေပုံ ရသည်။ ဂျီတူး ဗိုလ်မှူးကိုယ်စား မခံမရပ်နိုင် ဖြစ်နေဟန်တူသည်။ ဒီပြဿနာကို အခု ဘယ်လိုရှင်းကြမလဲ။

"ဗိုလ်ကြီး - ခင်ဗျားလူတွေ ရအောင်မေးပါ။ ရအောင်ဖော်ထုတ်ပါ၊ လေးငါးယောက် အုပ်လိုက်ပဲလို့ ပြောတယ်။ ဂျီတူးကိုယ်တိုင်က ခင်ဗျားဆီက လူတွေ ရိုက်သွားတာလို့ ပြောတယ်"

ဟိုက် - ဆရာကြီးအောင်မောင်းနှင့်ခြောက်ယောက်လွတ်လိုက်သည်။ ဟုတ်များ နေကြပြီလား။ ဆရာကြီး အောင်မောင်းကတော့ မိမိကို မထိမ်ချန်လောက်ဘူး ထင်သည်။ သူက လူဖြောင့်။ မဟုတ်မခံဆိုပေမည့် အလွန်လူကြီးဆန်သူ၊ ...တာ



www.burmeseclassic.com

ww.burmeseclassic.com

ထိုင်တာ၊ ပြောဆိုတာ၊ လုပ်တာကိုင်တာ၊ ဆက်ဆံတာ၊ လူကြီးလူကောင်းဆန်သည်၊ စည်းရှိသည်၊ သေသပ်သည်၊ ဣန္ဒြေရသည်။

"ကျွန်တော် တစ်ခုသတင်းပို့ချင်ပါတယ်၊ ခွင့်ပြုပါ"

ဆရာကြီးအောင်မောင်း ရှေ့တစ်လှမ်းထွက်သည်။ ဘာများ သတင်းပို့မလို့ ပါလိမ့်။ ရင်တထိတ်ထိတ် ခုန်လာပါသည်။

"ပို့ပါ"

"ဗိုလ်ကြီးတို့ လူမှားနေပြီ ထင်ပါတယ်။ ဒီကိစ္စကို ခုမှ ကျွန်တော်တို့ သိရတာ ပါ။ ဗိုလ်ကြီးတို့ သေချာပြန်စိစစ်ပေးပါလို့ သတင်းပို့ပါတယ်။ ဖြစ်နိုင်ရင် ဗိုလ်မှူး ဂျီတူး ကို ပြန်မေးပေးပါ"

"ဂျီတူးကို ပြန်မေးစရာမလိုပါဘူး။ ဒါမျိုး လာမလုပ်ပါနဲ့။ ဒါမျိုးတော့ မရဘူး။ ဆရာကြီး - ခင်ဗျားလူတွေကို ခင်ဗျားကိုယ်တိုင် သေသေချာချာ ထပ်မေးလိုက်စမ်း ပါ"

"ဟုတ်ကဲ့ - မေးပါ့မယ်၊ တပ်စိတ် - ၁"

"ရှိ"

"မင်းတို့ ကျူးလွန်သလား"

"မကျူးလွန်ပါဘူး"

"တပ်စိတ် - ၂"

"ရှိ"

"မင်းတို့ ကျူးလွန်သလား"

"မကျူးလွန်ပါဘူး"

"တပ်စိတ် - ၃"

"မင်းတို့ရော ကျူးလွန်ကြသလား"

"မကျူးလွန်ပါဘူး"

"တပ်စု ရုံး"

"ရှိ"

"မင်းတို့ရော ကျူးလွန်ကြသလား"

ww.burmeseclassic.com

"မကျူးလွန်ပါဘူး"

"ကျွန်တော်နဲ့ ကျွန်တော့် ဗိုလ်ကြီးလည်း မကျူးလွန်ကြပါဘူး"

"ဒီလိုနဲ့ပြီးလို့တော့ဘယ်ရမလဲ၊ဗိုလ်ကြီး - ခင်ဗျားလည်းအရာရှိတစ်ယောက်ပဲ။ ခင်ဗျားကိုယ်တိုင် တစ်ယောက်မေးပါ"

"ဟုတ်ကဲ့"

ကျွန်တော် တစ်ဦးချင်း အဆင့် အမည်ခေါ်ပြီး မေးသည်။ ဂျီတူး ဗိုလ်မှူး ခေါင်းကို ရိုက်တာ မင်းလား၊ မင်းလား၊ မင်းလား၊ ဆရာကြီး ခင်ဗျားလား။ တစ်ယောက်မှ ဝန်ခံသူမရှိ။ ကျွန်တော် မကျေမနပ်ဖြစ်လာသည်။ မှန်မှန်ပြောကြစမ်းဆိုပြီး တစ်ယောက်ချင်းကို နောက်တစ်ခေါက်ထပ်မေးသည်။ မပေါ်ပါ။

"ဗိုလ်ကြီးဝန်ခံသူ မရှိပါဘူး။ ကျွန်တော်လည်း မဟုတ်ပါဘူး။ ဘာဆက်လုပ်ရမလဲ"

"မေးရမှာပေါ့ဗျာ။ ရအောင် ဖော်ထုတ်နိုင်ရမှာပေါ့။ ခင်ဗျားလည်းအရာရှိတစ်ယောက်ပဲမဟုတ်လား။ အထက်အရာရှိတစ်ဦးကိုခေါင်းကိုကာဘိုင်နဲ့ရိုက်သွားတာ။ ကိုယ်ထိလက်ရောက်ကျူးလွန်သွားတာ သိထားရပြီပဲ။ မရရအောင်ဖော်ထုတ်ရမယ်၊ ထပ်မေးပါ"

အူလည်လည်ဖြစ်နေသောအခြေအနေကိုကျွန်တော် ဆက်ပြီး သည်းမခံနိုင်တော့ပါ။ သိစိတ်က မထိန်းချုပ်နိုင်တော့သဖြင့် မသိစိတ်က ပေါက်သွားပြီ။ အရာရှိတစ်ယောက်မဟုတ်လားတဲ့။ ကြိုလည်း မသိရတော့ တစ်နည်းနည်းဖြင့် အကဲခတ်စစ်ဆေးခွင့် တိုက်ဆိုင်ခွင့်မရ၊ အစ်အောက်မေးရ၊ ချော့မော့မေးရအောင်လည်း မတတ်နိုင်တော့ပါ။

ဘယ်လိုတာဝန်ယူလိုက်ရမလဲ။ ချွေးစေးများ ပြန်နေပြီ။ ကျွန်တော့်ကိုသာ စွပ်စွဲပြစ်တင်နေတာ မဟုတ်။ ကျွန်တော် အပါအဝင် ကျွန်တော် တာဝန်ယူကွပ်ကဲထားရသော ကျွန်တော့်တပ်ဖွဲ့ကိုကျွန်တော့်ရှေ့မီးရောင် ထိန်ထိန်အောက်မှာ အကျပ်ကိုင် စော်ကားနေပြီ။ ဒီအတိုင်း ငုံ့ခံနေရမလား၊ ဘာလုပ်ရမလဲ၊

"ဂျလောက် - ဂွပ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ပစ္စတိုကို ဆွဲထုတ်၍ မောင်းတင်လိုက်ပြီး အပေါ်သို့ လက်ဆန့်တန်းထားလိုက်သည်။ ပစ်လိုက်ဖို့တော့ စိတ်မကူးရသေး။ ကျွန်တော့်အဖွဲ့ ပေစောင်းစောင်း ဖြစ်လာကြပြီ။ ဘေးဘက်က ကြည့်နေကြသည့် ဗျူဟာရုံးအဖွဲ့တွေ ပျာကုန်ပြီ။

"ဗိုလ်ကြီးကလည်း တပ်တပ်အပ်အပ်စွပ်စွဲနေတယ်။ အဖြစ်မှန်ကိုကျွန်တော်လည်း သိမထားဘူး။ မေးတော့လည်း ဝန်မခံကြဘူး။ တစ်ခုပဲ ရှိတယ်။ ကျွန်တော် မဟုတ်တာတော့ သေချာတယ်။ ဘယ်သူဆိုတာ ဗိုလ်ကြီးသိနိုင်ရင် သိရင် ကိုယ်တိုင် ဆွဲထုတ်ပေး၊ ဒီရှေ့မှာတင် ကျွန်တော် သူ့ကို ပစ်သတ်လိုက်မယ်။ ရှင်းရော မဟုတ်လား"

"ဗိုလ်ကြီး - ဗိုလ်ကြီး မှားမယ်။ သေနတ် မပစ်မိပါစေနဲ့။ ဗျူဟာက ဗိုလ်ကြီးခင်ဗျား၊ ဒီည ကျွန်တော်ပါ ခြောက်ယောက် ခွင့်ပြုချက်တောင်းပြီး ရုပ်ရှင်သွားကြည့်ခဲ့ကြပါတယ်။ ဒီမှာပါ ကျွန်တော့် ဗိုလ်ကြီး ခွင့်ပြုလက်မှတ်ပါတဲ့ အမည်စာရင်း။ သေနတ်လည်း တစ်လက်မှ မပါကြပါဘူး။ ကျွန်တော်တို့ ဘာတစ်ခုမှ အမှားမလုပ်ခဲ့ကြဘူးဆိုတာ ကျွန်တော်ကိုယ်တိုင် ကြီးကြပ်ခဲ့ရလို့ သိပါတယ်။ ဗိုလ်ကြီးတို့ အမှုမှန်မပေါ်မချင်း၊ ကျွန်တော့်ကို ချုပ်ထားပါ။ ကျွန်တော် အချုပ်ခံပါမယ်"

စိတ်ထွေထွေနှင့်ပင် ပစ္စတိုကို ကျည်ပြန်ရှင်းထုတ်လိုက်ပြီး သေနတ်အိတ်ထဲ ပြန်ထည့်လိုက်ပါသည်။

"ကဲ - ဆရာကြီး အောင်မောင်း၊ ကျုပ်က ခင်ဗျားထက် တာဝန်ပိုရှိတယ်။ ဒီတပ်စုမှာ ကျုပ်က တာဝန်အရှိဆုံး။ ဒါကြောင့် ခင်ဗျား အချုပ်ခံစရာ မလိုဘူး။ အရာရှိတစ်ယောက်ဖြစ်တဲ့ ကျုပ်ကိုယ်တိုင် အချုပ်ခံမယ်။ ဗျူဟာမှူးကြီးကို ကျုပ်ကိုယ်တိုင် သတင်းပို့မယ်။ တပ်စုကို တန်းစီပြီး ဘူတာကို စနစ်တကျ ပြန်ခေါ်သွားပါ။ ရှင်းရက်ဆက်လုပ်"

"ခဏနေပါဦး၊ ဗျူဟာမှူးကြီး မပခမှာ အစည်းအဝေးသွားနေပါတယ်။ ဆရာကြီး အောင်မောင်းက တပ်စုကို ခဏထိန်းထားပါ။ ဗိုလ်ကြီးက ဗိုလ်တဲပေါ် ခဏလိုက်ခဲ့ပါ"

"ကောင်းပြီ"



www.burmeseclassic.com

ww.burmeseclassic.com

ဗိုလ်တဲပေါ်သို့ ကျွန်တော် "ဂွပ်ဂွပ် - ဂွပ်ဂွပ်" နှင့် လိုက်တက်သွားသည်။ အတွင်းအခန်းတစ်ခု၏ ခုတင်ပေါ်တွင် ခေါင်းပတ်လည်မှာ ပတ်တီးအဖြူ စည်ထားသော ဗိုလ်မှူးကို တွေ့ရသည်။ ကျွန်တော် မနှစ်သက်သော အနံ့များရသည်။

"အေပီတီ ကွန်မန်ဒိုတပ်စုမှူးရောက်ပြီ - ဗိုလ်မှူး"

"အေး - မင်းဆီက ကောင်တစ်ကောင် ငါ့ကို ကာဘိုင်နဲ့ ရိုက်သွားတယ်ကွ။ အဲဒါ ညတွင်းချင်းဖော်ထုတ်ပေး"

"အဲဒါက ဗိုလ်မှူး ...."

"တော်ပြီ - မင်း ဘာမှမပြောနဲ့တော့ ပြန်တော့။ သူ့ကို ပြန်လွှတ်လိုက်ပါ"

ဗိုလ်တဲပေါ်က ကျွန်တော် ပြန်ဆင်းတော့ လေ့ကားထိပ်မှာရပ်၍ ဆက်လုပ်ပါဟုပြောပြီး ဂျီသရီး ကျန်ခဲ့သည်။ သူ့ကို ကျွန်တော် ခပ်တင်းတင်း အလေးပြုခဲ့သည်။

ရှေ့ကွင်းထဲမှာ တပ်စုက ကျွန်တော့်ကို မော့ကြည့်နေကြပါသည်။ အောက်ရောက်လာတော့ ဗျူဟာ ဆက်သွယ်ရေးရုံးက ဆက်သွယ်ရေးတံဆိပ်နှင့် ဗိုလ်ကြီးတစ်ဦးက ကျွန်တော့်လက်ကို အသာဆွဲပြီး သူ့ဆက်သွယ်ရေးရုံးခန်းရှိ စားပွဲတွင် အထိုင်ခိုင်းသည်။

"ဗိုလ်ကြီး - လက်ဖက်ရည်ဗျာ၊ သောက်ပါ"

"ကျွန်တော် မသောက်တော့ပါဘူး၊ ကျေးဇူးပါ"

"ဒါဖြင့် ရေနွေးကြမ်း တစ်ခွက်တော့ သောက်ပါဗျာ၊ ဗိုလ်ကြီး တအားဒေါသထွက်နေတာ ကျွန်တော် သိပါတယ်။ ခဏလေးပါပဲ"

"ပေးဗျာ"

ရေနွေးကြမ်းမတ်ခွက်က အေးစက်နေသည်။ ကျွန်တော် တစ်ကျိုက်တည်း မော့သောက်ချလိုက်သည်။

"ခွင့်ပြုပါဦး - ဗိုလ်ကြီး"

"ဟုတ်ကဲ့ - ဟုတ်ကဲ့၊ ဗိုလ်ကြီး စိတ်လျှော့နော်"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

ww.burmeseclassic.com

ကျွန်တော်တို့ ဘူတာပြန်ရောက်ပြီး မူလနေရာပြန်ယူပြီး တစ်ယောက်ကို တစ်ယောက် စကားမပြောဖြစ်ကြပါ။

အိပ်လို့မရ၊ နေလို့ မဖြောင့်၊ သက်ပြင်းတရှိုက်ရှိုက်နှင့် ဘာဆက်လုပ်ရမည် မသိဖြစ်နေသည်။ ရဲဘော်တစ်ယောက်ခေါ်ပြီး လူစီးရထားတွေဘက် လျှောက်ကြည့် သေးသည်။ အားလုံးလိုလို အိပ်ကုန်ကြပြီ။

သည်လို အကုသိုလ်မျိုး ဘယ်သူက ကြုံချင်ပါမည်နည်း။ ကြိတ်မနိုင် ခဲမရ၊ ကြုံမှ ကြုံရတတ်ပလေ။ နာရီသံချောင်း ၁၂ ချက် ခေါက်ပြီးပြီ။ ၁၂ နာရီခွဲသွားပါပြီ။

"ဗိုလ်ကြီး ဗျူဟာက ဆတ်သားတစ်ယောက်လာတယ်"

"ဟေ - လာပြန်ပြီလားကွ။ ဘယ်သူလဲ - ဘာလဲ"

"ဗိုလ်ကြီး - ခင်ဗျား ကျွန်တော့်ဗျူဟာရုံးက တပ်ကြပ်ကြီး စာရေးအောင်ကျော် မိုးပါ။ ဂျီသရီးဗိုလ်ကြီးက လွှတ်လိုက်လို့လာတာပါ"

"ဆိုပါဦး - ဘာတဲ့လဲ"

"ဒီလိုပါ၊ လက်သည်ပေါ်ပါပြီ။ ၆၃ က ဂျီတူးကို မသိတဲ့ ညလုည့်ကင်းတပ်စိတ် မှူးပါ။ အရပ်ဝတ်နဲ့ ဗိုလ်မှူးက သူ့ကို မေးရကောင်းလားဆိုပြီး ဆွဲလားရမ်းလား လုပ် ရင်း ကာဘိုင်ပြောင်းနဲ့ ထိမိပြီး ခေါင်းကွဲသွားတာပါ။ ဗိုလ်မှူးက ညစာ စားပွဲက ပြန်လာ ခဲ့တော့ နည်းနည်းဟိုဒင်းဖြစ်ပြီး အမှတ်လွဲသွားတာပါ။ ၆၃ က တပ်ခွဲမှူးက အဲဒီ တပ်ကြပ်နဲ့ အတူလာပြီး သတင်းပို့လို့ သိရတာပါ။ ဗိုလ်ကြီးတို့ကို အနူးအညွတ် တောင်းပန်ပါတယ်တဲ့"

"အေး - ကောင်းရောကွာ။ ကောင်းပါပြီလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ - ကျွန်တော့်ကို ခွင့်ပြုပါ၊ ဗိုလ်ကြီး"

"လေးစားပါတယ်"

အင်း - ကြုံမည့်ကြုံတော့ ကြုံတောင့်ကြုံခဲကြီးပါလား။

စာဖတ်သူများအား လေးစားလျက် ...

နောင်လှိုင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ညော်

အမျိုးသမီးတစ်ယောက်ကို အကြောင်းပြုကာ
အချစ်၊ အိမ်ထောင်ရေးကို ဟာသဆန်ဆန်
ဖွဲ့ဆိုထားသည့်ဝတ္ထုတို

-------------------လူရှိန်အောင်-------------------

အစဉ်အလာမပျက်သော မင်္ဂလာနံနက်ခင်းမှာ နှင်းတွေ နှင်းကန်ဝေနေပါတယ်။ အတောင်အလက်စုံသော်လည်း မျက်ခွက်ကြီးက လုံးဝအရောင်မထွက်ပေ။

ဘိုတောက်ပေါ့။ အိမ်ရှေ့မှာ ဆောင့်ကြောင့်ကြီး ထိုင်တော်မူနေတာ။ လဒ စတိုင်နဲ့ပေါ့။ မျောက်မှိုင် မှိုင်လို့ပေါ့။ သားတော်မောင် လက်ကြောမတင်းကြီးရဲ့စတိုင်ကိုကြည့်ကာ ဒက်ဒီဘိုကျောက် ဟတ်ထိသွားပေ၏။ သောကကျွန်အဖြစ် နွံနစ်သွားလေ၏။

လက်ကြောမတင်းကြီး ဘိုတောက်က ခါးကို ဆန့်ကာ –

"ဝါး ..." ခနဲ သမ်းလေ၏။ ပြီး – သူ့အထာနှင့်သူ လှနေသောလောကကို မတူမတန်သလိုကြည့်ကာ –

"ဘာလုပ်လုပ် – အဆင်မပြေပါဘူးကွာ"

ထိုသို့ မှတ်ချက်ပေးလေ၏။

"အွန်"

ဒက်ဒီဘိုကျောက် နင်သွားလေ၏။

"ခွီး(စ်)"

ဒက်ဒီဘိုကျောက်သည် ပျို့တက်လာသော ဒေါသတို့ကိုတတ်နိုင်သမျှပိုးမွေးသလိုမွေးထားလိုက်၏။ ပြီး – သားတော်မောင် လက်ကြောမတင်းကြီးကိုစောင်းကန်းစောင်းကန်းဖြင့် ဖမ်းရှုံးကာ ...

"ဟေ့ကောင်"

"ဗျာ – ဖေ့"

"မင်းက ဘာတွေများလုပ်နေလို့ လဲ"

ဘိုတောက်က ဝက်ခြံကို ဖြစ်ခနဲ ညှစ်ကာ –

www.burmeseclassic.com

"ဘာမှကိုမလုပ်တာ"

ပြတ်တယ်။ လူ့ပြည်မှာ ကယောင် ဖတ်နေတာ နှစ်ပေါင်း(၂၀)ကျော်ပြီ၊ ခွေးစုံမယ့်ကိစ္စဆို နီးတောင် မလိမ်ဘူး။ အာဒကေရှာဖို့ ဝေးစွတကား။ ကြံ့သလို ရှာကျွေးနေတဲ့ဒက်ဒီဘိုကျောက်ရဲ့လုပ်စာကို ဒူးပုံပုံခေါက်ပြီး ထိုင်စားနေတာ။

"ဘာ ..."

"အင်းဟာ – ဖြောင်း"

ဆောင့်ကို ဖာန်တာ၊

"အောင့်မျက်လေး ..."

ဘိုတောက် ခွေးကျ ကျတယ်။

ဘိုတောက်က မျက်ရည်ကို ပတောက်ခနဲ ညှစ်ထုတ်ကာ ...

"သူ့သားမဟုတ်တဲ့အတိုင်း – ရက်စက်ပ့ါ"

ဒက်ဒီဘိုကျောက် အနာဟောင်းကို ညှော်ထိလေပြီ။ ကမ္ဘာမကျေ ဝမ်းခေါင်းသံကြီးဖြင့် ...

"အဲဒီကိစ္စကြောင့် အိပ်မရတဲ့စိတ္တဇ ညတွေ များလှပါပြီလေ၊ မင်းအခွက်က ငါ့အခွက် – အဲ – ငါ့မျက်နှာနဲ့ တစ်စက်မှ မတူဘူး – ဟ – ခွီး"

ဘိုတောက်က မျက်နှာသေလေးနဲ့ –

"မာမီ့ကို မေးမကြည့်ဘူးလား"

"အသေခံသွားတယ် – နီးပဲ"

ဘိုတောက်က မျက်နှာသေလေးကို လူသေမျက်နှာပေးနှင့် ပိုတူအောင် ထပ်ပြီးပြုပြင်ကာ –

"မာမီ့ဘဝ ဆိုးပ့ါဗျာ။ အသေခံပြီး သေသွားရှာတာကိုး"

ဒက်ဒီဘိုကျောက်က ဘိုတောက်ရဲ့နားရွက်ကို ဆွဲလိမ်ကာ –

"ငါ့ကို အမှုပိုကြီးအောင် အရောက် မပို့နဲ့နော်၊ ငါပြောတာ ရိုက်နက်ပြီးမေးတာတောင် မဖြေဘူးလို့ပြောတာ။ အပေအတေစိတ်နဲ့ အသေခံသွားတာ – အဲ့တာ – အဲ့တာ"

ဘိုတောက်က လက်ခနဲ ပြုံးကာ ...

"ဘာပဲပြောပြောပါ ဒက်ဒီရယ်။ သားကတော့ ဒက်ဒီ့ကို ဒက်ဒီအရင်း ခေါက်ခေါက်လို့ လုံးဝယုံတယ်၊ ငြင်းပါ ဘူး – ဟီး"

ကလေးအထာနဲ့ အရှုးကွက် ဖမ်း နင်းပစ်လိုက်တာ၊ ဒက်ဒီဘိုကျောက်က သားတော်မောင် လက်ကြောမတင်းကြီး ကို ကြင်နာစွာကြည့်ရင်း –



www.burmeseclassic.com

www.burmeseclassic.com

"လူက လက်မောင်းကြီး – အလုပ်ကျတော့ လက်ကြောမတင်း အပြစ်မတင် ပါဘူးကွယ်။ ငါ ဆတ်ဆော့မိလို့ လူ့ပြည်ရောက်လာရတာကိုး"

ဘိုတောက်က သောက်ကြော အရမ်းတင်းတာ၊ ကြိုက်သလို ရှာကျွေး၊ မျက်နှာပြောင်တိုက်ပြီး စားမှာဆိုတဲ့ အခွက်ကြီး၊ လူဖြစ်ရတဲ့သုခကို တွေးတွေးပြီး ဖီး(လ်) ဖြစ်နေတာ။

"ငါ့သားရဲ့"

"ဟုတ်"

"ကိုယ်သောက်ဖြစ်မရှိတိုင်း ရာသီ ဥတု၊ ပတ်ဝန်းကျင်၊ ဘော်ဒါ၊ အစိုးရကို အပြစ်မတင်ရဘူးကွဲ့"

"ဟုတ် – ဒက်"

ကန့်ကွက်သူ နတ္ထိ၊ ထောက်ခံသူ တစ်ယောက်ကြီးများတောင် ရှိသဖြင့် ဒက်ဒီ ဘိုကျောက် အာရောင်ရတာ ပိုသွက်လာ၏၊ ဆက်သွန်တယ်။

"ဘာ့ကြောင့် ဒီလိုရလဒ်တွေ ထွက်နေရတာလဲဆိုတာ အဖြေရှာရမယ်ကွဲ့"

"ဟုတ် – ဒက်"

"ငါ့သား အခုလို လူတောမတိုး၊ လူရာမဝင်၊ လူမွေးလူတောင် မပြောင်၊ လူဖြစ်ရှုံးနေရတာ ဘာ့ကြောင့်လဲ"

ဘိုတောက်က အကြာကြီး စိမ်မနေဘူး၊

"ဖေ့သား ဖြစ်နေလို့"

"ဘာကွ ..."

ဘိုတောက် သုတ်ပြီ။ မှန်လို့။

○

ညသန်းခေါင် ကျော်ပေမယ့် လရောင်သည် ကယောင်ဖတ်နေဆဲ၊ အရောင်တောက်နေဆဲ၊ အအေးဓာတ်၏ ကလူကျီစယ်မှုကြောင့် အူလည်လည်ဖြစ်နေသော ပရမ်းပတာ ညချမ်းချမ်းကြီးသည် နင်းကျသံ ဖြောက်ဖြောက်အောက်မှာ အသည်းပေါက်နေလေ၏တကား။

သရက်ပင်ကြီးအောက်တွင် စားမြုံ့ပြန်နေသော နွားကြီးနေ့ိသည် လှုပ်တုပ် လှုပ်တုပ် ဖြစ်နေသော ကောက်ရိုးပုံကြီး ကို မျက်တောင်မခတ်စတမ်း ငေးနေလေ၏။



www.burmeseclassic.com

ww.burmeseclassic.com

အကြောင်းမသိရင်ပေါ့။ နာနာဘာဝတွေ ဆတ်စလူးခါနေသလို၊ ဖြစ်ရပ်မှန်က ဟောဒီလိုပါ။

"ဟာကွာ - ဟာကွာ"

ပေါ်တင်ပြောရရင်ပေါ့၊ အတွေ့အကြုံကိုယ်စီကိုယ်ငရှိတဲ့ မုဆိုးဖိုနဲ့ မုဆိုးမ ထုပ်ဆီးတိုးတန်း ကစားနေကြတာပါ။ မတင်ထွားရင် ပြုံးပြင်လာဟန် တူပါတယ်။

"ကိုကျော်"

ဝေါက်ခနဲ ထွက်လာတဲ့အသံကြောင့် ဘိုကျော် ဟတ်ကော့ကြီး ဖြစ်သွားတယ်။

"ဘာလဲကွာ"

မတင်ထွားရင်က မုဆိုးမဆိုပေမဲ့ ရုပ်ဆိုးမကြီး မဟုတ်ဘူး။ အဟုတ် အချိုးကျတဲ့ ကောက်ကြောင်းတွေနဲ့ ဖောင်း ဖောင်းကန်နေတာ။

"တူတူနေချင်ပြီ - ကိုတောက်ရယ် - ဟင့်"

ပေါ်တင်ကြီးကို လမ်းခင်းပေးတာ။ ဖော်လို ဝင်လိုက်ရုံပဲ၊ သရက်ကိုင်းမှာ ခြေချုပ်မိနေသော မစန္ဒာကို မော့ကြည့်ကာ ကိုဘိုကျော်သည် သက်ပြင်းကို အနေတော်ချတယ်။

"ဟင်း ..."

သူ့ဘဝ သူ့သာအသိဆုံးလေ။ သောကတွေကများသည်၊ လက်ကြောမတင်းတဲ့သားကြောင့် ဘဝက ပိုခါးနေ၏။ ဖီး(လ်)တွေ စွတ်စက်တက်နေသော ကိုဘိုကျော်သည် မတင်ထွားရင်၏ ဖောင်းဖောင်းလေး (ပါးဖောင်းဖောင်းလေးကို ပြောတာဗျ)ကို ပွတ်ကာ ...

"တူတူနေချင်တာပေါ့ ထွားရယ် - နို့"

"ရှင် ..."

"နို့ပေမဲ့ - ထွား ကိုယ့်ဘဝထဲ ဝင် လာရင် လျှာထွက်မှာ"

"ရှင်"

"ကိုယ်က ငမွဲ - ပုံမှန်ဝင်ငွေမရှိ"

"ထွားမှာ အလုပ်ရှိတယ်လေ"

မတင်ထွားရင် လင်သိပ်မလိုချင် ရှာပါဘူး။ ကိုဘိုကျော်က -

"တစ်လဝင်ငွေ ဘယ်လောက်ရှိလဲ ဟင် - ထွား"

"ဝီ"

အမှန်ဆို -

"ဘာ ..."



www.burmeseclassic.com

ww.burmeseclassic.com

ဆိုတဲ့အသံကို အရင်ကြားရမှာ။ တိတ်ဆိတ်တဲ့ညမို့။

"ဗီ"

ဆိုတဲ့အသံကြီးက ကြည်ခံနေတာ၊ အနံ့က တော်တော်စူးတာ၊ တညင်းသီးအနံ့၊ မတင်ထွားရင် တော်တော်လေးကို ရုက်သွားတာ၊ ချစ်သူရဲ့အရုက်ကိုကာကွယ်ရမှာ ချစ်သူတို့ရဲ့တာဝန်လေ၊

"ထွား ..."

"အင် ..."

"ကြားဘူး - တိလား - ဘာမှမကြားဘူး - တကယ်ကြီး"

"ဘာ ..."

မတင်ထွားရင် အနားပေါ်တုတ်ကျလေပြီ၊

"ဘာ - ဖျောင်တာပေါ့"

"အဲ - ကြားတယ် - ဗီ - တဲ့"

မတင်ထွားရင် ထရပ်တယ်၊

"ထွား - ဗီတာ ဟုတ်ဘူး"

"တော် - တော်"

ကိုဘိုကျောက်က လက်ညှိုးထိုးပြတယ်၊

"သူ - ဗီတာ - ဟီး"

နွားကြီးငနီ၊

"ဘာ - လူကို နွားနဲ့ နှိုင်းတယ်ပေါ့" ဆိုပြီး ရင်ဘတ်ကို ဆောင့်တွန်းတယ်၊ ကိုဘကျောက် နွားချေးပုံပေါ် ထိုင်မိလျက်သား။

"ရှင့်ကို မုန်းတယ်"

မတင်ထွားရင် ထွက်ပြေးသွားတယ်၊ နွားကြီးငနီက -

"ဘွတ်အဲ ..." တဲ့၊

ကြည့်၊

လေပြေကညော့လို့ သစ်ရွက်ကလေးတွေ ဖျော့ဖျော့လေး ကြွေနေတယ်၊ ငှက်ကလေးတွေက တီတီတာတာနဲ့ အာချောင်နေတယ်။ ကဲ - နေတတ်ရင် ကျေနပ်စရာနော်၊ အဲ - ရှော့ဖြစ်ပြီး ပလပ်ကျွတ်ခဲကြွနေတဲ့လူတစ်ယောက်တော့ ရှိတာပေါ့၊

ကိုဘိုကျောက်ပါ၊ လေလည်တဲ့ကိစ္စက မပြေလည်သေးဘူး၊ မတင်ထွားရင်က လုံးဝကိုအတွေ့မခံတာ၊ ဘဝက ကွက်ပြီးခါးနေတာပေါ့၊ နို့ပေမဲ့ - လွမ်းရေးထက် ဝမ်းရေးက ရှိသေးလေ၊



www.burmeseclassic.com

ww.burmeseclassic.com

"သား..."

"ပြော - ဒက်"

"အဖေ အလုပ်သွားမယ်"

"မြန်မြန်သွားလေ"

ဖွတ်ကို နှင်နေတာ၊ ဝက်ခြံညှစ် မပျက်ဘူး၊

"ဘယ်သူလာလာ - အဲ - ဦးပေါက်စ လာရင် ပြောလိုက်ကွာ၊ ဒီနေ့ နွား မကျောင်းဖြစ်ဘူးလို့၊ ဝက်သိုးနေ မကောင်းလို့ အငှားလိုက်သွားတယ်လို့ - နောက် မဖြစ်စေရပါဘူးလို့ - ကြားလား"

"ဟုတ်"

တွတ်တွတ်မှာပြီး ကိုဘကျောက် ထွက်သွားတယ်၊ ဘာညာသာရကာ တစ်ဆက်ရှင်တောင် မကြာပါဘူး၊

"တောက်တောက်"

"ဟင် - မမထွား"

ဟုတ်ပါတယ်၊ မမထွား၊ မတင်ထွားရင်ပါ၊ မုဆိုးမလို့ အမည်ပေါက်နေပေမယ့် ယောကျ်ားက ရှောသွားတာ ကြာပြီလေ၊ ကလေးက အဖတ်မတင်၊

ဆိုတော့ကာ၊ မမထွားဟာ ဒီနေ့မှ လွှတ်လှနေပါတယ်၊ သနပ်ခါးကို ဘယ်ညာလူးပြီး စံပယ်ပန်းလေးတွေ ပန်ထားတယ်၊ ရေချိုးပြီးစဆိုတော့ ခေါင်းလျှော်ရည် အနံ့လေးက မွှေးတေးတေးနဲ့၊ ဘိုတောက်က ဆောင့်တက်လာတဲ့ ထံတွေးကို -

"ဂလု" ခနဲ မျိုချပြီး -

"မမထွား"

လူပျိုသိုးလေး ဘိုတောက်က -

"မမထွား"

လို့ခေါ်လိုက်တော့ မတင်ထွားရင် ကိုဘိုကျောက်ကို အော်တိုမေ့သွားတာ၊

"နင့်အဖေရောကွဲ့ - တောက် တောက်"

မမထွားရဲ့ ကွန်ယက်မှာ ဗီးလ်တွေ ဆောင့်တက်နေတဲ့ ဘိုတောက်က -

"နွားမကျောင်းဘူး"

"အွန်"

မမထွား နှင်သွားတယ်၊

"ဘယ်သွားလဲလို့ - နင့်အဖေ"

"ဝက်သိုးအစား အငှားလိုက်သွားတယ်"

"ဟယ်တော့ - တကယ်ကြီး"



www.burmeseclassic.com

ww.burmeseclassic.com

ကိုဘိုကျော် ပြောင်းလဲချိန် တန်သွားပြီလား။ ဝက်သိုးအငှားလိုက်နေပြီ တဲ့။

"ခက်ပါတယ် – တောက်တောက်ရယ်။ ငါ့မှာ အိပ်ရာထဲ လဲနေတဲ့ကြားက လာရတာ – နေမကောင်းဘူးယဲ့"

ဘိုတောက် မမထွားကို သနားသွားတယ်။

"နောက်မဖြစ်စေရပါဘူး – အဖေ့ကို ဆင်ခြင်နိုင်းပါ့မယ်"

"အို – တောက်တောက်ကလည်းကွယ်"

ဖေါက်တောက်တောက် ဘိုတောက်က ဖအေမှာထားတဲ့အတိုင်း အကွက်ကျက်ပြီးပြောတာ၊ ဒါပေမဲ့ – မမထွားက ရှက်နေတာ။

"သွား – သွားမယ်ကွယ်"

မမထွား တုန်တုန်၊ တုန်တုန်နဲ့ ပြေးထွက်သွားတယ်။ မမထွားရဲ့ နောက်ပိုင်း အလှကို ကြည့်ပြီး ဘိုတောက် တံတွေး ကို ဂလောက်ခနဲ မျိုချလိုက်တယ်။

× × ×

"ဒက်"

"ဘာလဲဟ"

"သားကို ပေးစားပါလား"

"စမူစာလား"

"မိန်းမ"

"ဟေ – နင့်လိုဖေါက်သီးကို ဘယ်မိန်းမက ကြိုက်မှာလဲ"

"ဒက်ပဲ ပြောခဲ့တာ"

"ဘာပြောခဲ့လို့လဲဟ"

"မိန်းမတွေ ဆံပင်ဖြန့်တာ၊ ပန်းပန်တာ၊ ထမီပြင်ဝတ်တာ၊ ကလေးချီပြတာ၊ ဘာညာဘာညာမာယာဆို။ ယောက်ျားတွေကို ကျလူတာဆို"

ကိုဘိုကျော် သားတော်မောင် ဘိုတောက်ကို လျှော့မတွက်ရဲတော့ဘူး။ ဖေါက်က ဒါမျိုးတော့ တတ်တယ်။ နားထဲကို စွဲနေတာလေ။

"ဖြန့်ပြ – အဲ – နင့်ကို မာယာတွေနဲ့ ကျလူတာ ဘယ်သူ"

"မမထွား"

"ဘာရယ် – ဘယ်လို"

"မမတင်ထွားရင် – ဟီး"

ဘိုတောက်ဟာ သားမဟုတ်တော့ဘူး။ ရန်သူငါးပါးထက် ဆိုးနေပြီလေ။



www.burmeseclassic.com

ww.burmeseclassic.com

"ဟေ့ရောင်"

"ဒက်"

"ကြံရက်ပါ့ကွာ - ထွားကို ငါ ဥထားတာဟ။ ငါ့အထွား။ အချိန်ရှိသေးတယ်၊ နောက်ဆုတ်လိုက်ပါ"

ဘိုတောက်က ဖအေတူသား။ ကိလေသာရာဂနဲ့ ပတ်သက်လာရင် ဘယ်တော့မှ နောက်ကြောင်းပြန်လှည့်မှာ မဟုတ်ဘူး။

"အချစ်နဲ့ စစ်မှာ မတရားတာ မရှိပါဘူး - ဒက်"

ဆိုပြီး ကော့ပက် ကော့ပက်နဲ့ ထွက်သွားလေရဲ့။

"တောက်"

ကွာတဲ့။ ကိုဘိုကျောက် ပေါက်ကွဲနေပြီလေ။

"မြွေဟောက်လို လျှာနှစ်ခွနဲ့ လာသမျှကို ဖျာမပြီး ပလာတာပြတဲ့မိန်းမ - မုန့်စားရင်း လေ့စီးငါးရံ့နှစ်ကောင် ဖမ်းချင်တဲ့မိန်းမ"

ကိုဘိုကျောက်ရဲ့စွပ်စွဲချက်တွေက တွျတ်ကျဲစရာကြီး။ ဆန်ပြာဆန်ကော ဗိုင်းနေတဲ့ မတင်ထွားရင်က -

"ဆက်ပြောလေ - ကိုကျောက်"

"အွန်"

"သီဟတင်စိုးက သစ္စာဖောက်တဲ့ သူ့ရည်းစားသူကြီးသမီးကို ပြောတာမို့လား။ အဲ့ကား မကြည့်လိုက်ရဘူး"

အဲဒါတာကြည့်။ သူ့ကိုကောလို့ ကောမှန်းမသိ၊ မတင်ထွားရင် ပိန်းရင် ဘယ်သူမှ လိုက်မမီဘူး။

"ထွား"

"ကိုကျောက်"

"တောက်တောက်ကို ပြောတယ်ဆို"

"အင်"

"ပန်းပန်ပြတာလေ"

"ဩော် - ဟင့်"

မတင်ထွားရင် ပြုံးတယ်၊

"တိုက်ဆိုင်သွားတာပါကွယ် - ဟင့်"

"မျိုးမကောင်းလေးကပြောတယ်"



www.burmeseclassic.com

ww.burmeseclassic.com

ဘိုတောက်ကို သက်သက်တင်စားတာပါ။ မျိုးမကောင်းလေးတဲ့။ မတင်ထွားရင်က ဆန်ပြာကာ -

"ဘာတဲ့လဲဟင်"

"ထွားကို ကြိုက်တယ်တဲ့"

"ဟယ် - အဲ့လောက်ကြီးတောင်လား"

မတင်ထွားရင် မာန်တက်သွားတာ ပေါ့နော။

"ဒက် - ဒက်"

ဘိုတောက် အော်ပြီး ပြေးချလာတယ်။

"စာဗျ - စာ - ဟာ"

"ဘာစာလဲဟ - မှန်း"

"မမထွားက ပေးလိုက်တာ - ဖတ်ပြလေဗျာ"

စာကို ဖွင့်ဖတ်တယ်။

"ကိုကျောက်နဲ့ တောက်တောက်

မုဆိုးမတစ်ယောက်ရဲ့ အတွေးနဲ့ မုဆိုးဖိုကြီးကို ကြိုက်ခဲ့ပါတယ် (မရ ရတာ ယူမယ်ပေါ့လေ) တောက်တောက်ကလည်း ကြိုက်နေပြန်တယ်ဆိုတော့ ကိုယ့်ရုပ်ကိုယ် ပြန်ရှိုးမိတယ်။ ဟယ် - အလတ်ကြီးရှိသေးပါလားလို့ သိလိုက် ရပြီလေ။

နှစ်ယောက်ပေါင်းလို့ တစ်ဖီးလ်တောင် မလာတဲ့ ရှင်တို့သားအဖကို စိတ်မလာတော့ဘူး။ မြို့တက်သွားပါပြီ။ (မှတ်ချက် - လင်ရမှ ပြန်လာမယ်)

တစ်ခါက

ထွား

"ဟင့်"

ကိုဘကျောက် ငိုင်ဆင်းသွားတယ်။ ဘူမသိ၊ ကိုးမသိ ဘိုတောက်က -

"သားကို လာခိုးခိုင်းတာလား - ဒက်"

ကိုဘကျောက်က -

"နန့်ကလွှား"

ဆိုပြီး ဓားကို ပြေးဆွဲတယ်။

"အောင့်မျက်လေး"

ဘိုတောက် သုတ်ပြီ။ မှန်လို့ မစားရ ညှော်ခံဆိုတာ အဲ့လိုကြီး။

လူရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

သမီးငယ်ကလေး ရုတ်တရက် သေဆုံးသွားခြင်းကို
တစ်ဦးနှင့်တစ်ဦး ဖုံးဖိထားခဲ့ရာမှ ဖြစ်ပေါ်လာသည့်
သည်းထိတ်ရင်ဖိုဖွယ် သံယောဇဉ် ဇာတ်လမ်းတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း လမ်းကြားလက်ဖက်ရည်ဆိုင်ထဲမှာ စာရေးဆရာနှင့် ပန်းချီ ဆရာ ဆုံမိကြပြန်ပြီ။ သူတို့ဆုံမိပြီး တစ်အောင့်လောက်ကြာတော့လမ်းကြားထဲက ဆံသဆရာပါတစ်အိမ် ထပ်ဖြည့်လာပြန်သည်။ သို့နှင့် လူစုံသွားသည်နှင့်အမျှ ပြောစရာ အကြောင်းအရာကလည်းပိုစုံသွားသည်။ လက်ဖက်ရည်သောက်ရင်းအနုပညာ



www.burmeseclassic.com

www.burmeseclassic.com

အကြောင်း၊ နိုင်ငံရေးအကြောင်း၊ ကုန်ဈေးနှုန်းအကြောင်းစသဖြင့် ရောက်တတ်ရာရာ တို့ကို ပြောဆိုဖြစ်သွားကြသည်။

ဆိုင်ဘေးက သဲပုံပေါ်မှာ ကလေးတစ်သိုက် ဆော့ကစားနေသည်။ သဲတွေ၊ မြေကြီးတွေ၊ အိုးပုတ်ခွက်တွေ၊ သစ်ရွက်တွေ၊ စက္ကူအပိုင်းအစတွေနှင့် ကစားနေကြ ခြင်းဖြစ်သည်။ မုန့်လုပ်တမ်း၊ ထမင်းချက်တမ်း ကစားနေကြဟန် ရှိသည်။ သူတို့၏ အသံတစာစာက တစ်ခါတစ်ရံ လက်ဖက်ရည်ဆိုင်ကိုပင် ဖုံးလွှမ်းသွားသည်။

အတော်လေးကြာတော့ စာရေးဆရာတို့ ဝိုင်းရှေ့ကနေ မိန်းမတစ်ယောက် က ဖြတ်လျှောက်သွားသည်။ ထိုမိန်းမက သဲပုံဆီသို့ဦးတည်သွားပြီး ကစားဝိုင်းထဲက (၅)နှစ်၊ (၆)နှစ်အရွယ် ကလေးမလေးတစ်ယောက်ကို သွားဆွဲထုတ်လာခဲ့သည်။ ကလေးမလေးကို လက်ဆွဲပြီးခေါ်သွားသည်။ လမ်းတွင် ထိုအမျိုးသမီးက ကလေး ကိုယ်ပေါ်မှာ ပေကျံနေသည့် အညစ်အကြေးတွေကို လက်ဖြင့်ပုတ်ခါချပေးသွားတာ တွေ့ရသည်။

သည်အဖြစ်ကပင် စာရေးဆရာတို့ စကားဝိုင်းကို လမ်းလွှဲသွားစေခဲ့ခြင်းဖြစ် သည်။ ပန်းချီဆရာက ပြောလက်စ စကားကိုရပ်ပြီး ဆံသဆရာအား မေးငေါ့ပြလိုက် သည်။

"ဘယ်လိုလဲ ဆံသဆရာ။ မစမယ့် သူက အချိန်မှန်ကို ရောက်လာတော့တာ ပါပဲလား"

"ဟုတ်ပ - ပန်းချီဆရာရေ့၊ ဒါလည်း ကံထူးချက်တစ်မျိုးလို့ ဆိုရမှာပ"

ပြောပြီး သူတို့နှစ်ယောက်က မျက်စောင်းထိုးလောက်မှာရှိသည့် အိမ်တစ် အိမ်သို့ လှမ်းမျှော်ကြည့်နေကြသည်။ စာရေးဆရာကတော့ ဘာမျှမသိပေ။ အမှန် တော့ စာရေးဆရာ သည်ရပ်ကွက်ထဲကို အိမ်ငှားပြီး လာရောက်နေထိုင်သည်မှာ တစ်လပင် မရှိသေးပေ။ ပန်းချီဆရာကတော့ သည်မှာ နှစ်နှင့်ချီပြီးကြာနေခဲ့ပြီ။ ဆံသ ဆရာဆိုလျှင်လည်း သည်ရပ်ကွက်ထဲမှာ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အိမ်နှင့် နေထိုင်နေ ခြင်းဖြစ်သည်။ စာရေးဆရာနှင့် ပန်းချီဆရာက ယခင်ကတည်းက မိတ်ဆွေဟောင်း များ ဖြစ်သည်။ စာရေးဆရာ သည်ရပ်ကွက်ကို ရောက်လာပြီးနောက် ပန်းချီဆရာမှ တစ်ဆင့် ဆံသဆရာနှင့် သိကျွမ်းပြီး မိတ်ဆွေတိုးခဲ့ရခြင်းပင်။ သူတို့ဝိုင်းက လမ်းမ



www.burmeseclassic.com

ww.burmeseclassic.com

ဒါနဲ့ ကလေးလည်း သေရော၊ မသင်းနန္ဒာက အရူးမီးပိုင်းသလို ဖြစ်ရတော့တာပဲ။ ဒီကိစ္စ ဘယ်လို လုပ်ရပါ့မလဲဆိုပြီး ဘေးကျပ်နံကျပ် ဖြစ်သွားတယ်။ တစ်ပိုင်းကလည်း စာရေးဆရာပြောသလို သူ့ယောက်ျားကို အမှန်အတိုင်း ပေးမသိသင့်သေးဘူးဆိုတာကို သူက သိထားတယ်။ အဲသလို အကြံအိုက်နေရဆဲကာလမှာပဲ ယောက်ျားဆီ ထောင်ဝင်ခွာ သွားတွေ့ရမယ့်နေ့ကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာခဲ့တယ်



တန်းဘက်မထွက်ဘဲ လက်ဖက် ရည် လက်ရာကောင်းသော ဤလမ်းကြားဆိုင် ကလေးသို့သာ ဝင်တိုးနေကြခြင်း ဖြစ် သည်။

"ခင်ဗျားတို့က ဘာတွေပြောနေကြတာလဲ။ ကျွန်တော့်ကိုလည်း နည်းနည်းပါးပါး အသိပေးကြပါဦး"

စာရေးဆရာက စပ်စုလိုက်သည်။ ဤတွင် ပန်းချီဆရာက ဆံသဆရာ၏ ပေါင်ကို ဖြန်းခနဲ လှမ်းရိုက်လိုက်ကာ -

"ဟာ - ဟုတ်သားပဲ။ ကျုပ်တို့ မေ့နေတာပဲ၊ ဒါ - စာရေးဆရာအတွက် ကုန်ကြမ်းပဲဗျ။ ဒီအကြောင်း ခင်ဗျားပြောပြလိုက်စမ်း၊ သူ့ကိုပြောပြလိုက်စမ်း"

"အင်းပါ - အင်းပါ၊ ပြောပြပါ့မယ်၊ လောလောဆယ် စာရေးဆရာ ဟိုအိမ်ကို လှမ်းကြည့်လိုက်၊ မကြာခင် ခုနက ပေစုတ်နေတဲ့ ကောင်မလေး အသွင်ပြောင်းပြီး ထွက်လာတာကို ခင်ဗျားတွေ့ရလိမ့်မယ်"

ဆံသဆရာ ညွှန်ပြရာသို့ စာရေးဆရာက လှမ်းကြည့်လိုက်သည်။ ပန်းချီဆရာကတော့ သည်အကြောင်းတွေ သိပြီးသားပေမို့ သူ့လက်ဖက်ရည်ကိုသာ အေးအေးဆေးဆေး ငုံ့သောက်နေ



www.burmeseclassic.com

ww.burmeseclassic.com

သည်။ ဆံသဆရာ ညွှန်ပြရာ အိမ်တစ်အိမ်ရှေ့တွင် အဖိုးတန် ကားတစ်စီး ထိုးရပ်ထားသည်။ ခြံဝင်းထဲက အိမ်ကတော့ ခပ်သင့်သင့် အိမ်ကလေးတစ်လုံးမျှသာ ဖြစ်သည်။ ထိုအိမ်ထဲတွင် လူအတော်များများ ရှိနေသည်ကို သတိပြုမိသည်။

စကားတပြောပြောနှင့် ဆက်စောင့်ကြည့်နေလိုက်ကြသည်။ အတန်ကြာသော် ဆံသဆရာပြောသလို စောစောက သဲပုံပေါ်မှာ ကစားနေသည့် ကောင်မလေးကိုဝတ်ကောင်းစားလှ ဆွဲ၊ အပြင်အဆင်အခြယ်အသတွေနှင့်အပြင်ထွက်လာသည်ကို တွေ့ကြရသည်။ ထိုကောင်မလေးနှင့်အတူ အခြားလူသုံးလေးယောက်လောက်ကိုပါ တွေ့ကြရသည်။ ထို့နောက် သူတို့အားလုံး ကားပေါ်တက်လိုက်ကြသည်။ ဆက်လက်၍ သားသားနားနား အမျိုးသမီးတစ်ယောက်က ကားခေါင်းတွင် ထိုင်ပြီး ကားကိုမောင်းထွက်လိုက်ရာ မကြာမီပင် ထိုကားက သူတို့မျက်စိအောက်မှ ပျောက်ကွယ်သွားတော့သည်။

"ကိုင်း - အဲဒါပဲ။ မြင်လိုက်ရဲ့မဟုတ်လား - စာရေးဆရာ"

"မြင်သားပဲ။ မြင်တော့ ဘာဖြစ်သလဲဗျ"

"အဲဒါ ဇာတ်လမ်းအကျဉ်းပဲ။ အဲ - ဇာတ်လမ်းရဲ့ကျောရိုးလို့လည်း ပြောလို့ရတယ်။ ကျွန်တော်တောင် စာရေးဆရာ လေသံပေါက်နေပြီ - ဟဲဟဲ"

"နားထောင် စာရေးဆရာ။ စိတ်ဝင် စားစရာဇာတ်လမ်းတွေ ထပ်လာတော့မယ်"

ပန်းချီဆရာက ဝင်အချက်ပေးသည်။ စာရေးဆရာက ပြုံးရုံမျှသာ။ ချောင်းတစ်ချက်ဟန့်၊ လည်ချောင်းရှင်း လိုက်ပြီးနောက် ဆံသဆရာက သူ့စကားကို ဆက်သည်။

"အဟမ်း - ဒီလိုဗျ။ စောစောက သဲပုံနားမှာ ကစားနေတဲ့ ကောင်မလေးနာမည်က သူဇာလွှဲလွှဲဝင်းတဲ့။ ကောင်မလေးကိုခေါ်သွားတဲ့အမျိုးသမီးက မမြင့်မြင့်ဦးတဲ့။ သူတို့က သားအမိဆိုပါတော့။ မမြင့်မြင့်ဦးက ကျွန်တော်နဲ့တစ်နယ်ထဲသားတွေပဲ။ ဒါကြောင့် ကျွန်တော်က သူတို့ရဲ့ရင်းနှီးပြီးဖြစ်တာနဲ့အညီ ဒီဇာတ်လမ်းကိုပါ အကုန်လုံး သိခွင့်ရတယ်။ ဒီဇာတ်လမ်းကို မမြင့်မြင့်ဦးက ကျွန်တော့်ကို ယုံကြည်ဖို့ ဖွင့်ပြောထားတာ။ ကျွန်တော်ကလည်း ပန်းချီဆရာကို အချင်းချင်းမို့ပြန်ပြောပြထားတာ။ အခုခင်ဗျားကိုပါ ထပ်ပြောလိုက်မိပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြောမယ်။ စောစောက ကောင်မလေးနဲ့ မမြင့်မြင့်ဦးတို့ကို ကားနဲ့ တင်ခေါ်သွားတဲ့ သားသားနားနား အမျိုးသမီးကတော့ မသင်းနန္ဒာတဲ့ဗျ။ မသင်းနန္ဒာက မမြင့်မြင့်ဦးအိမ်ကို ခုလိုပဲ တစ်လတစ်ကြိမ်လောက် ပုံမှန်လာတယ်။ လာပြီးရင်လည်း စောစောကအတိုင်းပဲ၊ သူက သူဇာလဲ့လဲ့ဝင်းတို့ သားအမိကို ကားနဲ့ တင်ခေါ်သွားတယ်။ ခေါ်သွားတာက သူ့တိုက်ကို ခေါ်သွားတာ။ ဟိုမှာ မသင်းနန္ဒာက သူဇာလဲ့လဲ့ဝင်းနဲ့ တွဲပြီး ဖုန်းနဲ့ ဓာတ်ပုံတွေ ရိုက်တယ်၊ ဗွီဒီယိုတွေ ရိုက်တယ်။

မမြင့်မြင့်ဦးတို့က သိပ်မချောင်လည်ဘူး။ သူ့ယောကျ်ားက ပန်းရန်၊ လက်သမားအလုပ်မျိုး လုပ်တယ်။ မသင်းနန္ဒာက ဒီအိမ်ကို တစ်လတစ်ကြိမ်လာပြီး သူဇာလဲ့လဲ့ဝင်းနဲ့ တွေ့ပြီးတာနဲ့ ကလေးအတွက် အဝတ်အစားတွေ၊ မုန့်ဖိုးတွေ အတော်များများပေးခဲ့လေ့ရှိတယ်။ အဲဒီမသင်းနန္ဒာရဲ့ ပေးစာကမ်းစာတွေက မမြင့်မြင့်ဦးတို့အတွက် အတော်ကလေးအဆင်ပြေစေတယ်။ ဒီတော့ကာ - မသင်းနန္ဒာက ဒီအိမ်ကို ဘာကြောင့် တစ်လတစ်ခေါက် မှန်မှန်ရောက်သလဲ။ သူဇာလဲ့လဲ့ဝင်းကိုလည်း မုန့်ဖိုးတွေ၊ အဝတ်အစားတွေပေးပြီး ဘာကြောင့် လာတွေ့နေရသလဲ။ အဓိကဇာတ်အိမ်ကြီးက အဲဒါပဲဗျ၊ အဲဒါပဲ"

"ဒီလောက်ဆို ကျွန်တော့်ကို ပြောပြနေမယ့်အစား ခင်ဗျားကိုယ်တိုင်တောင် ရေးလို့ရနေပါပြီ"

"အဟဲ - ဒီလောက်လည်း မဟုတ်ပါဘူး။ ဒီတော့ ကျွန်တော် ဆက်ပြောမယ်။ လွန်ခဲ့တဲ့သုံးနှစ်လောက်က ဆိုပါတော့။ မသင်းနန္ဒာရဲ့ ယောကျ်ား ကိုဝေလင်းက ထောင်ကျသွားတယ်။ ဒီနေရာမှာ သူတို့လင်မယားအကြောင်းကို အကြမ်းဖျင်းပုံဖော်ပြမယ်။ သူတို့က တစ်ယောက်ကိုတစ်ယောက် တော်တော့်ကို ချစ်ကြတယ်။ အောင်မြင်တဲ့အိမ်ထောင်ရေးလို့ပဲဆိုပါတော့။ သူတို့က အသက်တော်တော်ကြီးမှ လက်ထပ်ဖြစ်ကြတာ။ ဒါပေမဲ့ - မေတ္တာကလည်း ပြည့်ဝ၊ တခြား စနည်းစွာ အခြံအရံတွေနဲ့လည်း ပြည့်စုံနေတဲ့သူတွေဆိုတော့ သူတို့ရဲ့ချစ်ခရီးက ပြောစရာမရှိအောင်ကို ဖြောင့်ဖြူးနေတာပေါ့ဗျာ"

"စာရေးဆရာပြောတာ ဟုတ်သားပဲ။ ခင်ဗျားက ကတ်ကြေးကိုင်မနေနဲ့တော့။ ကလောင်ပဲ ပြောင်းကိုင်လိုက်တော့"



www.burmeseclassic.com

ww.burmeseclassic.com

ဆံသဆရာ၏ အချက်ကျကျ ပြောတတ်ပုံကိုကြည့်ပြီး ပန်းချီဆရာက ဝင်နောက်လိုက်ခြင်းဖြစ်သည်။ အားလုံးက ရယ်လိုက်ကြရပြန်သည်။ ရယ်ရင်း မောရင်းနှင့်ပင် ဆံသဆရာက -

"ခင်ဗျားတို့နဲ့ ပေါင်းနေမှတော့ ကျွန်တော်လည်း ခင်ဗျားတို့ဓာတ်တွေ ကူးနေပြီပေါ့ဗျာ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါ့အပြင် ခင်ဗျား စာဖတ်နာမှန်းလည်း ကျွန်တော်က သိပါတယ်။ ကိုယ်ပိုင်ဆံသဆိုင်ကြီးဆိုတော့ တပည့်တွေနဲ့သာ လွှဲထားပြီး ခင်ဗျား စာချည်း လိမ့်ဖတ်နေတာကိုလည်း ကျွန်တော်က သိထားပါတယ်"

ဆံသဆရာက ရယ်ကျဲကျဲ လုပ်နေသည်။ ပြီးနောက် မျက်နှာပိုးသတ်ကာ သူ့ဇာတ်လမ်းကို ပြန်ဆက်သည်။

"ကိုဝေလင်းနဲ့ မသင်းနန္ဒာတို့ရဲ့ အိမ်ထောင်ရေးက တကယ့်ရှားပါးတဲ့ အိမ်ထောင်ရေးမျိုးပဲ။ ဒါပေမဲ့ - သူတို့မှာ မပြည့်စုံတာတစ်ခုကတော့ သေချာပေါက်ရှိနေတယ်၊ အဲဒါက သူတို့မှာ သားသမီးမရဘူး။ အိမ်ထောင်သက် အတော်ရလာတဲ့အထိ သူတို့ အရှူးအမူးတောင့်တနေတဲ့ ရင်သွေးကို သူတို့ ရမလာကြဘူး။

သူတို့ရဲ့ လိုအင်ဆန္ဒတွေ လုံးလုံးမပြည့်ဝတော့ဘူးလားဆိုတော့ ဒီလိုလည်း မဟုတ်ပါဘူး။ သူတို့အိမ်ထောင်သက် (၈)နှစ်လောက်ရတဲ့အချိန်မှာတော့ သူတို့ရင်သွေး သမီးကလေးတစ်ယောက်ကို သူတို့ ရသွားကြပါတယ်။ ဒီမတိုင်ခင် သူတို့ရဲ့ ကြိုးစားအားထုတ်မှုတွေလည်း အများကြီးရှိခဲ့တာပေါ့။ အထူးသဖြင့် ကိုဝေလင်းက မသင်းနန္ဒာထက် ပိုကြိုးကြီးလေးကို ရှုးသွပ်တယ်။ သူက ဆေးစစ်တာတွေ ဘာတွေအပါအဝင် ရက္ခစိုးဆီမှာ သားဆုတောင်းတာတွေ၊ ဘာတွေကအစ အကုန်လုံး လျှောက်လုပ်တဲ့လူပဲ"

"သမီးကလေးတစ်ယောက် ရသွားတယ်။ ရသွားပုံက ခက်ခက်ခဲခဲနဲ့ ရှားရှားပါးပါး ရသွားတာ။ ဒီတော့ ကိုဝေလင်းက ဒီသမီးလေးကို အလွန်ချစ်တယ်။ ခင်ဗျား ဒီအတိုင်းပဲ ဆက်ပြောမယ်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ - စာရေးဆရာရဲ့၊ ကိုဝေလင်းက ဒီသမီးကလေးကို ဘာချစ်သလဲမမေးနဲ့။ အများကြီးချစ်၊ အရမ်း အရမ်းချစ်၊ သည်းတုန်အူတုန် ချစ်ပေါ့ဗျာ။



www.burmeseclassic.com

ww.burmeseclassic.com

ဒီကလေးကိုပဲ သူ့အသက်နဲ့ ထပ်တူတန်ဖိုးထားပြီးတော့ အမြတ်တမ်း အရိပ်တကြည့်ကြည့်နဲ့ ယုယပိုက်ထွေးနေတော့တာပေါ့။ အဲ - ဒါပေမဲ့ - ဒီသမီးလေး နစ်နစ်အရွယ်လောက် ရောက်တဲ့အချိန်မှာပဲ ကိုဝေလင်းက ကလေးနဲ့ ခွဲခွာရဖို့ ဖန်တီးလာခဲ့တယ်။ အထက်မှာ ပြောပြခဲ့တဲ့အတိုင်း ကိုဝေလင်း ထောင်ကျသွားတယ်။

ကိုဝေလင်းမှာ ချို့ယွင်းချက်တချို့ရှိတယ်။ သူက စိတ်တိုတယ်၊ စိတ်ဆတ်တယ်။ နလုံးရောဂါလည်း သူ့မှာ နည်းနည်းရှိတယ်။ သူက ရိုးသားတာနဲ့အမျှ မဟုတ်မခံစိတ်မျိုးလည်း ရှိထားပြန်တော့ လူမှုဆက်ဆံရေးနယ်ပယ်မှာ အဖုအထစ်တွေနဲ့ သူ ကြုံရလေ့ရှိတယ်။ ပြီးတော့ သူတို့လင်မယားလုပ်နေတဲ့လုပ်ငန်းက အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်း။ ဒီလုပ်ငန်းက အာစရိသိတဲ့အတိုင်းပဲ။ အတော်လေး ကလိမ်ကကျစ်တွေနဲ့ ပြွမ်းတီးနေတဲ့လုပ်ငန်း။ ဒါကြောင့် တချို့လူလိမ်လူကောက်တွေနဲ့ လုပ်ငန်းအရတွဲလုပ်မိတဲ့အခါမျိုးမှာ ကိုဝေလင်းအတွက် ဒေါသဖြစ်ရတာတို့၊ စိတ်တိုရတာတို့နဲ့ ကြုံရတယ်။ ဒါကိုသိလို့လည်း မသင်းနန္ဒာက လုပ်ငန်းကို အများအားဖြင့် သူပဲ ဦးဆောင်တယ်။ ကိုဝေလင်းကို အိမ်မှာပဲ ကလေးနဲ့ နေစေတယ်။

ဒါပေမဲ့ - အကုသိုလ် အကျိုးပေးချိန် တန်လာတော့ ကိုဝေလင်းလည်း ဘာမှ မရှောင်နိုင်တော့ဘူး။ တစ်ရက်မှာ သူတို့နဲ့ အကျိုးတူတွဲလုပ်တဲ့ ပွဲစားတစ်ယောက်က သူတို့လင်မယားကို အသုံးချပြီး ဝယ်လက်တစ်ယောက်ဆီက ငွေလိမ်သွားတယ်။ သူတို့လင်မယားက လူလိမ်နောက်ကို ချက်ချင်းထလိုက်ကြတယ်။ တိုတိုပြောရရင် အဲဒီလူလိမ်နဲ့ ဆုံတွေ့မိတဲ့အချိန်မှာ အပြန်အလှန်စကားတွေများ၊ ရန်တွေဖြစ်ကြရာကစိတ်မထိန်းနိုင်ဘဲကိုဝေလင်းလက်လွန်သွားမိတယ်။ ဟိုလူသေသွားတယ်။ ကိုဝေလင်းလည်း ထောင်ဆယ်နစ်ကျသွားတယ်။ အခု သူထောင်ကျနေတာ လေးနှစ်ထဲကို ဝင်လာခဲ့ပြီ။

ဒီအချိန်မှာ သူတို့မိသားစု ကံဆိုးလိုက်ပုံက ကိုဝေလင်းကို စီရင်ချက်ချပြီး ထောင်ပို့ခါနီးမှာပဲ သူတို့သမီးလေးရုတ်တရက်ဆုံးသွားခဲ့တယ်။ အပြင်းဖျားရာကနေ ကောက်က ၁ငင်ကာ ဆုံးသွားခဲ့တာလို့ ဆိုတယ်။ ဒီမှာတင် ဇာတ်ရှိန်မြင့်ဖို့က စလာတော့တာပဲ။ ကိုင်း - ဒီနေရာမှာ ကျွန်တော် ခင်ဗျားတို့ကို မေးခွန်းထုတ်ကြည့်မယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်ကိုယ်တိုင် ဒီကိစ္စကို နစ်မျိုးနစ်ခွ တွေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့မိလို့ပဲ။ ခုလို ကလေးဆုံးသွားတဲ့အကြောင်း မသင်းနန္ဒာက ကိုဝေလင်းကို အမှန်အတိုင်း ပြောပြသင့်သလား၊ မပြောပြသင့်ဘူးလားဆိုတဲ့ မေးခွန်းပဲဗျာ"

ဆံသဆရာက မိတ်ဆွေနှစ်ယောက်ကို မေးခွန်းထုတ်ပြီး စကားကို ဆိုင်းငံ့ထားလိုက်သည်။ ဤတွင် ပန်းချီဆရာ၏ ထင်မြင်ချက်က ခပ်မြန်မြန်ပဲ ထွက်ပေါ်လာသည်။

"ပြောသင့်တယ်။ ကိုဝေလင်းအနေနဲ့ သိပ်ကို ခံစားသွားရမှာ မှန်သော်လည်း အမှန်အတိုင်း ပြောကို ပြောလိုက်သင့်တယ်။ ခုရှုပ်မှ နောင်ရှင်း၊ ခုပူမှ နောင်အေး။ တစ်ခါတည်း ပြောထားလိုက်တာပဲ ကောင်းတယ်"

"ဟုတ်ပြီ။ စာရေးဆရာကရော ဘယ်လိုသဘောရသလဲ"

"ပြောလို့ ဘယ်ဖြစ်မလဲ။ ခင်ဗျားတို့ စဉ်းစားကြည့်ပေါ့။ ကိုဝေလင်းက နှလုံးရောဂါအခံရှိတယ်၊ စိတ်ခံစားမှုလည်း ပြင်းထန်တတ်တယ်။ ပြီးတော့ နေရတာက အချုပ်သားအဖြစ်နဲ့ အခန်းကျဉ်းကလေးထဲမှာ နေနေရတာ၊ ဒီအနေအထားမျိုးမှာ သူ့အသက်နဲ့ထပ်တူတန်ဖိုးထားရတဲ့ သမီးကလေး ဆုံးသွားပြီဆိုတာ သိလိုက်ရရင် သူ ရုတ်တရက် ရှော့ဖြစ်သွားနိုင်တယ်၊ "ရှော့"မရရင်တောင် ကျဉ်းမြောင်းကြပ်တည်းပြီး ရှည်လျားကြာမြင့်တဲ့ ထောင်သားဘဝမှာ သူ ဒီစိတ်ဝေဒနာကို တမြည့်မြည့်ခံစားရင်း တဖြည်းဖြည်း ပိုဆိုးသွားမှာပဲ။ တပိန်ပိန်တလိမ်လိမ်ဖြစ်ပြီး သေတဲ့အထိ ဖြစ်သွားမှာပဲ"

"ကောင်းဗျာ၊ ခင်ဗျားမှန်တယ်၊ မသင်းနန္ဒာကလည်း ခင်ဗျားနဲ့ တစ်သဘောတည်းပဲ။ သူက ကလေးလည်း သေရော၊ သူ့အပူကို ဘေးချိတ်ထားပြီး ယောကျာ်းအတွက်ပဲ ဦးစားပေးပြီးတွေးတယ်၊ ဒီကိစ္စ ဘယ်လိုလုပ်ရပါ့မလဲပေါ့။ တကယ်တော့ ကလေးအသည်းအသန်ဖြစ်နေကတည်းက သူ့ယောကျာ်းကိုလိမ်ထားတာ၊ ကလေးက ရိုးရိုးဖျားတာပါ။ အထူးကုတွေနဲ့ ပြနေပါတယ်၊ သက်လည်း သက်သာလာပါပြီဆိုပြီး ယောကျာ်းစိတ်အေးအောင် လှည့်ပြောထားတာ။

ဒါနဲ့ကလေးလည်းသေရော၊ မသင်းနန္ဒာက အရှုံးမီးပိုင်းသလိုဖြစ်ရတော့တာပဲ။ ဒီကိစ္စ ဘယ်လိုလုပ်ရပါ့မလဲဆိုပြီး ဘေးကျပ်နံကျပ်ဖြစ်သွားတယ်၊ တစ်ပိုင်းကလည်း စာရေးဆရာပြောသလို သူ့ယောကျာ်းကို အမှန်အတိုင်း ပေးမသိသင့်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကို သူက သိထားတယ်။ အဲသလို အကြံအိုက်နေရဆဲကာလမှာပဲ ယောက်ျား ဆီ ထောင်ဝင်စာသွားတွေ့ရမယ့်နေ့ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက် လာခဲ့တယ်။

မသင်းနန္ဒာ အားလုံးပီပြင်အောင်၊ ပိပိရိရိဖြစ်အောင်ကြိုးစားခဲ့တယ်။ အဲဒီနေ့မှာ ကိုဝေလင်းကို ထောင်ဝင်စာ သွားတွေ့ရင်း ကလေးအကြောင်း ဆက်ပြီးလိမ်မြဲ လိမ်ထားခဲ့တယ်။ သူကိုယ်တိုင်ကတော့ ရင်တွင်းခံစားမှုကို ဖုံးဖိပြီး ဘယ်လိုသရုပ်ဆောင်ပြခဲ့ရမယ်ဆိုတာ ခင်ဗျားတို့ စဉ်းစားကြည့်ပေါ့ဗျာ။

ဒါနဲ့ ကိုဝေလင်းကတော့ ဒါတွေကို ဘာမှမသိဘဲ နောက်တစ်ခေါက် မသင်းနန္ဒာလာတဲ့အခါ ကလေးကို ခေါ် လာပါမယ့်အကြောင်း၊ ထောင်မသွားခင် ကလေးမျက်နှာကို တစ်ခါလောက် မြင်သွားချင်သေးတဲ့အကြောင်း မှာလိုက်တယ်။ မသင်းနန္ဒာကလည်း ကောင်းပါပြီ၊ ခေါ်ခဲ့ပါ့မယ်ဆိုပြီး လွယ်လွယ်ပဲ ဝန်ခံထားခဲ့တယ်။ လောလောဆယ် အေးရင်ပြီးတာပဲ၊ နောက်မှ ကြည့်ရှင်းမယ်ဆိုတဲ့ သဘောနဲ့ သူက အဲသလိုပြောထားခဲ့တာ။

အိမ်ရောက်တော့မှ သူက ဒီကိစ္စကို ဆက်စဉ်းစားကြည့်တယ်။ သူက ယောက်ျားကို ချစ်လို့ ကြံသလို ဖြေရှင်းခဲ့ပေမယ့် ဒီပြဿနာရဲ့ခက်ခဲပုံကို ပိုပြီးကွက်ကွက်ကွင်းကွင်း သိမြင်လာခဲ့တယ်။ ဘယ်လိုဆက်လုပ်ရပါ့မလဲဆိုပြီးတော့လည်း သူ အကြီးအကျယ် ခေါင်းခဲသွားမိတယ်။ အဲ – အဲသည်အချိန်မှာပဲ "အနာသိတော့ ဆေးရှိ" ဆိုသလို ထွက်ပေါက်ရစရာ အကြောင်းတစ်ခုက ဖန်တီးလာတယ်။ သူ ရုတ်တရက် အကြံရသွားတယ်။ အဲဒါကတော့ သူ အိမ်ခြံမြေကိစ္စနဲ့ နေရာအနှံ့ လျှောက်သွားရင်း သူတို့ကလေးနဲ့ သက်တူရွယ်တူ၊ ရုပ်ချင်းလည်း ချွတ်စွပ်မဟုတ်တောင် အတော်ကလေးမနီးယိုးစွဲဆင်တူတဲ့ ကလေးတစ်ယောက်ကို သူတွေ့ခဲ့ဖူးတယ်။ အဲဒီကလေးရဲ့မိဘတွေက တော်တော်လေးတော့ ဆင်းရဲတယ်။ ဒါပေမဲ့ – ဒီကလေးကို ဝတ်ကောင်းစားလှတွေ ဆင်ယင်ပေးလိုက်ရင် ဒီကလေးဟာ သူတို့ကလေးနဲ့ တော်တော်တူညီသွားမယ့် အဖြစ်ကို သူက တွေးခဲ့မိဖူးတယ်"

"အဲဒီကလေးက သူဇာလှဲ့လှဲ့ဝင်းပေါ့။ သူဇာလှဲ့လှဲ့ဝင်းက လူစားထိုးဇာတ်ကောင်အဖြစ်နဲ့ ဒီဇာတ်လမ်းထဲ ဝင်ပါလာရတယ်၊ ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

ww.burmeseclassic.com

"ဟုတ်ပ - ဟုတ်ပ။ ဒီနောက်မှာတော့ မမြင့်မြင့်ဦးတို့စားပေါက်ချောင်သွားတဲ့ အကြောင်းကို ခင်ဗျား သဘောပေါက်သွားရောပေါ့။ မသင်းနန္ဒာက သူ့စိတ်ကူးကို ချက်ချင်းအကောင်အထည်ဖော်တယ်။ မမြင့်ဦးဆီကိုလာပြီး အကူအညီတောင်း တယ်။ မမြင့်မြင့်ဦးကလည်း စားရမယ့်လမ်းဆိုတော့ ချက်ချင်းသဘောတူတယ်။ ဒါနဲ့ မသင်းနန္ဒာက သူ့ဇာလဲ့လဲ့ဝင်းကို သမီးတုကလေးအဖြစ်နဲ့ အသုံးချသွားနိုင်ခဲ့ တယ်"

"သဘောပေါက်ပြီ။ ဇာတ်ရည်လည်ပြီ။ ဒါပေမဲ့ - ဆံသဆရာရဲ့ ဒီကိစ္စဟာ သိပ်တော့ မလွယ်ဘူးနော်။ မသင်းနန္ဒာက ကလေးကို ကိုဝေလင်းဆီ ခေါ်သွားပြီး ပေါ်တင်လှည့်စားရမယ့်ကိစ္စဟာ တကယ်ဖြစ်နိုင်ချေရှိရဲ့လား။ ကလေးကလည်း သုံးနှစ်အရွယ်လောက် ရှိနေပြီဆိုတော့ မသင်းနန္ဒာ ဖြစ်စေချင်သလို အံဝင်ခွင်ကျ ဖြစ်ဖို့ လွယ်ပါ့မလား။ ပြီးတော့ ဒါက သိပ်ပြီးစိတ်ကူးယဉ်ဆန်နေသလိုမျိုးရော ဖြစ် မနေဘူးလား"

"ဟုတ်ပါတယ်။ ခင်ဗျားတွေးသလို ပဲ မသင်းနန္ဒာကလည်း ဒီလောက်တော့ မစွန့်စားရဲပါဘူး။ သူက ကလေးကို ကိုဝေလင်းဆီ ခေါ်မသွားတော့ဘူး။ သူက ဖုန်းထဲ မှာ ကလေးနဲ့အတူ ဓာတ်ပုံရိုက်တယ်။ ဗွီဒီယိုရိုက်တယ်။ ကိုဝေလင်းဆီ ရောက်တော့ ဖုန်းကို ပြန်ဖွင့်ပြလိုက်တယ်။ အဲဒီနည်းကိုပဲ သူက သုံးလိုက်တော့တယ်။ ကလေး လေးက သေချာပြင်ဆင်ပေးလိုက်တော့ တကယ် သူတို့သမီးကလေးနဲ့ တူသွား တယ်။ နည်းနည်းပါးပါးလောက် အပြောအဆို၊ အမူအရာလေးတွေ သင်ပြပေးပြီး လုပ်ဇာတ်ခင်းရတာလေးတွေတော့ ရှိတာပေါ့လေ။ ဘာပဲပြောပြော၊ ကိုဝေလင်းက ဖုန်းထဲက ပုံရိပ်ကလေးတွေကိုကြည့်ပြီး တကယ်ယုံကြည်သွားတယ်။ ဘာသံသယ မှလည်း ဖြစ်ပေါ်မလာဘူး။ ဒါနဲ့ပဲ မသင်းနန္ဒာရဲ့ ပထမအကြိမ် ဖြတ်ကျော်မှုကလည်း ချောချောမောမောပဲ အောင်မြင်သွားတယ်။

ကိုဝေလင်းက ကလေးကို တွေ့ချင်တယ်လို့တော့ ပူဆာသေးတယ်။ ဒါကို လည်း မသင်းနန္ဒာက အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြလိုက်တယ်။ ကလေးက အသက်ရှူ လမ်းကြောင်းကနေ ရောဂါပိုးကူးစက်ပြီး အဖျားဝင်သွားတာ ဖြစ်တဲ့အကြောင်း၊ ခုလို ပြန်နေကောင်းခါစ အချိန်မျိုးမှာ အနံ့အသက်လည်းမကောင်း၊ လူပေါင်းဖို့နဲ့လည်း

ww.burmeseclassic.com

မြှမ်းတီးနေတဲ့အချုပ်ခန်းလိုနေရာမျိုးကိုခေါ်မလာဝံ့တဲ့အကြောင်းရှင်းပြလိုက်တယ်။ ကိုဝေလင်းကလည်း ဒီအချက်ကို ချက်ချင်းလက်ခံတယ်။ ဒီလိုနေရာမျိုးကို ကလေးခေါ်မလာတာ မှန်တယ်ဆိုတဲ့အကြောင်း သူကတောင် ထောက်ခံလိုက်သေးသတဲ့။

ပြောရရင် ဇာတ်လမ်းက ဒီမှာပဲဆုံးပါပြီ။ ကိုဝေလင်း ထောင်ကို ရောက်သွားပြီးတဲ့နောက် မသင်းနန္ဒာက ကိုဝေလင်းဆီကို တစ်လတစ်ကြိမ် ထောင်ဝင်စာ သွားတွေ့တယ်။ သွားတွေ့တိုင်းလည်း သူနဲ့ မမြင့်မြင့်ဦးနဲ့ ပူးတွဲဒါရိုက်တာလုပ်ထားတဲ့ ဗွီဒီယို ဇာတ်လမ်းကလေးတွေကို ကိုဝေလင်းဆီ ယူယူသွားတယ်။ ဒါလေးတွေကို ကြည့်ပြီးတော့ပဲ ကိုဝေလင်းက အလွမ်းဖြေပေါ့။ အခုဆို သူ့ထောင်သက်က (၄)နှစ်လောက် ရှိလာပြီဖြစ်သလို သမီးကလေးကလည်း သူငယ်တန်းကျောင်းသူကလေး အရွယ် ဖြစ်လာပြီဆိုပါတော့။

ထောင်ရောက်ပြီးတော့လည်း ကိုဝေလင်းက သမီးလေးနဲ့ တွေ့ချင်တယ်၊ တွေ့ချင်တယ်ဆိုပြီး ဆက်ပူဆာနေသေးတယ်လို့ဆိုတယ်။ ဒါကိုလည်း အကြောင်းအမျိုးမျိုးပြပြီး မသင်းနန္ဒာက ယောက်ျားကို နှစ်သိမ့်ခဲ့တယ်။ သမီးလေးကို ဖေဖေနိုင်ငံခြားသွားနေတယ်၊ အကြာကြီးနေမှပြန်ရောက်မယ်ဆိုပြီးညာပြောထားတဲ့အကြောင်း၊ အဖြစ်မှန်ကို သိသွားပြီး သမီးလေး စိတ်ထိခိုက်သွားမှာကို စိုးရိမ်တဲ့အကြောင်း သေသေချာချာ ပြောပြတာပေါ့။ ကိုဝေလင်းက ဒါလည်းဟုတ်သားပဲဆိုပြီးလက်ခံလိုက်ရပြန်တယ်။ နောက်ပိုင်းရောက်တော့ သူက ကလေးနဲ့တွေ့ချင်တဲ့အကြောင်းမပူဆာတော့ဘူး။ မသင်းနန္ဒာပြောသမျှ အားလုံးယုံကြည်လက်ခံပြီး သူ လွတ်မြောက်ခွင့်ရမယ့်အချိန်၊ သူချစ်တဲ့ဇနီး၊ သမီးတို့နဲ့ပြန်လည်ပေါင်းဆုံရမယ့်အချိန်ကိုသာ သူကလက်ချိုးရေတွက်ရင်း စောင့်စားနေရတော့တယ်။ ကိုင်း - ပြီးပြီ။ မမြင့်မြင့်ဦးကတစ်ဆင့် ကျွန်တော် သိခဲ့ရတဲ့ သူတို့ ဇာတ်လမ်း ဒီမှာပဲ နိဂုံးချုပ်ပြီ"

ဆံသဆရာက စကားကို အဆုံးသတ်လိုက်သည်။ စာရေးဆရာက ဘဝင်ကျဟန်ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ ထိုအချိန်မှာပင် ပန်းချီဆရာကဝင်ပါလိုက်သည်။

"ဘယ်လိုလဲ။ ဒါဟာ ကုန်ကြမ်းတော့ ကုန်ကြမ်းပဲ မဟုတ်လား။ ဝတ္ထုရေးရင် ဖြစ်လောက်တယ် မဟုတ်လား"



www.burmeseclassic.com

ww.burmeseclassic.com

"သိပ်ဖြစ်တာပေါ့။ ဝတ္ထုရေးလို့ သိပ်ရတာပေါ့။ ဒါပေမဲ့ - ခင်ဗျားတို့ဇာတ်လမ်းက ဆုံးမှ မဆုံးသေးပဲ၊ တစ်ဝက်တစ်ပျက်ပဲ ရှိသေးတာပဲ"

"ဟုတ်ပါတယ်။ အဲဒါကိုပဲ ခင်ဗျားက ခင်ဗျားအတတ်ပညာနဲ့ ဆုံးအောင် ဆက်ရေးကြည့်လိုက်လေ။ ဝတ္ထုတစ်ပုဒ်ရယ်လို့ ရုပ်လုံးပေါ်သွားအောင် ပုံသွင်းကြည့်လိုက်လေ"

ဆံသဆရာက ဝင်ထောက်သည်။

"အဲသလိုရေးလိုက်ရင် ချော်တော ငေါ့သွားတာတွေ ဖြစ်လာမယ်ထင်တယ်နော်။ ဘာကြောင့်လည်းဆိုတော့ တစ်ပိုင်းက ဖြစ်ရပ်မှန်၊ တစ်ပိုင်းက စိတ်ကူးယဉ်ဖြစ်နေတယ်လေ"

စာရေးဆရာက -

"များများကြီးတော့ လွဲချော်သွားစရာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဇာတ်လမ်းက သုံးပုံနှစ်ပုံလောက် နင်းပြီးနေပြီ။ ဇာတ်သိမ်းပိုင်းလောက်ပဲ ကျန်တော့တယ်၊ ဒီတော့ ဒီလိုဇာတ်အိမ်၊ ဇာတ်ကောင်တွေ ခိုင်မာနေပြီးသား အနေအထားမျိုးမှာ စာရေးဆရာက ထွေလီကာလီ ကွန့်မြူးပြီး ဇာတ်ကြောင်းကို ဟိုပို့ဒီပို့ လုပ်လို့မရတော့ဘူးဗျ။ လုပ် ရင် ဝတ္ထုပျက်သွားလိမ့်မယ်။ မပီမပြင်တွေ ဖြစ်သွားလိမ့်မယ်။

ဒီတော့ ကျွန်တော်က ခင်ဗျားတို့ နှစ်ယောက်ကိုပဲ ပြန်မေးကြည့်လိုက်မယ်၊ ခင်ဗျားတို့သာ ကျွန်တော့်နေရာမှာဆိုရင် သူတို့ကို ဘယ်လိုဇာတ်သိမ်းပေးလိုက်မလဲ၊ ဖြစ်သင့်တဲ့အကြောင်းအရာက အများကြီးတော့ ဝေးကွာသွားလို့မရဘူးနော်။ ဒါကို ကျွန်တော် ပြောထားပြီးသား။ အဲဒါကို သတိထားပြီး ဖြေကြည့်ပေါ့။ ကဲ - လုပ်ကြစမ်း"

စာရေးဆရာ၏ စကားအဆုံးတွင် ကျန်နှစ်ယောက်က လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ပြုံး၍လည်း စဉ်းစားခန်း ဝင်လိုက်ကြသည်။ သိပ်တော့ မကြာပါ။ ပန်းချီဆရာက ဦးစွာ တင်ပြလာသည်။

"ကျွန်တော်ကတော့ မသင်းနန္ဒာအနေနဲ့ ဒီပြဿနာကို ရှည်ရှည်ဝေးဝေး ဆက်ပြီးယူမသွားစေချင်တော့ဘူး။ သူ့တာဝန်ကျေပါပြီ။ ကိုဝေလင်းကလည်း ထော် သက်ရလာတာနဲ့အမျှ သွေးအေးပြီး စိတ်တည်ငြိမ်နေပါပြီ။ ဒါကြောင့် အမှန်အတိုင်း ဖွင့်ပြောပြီး ဖြတ်ချလိုက်သင့်ပြီလို့ထင်တယ်။ သူ ကိုဝေလင်းကို ချစ်လွန်းလို့ ဒီလိုလုပ် ရတာပါဆိုတဲ့အကြောင်း တောင်းပန်ရှင်းပြပြီး ဇာတ်သိမ်းလိုက်တာမျိုးပေါ့"



www.burmeseclassic.com

ww.burmeseclassic.com

"ဒါဆိုရင် ဝတ္ထုက ပေါ့သွားမှာပေါ့ ပန်းချီဆရာရဲ့ ဇာတ်ကြောင်းကို လေးလေးပင်ပင် သယ်လာခဲ့ပြီး ဒီလို ခပ်ပေါ့ပေါ့ လွှတ်ချလိုက်လို့ ဘယ်ဖြစ်မလဲ။ စာဖတ်သူက နာခေါင်းရှုံ့မှာပေါ့။ ခင်ဗျားနည်းက လွယ်လွန်းတယ်၊ စင်းလွန်းတယ်၊ ကဲ - ဆံသဆရာ ပြောပါဦး"

ဆံသဆရာက မေးစေ့ကိုပွတ်ပြီး ရယ်ကျဲကျဲလုပ်သည်၊ သို့သော် သူကလည်း သူ့အဆိုကိုတော့ မဆိုင်းမတွ တင်ပြလာပါသည်၊

"ကျွန်တော် ပြောကြည့်မယ်။ ကျွန်တော်ကတော့ ကိုဝေလင်းကို သေနိုင်းလိုက်မယ်ဗျာ။ မသင်းနန္ဒာက ကိုဝေလင်း သေသွားတဲ့အတွက် စိတ်ထိခိုက်ကြေကွဲရတာ မှန်တယ်၊ ဒါပေမဲ့ - တစ်ပိုင်းကလည်း အမြဲတမ်းလုပ်ဇာတ်ဆင်ပြီး လိမ်ညာနေရတဲ့ သူ့ရဲ့ဝန်ထုပ်ဝန်ပိုးကြီး အလိုအလျောက် ပြုတ်ကျပြီးသားဖြစ်သွားတယ်၊ ဒီတော့ ဒါဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲ။ ဒီနည်းနဲ့ပဲ ဒီအဖုအထစ်ကြီးကို ကျွန်တော် ဖြေပေးလိုက်ချင်တယ်၊ ဒီနေရာမှာ ကိုဝေလင်းကို သေနိုင်းလိုက်တဲ့အတွက် ဖြစ်နိုင်ခြေနဲ့ ဝေးလွန်းတယ်လို့ ခင်ဗျားမဆိုနဲ့။ ကိုဝေလင်းမှာ နှလုံးရောဂါရှိတယ်၊ ထောင်ဒုက္ခကြောင့် တကယ်ကို အချိန်မရွေး သေသွားနိုင်တယ်၊ ကဲ - ဘယ့်နယ်လဲ"

ဒါကိုလည်း စာရေးဆရာက ခေါင်းခါပြလိုက်သည်၊ ထိုမျှမက နှုတ်ခမ်းပင် ပယ်ချလိုက်သည်၊

"မဖြစ်နိုင်ဘူး။ စာရေးဆရာက ကိုယ့်ဇာတ်ကောင်တစ်ယောက်ကို အလွယ်တကူသတ်ပစ်လို့ဘယ်ရမလဲ။ ပြီးတော့ ဒီနည်းနဲ့သာ ကယ်ပေါက်ရှာလိုက်လို့ကတော့ ကျွန်တော်က ခပ်ညံ့ညံ့စာရေးဆရာ ဖြစ်သွားပြီး ကျွန်တော် ရေးတဲ့စာကလည်း ခပ်ဖျင်းဖျင်းဝတ္ထုပဲ ဖြစ်သွားမှာပေါ့ဗျ။ ခင်ဗျားတို့ မှတ်ထားဖို့က ဝတ္ထုရေးတဲ့နေရာမှာ စာရေးဆရာဟာ ကိုယ့်ဇာတ်ကောင်တွေအပေါ်မှာ အမြဲတမ်း မျှမျှတတ ရှိဖို့လိုတယ်ဗျ။ အလွယ်တကူ၊ အရမ်းကာရော ပစ်ချလိုက်တာမျိုး ဘယ်တော့မှမလုပ်ရဘူး။ ဒီလိုမှတာမှ ရှိမှလည်း ဝတ္ထုရဲ့အလှအပဆိုတာက ကြွရွပြီး ပေါ်လွင်လာခဲ့မှာ၊ အခု ခင်ဗျားတို့ ပြောပြတာတွေက တစ်ခုမှ အလုပ် မဖြစ်ဘူး။ တစ်ခုမှ မပီပြင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ။ ခင်ဗျားပြောကြည့်နိုင်းလို့ ကျွန်တော်တို့က ပြောရတာပဲ။ ကျွန်တော်တို့က ခင်ဗျားလိုစာရေးဆရာမှ မဟုတ်ဘဲ။ ဒီတော့ ကျွန်တော်တို့ကို ပယ်ချလိုက်တာတော့ ထားပါ။ ခင်ဗျားကျတော့ရော ဒီဇာတ်လမ်းကို ဘယ်လိုဆက်ရေးမလဲ။ အဲဒါလေး - သိရမလား"

ဆံသဆရာ၏ မေးခွန်းအဆုံးတွင် တစ်ဝိုင်းလုံးအသံတိတ်သွားသည်။ စာရေးဆရာကို ကျန်နစ်ယောက်က ဆက်ပြီးအကဲခတ်နေကြသည်။ စာရေးဆရာက မျက်မှောင်ကြုတ်၍ မျက်စိကိုမှိတ်ထားသည်။ မိတ်ဆွေများကိုတစ်ခုခု အဖြေပေးဖို့ အားထုတ်နေမှန်း သိသာသည်။ ထိုသို့ အတန်ကြာအောင်နေပြီးမှ -

"အင်း - ကျွန်တော် ပြောနိုင်ပါတယ်။ ဇာတ်သိမ်းပိုင်းကို ကျွန်တော်ကောင်းကောင်းပြောနိုင်ပါတယ်။ စောစောက ခင်ဗျားတို့ပြောတာ နားထောင်နေရင်းနဲ့ကို ဒီဇာတ်သိမ်းပိုင်းရဲ့အချိတ်အဆက်ကိုနည်းနည်းပါးပါး ပုံဖော်ကြည့်လို့ရနေပါပြီ။ ခုတော့ ကျွန်တော့်ခေါင်းထဲမှာပိုပြီးတော့တောင် ပီပီပြင်ပြင် ဖြစ်လာသလိုရှိတယ်။

ပထမတစ်ခု ဘူးဝကနေ ကိုဝေ
ထွက်ထွက်ချင်း သမီး ဘယ်မှာ
သမီး မပါဘူးလားဆိုပြီး မေးမြ
ရမယ့် အမေးသင့်ဆုံးမေးခွန်းက
ကိုဝေ မမေးခဲ့ဘူး။ နောက်တစ်
ကားထဲမှာ ပန်းခြင်းတစ်ခြင်း
ရှိနေတာ ကိုဝေ မြင်တယ်။
ဒီပန်းခြင်း ဘာလုပ်ဖို့လည်းဆို
ကိုဝေ မမေးခဲ့ပြန်ဘူး။ နောက်တ
ကားကို အိမ်ရှိတဲ့ဘက် ကွေ့ရမ
အစား ဆန့်ကျင်ဘက်ကို နန္ဒ
ချိုးဝင်လာတော့ ဒါ ဘယ်သွားမ
လဲလို့ ကိုဝေ မမေးပြန်ဘူး။
နောက်ဆုံး ဒီလမ်းထဲကို ဝင်လာ
ကားရပ်လိုက်တဲ့အထိ ကိုဝေ
ဆက်ပြီး ငြိမ်နေခဲ့ပြန်တယ်



ww.burmeseclassic.com

ဒါပေမဲ့ - ဒါကို ကျွန်တော် ထုတ်မပြောတော့ဘူး။ ပြောလိုက်ရင် ခင်ဗျားတို့ အရသာပျက်သွားလိမ့်မယ်။ နောက်တစ်လကျော်မှာထွက်မယ့် ကျွန်တော် ပင်တိုင် ရေးနေကျ "စန္ဒာဦး" မဂ္ဂဇင်းကိုစောင့်ဖတ်ကြလို့ပဲ ကျွန်တော်ပြောချင်တယ်။ အဲဒီအခါ မှ သဏ္ဍာန်အရလည်း လှပ၊ ဇာတ်ကောင်တွေအတွက်လည်း မျှတတဲ့ ဝတ္ထုကောင်း လေးတစ်ပုဒ်ကို ခင်ဗျားတို့ ဖတ်ရစေမယ်ဆိုတဲ့အကြောင်း ကျွန်တော် အခုတစ်ခါ တည်း အာမခံလိုက်မယ်။ ဟုတ်ပြီလား - ကိုယ့်လူတို့"

စာရေးဆရာ၏ စကားအဆုံးတွင် ကျွန်နှစ်ဦးက ကျေနပ်စွာ ခေါင်းညိတ်ပြ လိုက်ကြသည်။ စာရေးဆရာပြောသလို သူတို့က မဂ္ဂဇင်းကိုသာ စောင့်ဖတ်ကြဖို့ အားခဲထားလိုက်သည့်သဘောပင်။ သည့်နောက် ဤဝိုင်း၏ အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်သောဆံသဆရာကပင်စားပွဲထိုးကိုလှမ်းခေါ်ကာကျသင့်ငွေကိုရှင်းပေးပြီးနောက် သူတို့ချင်း လူချင်းခွဲလိုက်ကြသည်။

ဤတွင် စာရေးဆရာက အိမ်ပြန်ရောက်ရောက်ချင်း ကလောင်ကို ကောက် ကိုင်သည်။ သူ့ခေါင်းထဲတွင် ဖမ်းဆုပ်မိထားသည့် စိတ်ကူးအပိုင်းအစများကို အမြန် ဆုံးစုစည်းသည်။ ပြီးနောက် ရုပ်လုံးပေါ်ကာ ထင်ရှားဆဲ၊ သစ်လွင်ဆဲ၊ မြူးကြွဆဲဖြစ်နေ သည့် အရိပ်အယောင်မှန်သမျှကို ကလောင်သွားဖြင့် အမိအရ ကမ္ပည်းတင်နိုင်ရန် သူက အချိန်မဆိုင်းဘဲ လုပ်ငန်းစလိုက်တော့သည်။

○

ကောင်းကင်တစ်ခို၌ ခဲသားရောင်မိုးသားတွေက ညို့မှိုင်းပြီး အုံ့ဆိုင်းလျက် ရှိသည်။ မကြာမီ မိုးကြဲးရွာချတော့မည့် အသွင်သဏ္ဍာန်ကို အတိအကျ ဆောင်ယူ လျက်ရှိသည်။ သို့ပြား လောလောဆယ်မှာတော့ လောကဓာတ်ကို အေးစိမ့်စိမ့်ဖြစ် အောင် ဖန်တီးကာ မိုးပေါက်သေးသေးမွှားမွှားကလေးတွေကို ရှေ့တော်ပြေးအဖြစ် စေလွှတ်ရုံသာ ရှိသေးသည်။

သင်းနန္ဒာက ကားကို ကျင်လည်စွာ မောင်းလာခဲ့သည်။ ရှေ့နောက်ဝဲယာတို့ ကျွင်ယာဉ်ပေါင်းစုံ၊ လူပေါင်းစုံတို့ဖြင့် ပြွမ်းတီးရှုပ်ထွေးလျက်ရှိသည်။ မိုးရွာလာတော့



www.burmeseclassic.com

www.burmeseclassic.com

မည်မို့ လမ်းဘေးဈေးသည်တချို့အမိုးပြင်သူပြင်၊ ထီးဖွင့်သူဖွင့် ပြုလုပ်နေကြသည်ကို တွေ့ရသည်။

မကြာမီ မီးပွိုင့်မိနေသော ယာဉ်ကြော၏ နောက်မြီးနှင့် ဂဟေဆက်မိသွားသည်၊ သင်းနန္ဒာက ဘရိတ်ကို အသာမေးပြီး ကားကို ထိုးရပ်လိုက်သည်။ ရေစက်ရေမှုန်တွေနှင့်ဝေမှိုင်းစပြုလာနေသည့်ကားမှန်အတွက်ရေသုတ်တံကိုဖွင့်ပေးလိုက်သည်။ ရေသုတ်တံက ဘယ်ညာယမ်းပြီး လုပ်ငန်းစလိုက်ချိန်မှာပင် သင်းနန္ဒာ ဘေးက စကားသံများ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

"ထောင်ဘူးဝက ထွက်ထွက်ချင်း ကိုယ့်ကို မြင်လိုက်ရတော့ နန္ဒာ ဘယ်လိုခံစားရလဲ"

"ဘာကိုပြောတာလဲ - ကိုဝေ"

"ဪ - ကိုယ့်ရုပ်သွင်က ရိုင်းလည်းရိုင်းနေတယ်၊ ကြမ်းလည်း ကြမ်းတမ်းနေတယ်။ ပြီးတော့ ပိုပြီးတော့လည်း ရင့်ရော်သွားတယ်လေ။ အဲဒါကိုပြောတာပါ"

"ဟင့်အင်း - နန္ဒာ့မျက်စိထဲမှာတော့ ကိုဝေ့ရုပ်သွင်က ဘယ်လိုမှထူးခြားတယ်လို့ မထင်ဘူး။ ခံစားရပုံကိုပြောရရင်တော့ ဝမ်းသာတယ်၊ ကြည်နူးတယ်၊ ပျော်တယ်။ နန္ဒာ့ရင်ထဲမှာ အဲဒါပဲ ရှိတယ်"

"အဟုတ်ပဲလား။ အင်းလေ၊ (၅)နှစ်လောက်မို့လို့သာ နန္ဒာ ဒီလိုပြောတာလည်း ဖြစ်ချင်ဖြစ်မှာပါ။ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဆိုတာလည်း ထွက်ပေါ်မလာကိုယ်ကလည်း ထောင်ထဲမှာ (၁၀)နှစ်လောက်နေရ၊ အဲသလိုမျိုးဆို နန္ဒာ ဒီလိုပြေချင်မှ ပြောနိုင်မှာပါ"

"လုံးဝပဲ။ နန္ဒာ ဘယ်တော့မှ စိတ်မပြောင်းဘူး။ (၁၀)နှစ်မကလို့ အနှစ် (၂၀)ပဲ ဖြစ်ဖြစ်၊ ဒီအတိုင်း တစ်သမတ်ထဲပဲဖြစ်နေမှာပဲ။ ဘာကြောင့်လဲဆိုတော့ နန္ဒာ ကိုဝေ့ကို ချစ်တဲ့အချစ်က အသက်နဲ့ခန္ဓာ တည်မြဲနေသရွေ့ထာဝရခိုင်မာတည်မြဲနေမှာမို့လို့ပဲပေါ့"

သက်ပြင်းနှင့်အတူ ညည်းသံသဲ့သဲ့ကို ကြားရသော်ငြား သင်းနန္ဒာ လှည့်မကြည့်ဖြစ်။ ဟွန်းသံစူးစူးက နောက်ဆီမှ ထွက်ပေါ်လာသည်။ ရှေ့မှာ မီးစိမ်းနေပြီရှေ့ကားကလည်း ရွေ့လျားနေလေပြီ။ သူ လီဘာကို ခပ်ဖွဖွနင်းလိုက်သည်။ ကား



www.burmeseclassic.com

ww.burmeseclassic.com

အရှေ့နောက်ကြည့်မှန်က တစ်ဆင့် ကားနောက်ပိုင်းထဲက နင်းဆီပွင့်တွေနှင့် ပန်းခြင်းကလေးကို လှမ်းအမြင်၊ သူ့ရင်က တစ်ချက်မျှ ဒိတ်ခနဲ ဖြစ်သွားရသည်။

ယာဉ်ကြောအတိုင်းမောင်းလာရင်းအဝေးပြေးလမ်းဆုံနားရောက်တော့ သူ့ရင်တွေ ပိုလို့ပင် ခုန်လာရတော့သည်။ ကားကို ဆန့်ကျင်ဘက်အရပ်သို့ ချိုးအကွေ့နောက်ထပ်သံသယတစ်ခုက မိမိရရ ဝင်ရောက်ခိုတွဲလာခဲ့ပြန်သည်။ ပြောရလျှင် သည်သံသယက သုံးခုမြောက်သံသယ ဖြစ်သည်။ သို့သော် စိတ်ရှည်လိုက်ဦးမည်၊ လေးခုမြောက်သံသယအထိ ဆက်ငြိမ်နေလိုက်ဦးမည်ဟု ဆုံးဖြတ်ကာ သူမသိမသာ အံကို ကြိတ်၍ စိတ်ကိုတင်းလိုက်သည်။ ချောင်နေသော လမ်းကြောတစ်လျှောက် လီဘာကိုပါ ခပ်ဖိဖိနင်းချလိုက်သည်။ စက်ရှိန်အမြှင့်တွင် ကား၏ မြန်နှုန်းကပါ မြင့်သွားခဲ့သည်။

ကားကို နောက်ဆုံးချိုးကွေ့ရမည့် လမ်းဆုံနားရောက်တော့ သူ့စိတ်က တုန်လှုပ်လွန်းပြီး ခပ်ယိုင်ယိုင်ဖြစ်ချင်သလိုပင် ရှိလာသည်။ သို့သော် ဖြစ်ချင်ရာဖြစ်တော့ဟု သဘောပိုက်ကာ သူ ကားကို ချိုးကွေ့ချလိုက်သည်။ ပြီးတော့ ကားကိုလည်း လမ်းဘေးတွင် တုံ့ခနဲ ထိုးရပ်ထားလိုက်မိသည်။

သည့်နောက် သက်မကြီးတစ်ချက်ကို မောလျစွာချလိုက်ပြီး ရင်ဆိုင်တိုက်ပွဲအတွက် အစပျိုးလိုက်သည်။

"အရေးကြီးတာ ပြောစရာရှိတယ် - ကိုဝေ။ အောက်ကို ခဏဆင်းကြရအောင်"

မိမိ၏ထူပူလှုပ်ရှားမှုနှင့် အလွန်ဝေးကွာလွန်းသည့် အေးစက်ငြိမ်သက်သောတုံ့ပြန်မှုကို တွေ့ရပြန်တော့ စတုတ္ထမြောက်သံသယက မျှော်လင့်သည့်အတိုင်း ကဆုန်စိုင်းပြီး ဝင်ရောက်လာတော့သည်။ အရေးအကြီးဆုံးအချိန် ရောက်ပြီ။ သည်အချိန်ကိုအကောင်းဆုံးကျော်ဖြတ်ဖို့သာ ရှိတော့သည်ဟု စိတ်ကိုတုံးတုံးချကာ ကားတံခါးကိုဖွင့်၍ အပြင်ထွက်လိုက်သည်။

နစ်ယောက်သား ကားဦးမှာ ရပ်နေမိကြသည်။ ရှေ့မြင်ကွင်းက ရှင်းလင်းလျက်ရှိသည်။ လမ်းဖွေးဖွေးက အစမှ အဆုံး ပကတိငြိမ်သက်နေသည်။ ဝဲယာတွင် စေတာအုပ်တွေက အစီအရီရှိနေပြီး ထင်ရှားသော ကျီးအာသံနှင့်အတူ ကျေးငှက်မြည်သံ ကျည်ကျည်ကျာကျာတို့ကို ဟိုမှသည်မှ ကြားကြရသည်။



www.burmeseclassic.com

ww.burmeseclassic.com

"ကိုဝေ့ကို နန္ဒာပြောမယ်နော်။ အခု ကိုဝေ့ရဲ့ပျက်ကွက်မှုတွေ လေးခုတိတိ ရှိသွားပြီလို့ နန္ဒာ မှတ်သားထားတယ်"

"ဟုတ်လား။ အဲဒါတွေက ဘာတွေလဲ။ ပြောပြပါဦး"

"ပထမတစ်ခု ဘူးဝကနေ ကိုဝေ ထွက်ထွက်ချင်း သမီး ဘယ်မှာလဲ၊ သမီး မပါဘူးလားဆိုပြီး မေးမြန်းရမယ့် အမေးသင့်ဆုံးမေးခွန်းကို ကိုဝေ မမေးခဲ့ဘူး။ နောက်တစ်ခုက ကားထဲမှာ ပန်းခြင်းတစ်ခြင်းရှိနေတာ ကိုဝေမြင်တယ်။ ဒီပန်းခြင်း ဘာလုပ်ဖို့လည်းဆိုပြီး ကိုဝေ မမေးခဲ့ပြန်ဘူး။ နောက်တစ်ခု ကားကို အိမ်ရှိတဲ့ဘက် ကွေ့ရမယ့် အစား ဆန့်ကျင်ဘက်ကို နန္ဒာ ချိုးဝင်လာတော့ ဒါ ဘယ်သွားမလို့လဲလို့ ကိုဝေ မမေးပြန်ဘူး။ နောက်ဆုံး ဒီလမ်းထဲကို ဝင်လာပြီး ကားရပ်လိုက်တဲ့အထိ ကိုဝေ ဆက်ပြီး ငြိမ်နေခဲ့ပြန်တယ်"

"ဩော် - ဒါလား"

ထိုစကား၊ ထိုလေသံက ခပ်အေးအေးပင်ရှိသည်။ ဝေလင်းက ကားဦးကို နောက်ပြန်မှီထားသည်။ စောစောက ဂျာကင်အင်္ကျီအိတ်ထဲ ထိုးနှိုက်ထားသည့် သူ့လက်တွေကိုထုတ်ကာ လက်ဖဝါးချင်း ပွတ်သပ်နေသည်။ ရှည်လျားပြီး အရိုင်းထနေသည့် သူ့ဆံပင်တွေက အင်္ကျီကော်လာကိုကျော်၍ လည်ကုပ်ဆီ တိုးဝှေ့နေသယောင် ရှိသည်။

ခပ်ပြုံးပြုံးအမူအရာဖြင့်ပင် ဝေလင်းက လမ်းဘေးကို မော့ကြည့်လိုက်သည်။ ထိုအခါ "သုသာန်သို့" ဟု မြားညွှန်ထားသည့် မှတ်တိုင်ကလေးကို လှမ်းအမြင် သင်း နန္ဒာ ဖျန်းခနဲ ကြက်သီးထသွားမိသည်။ ဆက်လက်ပြီး သူ့ကို အသက်ရှူမှားသွားစေမည့် စကားလုံးတွေက ဝေလင်းနှုတ်ဖျားမှ ဆင့်ကဲထွက်ပေါ်လာသည်။

"ကိုယ် မပျက်ကွက်ပါဘူး - နန္ဒာ။ ဒါတွေ ကိုယ်မေးနေစရာမှ မလိုတော့ဘဲ"

"ဟင် - ဘာ - ဘာဖြစ်လို့လဲ ဝေရဲ့"

"နန္ဒာ ဘာလုပ်မယ်၊ ဘယ်သွားမယ်၊ ကိုယ့်ကို ဘာပြောမယ်ဆိုတာ ကိုယ် အားလုံးသိထားပြီးသားပဲဟာ"

"ဘာ - ဘာပြောလိုက်တယ်။ ကိုဝေ ဘာပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် နန္ဒာ။ နန္ဒာ့အစီအစဉ်ကို ကိုယ်သိတယ်။ ပထမဆုံး သမီးနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်ကို နန္ဒာ ကိုယ့်ကို ရှင်းပြမယ်။ ပြီးရင် လွမ်းသူ့ပန်းခြင်းကလေးကို သမီးရဲ့အုတ်ဂူမှာ တင်ဖို့ သုသာန်ထဲကို ဆက်သွားမယ်"

"ဘုရား - ဘုရား"

ခေါင်းထဲမှာ မီးပွင့်သွားသလား အောက်မေ့ရသည်။ လူတစ်ကိုယ်လုံး ဖျင်းခနဲဖြစ်သွားပြီး ကျောက်ရုပ်ကဲ့သို့လည်း တောင့်တောင့်ကြီး ဖြစ်သွားသည်။ ပါးစပ်ကဟောင်းလောင်းပွင့်၍ မျက်လုံးတွေကလည်း ပြူးကျယ်ကုန်သည်။

"မအံ့သြပါနဲ့ နန္ဒာ။ ကိုယ့်အတွက် ထူးပြီးခံစားစရာမရှိတော့ပါဘူး"

ဝေလင်းအသံက အေးနေဆဲပင်။ သင်းနန္ဒာက ဝေလင်း လက်မောင်းတွေကို လှမ်းဆုပ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဗလုံးဗထွေးနိုင်လှသော စကားလုံးတွေကပါ နှုတ်ဖျားမှ တရဟော ထွက်အံ့ကျလာသည်။

"မအံ့သြလို့မရဘူး ကိုဝေ။ မအံ့သြလို့မရဘူး။ ပြော - နန္ဒာ့ကိုပြော။ ဒါကို ကိုဝေ ဘယ်လိုလုပ်သိသလဲ။ ဘယ်တုံးက သိသလဲ။ ဘယ်သူပြောလို့ သိသလဲ"

ပြောရင်း လူကိုပါ မရပ်မနား လှုပ်ခါနေမိသည်။ ဝေလင်းက လက်နှစ်ဖက်ကို သင်းနန္ဒာခါးပေါ်တင်ကာ တစ်ချက်လောက် ညှစ်လိုက်တော့မှ ငြိမ်ကျသွားသည်။ အံ့သြမှုနှင့် ထိတ်လန့်မှုကို ပူးတွဲဖော်ပြလျက်ရှိသည့် မျက်လုံးတွေကတော့ ပြူးကျယ်ဝိုင်းစက်လျက်ရှိဆဲပင်။

"စိတ်ကို ထိန်းပါ - နန္ဒာ။ ကိုယ်ပြောပြမယ်။ ကိုယ်က ဒီဇာတ်လမ်းကို အစောကြီးကတည်းက သိပြီးသားပါ။ နန္ဒာက အတတ်နိုင်ဆုံးတော့ သိုသိုသိပ်သိပ်လုပ်တာပါပဲ။ ဒါပေမဲ့ - ပါးစပ်တစ်ပေါက်ကိုတော့ နန္ဒာ မပိတ်လိုက်နိုင်ခဲ့ဘူး။ အဖြစ်မှန်ကို အဲဒီလူဆီကပဲ ကိုယ် သိခွင့်ရခဲ့တာ။

သူနာပြုမည်က ကိုထွန်းမောင်တဲ့။ သူက ကွန်ပေါင်ဒါတစ်ယောက်ပဲ။ သူ့အလုပ်လုပ်တာက သမီးလေးဆုံးသွားတဲ့ဆေးရုံမှာ။ ကိုထွန်းမောင်က နန္ဒာ့ကိုရော ကိုယ့်ကိုပါ သိနေတယ်။ သိဆို - သူ့အတွက် မြေကွက်တစ်ကွက် ကိုယ်တို့ အကျိုးဆောင်ပေးခဲ့ဖူးတယ်လေ။ ဖြစ်ချင်တော့ သူကလည်း ဆေးရုံပစ္စည်း အလွဲသုံးစားမှုနဲ့ ထောင်ကျလာခဲ့တာ။ ထောင်ထဲမှာ ကိုယ်နဲ့ ဆုံမိတယ်။ အဲသလို ဆုံမိလို့လည်း အဖြစ်မှန်ကို ကိုယ်သိလိုက်ရတာ။



www.burmeseclassic.com

ww.burmeseclassic.com

ကိုယ့်ကို ထောင်ထဲမှာ တွေ့လိုက်ရတော့ သူက အံ့ဩသွားတယ်။ ပြီးတော့ ကိုယ့်ကို အံ့ဩသွားအောင်လည်း သူက လုပ်လိုက်ပြန်တယ်။ သူက ကိုယ့်ကို ပြောတယ်။ ခင်ဗျား၊ ကိုယ်တိုင်လည်း ထောင်ကျ၊ သမီးကလည်း သေရပြန်ဆိုတော့ တော်တော်စိတ်သောက ရောက်ရမှာပဲနော်တဲ့။ အဲသလိုပြောလာတယ်။ ကိုယ်က ဒါကို ကြားတော့ အံ့ဩရုံမကဘူး၊ သွေးတွေလည်း ဆူပွက်သွားတယ်။ သူ့ကိုလည်း ခင်ဗျား ဘာပြောတာလဲဆိုပြီး ကမူးရှူးထိုး ရန်တွေ့လိုက်မိတယ်။ သူက ရုတ်တရက်မို့ ခပ်ကြောင်ကြောင်ဖြစ်သွားတယ်။ နောက်တော့မှ သူ ကိုယ်ချင်းစာပြီး သဘောရိုးနဲ့ ပြောလိုက်မိတာဖြစ်ကြောင်း၊ သူ့စကားထဲမှာ ဘာများစိတ်ထိခိုက်စရာပါသွားပါသလဲဆိုတဲ့ အကြောင်းပြန်မေးတယ်။ ကိုယ်က သူ့ကိုဒေါနဲ့မောနဲ့ပြန်ပြောလိုက်တယ်။ ကျုပ်သမီး သေပြီလို့ ခင်ဗျားပြောတယ်၊ ဘယ်မှာသေလို့လဲ၊ တစ်နေ့ကတင် ကျုပ်မိန်းမ လာသွားတယ်။ သမီးလေးရဲ့ ဗွီဒီယိုဖိုင်တွေကို ကျုပ်ကြည့်လိုက်ရတာ ပူပူနွေးနွေးပဲ ရှိသေးတယ်ဆိုပြီး အတိအကျပြန်ပြောလိုက်တယ်။

သူကလည်း အံ့ဩပြီး မှင်တက်နေတယ်။ ပြီးတော့မှ သူ့ကိုယ်တွေ့ကို ပြန်ပြောပြတယ်။ ဒါဟာ ထူးဆန်းပေမယ့် ခင်ဗျားသမီးလေး ဆုံးသွားတာကိုတော့ ကျွန်တော်က မျက်မြင်တွေ့ခဲ့ရတာ အမှန်ပါပဲတဲ့။ ဗိုင်းရပ်စ်ကြောင့် ကလေးဆုံးသွားပုံ။ မသင်းနန္ဒာက ကလေးကို ပိုက်ပြီး ပဏ္ဍာမြေလူး ငိုကြွေးနေပုံတွေကို ကျွန်တော် ကိုယ်တိုင်မြင်ခဲ့တာပါတဲ့။ ဒါတင်မကသေးဘူး၊ ကလေးအလောင်း ထုတ်ယူခွင့်လက်မှတ်ကို ဆရာမတစ်ယောက်က မသင်းနန္ဒာကို ပေးလိုက်ပြီး မသင်းနန္ဒာက ကားနဲ့ အလောင်းပြန် သယ်သွားပုံတွေအထိ သူ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတာပါဆိုတဲ့ အကြောင်း ပြောပြတယ်။ မသင်းနန္ဒာက ကျွန်တော့်ကို လုံးဝမမှတ်မိဘူးတဲ့။ ကျွန်တော်ကတော့ သူ့ကို ကောင်းကောင်းမှတ်မိတယ်။ ဒါပေမဲ့ - ကျွန်တော် သူ့ကို စတွေ့တဲ့အချိန်က သူ့ကလေးဆုံးပြီးစအချိန် ဖြစ်နေတယ်။ ဒါကြောင့် သူ့ရဲ့ပူဆွေးသောကကို ငဲ့ညှာသောအားဖြင့် သူ့ကို သွားနှုတ်ဆက်ဖို့လည်း ဝန်လေးသွားမိတယ်တဲ့။ ကိုယ်ပြောတာတွေကို ရှင်းပြီ မဟုတ်လား - နန္ဒာ"

"ဒီတော့ ကိုဝေက ဒါကို တကယ်ယုံလိုက်ရောတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"မယုံချင်ဘူး။ ဒါပေမဲ့ - ဒီလူမဟုတ်တာပြောတာပဲရယ်လို့လည်းငြင်းပယ်ဖို့ ခက်ခဲသွားတယ်။ သူ့ပြောပုံ ဆိုပုံတွေထဲ မှာ ခိုင်မာမှု၊ တိကျမှု၊ သေချာမှုတွေ အပြည့် အဝရှိနေသယောင် ကိုယ်ခံစားရတယ်။ ဒီနောက်တော့ ကိုယ်ပျာယာခတ်သွားတယ်။ အရူးတစ်ပိုင်းဖြစ်သွားတယ်။ အဲဒီရက်ပိုင်းတွေအတွင်း လူက ကြောက်လန့်တာရော၊ စိုးရိမ်တာရော ရောထွေးပြီးတော့ မစားနိုင်၊ မအိပ်နိုင်အောင်ကို ဖြစ်သွားတယ်။ နောက်တော့ ပျာယာခတ်နေတာတွေကို လျှော့ပြီး အမှန်တရားကို စဉ်းစားကြည့်ဖို့ ကိုယ်ကြိုးစားတယ်။ ဒီတော့မှ အဖြေကလည်း ထင်ရှားသလိုဖြစ်လာတယ်။ အဲဒီလူ ပြောတဲ့အတိုင်း ကိုယ် လက်ခံလိုက်တယ်။

ဒီတော့မှ နဂိုရှိပြီးသား သံသယတချို့ကလည်း ရှင်းရှင်းလင်းလင်း ဖြစ်လာ တော့တယ်။ သမီးကို ကိုယ့်ဆီ ခေါ် ခဲ့ဖို့ ကိုယ်က အတန်တန်ပူဆာပေမယ့် နန္ဒာက အမြဲတမ်း ငြင်းပယ်ခဲ့တယ်။ နန္ဒာပေးတဲ့ ဆင်ခြေဆင်လက်တွေက ခိုင်လုံသယောင် ရှိပေမယ့် လိုအပ်တာထက်တော့ ပိုနေသလိုဖြစ်နေတယ်။ ဒါကတစ်ခု။ နောက်တစ်ခု က နန္ဒာ ကိုယ့်ဆီကို ထောင်ဝင်စာလာတွေ့တဲ့အခါတိုင်း တစ်ခုခု မှုပျက်နေသလိုလို၊ တစ်စုံ တစ်ရာကို ဖုံးဖိနေရလို့ ရှိုးတိုးရှန့်တန့်ဖြစ်နေသလိုလို ကိုယ်တွေ့ရတယ်။ ဒါကို လည်း သတိထားမိတယ်။ နောက်ထပ်တစ်ခုကတော့ နန္ဒာက ဘယ်လိုပဲ သဏ္ဍာန် လုပ်၊ သရုပ်နဲ့တူအောင် ဖန်တီးထားထား၊ ဒီကလေးလေးရဲ့ပုံရိပ်တွေကို ကြည့်ရတာ ကိုယ့်စိတ်ထဲမှာ တစ်ခုခု လိုနေသလိုလိုပဲ။ ပြောရရင် သွေးက စကားပြောတယ်လို့ ဆိုရမလားမသိဘူး။ ကိုယ့်မှာ ပြည့်ပြည့်ဝဝ၊ လှိုက်လှိုက်လှဲလှဲ ခံစားရတာမျိုး ဖြစ်ပေါ် မလာဘူး။ ဒါနဲ့ပဲ ဟိုလူ့ပြောစကားနဲ့ပေါင်းပြီး သံသယတွေက ခိုင်မာသွားရော ဆိုပါ တော့။ ကိုယ်လည်း သမီးလေး ဆုံးပြီးဆိုတာကို တုံးတုံးချ လက်ခံလိုက်တဲ့အဆင့် ရောက်သွားတယ်"

"အဲသလို လက်ခံလိုက်ပါပြီတဲ့။ ကိုဝေ ဘယ်လိုဆက်ဖြစ်သွားသလဲ"

"အား - ကိုယ်ငိုရတာပေါ့။ မျက်ရည် မစဲအောင် ငိုရတာပေါ့။ ပြီးတော့ ဟိုလူ့ ကိုလည်း ပြန်ပြီးတောင်းပန်ရတယ်။ ဒါဟာ ကျွန်တော့်မိန်းမရဲ့လျှို့ဝှက်ချက်တွေပဲ။ ကျွန်တော်လည်း ခင်ဗျားပြောမှ အဖြစ်မှန်ကို သိရတယ်။ ကျေးဇူးပြုပြီး ဒီအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တွေကို ခင်ဗျား ဘယ်သူ့မှ ပြန်မပြောပါနဲ့ဗျာလို့ တောင်းပန်ရင်းနဲ့ နုတ်ပိတ်တာကိုပါ တစ်ခါထဲ လုပ်လိုက်ရတယ်"

"အဲဒါပါပဲ။ နန္ဒာ အသိချင်ဆုံးက အဲဒါပဲ။ ဒီအကြောင်းတွေ အစောကြီးကတည်းက သိနေပါရက်နဲ့ ကိုဝေ ဘာကြောင့် ဆက်မြှုနေသလဲ။ နန္ဒာ့ကို ဘာကြောင့် အရူးဆက်လုပ်ထားသလဲ"

"မဟုတ်ဘူး။ အရူးလုပ်တာ ကိုယ်မဟုတ်ဘူး။ နန္ဒာပဲ။ ကိုယ်က ကိုယ့်ချစ်သူ စိတ်ချမ်းသာအောင် ငြိမ်ငြိမ်ကလေး ဆက်ပြီးအရူးအလုပ်ခံသွားတဲ့သဘောပဲ။ ကိုယ့်ပါးစပ်ဖျားမှာ နန္ဒာ့ကိုမေးလုမေးလုနဲ့တော့ဖြစ်လာမိသေးတယ်။ ဒါပေမဲ့ - အခြေအနေ အရပ်ရပ်ကို မြင်မြော်ပြီး ကိုယ်မသိချင်ယောင်ဆောင်နေခဲ့တာ။ ဒီမယ် နန္ဒာ၊ နန္ဒာ ဘာကြောင့် ဒီလိုလှည့်ဖြားနေသလဲ။ ကိုယ့်ကိုချစ်လို့၊ ကိုယ့်ကို စိုးရိမ်လို့ပဲ မဟုတ်လား။ ဒီတော့ ကိုယ်က နန္ဒာ့ကို ပြန်ပြီးလှည့်ဖြားရတာဟာလည်း နန္ဒာ့ကိုချစ်လို့၊ နန္ဒာ့ကို စိုးရိမ်လို့ပဲဆိုတာ အဖြေပေါ်မနေဘူးလား။ ကိုယ့်မှာ နလုံးစည်းချက်မမှန်တဲ့ ရောဂါရှိတယ်။ ပြီးတော့ လေးဖက်နံရံနဲ့ သံတိုင်တွေကြားမှာ ကိုယ်က နေနေရတယ်။ ဒါတွေကို ထောက်ရှုပြီး ကိုယ့်ချစ်သူ စိတ်ချမ်းသာအောင် နန္ဒာက ဖန်တီးပေးတယ်။ ဒီလို အနေအထားမျိုးမှာ ကိုယ်က အဖြစ်မှန်ကို ဖော်ထုတ်ပြီး ဖောက်ခွဲလိုက်ရင် အခြေအနေက ဘယ်လိုဖြစ်သွားမလဲ။ ကိုယ်အမြဲတမ်းစိတ်ဆင်းရဲနေရမှာကိုမြင်ယောင်ပြီး နန္ဒာလည်း အမြဲတမ်းစိတ်ဆင်းရဲနေရလိမ့်မယ်။ ဟုတ်တယ်မဟုတ်လား။

ဒီတော့ အကောင်းဆုံးလမ်းကိုပဲ ကိုယ်ရွေးလိုက်တယ်။ ကိုယ့်ဘာသာကြိတ်မှိတ်ခံစားပြီး ကျော်ဖြတ်နိုင်ဖို့ ကြိုးစားခဲ့တယ်၊ တကယ်လည်း အောင်မြင်ခဲ့ပါတယ်။ ကိုယ် နန္ဒာ့ကို မှင်သေသေနဲ့ ဆက်ပြီးအတွေ့ခံနိုင်ခဲ့တယ်။ ထောင်ထဲ မှာ ကိုယ့်ထက် ဘဝဆိုးတဲ့သူတွေကို ကြည့်ပြီး ကိုယ်က ဖြေသာနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ကိုယ့်စိတ်ကိုလည်း အတော်ကြီးပြုပြင်နိုင်ခဲ့တယ်။ ကိုယ် သိပြီနန္ဒာ။ ပြီးတော့ ဆုံးလည်းဆုံးဖြတ်ပြီးပြီ။ လောကမှာ ဘေးကင်းရန်ကင်းပြီး စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေထိုင်ရဖို့ထက် ပိုအရေးကြီးတာ ဘယ်အရာမှ မရှိဘူး။ ဒါကြောင့် ဒါကို တန်ဖိုးထားသင့်တယ် နဲ့အမျှ မြတ်လည်းမြတ်နိုးတယ်၊ ကာလည်း ကာကွယ်ရမယ်၊ အရှည်သဖြင့် တည်တံ့အောင်လည်း ထိန်းသိမ်းစောင့်ရှောက်သွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com

စကားဆုံးဆုံးချင်း ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ သင်းနန္ဒာကို မျက်နှာ လက်ဝါးနှင့် အုပ်လျက်သားမြင်တွေ့ရသည်။ ပခုံးနှစ်ဖက်ကလည်း နိမ့်ချည်မြင့်ချည် ဖြစ်လျက်ရှိသည်။ သည်တော့မှ ကြိတ်ငိုနေသောအဖြစ်ကို သိရှိသွားရသည်။ ဝေလင်းက သင်းနန္ဒာ့ပခုံးနှစ်ဖက်ကို လှမ်းဆုပ်လိုက်သည်။ ထိုအခါ ရှိုက်သံက ပို၍ပွင့်ထွက်လာသည်။ လူတစ်ကိုယ်လုံးကပါ ပျော့ကျပြီး ဝေလင်းရင် ခွင်ထဲကို ညွတ်ဝင်လာခဲ့သည်။ ဝေလင်းက တင်းတင်းဖက်ထားလိုက်သည်။

သည်စဉ်မိုးက ရုတ်တရက်ကြီးပြိုဆင်းလာခဲ့သည်။ ဝေါခနဲ သွန်ကျလာသည့် မိုးလုံးမိုးပေါက်တွေက ကြီးလည်း ကြီးမားသလို များလည်းများပြားသည်။ ပြီးတော့ မြန်လည်း မြန်ဆန်လွန်းလှသည်။ တအုန်းအုန်း မြည်ကြွေးသံနှင့်အတူ ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးကို တစ်မုဟုတ်ချင်း ရေတွေနှင့် ဖွေးဖွေးထသွားစေတော့သည်။ ထို့ပြင် ဝဲယာနှစ်ဖက်ရှိ တောအုပ်တွေကလည်း မိုးရိပ်မိုးရောင်တို့ဖြင့် ချက်ချင်းမည်း မှောင်သွားသည်။ လျှပ်စီးအလက်တွင် မိုးမြားတံ၊ မိုးလုံတံတွေနှင့် တရစပ် ပစ်ခတ် ထိုးနက်ခြင်းကို ခံနေရသည့် သစ်ပင်သစ်ကိုင်းတွေ ပရမ်းပတာ ဝှေ့ယမ်းလှုပ်ခါနေ ကြသည်ကို တွေ့မြင်ရသည်။

မှုန်မှိုင်းသောမြင်ကွင်းဝယ် ကားတစ်စီးနှင့်လူသားနှစ်ဦး၏အသွင်သဏ္ဌာန်က ပုံသေရုပ်ပုံလွှာနယ် ငြိမ်သက်မြဲ ငြိမ်သက်နေသည်။ မိုး၏ မာန်ဟုန်က တစ်စထက် တစ်စတိုးတက်လာခဲ့သော်ငြား ထိုအသွင်သဏ္ဌာန်က အနည်းငယ်မျှလှုပ်ရှားလာခြင်း မရှိပေ။ ထိုနည်းအတိုင်း မည်မျှအထိ ဆက်လက်ငြိမ်သက်နေဦးမည်ကိုလည်း မသိ နိုင်ပါပေ။

ရဲမြတ်တင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်လိုက်

ရူးသွတ်စားပြတိုက်သည့် ခင်ပွန်းသည်ကို လက်စားချေတုံ့ပြန်ရန် ကြိုးစားခဲ့သည့် မိန်းမတစ်ယောက်၏ စိတ်အခြေအနေ

---------------ပန်းတနော်နောင်လတ်---------------

ကျွန်မနာမည်က "တုတ်တုတ်"တဲ့။ ကျွန်မရဲ့ယောကျ်ားကတော့ ကျွန်မကို "မိတုတ်"လို့ ခေါ်ခဲ့ဖူးပါတယ်။

"တုတ်တုတ်"ဆိုတဲ့ ကျွန်မ "မိတုတ်"။ ငှက်ကြီးတောင်ဓားကြီးကို ညာဘက်လက်က ကျစ်ကျစ်ပါအောင် ကိုင်မြှောက်ရင်း နေပူပြင်းပြင်းထဲမှာ ပြေးနေတယ်။ အရှိန်နဲ့ပြေးနေတယ်။ နှိုင်းယှဉ်ပြောရရင် မာရသွန်အပြေးပြိုင်ပွဲမှာ ပထမစွဲနိုင်အောင် အရှိန်အဟုန်နဲ့ ပြေးနေတဲ့ အပြေးသမားမျိုး။

ရာသီဥတုကို ဆိုးတယ်လို့ ပြောနိုင်မယ် ထင်ပါရဲ့။ အဲဒီနစ်နွေကတော့ ဟိုအရင်က နွေတွေထက် အပူရှိန်ပိုပြင်းတဲ့ နွေတွေထက် အပူရှိန်ပိုပြင်းတယ်။ ဒီလို အပူရှိန်ပိုပြင်းတဲ့ နွေရာသီရဲ့နေ့လယ်ခင်းမှာ ငှက်ကြီးတောင်ဓားကြီးကို ညာလက်က ကိုင်မြှောက်ပြီးပြေးနေတဲ့ ကျွန်မ၊ ချွေးဒီးဒီးကျနေပါပြီ။ ဒါပေမဲ့ ပြေးနှုန်းကိုတော့ မချခဲ့ပါဘူး။ ဘယ်လက်နဲ့ မလွတ်တမ်းဆုပ်ကိုင်ထားတာက အဝတ်နဲ့ထုပ်ထားတဲ့ အထုပ်တစ်ထုပ်။

ပြေးနေတာက အဝေးပြေးလမ်းပေါ်မှာ လမ်းအလယ်မှာတော့ ဘယ်ဟုတ်မလဲ။ လမ်းပခုံးလို့ခေါ်တဲ့ လမ်းဘေးလူသွားလမ်းပေါ်က ပြေးနေတာ။

သိခဲ့ဖူးတဲ့လူတွေ၊ ခင်မင်ခဲ့ဖူးတဲ့လူတွေက တအံ့တသြနဲ့ အော်ဟစ်ပြောကြ၊ မေးကြတယ်။

"ဟာ - မတုတ်တုတ်"

"မတုတ်တုတ် ဓားကြီးကိုင်ပြီး ဘာလို့ပြေးနေတာလဲ"



www.burmeseclassic.com

ww.burmeseclassic.com

"မတုတ်တုတ် ဘယ်ကိုပြေးနေတာလဲ"

သူတို့ပြောတာတွေ မေးတာတွေကို ကျွန်မ ပီပီသသမကြားရပါဘူး။ မကြားတစ်ချက်၊ ကြားတစ်ချက်နဲ့ ပီပီသသကြားတော့လည်း ဘယ်ဖြေအားမလဲ။ ပြေးအားမကျအောင် ပြေးနေရဆဲ။

ငှက်ကြီးတောင်ဓားကြီးကိုင်ပြီးအထုပ်တစ်ထုပ်ဆွဲပြီးကင်းတဲဆီတည့်တည့် ပြေးလာတဲ့ ကျွန်မကို ကင်းစောင့်တဲ့ ရဲတပ်သားက အော်ဟစ်အမိန့်ပေးတယ်။

"ရပ်"

ရဲတပ်သားရဲ့သေနတ်က ကျွန်မကို ချိန်ထားခဲ့တာပေါ့။ ကျွန်မ ရပ်ခဲ့တယ်။

"ဓားချ၊ အထုပ်ချ၊ လက်နှစ်ဖက်မြှောက်"

သူ့အမိန့်ကိုကျွန်မနာခံခဲ့ပါတယ်။ အဲဒီလိုနာခံခဲ့ရတာက ခပ်ကောင်းကောင်း၊ ရပ်ပြီးလုပ်ရတာဆိုတော့ အသက်ကို ထိန်းရှူခွင့်ရတာပေါ့။ ဒါတောင် ရင်ဘတ်ကဖားဖိုထိုးနေသလို။

"ကျွန်မ အဖမ်းခံဖို့လာတာ"

ဒီတစ်ခါတော့ ကင်းသမားမမေးခင် ကျွန်မ ဖြေလိုက်တယ်။ စကားတစ်ခွန်းဆုံးအောင် မနည်းထိန်းပြီး ပြောရတာ မောလွန်းနေတာကိုး။

ငှက်ကြီးတောင်ဓားနဲ့ အထုပ်ကို ရဲတပ်သားက ဘယ်လက်နဲ့ ပွေ့ကိုင်ထားတယ်။ ညာလက်ထဲမှာတော့ သေနတ်ကိုကိုင်ထားဆဲ။ ငှက်ကြီးတောင်ဓားမှာ သွေးတွေ၊ ဟုတ်ပါတယ်။ သွေးတွေပေနေပါတယ်။ ပေကျံနေတဲ့ သွေးနီနီရဲရဲတွေက ခြောက်သွေ့ပြီး ဓားမှာ စွဲကပ်နေပါပြီ။

"ဒီအထုပ်ထဲမှာ ဘာပါလဲ"

"ရွှေတွေ"

ကျွန်မဆိုတဲ့ "မိတုတ်"ရဲ့အဖြေက ခပ်ပြတ်ပြတ်။ ရဲသားကလည်း အထုပ်မဖြေဘဲ အမိန့်ပေးတယ်။ သူ့အမိန့်ကလည်း ခပ်ပြတ်ပြတ်။

"ရှေ့ကသွား"



www.burmeseclassic.com

ww.burmeseclassic.com

အစောင့်ရဲတပ်သားရှေ့က လျှောက်ပြီး ကျွန်မ ရဲစခန်းထဲ ဝင်ခဲ့တယ်။ စခန်း၊ မှူးကြီးနဲ့ တွေ့ဖို့။

○

ကင်းသမားက သူတို့ဗိုလ်ကြီးဖြစ်တဲ့စခန်းမှူးကိုအလေးပြုပြီးငှက်ကြီးတောင်ဓားနဲ့ အထုပ်ကိုင်ပြီးပြေးလာတဲ့ကျွန်မကိုမြင်တာက အစကျွန်မရဲ့နှုတ်ဖျားက "ကျွန်မ အဖမ်းခံဖို့လာတာ" ဆိုတဲ့အသိ ပြည့်ပြည့်စုံစုံ ရှင်းပြခဲ့ပါတယ်။

ကျွန်မ လက်ထဲက သွေးတွေစွန်းပေနေတဲ့ ငှက်ကြီးတောင်ဓားကြီး၊ အဝတ်နဲ့ ထုပ်ထားတဲ့ ရွှေထုပ်ကို သိမ်းထားတဲ့ ရဲသားက အဲဒီပစ္စည်းတွေ အပ်လိုက်တယ်။ အဲဒီ ပစ္စည်းတွေက သက်သေခံပစ္စည်းတွေ။

"ထိုင်ပါ"

စခန်းမှူးကြီးရဲ့စကားကြောင့် ကျွန်မ သူ့စားပွဲရှေ့က ထိုင်ခုံအလွတ်မှာ ထိုင်ခဲ့ရတယ်လေ။

"ဘာလုပ်ခဲ့လို့ အဖမ်းခံချင်တာလဲ"

"လူသတ်ခဲ့လို့"

"ဘယ်သူ့ကို သတ်တာလဲ"

"ကျွန်မရဲ့ယောကျ်ားကို"

"ဒီဓားနဲ့ ခုတ်သတ်ခဲ့တာလား"

"ဟုတ်တယ် – ဒီငှက်ကြီးတောင်ဓားနဲ့ နုပ်နုပ်စဉ်းတဲ့အထိ ခုတ်သတ်ခဲ့တာ"

ဗိုလ်လေးလို့ ရဲတပ်ဖွဲ့ဝင်တွေခေါ်ကြတဲ့ ဒုလုံခြုံရေးမှူးက စာအုပ်တစ်အုပ်နဲ့ ကျွန်မ ဖြေတာတွေကို ရေးမှတ်ခဲ့တာ တွေ့ရပါတယ်။

"ခင်ဗျား နာမည်"

"တုတ်တုတ် – ကျွန်မရဲ့ယောကျ်ားကတော့ ကျွန်မကို မိတုတ်လို့ ခေါ်တယ်"

ဗိုလ်ကြီးဆိုတဲ့ စခန်းမှူးကြီးက အဝတ်နဲ့ထုပ်ထားတဲ့ ရွှေထုပ်ကို မဖြေသေးဘဲ မေးခဲ့တယ်။

"ဒီအထုပ်ထဲမှာ ရွှေတွေချည်းပဲလား"

"မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပါသေးလဲ"

"နားရွက် - လူ့နားရွက်"

ကျွန်မကနားရွက်၊လူ့နားရွက်လို့လည်း ဖြေလိုက်ရော စခန်းမှူးကြီးရဲ့...

"ဘာ"ဆိုတဲ့ အသံကြီးက ဟိန်းထွက်လာတော့တာပါပဲ။

"ကဲ - မတုတ်တုတ် ခင်ဗျား ဘယ်မှာနေတယ်၊ ဒီစခန်းကို ဘာလာလုပ်တယ်ဆိုတာ ဟောဒီက ဒေသအာဏာပိုင်ကြီးတွေရှေ့မှာ အမှန်အတိုင်းပြောပါ"

"မိတုတ်"ဆိုတဲ့ ကျွန်မကို စခန်းမှူးကြီးက မတုတ်တုတ် သောက်လည်းသောက်၊ စားလည်းစား"ဆိုပြီးလက်ဖက်ရည်အချိုနဲ့ မုန့်ကျွေးထားတုန်း သူ့တပည့်ရဲတပ်ဖွဲ့ဝင်တစ်ယောက်ကိုကျေးရွာအုပ်စုက ဒေသအာဏာပိုင်လူကြီးလေးယောက် ကို သွားအခေါ်ခိုင်းခဲ့တယ်။

သူတို့ ရောက်လာကြတော့ သက်သေပစ္စည်းဖြစ်တဲ့ ကျွန်မ ယူလာတဲ့ သွေးစွန်းပေနေတဲ့ ငှက်ကြီးတောင်ဓားကြီးနဲ့အဝတ်ထုပ်ကိုပြတယ်။အဝတ်နဲ့ ထုပ်ထားတဲ့ အထုပ်ကိုဖြေပြတော့ လက်စွပ်၊ ဆွဲကြိုး၊ လက်ကောက် စတဲ့

အိပ်မပျော်လို့
အိပ်ပျော်အောင်သောက်ဖို့
အိပ်ဆေးတွေဝယ်ပြီး
ကျွန်မ သောက်ခဲ့တာ။
အိပ်ဆေးနှစ်လုံး ကျန်သေးတ
အတော်ပါပဲ။ အိပ်ဆေးတွေ
ခက္ကူထဲထည့်။ အမှုန့်ကြိတ်
ကြက်သားဟင်းခွက်ထဲထည့်
အဲဒီလို လုပ်ခဲ့တာ။
ဒါမှ ကိုအားကျွေ့ ထမင်းစား
အိပ်မယ်။ အိပ်မှ သတ်မယ်
ဓားနဲ့ ခုတ်သတ်မယ်လို့
ဆုံးဖြတ်မိခဲ့ပါတယ် ...



ww.burmeseclassic.com

ရွှေထည်တွေနဲ့ နားရွက် အပြတ်တစ်ခု။ နားရွက်အပြတ်မှာ ပန်ထားတာက စိန်နားကပ်။ ဝင်းဝင်းလက်အရောင် တွေထွက်လို့။ နားရွက်အပြတ်မှာ ခြောက်သွေ့နေတဲ့ သွေးတွေ။

ဦးအောင်မြို့၊ ဦးဖိုးဆစ်တို့၊ ဦးဒီပိုးနဲ့ ဦးဗလဆိုတဲ့ ဒေသအာဏာပိုင်လေးယောက်က အဲဒီပစ္စည်းတွေကိုကြည့်ပြီးမှ ကျွန်မကို ပြန်ကြည့်ကြတယ်။ ပြီးတော့ ကျွန်မ ဘာတွေပြောမလဲဆိုတာ သေသေချာချာ ဂရုတစိုက် နားထောင်နေကြတဲ့ ပုံစံ။

ဗိုလ်ကြီးဆိုတဲ့စခန်းမှူးကြီးက အဲဒီလူကြီးလေးယောက်ကို အသိသက်သေသဘောမျိုး အကူအညီတောင်းတယ်ဆိုတာ ကျွန်မ သိပြီးသား။

ကျွန်မရဲ့အမေက "မနေလူမျိုး" အဖေကတော့ "ရှမ်းလူမျိုး" လို့ ပြောတာပဲ။ ပြောတာပဲဆိုတာက အဖေ့ကို ကျွန်မ ကောင်းကောင်းမမှတ်မိလို့။ တောင်ယာထဲမှာ အဖေ သေတာတဲ့။ အသတ်ခံရလို့သေတာ။ ဘယ်သူက သတ်တာလဲ၊ ဘာဖြစ်လို့ အသတ်ခံရတာလဲ၊ အဲဒါကို ဘယ်သူမျှ တိတိကျကျ မသိခဲ့ပါဘူး။

အဖေ သေတော့ သားသမီးငါးယောက်နဲ့ ကျန်ခဲ့တဲ့ မုဆိုးမအမေ။ အကြီးဆုံးသားကြီးက ကိုးနှစ်၊ အမြွှာညီအစ်မက ခုနစ်နှစ်ဆီ၊ သူတို့ အောက်က မမလေးက ငါးနှစ်။ အငယ်ဆုံးသမီး ကျွန်မက သုံးနှစ်။ ဒါကြောင့် အဖေ့ကို ကျွန်မ ကောင်းကောင်း မမှတ်မိတာ။

တောင်ယာဆင်းလုပ်ရတော့လည်းအမေ။ အိမ်ရဲ့ဝေယျာဝစ္စတွေလုပ်ရတော့လည်း အမေ။ ကျန်းမာရေးက ကြာရှည်မခံနိုင်တော့ဘူး။ စိတ်သွားတိုင်း ကိုယ်မပါဘဲ ဖျားတာ၊ နာတာများခဲ့တယ်။ ဒီတော့ သားသမီးတွေရဲ့ပညာရေးကိုဖယ်ထား၊ စားဝတ်နေရေး၊ အသက်ရှင်ရေးကိုတောင် ဆောင်ရွက်ပေးဖို့ တော်တော်ခက်ခဲခဲ့တဲ့အချိန်။

အိမ်နီးချင်းတွေရဲ့အကြံဉာဏ်ပေးတာကို လက်ခံပြီး သားသမီးတွေ ကောင်းစားရေးအတွက် ရပ်ဝေးက ကုန်ရောင်းကုန်ဝယ်လာကြတဲ့ ကုန်သည်စေတနာရှင် မိသားစုတွေရဲ့တောင်းဆိုမှုကိုလက်ခံပြီး သားသမီးတွေကို ပေးခဲ့ရပါတယ်။ တောင်းတဲ့ မိသားစုတွေကလည်း သားရင်း၊ သမီးရင်းသဘောနဲ့မွေးဖို့။



www.burmeseclassic.com

ww.burmeseclassic.com

အစ်ကိုတို့ မမတို့က တစ်မြို့တည်း၊ တစ်အိမ်တည်း၊ တစ်မိသားစုဆီမှာ မွေး
စားခံရတာ မဟုတ်ပါဘူး။ တစ်ယောက်တစ်နယ်ဆီ ရောက်သွားကြရရှာတာပါ။

ကျွန်မကိုတော့ အမေက ဘယ်သူ့မှ ပေးမမွေးဘူး။ သူနဲ့ အတူတူနေခဲ့ရပါ
တယ်။ အစပထမရှာတော့ အဖေ့အိမ်ကလေးမှာပဲ အမေနဲ့ သမီးနေခဲ့ကြတာ။ တောင်
ယာ မလုပ်နိုင်တော့တဲ့ အမေ၊ တောင်ယာကို ဆစ်ပိုင်းရောင်းချစားသောက်ခဲ့ရာက
ရောင်းစရာ မြေမကျန်တော့တဲ့အထိ။

အဲဒီအချိန်မှာ အမေက ရရာအလုပ် လုပ်ခဲ့ရပါတယ်။ ရရာအလုပ်ဆိုတာ
ကုန်စုံဆိုင်က အလုပ်သမား။ အမေ အလုပ် လုပ်တဲ့ကုန်စုံဆိုင်က ဆိုင်ကြီး။ ဆိုင်ကြီး
ဆိုပေမဲ့ အိမ်ဆိုင်၊ အိမ်ဆိုင်ပိုင်ရှင်လင်မယားက "ဦးတရုတ်ကြီး"နဲ့ "ဒေါ်တရုတ်မ"၊

○

"ဦးတရုတ်ကြီး"နဲ့ "ဒေါ်တရုတ်မ" ဆိုတာ ကျွန်မတို့ ရွာသူရွာသားတွေက
တရင်းတနှီးခေါ်ကြတဲ့ နာမည်။ သူတို့ နာမည်ရင်းက "ဦးကျင့်အင်ရှု"နဲ့ "ဒေါ်အမ်းမ"၊
နှစ်ယောက်လုံး တရုတ်လူမျိုး။ သူတို့လင်မယားက ကျွန်မတို့တောင်ခြေရွာကိုရောက်
လာပြီး စီးပွားရှာခဲ့ကြတာ ကြာပြီ။ ရွာမှာရှိတဲ့ အိမ်တွေက များတယ်။ များပေမယ့် စု
ဝေးဝေး နေထိုင်ကြတာ မဟုတ်ဘူး။ တစ်အိမ်နဲ့တစ်အိမ် အနည်းဆုံး တစ်ဖာလုံကနေ
သုံးဖာလုံလောက်ဝေးတယ်။ ကိုယ့်ဝင်း ကိုယ့်ခြံနဲ့ ကိုယ်နေကြတာ ကျွန်မတို့ရွာ
မလေ့။

နှုတ်ချိုသလို လက်မတွန့်တိုပဲ ကုန်ပစ္စည်းတွေ ရောင်းတတ်တဲ့ လင်မယား
ဖြစ်လို့ သူတို့ကို ကျွန်မတို့ရွာသူရွာသားတွေက ခင်မင်ကြတာ။ သားသမီးမထွန်းကား
တဲ့ ဦးတရုတ်ကြီးတို့ လင်မယားက အမေ့ဆီမှာ ကျွန်မကို တောင်းခဲ့တုန်းက ကျွန်မ
အသက်က ငါးနှစ်နီးပါ။

"နင့်သမီး ငါတို့ကိုပေး၊ မွေးစားမယ်၊ အဝတ်ဆင်မယ်၊ ရွှေဆင်မယ်၊ ကောင်း
ကောင်းစားရ၊ ကောင်းကောင်းနေရမယ်။ နင်နဲ့ မခွဲရဘူး။ အခုလို အတူတူနေ"

အခုလိုပြောတော့ အမေက သဘောတူတာပေါ့။ ဒါပေမဲ့ တစ်ခုပဲ ကွာတာ
အမေက ကုန်စုံဆိုင်ပိုင်ရှင်ရဲ့အလုပ်သမား၊ ကျွန်မက ကုန်စုံဆိုင်ပိုင်ရှင်ရဲ့မွေးစား
သမီး။



www.burmeseclassic.com

ww.burmeseclassic.com

ဒီလိုနဲ့ ကျွန်မဆိုတဲ့ "တုတ်တုတ်"က မွေးစားအဖေ ဦးတရုတ်ကြီးနဲ့ မွေးစားအမေ ဒေါ်တရုတ်မရဲ့မွေးစားသမီးအဖြစ် ကြီးပွားခဲ့ရတာ။ တဖြည်းဖြည်းအသက်ကြီးလာရတာ။

ကျွန်မ အသက်ဆယ်နှစ်မှာ အမေ ဖျားနာပြီး သေတယ်။

ကျွန်မဆိုတဲ့ မိတုတ်မှာ ပြောစရာ ကျန်ခဲ့သေးတယ်။ အဲဒါက ကုန်စုံဆိုင်ပိုင်ရှင်ဦးတရုတ်ကြီးတို့မှာ ကျွန်မထက်စောပြီး မွေးစားထားတဲ့မွေးစားသားတစ်ယောက်ရှိခဲ့တယ်ဆိုတာပါပဲ။ အဲဒီမွေးစားသားရဲ့နာမည်က "အားကွေ့"။ "ကိုအား ကွေ့"က ပအို့ဝ်လူမျိုး။

ကိုအားကွေ့က ကျွန်မနဲ့ ဆန့်ကျင်ဘက်၊ ဆန့်ကျင်ဘက်ဆိုတာက ကျွန်မက မုဆိုးမရဲ့သမီး ဖြစ်သလို သူက မုဆိုးဖိုရဲ့သားဖြစ်လို့။ သူတို့သားအဖေက ဦးတရုတ်ကြီးရဲ့ကုန်စုံဆိုင်က အလုပ်သမားတွေ။ ကိုအားကွေ့က ကျွန်မထက် ဆယ်နှစ်ကြီးတယ်၊

ကျွန်မဆိုတဲ့ မိတုတ်က ဦးတရုတ်ကြီးတို့ လင်မယားရဲ့မွေးစားသမီး၊ ကိုအားကွေ့ကလည်းဦးတရုတ်တကြီးတို့ လင်မယားရဲ့မွေးစားသား။ သွေးမတော် သားမစပ်တဲ့ မောင်နမ။

လူပျိုဖြစ်ကတည်းက ကိုအားကွေ့ဗွေဖောက်ခဲ့တယ်။ ပြောရရင် ကုန်စုံဆိုင်ပိုင်ရှင် သူ့ဌေးလင်မယားအားကိုးနဲ့ သူဌေးသားဆိုပြီး ပျက်စီးခဲ့တာ။ အရက်သမားတွေနဲ့ပေါင်းပြီး အရက်သမားဖြစ်ခဲ့တယ်။ သာပေါင်းညာစားတတ်တဲ့ လူတွေနဲ့ တွဲပြီး ရည်းစားတွေထားခဲ့ပ၊ယ်။

ညားတော့ "နန်းရွှေအိမ်" ဆိုတဲ့ ရှမ်းမလေးနဲ့။

နန်းရွှေအိမ်နဲ့ မယူခင်ကတည်းက ဦးတရုတ်ကြီးတို့ လင်မယားက ကိုအားကွေ့ကို ဆုံးမခဲ့ဖူးတယ်။

"ကောင်လေး - နင် ပိုက်ဆံသိပ်သုံးတယ်"

ww.burmeseclassic.com

"အဖေတို့ကလည်း ပိုက်ဆံဆိုတာ သုံးဖို့ပဲ မဟုတ်လား"

"နင်က သုံးတာ မဟုတ်ဘူး၊ ဖြုန်းတာ"

စည်းစနစ်ရှိတဲ့ ကျွန်မကိုတော့ သူတို့လင်မယားက ချစ်မှချစ်။

"ဒီလိုလိမ္မာလို့ ငါချစ်တာ၊ ဒါမှ ငါ့သမီး"

ဒေါ်တရုတ်မကလည်း အားကျမခံပါပဲ။

"ကျွန်မ သမီးပါတော်"

ကျွန်မပြုံးနေခဲ့ရတာပေါ့။ ကိုအားကွေ့မိန်းမရတာနဲ့ မွေးစားအဖေနဲ့ အမေက အမွေခွဲပေးခဲ့တယ်။

"ကောင်လေး ဒီရွှေတွေနဲ့ ငွေတွေက နင့်ကို အမွေပေးတာ။ လင်မယား ကောင်းကောင်းသုံး၊ နောက်လာမတောင်းနဲ့"

ရွှေထုပ်၊ ငွေထုပ်ပိုက်ပြီး ခေါင်းမော့ဆင်းသွားတဲ့ ကိုအားကွေ့တစ်နှစ်တောင် မကြာဘူး၊ လင်မယားကွဲတယ်။ မကွဲပဲ ခံနိုင်မလား၊ မယားကို နှိပ်စက်တဲ့လူ၊ ရိုက်နှက်တဲ့လူ၊ အရက်သမားဘဝနဲ့ မကျေနပ်ဘဲ ဖဲသမားဘဝကိုပါ ရအောင်ယူထားတဲ့လူ။

အဲဒီလူရဲ့ဒဏ်မခံနိုင်လို့ ထွက်ပြေးသွားရတဲ့ နန်းရွှေအိမ်၊ ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲလို့ လင်ဖြစ်ခဲ့ဖူးတဲ့ ကိုအားကွေ့စဉ်းစားမှာတောင် မထင်ဘူး။ သူစဉ်းစားတာ စိတ်ကူးတာက အလုပ်အသစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့။

သူ့ပထမအလုပ်က အရက်သမား၊ ဒုတိယအလုပ်က အရက်သမားဘဝနဲ့ ပူးတွဲတဲ့ ဖဲသမား။ တတိယအလုပ်ဖြစ်တဲ့ အလုပ်အသစ်က ဓားပြ။

○

ဓားပြလက်သစ်ဖြစ်တဲ့ ကိုအားကွေ့က ဓားပြသာ လုပ်ချင်တယ် ကြောက်တော့ တော်တော်ကြောက်တတ်တဲ့ လူ။ ဓားပြတိုက်ရင် မရခံဘူးလို့ အပိုင်တွက်ထားတဲ့ အိမ်ကိုပဲ ဓားပြတိုက်တယ်။

သူ ဓားပြတိုက်တဲ့အိမ်က သူ့ရဲ့မွေးစားအဖေနဲ့ အမေရဲ့အိမ်၊ ကျွန်မရဲ့မွေးစား အဖေနဲ့ အမေရဲ့အိမ်။ ဦးတရုတ်ကြီးနဲ့ ဒေါ်တရုတ်မရဲ့အိမ်။

အဲဒီအိမ်မှာ အဲဒီဆိုင်မှာ အဲဒီအိမ်ဆိုင်မှာ အဲဒီကုန်စုံဆိုင်မှာ ညအိပ်ညနေ ကျန်ရှိနေတာက ညအိပ်တာက ဦးတရုတ်ကြီးတို့ လင်မယားနဲ့ ကျွန်မ မိတုတ်။



www.burmeseclassic.com

ww.burmeseclassic.com

ဘယ်တံခါးပေါက်ကို ဘယ်သော့ခလောက်နဲ့ ခတ်ပိတ်တယ်၊ ဘယ်တံခါးပေါက်ကို ဂျက်ထိုးပိတ်တယ်၊ ဘယ်တံခါးပေါက်ကို မင်းတုပ်ထိုးပိတ်တယ်ဆိုတာ တရုတ်ကြီးတို့အိမ်မှာ ကျွန်မထက် နှစ်တွေစောပြီး နေခဲ့ဖူးတဲ့ ကိုအားကွေ့သိပြီးသား။

ဒါကြောင့် ထိုးပိတ်ထားတဲ့ မင်းတုပ်ကို အိမ်အပြင်ကနေ လွယ်လွယ်ကူကူပဲ ဖွင့်ပြီး ကိုအားကွေ့အိမ်ထဲဝင်ခဲ့တယ်။ သူ့လက်ထဲ ကိုင်ထားတာက ငှက်ကြီးတောင်ဓား။ ဒီလူက ငှက်ကြီးတောင်ဓားကို တော်တော်ကြိုက်တဲ့လူ။ လက်ကိုင်ပဝါ အကြီးကိုကန့်လန့်ခေါက်ပြီး သူ့မျက်နှာကိုမမှတ်မိအောင်နားရွက်တွေနောက်နားကနေ စည်းထားတယ်။ မျက်လုံးတွေတော့ ဖွင့်ထားတာပေါ့။

သူအိမ်ထဲဝင်လာတဲ့အချိန်ကညဆယ်နာရီတောင်မထိုးသေးဘူး။ စောသေးတယ်လို့ ပြောနိုင်ပေမယ့် အဲဒီအချိန်၊ အဲဒီဒေသမှာ လူသံတိတ်နေပြီ။ တိတ်ဆိတ်အိမ်နဲ့တစ်အိမ် ဝေးတာလည်းပါမယ်။ တောင်ယာသမားတွေဆိုတော့ ပင်ပန်းတယ်မဟုတ်လား။

ကျွန်မရဲ့မွေးစားအဖေနဲ့ မွေးစားအမေက တစ်နေ့တာရောင်းရငွေတွေကို ရေနေတုန်း၊ သိမ်းနေတုန်း။ တုတ်တုတ်ဆိုတဲ့ ကျွန်မက ကြက်သွန်နီအကောင်းတွေထဲက ကြက်သွန်နီအပုပ်တွေကို ရွေးဖယ်နေချိန်။

အိမ်ထဲဝင်လာတဲ့ ကိုအားကွေ့က ဦးတရုတ်ကြီးရဲ့နောက်ကျောကို ဓားထောက်ပြီး ...

"ပေးစမ်း – အဲဒီပိုက်ဆံတွေ" လို့ အသံမာမာနဲ့ အပြော ကျွန်မ လန့်ပြီးအော်တယ်။

"ဓားပြ ..."

အော်တာ တစ်ချက်တည်း ကြောက်လွန်းလို့ အသံကောင်းကောင်းမထွက်ဘူး။ လောဘရှုး၊ ဒေါသရှုးနေတဲ့ ကိုအားကွေ့က ကျွန်မကို တစ်ချက်ပစ်ကန်လိုက်တယ်၊

"ခွေးမ – ဗုန်း"

ခွေးမလို့အော်ရင်း အကန်ခံရလို့ ဗုန်းခနဲ လဲကျသွားခဲ့ရတာ။ ကျွန်မလိုပဲ ကြောက်လွန်နေတဲ့ မွေးစားအဖေက ငွေထုပ်ကို လှမ်းအပေး စဉ်းစားတတ်တဲ့ ဉာဏ်ရှိတဲ့ မွေးစားအမေ ဒေါ်တရုတ်မက သူ့မျက်နှာပေါ်က ပဝါကို ဆွဲဖြုတ်ခဲ့တယ်။



www.burmeseclassic.com

ww.burmeseclassic.com

မွေးစားအမေ ဒေါ်တရုတ်မက ဒီအသံက ကိုအားကွေ့အသံနဲ့တူတယ်ထင်ပြီး ဆွဲဖြုတ်တာနေမှာပေါ့။

"ဟဲ့ - ကောင်လေး" ဆိုတဲ့ အမေ ဒေါ်တရုတ်မရဲ့စကားနဲ့ "ဒုတ်" ဆိုတဲ့ ဓားခုတ်သံ တစ်ပြိုင်တည်း။

မွေးစားအမေက ဖက်ကို ဓားနဲ့ခုတ်ဖြတ် အသတ်ခံခဲ့ရရှာတာ။ သွေးတွေမြင်မကောင်းဘူး။ ခေါင်းနဲ့ ကိုယ်တွဲနေတုန်းပါ။ ဒါပေမဲ့ ခေါင်းက ပခုံးဘေးမှာ တန်းလန်း။

"ဟာ" လို့ ကျွန်မတို့သားအဖရဲ့အသံပြိုင်တူ ထွက်အလာ။

"စွပ်" ခနဲ မြည်သံ ကြားရအောင် ကိုအားကွေ့ရဲ့ ငှက်ကြီးတောင်ဓားအစွမ်းနဲ့ ဦးတရုတ်ကြီး ဗိုက်ပေါက်သွားပြန်ပါရော။ သွေးတွေ ဒလဟောထွက်လာပြန်တယ်။

"အင့်" လို့ပဲ မွေးစားအဖေ အသံထွက်နိုင်ခဲ့ပါတယ်။ မွေးစားအမေလို "အာ" ဆိုတဲ့ အသံရှည်တောင် မပေးနိုင်ခဲ့ပါဘူး။

ကိုအားကွေ့က ကျွန်မကို စူးစူးစိုက်စိုက်ကြည့်တယ်။ ကျွန်မ ပြန်မကြည့်ရဲခဲ့ပါဘူး။ ဒူးတုန်ပြီး ခေါင်းငုံ့နေတာတောင် ကိုယ်လုံးက တဆတ်ဆတ်နဲ့၊ အဲဒီတုန်းက ကျွန်မ အသက်ဆယ့်လေးနှစ်ကျော်ရုံလေး။

အသက်သိပ်မကြီးသေးပေမယ့် ကျွန်မရဲ့ကိုယ်ခန္ဓာက ကြီးနေပြီ၊ ခေနဲ့ ရှမ်းစပ်တဲ့ ကျွန်မ လှတာပေါ့။ မျက်နှာအလှထက် ကိုယ်ခန္ဓာအလှက ပိုတယ်။ ကျွန်မကို အားမနာ တမ်း စူးစူးစိုက်စိုက်ကြည့်ပြီး ကိုအားကွေ့က ...

"အဘွားကြီးကို သတ်မိလို့ အဘိုးကြီးကို ငါ သတ်တာ၊ နင့်ကိုပါ သတ်မယ်" လို့လည်း ပြောရော ကျွန်မ အသံထွက်ခဲ့တယ်။

တောင်းပန်တဲ့အသံ။

"မသတ်ပါနဲ့ - မသတ်ပါနဲ့"

လက်တွေ့လှုပ်ယမ်းပြီး ငိုပြီးတောင်းပန်တဲ့ ကျွန်မကို သူက ပြောလည်း ပြော၊ မေးလည်း မေးတယ်။

"ငါ့မှာ အခု မိန်းမ မရှိဘူး။ နင့်ကို ငါယူမယ်၊ ငါ့ကို ယူမလား၊ အသတ်ခံမလား မြန်မြန်ဖြေ" တဲ့။

အသေမခံရဲတဲ့ ကျွန်မ သူ့မယား ဖြစ်ခဲ့ရတာပေါ့။ စိတ်ကျေနပ်သွားတော့ ကိုအားကွေ့က ...



www.burmeseclassic.com

www.burmeseclassic.com

"ရွှေတွေ၊ ငွေတွေ အကုန်ယူ၊ အဝတ်အစားနဲ့ စားစရာ နည်းနည်းယူ၊ မြန်မြန်လုပ်"လို့ ပြောရင်း အိမ်ကို ရွှဲရွှဲစိုအောင် ဓာတ်ဆီတွေ၊ ရေနံဆီတွေ လောင်းတယ်။ အလောင်းနှစ်လောင်း ဖြစ်သွားတဲ့ ဦးတရုတ်ကြီးတို့ ကိုယ်ကိုလည်း ရွှဲရွှဲစိုအောင် လောင်းပြီး "သွားနှင့်" လို့ ကျွန်မကို ရှေ့က သွားခိုင်းခဲ့ပါတယ်။ နောက်ချန်ခဲ့တဲ့သူကတော့ အိမ်ဆိုင်ကြီးနဲ့ ဆိုင်ပိုင်ရှင်တွေကို မီးလောင်တိုက်သွင်းပြီးမှ လိုက်လာတယ်။

ကျေးဇူးရှိခဲ့ဖူးတဲ့အိမ်၊ ကျေးဇူးရှိခဲ့ဖူးတဲ့လူ၊ ဒါတွေကို သူ့သတိထားမှာမဟုတ်ဘူး။ သတိထားမှာက ရလာတဲ့ ရွှေတွေ၊ ငွေတွေနဲ့ အသစ်စက်စက် မယားလေးဖြစ်ခဲ့တဲ့ ကျွန်မနဲ့ ရှေ့ခရီးဆက်ဖို့ဖြစ်မှာပါ။

တောင်ခြေရွာလေးနဲ့ ဝေးရာကို ပြေးခွာလာကြတဲ့ အသစ်စက်စက် ကျွန်မတို့ လင်မယား၊ တနင်္သာရီတိုင်းဒေသကြီးက ရွာတစ်ရွာမှာ နေခဲ့တယ်။ အိမ်ငယ်လေး တစ်လုံးကိုဆောက်၊ ခြံလုံလုံခတ်၊ ခြံကြီးထဲမှာ ခြံလေးတစ်လုံး ထပ်ဆောက်၊ အဲဒါ ကြက်ခြံ။ ကြက်မွေးတဲ့ခြံ။ ရောင်းဖို့မဟုတ်ဘူး။ စားဖို့၊ အားကွေ့စားဖို့၊ ကြက်သားကို အချိန်မရွေး စားနိုင်ဖို့ ကြက်တွေကို မလွှတ်ထားဘဲ ခြံထဲထည့်မွေးထားတာ။

ကျွန်မတို့ လင်မယားရဲ့နာမည်တွေကိုလည်း ပြောင်းထားခဲ့တယ်လေ။ ကိုအားကွေ့ရဲ့နာမည်က "ကိုမြင့်"၊ ကျွန်မ တုတ်တုတ်ရဲ့နာမည်က "ဝင်းဝင်း"။ အိမ်နီးချင်းတွေက ကျွန်မတို့ကို ကုန်သည်တွေလို့ ထင်အောင်နေခဲ့တာ။

ကိုအားကွေ့က အရက်မမူးရင်တော့ သွေးမဆိုးပါဘူး။ မူးလာရင်တော့ မလွယ်ဘူး။ ရူးရူးဒိုင်းဒိုင်းပဲ။ စံမပြောနဲ့ ပြန်မမေးနဲ့၊ မေးတာဖြေ၊ ကျွေးတာစား၊ ခိုင်းတာလုပ်။

သူက အရက်မူးမူးနဲ့ ကျွန်မရဲ့ခေါင်းကို တုတ်နဲ့ ရိုက်ခွဲဖူးတယ်။ ကွဲတော့ သွေးတွေထွက်တာပေါ့။ ဒီတော့ ဘာပြောတယ် မှတ်လဲ။

"ငါက ချော်ရိုက်တာ နင့်ခေါင်းက ငါ့တုတ်လက်အောက် ရောက်လာတာ" တဲ့။ တော်တော်လာတဲ့လူ။

အဲဒီလူ ကိုအားကွေ့က မမူးတော့လည်း ...



www.burmeseclassic.com

ww.burmeseclassic.com

"နင့်အဝတ်တွေပေး၊ ငါလျှော်မယ်" ဆိုလို့။

"နေပါစေ အစ်ကိုရယ်၊ ကျွန်မ ဖရဲကြီးမယ်" ဆိုတော့ ...

"ဘာဖရဲလဲပေး၊ပေးဆိုပေး" ဆိုပြီးအတင်းလုလျှော်တာ။ ထဘီတွေကိုတောင် လျှော်ပေးတဲ့အထိ။ မလျှော်ပါနဲ့ဆိုလည်း မရဘူး။

ပြီးတော့ ...

"မိတုတ်၊ နင့်ကို ငါ့ကြက်ပေါင်းကျွေးမယ်"

"ကြက်သားကြော်ကျွေးမယ်"

"ကြက်ကင်စားရမယ်" ဆိုပြီး ပြောသလိုလုပ်ကျွေးခဲ့တာ။ အဲလောက် ကျွန်မ အပေါ် ကောင်းခဲ့တဲ့လူ။

ဒီလူက တနင်္သာရီတိုင်းရောက်တော့ ကုန်သည်အယောင်ဆောင်ပြီး လုပ်တာက အလုပ်အပေါင်း၊ စားပြတိုက်တဲ့ အလုပ်။

တနင်္သာရီတိုင်းမှာနေပြီး စားပြတိုက်တာက ဧရာဝတီတိုင်းဒေသကြီးထဲ မှာ။

ကိုအားကွေ့ကတစ်နေရာတည်းမှာ ဘယ်တော့မှကြာကြာမနေဘူး။ တနင်္သာရီတိုင်းဒေသကြီးက ပြောင်းပြီးနေထိုင်ခဲ့တာက ချင်းပြည်နယ်ထဲက ရွာငယ်တစ်ရွာ မှာ။ အဲဒီမှာနေတာလည်း ကုန်သည်လိုလို၊ ဘာလိုလို။ ဟန်ကိုယ့်ဖို့ဆိုတဲ့အတိုင်း ဟန်ကတော့ တကယ်ကောင်းတဲ့လူ။

"ဗျို့-ဦးသောင်း ဦးသောင်းစံ - ဦးသောင်းစံ ရှိပါသလား ခင်ဗျာ"

အိမ်နီးချင်းနာမည်က ဦးသောင်းစံတဲ့။ ဦးသောင်းစံ နေမကောင်းတုန်းက ကိုအားကွေ့သတင်းသွားမေးခဲ့တာ။ ကြက်သားဆန်ပြုတ် တစ်အိုးကြီးနဲ့။

"ရှိပါတယ် - ဦးမြအေး၊ လာပါ - လာပါ"

"နေမကောင်းဘူးကြားလို့ ကြက်သားဆန်ပြုတ်လေး လာပို့တာ"

"အားနာစရာဗျာ"

"အိမ်နီးချင်းတွေပဲ။ အားနာစရာ မလိုပါဘူး ဦးသောင်းစံရာ"

"ကျေးဇူးတင်ပါတယ်ဗျာ"



www.burmeseclassic.com

ww.burmeseclassic.com

ချင်းပြည်နယ်မှာနေတုန်းက ကိုအားကွေ့ရဲ့နာမည်က "ဦးမြဖအေး"။ ကျွန်မ တုတ်တုတ်ရဲ့နာမည်က "မိစောရှင်"။ အဲဒီချင်းပြည်နယ်မှာ ကျွန်မ ရွှေသွားတွေ စိုက်ခဲ့တာ။

တစ်နေ့။ အဲဒီနေ့က ကိုအားကွေ့ဘာအရှုးထတာလဲ မသိဘူး။

"မိတုတ်"

"ရှင့်" ဆိုတော့ သူက ကျွန်မရဲ့မေးစေ့ကို လက်နဲ့ဖျစ်ပြီး ...

"ရှင့်မဟုတ်ပါဘူး မိတုတ်ရဲ့ရှင့်လို့ အသံချိုချိုလေး ဖြေမှပေါ့" လို့ ပြောတဲ့ အခါ။

"ရှင်ဘာဖြစ်နေတာလဲ" ဆိုပြီးမျက်စောင်းထိုးမိတာပေါ့။ ဒီတော့သူကဘာ ပြောတယ်ထင်လဲ။

"ပြုံးစမ်း မိတုတ် ပြုံးစမ်း၊ ပြုံးစမ်း" တဲ့။

"အစ်ကိုအားကွေ့ဘာဖြစ်နေတာလဲ" လို့မေးမိတော့။

"မိတုတ် - ငါ့စိတ်ကို နင် သိတယ်နော်၊ ပြုံးဆိုပြုံးလိုက်" လို့အမိန့်ပေးခဲ့ တယ်လေ။ ဒီတော့လည်း သူ့သဘောထားသိပြီးသား ကျွန်မ မိတုတ်က ပြုံးရပြန် ရော။

"သွားပေါ်အောင်ပြုံးတော်မူပါ မိတုတ်ရဲ့" တဲ့။

အဲဒီအချိန်အထိ သူက ဘာလုပ်ဖို့ ပြုံးခိုင်းမှန်း မသိခဲ့ပါဘူး။ သွားတွေပေါ် အောင်ပြုံးပြလိုက်တဲ့ ကျွန်မကို သူက မျက်မှောင်ကုတ်ပြပြီး ...

"လာခဲ့" လို့ လက်ဆွဲခေါ်ခဲ့ဖူးတယ်။

"အစ်ကို ဘယ်သွားမလို့လဲ၊ ဘာလုပ်မလို့လဲ" ဆိုပြီးမေးတော့မှ။

"မိတုတ် နင့်သွားတွေက မလှဘူး၊ သွားတွေလှသွားအောင် သွားစိုက်ဆရာ ဝန်ဆီသွားပြီး ရွှေသွားတွေစိုက်ပေးမလို့" တဲ့။

အဲဒါနဲ့ပဲ ကျွန်မပါးစပ်ထဲမှာ ရွှေသွားလေးတွေ နေရာယူခဲ့တာ ကြာပါပြီ။

ချင်းပြည်နယ်မှာနေတုန်းက ဓားပြတိုက်တာကပဲ ရှုံးတိုင်း။ ချင်းပြည်နယ်က ပြောင်းတော့ မန္တလေးတိုင်းဒေသကြီးမှာ နေခဲ့တယ်။ ဓားပြတိုက်တာက ကရင်ပြည် နယ်မှာ။ မန္တလေးတိုင်းဒေသကြီးကနေ ပြောင်းရွှေ့ရောက်လာတာက ရှေ့ဝတီတိုင်း ဒေသကြီး။

○



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်းဒေသကြီးကို ပြောင်းရွှေ့လာတာကိုက အားကွေ့ကြမ္မာငင်တာလို့ပြောရင် မမှားဘူး။ ထူးမခြားနား ဇာတ်ခင်းနေတဲ့ ကျွန်မရဲ့ယောက်ျား။ ရိုးသားတဲ့ အလုပ်လုပ်ဖို့ စိတ်မကူးဘူး။ အလုပ်မလုပ်ဘဲ ထိုင်စားနေရင်တောင် ကျွန်မတို့နှစ်ယောက် အနည်းဆုံး ဆယ့်ငါးလေးနှစ်၊ အနှစ်နှစ်ဆယ် အေးအေးဆေးဆေး ကြာကြာရှိရှိ စားနိုင်၊ သောက်နိုင်နေနိုင်တယ်။

သူ ဓားပြတိုက်ပြီး မတရားယူထားခဲ့တဲ့ ရွှေတွေ၊ ငွေတွေက အများကြီး။ အိမ်နီးချင်းတွေ ကြားမကောင်း မြင်မကောင်း။

"ကုန်ရောင်းသွားမယ်ဟေ့" လို့ အော်ကြီးဟစ်ကျယ် ပြောသွားခဲ့တဲ့ ကိုအားကွေ့ ဓားပြတိုက်ပြီးပြန်ရောက်လာတဲ့အချိန်က နေပူချိန်သိပ်ပြင်းတဲ့ နွေရာသီရဲ့ နေ့လယ်ခင်း ဆယ့်တစ်နာရီကျော်နေပြီ။

"ရော့" ဆိုပြီး သူ ပစ်ပေးတဲ့ အဝတ်ထုပ်မှာ သွေးတွေ စွန်းပေလို့နေ။

သိတယ် - ကျွန်မ သိတယ်။ ဒီအဝတ်နဲ့ထုပ်ထားတာက ရွှေထုပ်။ အထုပ်ထဲမှာ ရွှေတွေ၊ နောက်ပြီး ငွေတွေလည်း ပါလာနိုင်တာပဲ။

ဒါပေမဲ့ ဘာလို့ အဲဒီအထုပ်မှာ သွေးတွေပေနေ၊ စွန်းနေရတာလဲ။ ဒါကို ကျွန်မ မသိဘူး။

"ဟဲ့ - မိတုတ် ဖြေလေ၊ ဖြေပြီး ဟိုအထုပ်ကြီးထဲ ရောထည့်" အဲဒီလို ကိုအားကွေ့က အသံခပ်မာမာ ပြောတော့မှ -

"ဟုတ် - ဟုတ်ကဲ့ပါ - အစ်ကို" ဆိုပြီး အထုပ်ဖြေမိပါတယ်။ အထဲမှာ ရွှေတွေ တော့တွေ့တယ်။ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုးတွေ။ ငွေတွေတော့ မတွေ့ရပါဘူး။

တွေ့လိုက်ရတာက နားရွက်တစ်ဖက်။ ဟုတ်ကဲ့ - ဓားနဲ့ခုတ်ဖြတ်ပြီးယူလာတဲ့ နားရွက်တစ်ဖက်၊ အဲဒီနားရွက်မှာ ပန်ထားတာက စိန်နားကပ်၊ အရောင်တဖျပ်ဖျပ် ဟပ်လို့။

○

"နားကပ်ဖြုတ်တာကြာလို့ နားဖြတ်ယူခဲ့တာ" တဲ့။

"ဘာလို့ နားရွက်ဖြတ်ယူလာခဲ့ရတာလဲ" လို့ ကျွန်မ မမေးဘဲ သူ့ဘာသာသူ အဖြေပေးခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူက နားရွက်ကိုဓားနဲ့အဖြတ်ခံမလဲ။ ပြန်ပြီးခုခံမှာပေါ့။ မခုခံရင်တောင် အော်မှာပေါ့။ ဒီတော့ဓားပြကြီး ကိုအားကွေ့က အဲဒီမိန်းမကိုအရှင်ထားမလား။ သနား ညှာတာစိတ် မရှိတဲ့လူ၊ မတရားလောဘလွှမ်းမိုးနေတဲ့လူဆိုတော့ သူ့လက်သုံးတော် ငှက်ကြီးတောင်ဓားကြီးနဲ့ ခုတ်သတ်မှာ သေချာတယ်။

မိသားစုဝင်တစ်ယောက်အသတ်ခံရတာကိုကျန်လူတွေကလက်ပိုက်ကြည့် နေမယ်တဲ့လား။ ရိုက်စရာတုတ်ရှိရင် တုတ်နဲ့ပြန်ရိုက်မှာပေါ့၊ ခုတ်စရာဓားရှိရင်လည်း ဓားနဲ့ ပြန်ခုတ်မှာပေါ့။

အဲဒီလို ပြန်ခုခံတဲ့လူတွေကို လူဆိုး၊ လူမိုက်ကြီး၊ ဓားပြကြီး ကိုအားကွေ့ သေမင်းနိုင်ငံအထိ ပို့ပေးခဲ့မယ်ဆိုတာ ကျွန်မ သိပြီးသား။ တော်တော်သနားညှာတာ စိတ် မရှိတဲ့လူ။

အထုပ်ကိုယူပြီး အိပ်ခန်းထဲဝင်၊ သေတ္တာကိုဖွင့် အထဲက ရွှေသေတ္တာလေးကို ထုတ်ပြီးတော့ဖွင့်၊ အဲဒီအထုပ်ကြီးထဲက ရွှေတွေနဲ့ယူလာတဲ့ ရွှေတွေရော နားရွက် အပြတ်ကိုတော့ ဘယ်ထည့်မလဲ။ စိန်နားကပ်ကို ဖြုတ်ပြီးထည့်၊ သေတ္တာလေးကို သော့ခတ်ပိတ်၊ သေတ္တာကြီးထဲ ပြန်ထည့်၊ သေတ္တာကြီးကိုသော့ခတ်။

နားရွက်အပြတ်ကို လွှင့်ပစ်မယ်လို့တွေးပြီး ကိုင်မယ်အလုပ် ...

" မိတုတ် - မြန်မြန်လာ ငါဆာပြီ "

ဆိုတဲ့ ကိုအားကွေ့ရဲ့အော်သံကို ကြားတယ်။

ဒီလူက ဆာလာရင်မလွယ်ဘူး ။ ဒါကြောင့် နားရွက်ပြတ်ကို မကိုင်တော့ဘဲ။

"လာပါပြီ" ဆိုတဲ့အသံပေးရင်း ကမန်းကတန်း ထမင်းနဲ့ဟင်းကို ရှူးခပ်ပြီး ထမင်း ပွဲပြင်ပေးရတာပေါ့။

ဟင်းကသုံးမျိုး။ ငါးကလေးဟင်း၊ ပုစွန်ဆိတ်ဟင်းနဲ့ ငါးပိရည်ကျို။

" ထွီ " လို့ တံတွေးထွေးပြီး။

" ဒါ - လူစားတာလား " လို့အော်ရင်း ကိုအားကွေ့က ထမင်းခုံကိုခြေထောက် နဲ့ ကန်မှောက်ပစ်လိုက်တယ်။ ကျွန်မ ဘာမှပြန်မပြောရဲဘူး။

လူစားတာလားဆိုတော့ ဒီထမင်းနဲ့ဒီဟင်းကိုစားခဲ့တဲ့လူက ကျွန်မ၊ ကျွန်မက လူမဟုတ်ဘူးလား။ လူမဟုတ်ဘူးလား။ သူကဒီဟင်းမျိုးထက် ကြက်သားဟင်း ကြိုက်တာ၊ ဒါကို ကျွန်မသိပါတယ်။

ww.burmeseclassic.com

ဒါပေမဲ့ သူကဘယ်နေ့ပြန်လာမယ်၊ ဘယ်အချိန်ပြန်ရောက်မယ်ဆိုတာ မသိ လို့ကျွန်မတစ်ယောက်အတွက်ပဲ သင့်သလိုချက်ပြုတ်စားခဲ့တာ။ တော်တော်မိုက်ရိုင်းတဲ့လူ၊ ထမင်းခုံကို ခြေထောက်နဲ့ ကန်မှောက်ခဲ့တဲ့လူ။

"သွား - ကြက်တစ်ကောင်ဖမ်း၊ ငါ့ကိုပေး"

သူ့စကားဆုံးတာနဲ့ ကျွန်မ ကြက်ခြံထဲဝင် ကြက်တစ်ကောင်ကို မဖမ်းချင်ဘဲ ဖမ်းပြီး သူ့ကို ပေးခဲ့ရလေတယ်။

"ငါ့ဓားတစ်ချောင်းသွားယူ"

ငါ့ဓားဆိုတဲ့ ကိုအားကွေ့ရဲ့ ဓားတွေက ငှက်ကြီးတောင်ဓားတွေ။ ဓားပြတိုက် နေရာကိုသူက ကြိုတင်ကြည့်ထား၊ ကြိုတင်လေ့လာပြီးမှ လုံခြုံစိတ်ချရတဲ့ နေရာမှာ ငှက်ကြီးတောင်ဓား တစ်ချောင်းထား။ ဓားပြတိုက်ပြီးတာနဲ့ အဲ့ဓားကို အိမ်အထိ ဘယ် တော့မှ ပြန်မယူလာဘဲ ရေတွင်းထဲ၊ ရေကန်ထဲ ပစ်ချခဲ့တာ သူ့အကျင့်။

ကျွန်မ ယူလာပေးတဲ့ ငှက်ကြီးတောင်ဓားတစ်ချောင်း သူ့လက်ထဲရောက် တော့ ကြက်ကိုခုတ်သတ်မယ့်ဟန်ပြင်တယ်။ ဟန်ပြင်ပြီး မသတ်သေးဘူး။ ကြက်ကို ဘယ်လက်နဲ့ လည်ပင်းညှစ်ကိုင်ထားတာ။ ကြက်က ခြေကားရား၊ အတောင်ခါခါ၊ ကတော်ကတော်လို့တောင် မအော်နိုင်ရှာပါဘူး။

"ဒီဓားထက်သေးလား စမ်းကြည့်မယ်၊ သွား - နင့်ကြောင်တစ်ကောင် ဖမ်းခဲ့ "တဲ့။

ကြောင်မိသားတစ်စု၊ အားလုံးခြောက်ကောင်။ အသေးလေးသုံးကောင်၊ အကြီးသုံးကောင်။ အကြီးကောင်တစ်ကောင်ကို မိလို့ဖမ်းပြီး ကိုအားကွေ့ရဲ့လက်ထဲ ကို ပေးလိုက်ရတယ်။ သနားတာတော့ တော်တော်သနားတာ။ ကျွန်မက ကြောင် တွေကို ချစ်တတ်တာကိုး။

သူက ...

"ရော့ - ယူထား" ဆိုပြီး ကြက် ကျွန်မကို ပေးတယ်။ ကျွန်မပေးတဲ့ကြောင်ကို သူ့ဘယ်လက်နဲ့ ကိုင်တယ်။

"ဒုတ်" ဆိုတာက ကြောင်ကို ဓားနဲ့ခုတ်တဲ့အသံ။

"ညောင်" ဆိုတာက ကြောင်အော်သံ။

ကြောင်က ညောင်ခနဲ တစ်ချက်သာအော်နိုင်တာ၊ နှစ်ပိုင်းပြတ်သွားတဲ့ကိုယ် ကြီးက ကြမ်းပြင်ပေါ်မှာ သွေးတွေအိုင်နေပြီ။ တဆတ်ဆတ်တုန်ရင်း ကျွန်မရဲ့ ကြောင် ကြီး သေသွားရရှာတာပေါ့။



www.burmeseclassic.com

ww.burmeseclassic.com

"မပစ်နဲ့ ဒီအတိုင်းထား" လို့ပြောရင်း လက်ကမ်းတောင်းတယ်။ ကြက်ကို ပေး လိုက်တော့လည်း ရက်ရက်စက်စက် လုပ်သတ်လိုက်တာပါပဲ။

ဟင်းနှစ်အိုးကို မီးဖိုနှစ်ဖိုနဲ့ တစ်ပြိုင်တည်း ချက်ခဲ့ရတာ။ တစ်အိုးက ကြက်ပေါင်ကြော်၊ တစ်အိုးက ကြက်သားဟင်း။ တစ်အိုးပြီးမှ တစ်အိုးချက်ရင် ကြာတယ် ဆိုပြီး ကိုအားကွေ့က ကျွန်မကို ရိုက်မှာ။

" ကြက်ပေါင်နှစ်ပေါင်ကိုကြော်၊ အရက်နဲ့မြည်းမယ်၊ ပြီးမှထမင်းစားမယ်၊ မြန်မြန်ချက် " လို့ သူက ကျွန်မကိုခိုင်းခဲ့တာ။ ပြီးတော့ ပြောသေးတယ်။

"ငါ ကြက်ကြော်စားမယ်၊ အရက်သောက်မယ်၊ ထမင်းစားမယ်၊ စားပြီးရင် နင် ငါ့ခြေထောက်တွေကို သေသေချာချာနင်းပေး၊ အနင်းခံရင်းငါအိပ်မယ် ။ နင်က ငါ့ကို ဓားပြဖြစ်တဲ့အကြောင်း ရဲစခန်းကို အကြောင်းကြားဖို့ စဉ်းစားနေတာ မဟုတ် လား။ ငါ့အိပ်ရာက နိုးလာတာနဲ့ နင့်ကို ဟောဒီငှက်ကြီးတောင်ဓားနဲ့ ခုတ်သတ်မယ်။ သေဖို့သာပြင် ဓားနဲ့ အပိုင်းပိုင်းဖြစ်အောင် ခုတ်သတ်မယ် "တဲ့။

ဒီတော့ ကျွန်မ တွေးတယ်။

"သူ့အသတ်တော့ မခံနိုင်ဘူး။ သူ့ကို သတ်မယ်" လို့။

ဒီလူကို သတ်ပစ်ရင်ကောင်းမယ်။ ဒီလူရှိနေသမျှ လူကောင်းတွေ ကောင်း ကောင်းနေရမှာ မဟုတ်ဘူး။ ဓားပြတိုက်ခံရမယ်၊ အရိုက်ခံရမယ်၊ အသတ်ခံရမယ်။ ရွှေတွေ၊ ငွေတွေ အတင်းလုယူတာ ခံရမယ်။ ငါဆိုတဲ့ သူ့မယား "မိတုတ်" ကိုတောင် အရက်မူးပြီး ခေါင်းနဲ့တိုင်နဲ့ တိုက်ခိုင်းသေးတာ။ တိုင်ကို ခေါင်းနဲ့ ထိရုံလေးတိုက်တော့ ဟောဒီလိုတိုက်ရတယ်ဆိုပြီး ခေါင်းနဲ့တိုင်နဲ့အတင်းဆောင့်လို့ခေါင်းအကွဲခံခဲ့ရတယ်။ ပါးစပ်ထဲက သွားတွေကိုလည်း မလှဘူးဆိုပြီး၊ ကြည့်မကောင်းဘူးဆိုပြီး သွား အကောင်းတွေကို နုတ်၊ ရွှေသွားတွေ စိုက်ပေးခဲ့တာ။ မူးလာရင် ဒီလူက သူပြောသလို တကယ်လုပ်တာ။ ခုတ်သတ်မယ်၊ ဟောဒီငှက်ကြီးတောင်ဓားနဲ့ သူအိပ်ပျော်နေတုန်း ခုတ်သတ်မယ်၊ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်အောင် သူ စားမယ့် ကြက်သားဟင်း ခွက်ထဲ အိပ်ဆေးတွေထည့်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တာပေါ့။

အိပ်ဆေးဆိုတာ ကျွန်မဆီမှာ အဆင်သင့်၊ သူနဲ့ မညားချင်ဘဲ ညားခဲ့ရတဲ့ နောက်ပိုင်းကျွန်မစိတ်ဖိစီးမှုတွေများခဲ့ပါတယ်။ အရပ်အမောင်းဒေါင်ကောင်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း၊ အချိုးအဆက်ကျကျနန၊ ကိုယ် ခန္ဓာလှလှပပရှိတဲ့ ကျွန်မ၊ စိတ်ဖိစီးမှုတွေ ရှိတယ်ဆိုတာ ကိုယ်တွေ့ကြုံမှ ယုံကြမှာ။

နေ့ရော ညပါ ...

"ငါ့ယောက်ျားကို ရဲတွေ ဘယ်အချိန်လာဖမ်းမလဲ" ဆိုတာ တွေးပြီး စိုးရိမ်ရသလို ...

"ငါ့ယောက်ျားကို စားပြမှုန်း သိသိကြီးနဲ့ ဒေသအာဏာပိုင်တွေကို ရဲတွေကို အသိမပေးဘဲ ထိမ်ချန်ထားတဲ့ ငါ့ကိုလည်း ရဲတွေက ဘယ်တော့လာဖမ်းမလဲ" ဆိုပြီး ကြောက်လန့်နေရတာ။ ညညအိပ်မပျော်တဲ့ ရက်တွေများနေပြီ။ အဲဒီစိတ်တွေနဲ့ ဖိစီးခဲ့ရတာ။ စိုးရိမ်ခဲ့ရတာ။

အိပ်မပျော်လို့ အိပ်ပျော်အောင်သောက်ဖို့ အိပ်ဆေးတွေဝယ်ပြီး ကျွန်မ သောက်ခဲ့တာ။ အိပ်ဆေးနှစ်လုံးကျန်သေးတာနဲ့ အတော်ပါပဲ။ အိပ်ဆေးတွေကိုစက္ကူထဲထည့်၊ အမှုန့်ကြိတ်၊ ကြက်သားဟင်းခွက်ထဲထည့်၊ အဲဒီလို လုပ်ခဲ့တာ။

ဒါမှ ကိုအားကွေ့ထမင်းစားရင်း အိပ်မယ်။ အိပ်မှ သတ်မယ်။ ဓားနဲ့ ခုတ်သတ်မယ်လို့ ဆုံးဖြတ်မိခဲ့ပါတယ်။

○

အရက်သောက်လိုက်၊ ကြက်ပေါင်ကြော်ဝါးလိုက်နဲ့ သူက ဖိမ်ယူနေရာက ...

"ထမင်းပွဲ မြန်မြန်ပြင်" လို့ ဩဇာပေးခဲ့တယ်။

အဆင်သင့်ပြင်ဆင်ထားတဲ့ ထမင်းပွဲကို ကျွန်မက သူ့ရှေ့ကို ချပေးတယ်၊ လက်ဆေးရေဇလုံပါ ချပေးထားခဲ့တာပေါ့။ အိပ်ဆေးမှုန့်တွေ ထည့်မွှေထားတဲ့ ကြက်သားဟင်း ပန်းကန်က သူ့ကို စားပါလို့ ဖိတ်ခေါ်နေသလိုပါပဲ။

ကိုအားကွေ့ထမင်းစားတယ်။ အားရပါးရစားတယ်၊ ထမင်းနည်းနည်း၊ ဟင်းများများ၊ ဟင်းများများစားလေ၊ ကျွန်မက ကြိုက်လေ။

"ဟင်းထပ်ထည့်ပေးရမလား" ဆိုတော့ ...

"တော်ပြီ" လို့ပြောရင်းလက်ဆေးတယ်၊ လက်သုတ် သုတ်တယ်။ လက်သုတ်သုတ်ရင်း သူ့ မျက်တောင်စင်းလာတာ တွေ့ရတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

မျက်တောင်စင်းလာတော့ ခင်းပြီးသား ဖျာပေါ်ပက်လက်လှန်ရင်၊ ...

"မိတုတ် - နင်း၊ ကောင်းကောင်းနင်း။ ငါ အိပ်ရာနိုးတာနဲ့ ဒီဓားနဲ့ နင့်ကို ခုတ်သတ်မယ်" လို့ သူ အနင်းခံတဲ့ ဖျားနာက ကြောင်နဲ့ ကြွက်ကို ခုတ်သတ်ထားတဲ့ ငှက်ကြီးတောင်ဓားကို ပုတ်ပြတယ်။

ငှက်ကြီးတောင်ဓားက သွေးတွေ ရဲရဲနီနေတဲ့ နှစ်ပိုင်းပြတ်နေတဲ့ ကြောင်သေအနားမှာ။

ကျွန်မက သူ့ခြေထောက်တွေကို နင်းပေးနေတုန်း ဟူးဟူးရှူးရှူးဆိုတဲ့ အသံတွေ သူ့ဆီက ထွက်လာတယ်။ ကိုအားကွေ့ အိပ်သွားပြီ။ သိတယ်လေ၊ ဒီလူကြီးက အိပ်ပြီဆိုတာနဲ့ အသက်ပြင်းပြင်းရှူတတ်တဲ့အကျင့်၊ ဟောက်တတ်တဲ့ အကျင့်ကို ကျွန်မ သိတာကြာပြီ။

နင်းနေရင်း သူ့မျက်နှာကိုကြည့်အကဲခတ်တယ်။ တကယ်အိပ်တာလား၊ အိပ်ချင်ယောင်ဆောင်တာလား၊ တွေးပြီး တစ်အောင့်အကဲခတ်တယ်။ ဒီတော့ တကယ်အိပ်တယ်ဆိုတာ သေချာမှန်း သိတယ်။

"ဒီလူအိပ်သွားပြီ၊ အိပ်ရာနိုးတာနဲ့ ငါ့ကို ဓားနဲ့ ခုတ်သတ်မယ်ဆိုတဲ့ ဓားပြကြီး အိပ်သွားပြီ။ ငါ့ရဲ့ ကျေးဇူးရှင်တွေဖြစ်ကြတဲ့ မွေးစားအဖေနဲ့ အမေ၊ ဦးတရုတ်ကြီး၊ ဒေါ်တရုတ်မကို ရက်ရက်စက်စက် သတ်ခဲ့တဲ့လူ၊ ငါ့ကို မတရားယူခဲ့တဲ့လူ၊ သူ့ဓားနဲ့ သူ့ကို ပြန်ခုတ်သတ်မယ်" လို့ ခိုင်ခိုင်မာမာ ထပ်မံဆုံးဖြတ်ပြီး ကျွန်မဆိုတဲ့ "မိတုတ်" သူ့ကို နင်းနေ ရာက ဆင်း၊ ထက်ပိုင်းပြတ်အောင် ဓားနဲ့ခုတ်သတ်ခံထားရတဲ့ကြောင်အသေ ဘေးနားက သွေးစွန်းနေတဲ့ ငှက်ကြီးတောင်ဓားကို ယူ၊ လက်နှစ်ဖက်နဲ့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၊ သူ့ဘေးနားမှာထိုင်ရင်း ဓားကိုင်ထားတဲ့ လက်တွေကို ပင့်မြှောက်တယ်။

ခုတ်ချလိုက်တော့မယ်ပေါ့။ ခုတ်သတ်မယ်လည်းလုပ်ရော ကျွန်မစိတ်လည်း ပြောင်းရော။

"ဘာပဲဖြစ်ဖြစ်၊ ဒီလူကြီးက ဓားပြကြီးပဲဖြစ်ဖြစ်၊ ငါ့ယောက်ျားက ငါ့ယောက်ျားပဲ၊ ငါ့ကို အဝတ်အစားအမျိုးစုံဝယ်ပေးတယ်၊ အစားအသောက်ကောင်းတွေ



www.burmeseclassic.com

ww.burmeseclassic.com

တယ်။ ရွှေတွေ ဆင်ပေးတယ်၊ သုံးချင်သလောက် သုံးဖို့ ပိုက်ဆံတွေပေးတယ်။ ငါ ဘာအလုပ်မှ ပင်ပင်ပန်းပန်း မလုပ်ရဘူး။ ဒီကျေးဇူးတွေ ရှိခဲ့ဖူးတဲ့ ကျေးဇူးရှင်၊ တစ်လုပ်စားဖူး၊ သူ့ကျေးဇူးတဲ့၊ ကျေးဇူးရှင်ကို ငါမသတ်ဘူး။ သူ့အရက်မူးမပြေဘဲ နီးလာပြီး ငါ့ကို သတ်ချင်သတ်ပါစေတော့၊ သူ့ကို ငါမသတ်ဘူး" လို့ တွေးမိပြန်တာပေါ့။

ဓားကိုင်ထားတဲ့ လက်အောက်ပြန်အချက်ကို အားကွေ့ဆိုတဲ့ ဓားပြကြီးက ခြေကားယား၊ လက်ကားယား ဆန့်ရင်း ...

"မိတုတ်၊ နင့်ကို ငါ သတ်မယ်၊ ဓားနဲ့ ခုတ်သတ်မယ်" လို့ ကယောင်ကတမ်း လုပ်တာတွေ့တာနဲ့ သေရမှာကြောက်လာပြန်တယ်။ ကြောက်ပြီး လက်ပြန်မြှောက်တယ်။

"သတ်မယ် - သတ်မယ်" ဆိုတဲ့ သူ့ဆီက အသံထွက်အလာ ...

"ဒုတ် - ဒုတ် - ဒုတ် - ဒုတ်" ဆိုတဲ့ အသံတွေ မြည်တဲ့အထိ မျက်စိစုံမှိတ်ပြီး အပိုင်းပိုင်းအထစ်ထစ်ဖြစ်အောင် ဓားနဲ့ခုတ်၊ အိမ်ခန်းထဲက အဝတ်နဲ့ထုပ်ထားတဲ့ ရွှေထုပ်ကြီးကိုယူ၊ လွှင့်ပစ်မလို့ထားတဲ့ နားရွက်ပြတ်ကို အထုပ်ကြီးထဲ ပြန်ထည့်၊ ငှက်ကြီးတောင်ဓားကို ကိုင်မြှောက်လို့ အိမ်ထဲက အရှိန်နဲ့ ပြေးခဲ့တာပါပဲ။

ကျွန်မ "တုတ်တုတ်" ဆိုတဲ့ "မိတုတ်" ပြေးခဲ့တာက ရဲစခန်းအရောက်၊ ရည်ရွယ်ချက်က အဖမ်းခံဖို့။

ကျွန်မရဲ့စကားအဆုံးမှာ ဗိုလ်ကြီးဆိုတဲ့ စခန်းမှူးကြီးက ...

"ဦးလေးတို့ ရှေ့မှာ သက်သေခံပစ္စည်းတွေကို သိမ်းပါမယ်၊ ဒီဓားပွဲပေါ်က သွေးတွေ စွန်းပေနေတဲ့ ငှက်ကြီးတောင်ဓားနဲ့ မတုတ်တုတ်ယူလာတဲ့ ရွှေထုပ်နဲ့ နားရွက်အပြတ်က သက်သေခံပစ္စည်းတွေပါ။ မတုတ်တုတ်က ဒီဓားနဲ့ သူ့ယောကျ်ား ကိုအားကွေ့ကို ခုတ်သတ်ခဲ့ပါတယ်လို့ ဝန်ခံထားပါတယ်။ ရွှေထုပ်ထဲက ရွှေထည်တွေ ကိုပြပါမယ်" လို့ ပြောရင်း ဒုလုံခြုံရေးမှူးကို -

"ဗိုလ်လေး ရွှေထည်တွေကို မျိုးတူတာတွေ စုလိုက်" လို့ အမိန့်ပေးခဲ့တယ်။

ဗိုလ်လေးတို့ ခေါ်ခံရတဲ့ ဒုလုံခြုံရေးမှူးကလည်း တူရာ တူရာ စုထားလိုက်တယ်။ လက်စွပ် (၃၂) ကွင်း၊ လက်ကောက်အကွင်း (၅၀)၊ ဆွဲကြိုး (၁၇)ကုံး ဆိုတဲ့ သက်သေခံပစ္စည်းတွေကို အရှိအတိုင်း ရေးပြီး ...



www.burmeseclassic.com

ww.burmeseclassic.com

"ဦးလေးတို့ရေ – ကျေးဇူးပြုပြီး သက်သေအဖြစ် လက်မှတ်လေးတွေ ရေးထိုးပေးပါ။ ပြီးတော့ မတုတ်တုတ်ရဲ့အိမ်အထိ ကျွန်တော်တို့နဲ့ လိုက်ခဲ့ကြပါဦး" လို့ ဒေသအာဏာပိုင်တွေကို မေတ္တာရပ်ခံ အကူအညီတောင်းတယ်။

လူကြီးတွေကလည်း လက်မှတ်တွေ ရေးထိုးပေးကြပါတယ်။ စခန်းမှူးကြီးကလည်း လက်မှတ်ထိုးပြီး သက်သေခံပစ္စည်းအနေနဲ့ သူ့ရုံးခန်းက မီးခံသေတ္တာထဲမှာ သေသေချာချာ သိမ်းပါတယ်။

"ကဲ – မတုတ်တုတ် ခင်ဗျားတို့အိမ်ကို သွားမယ်" လို့ ကျွန်မကို ပြောရင်း ခြေလှမ်းပြင်တယ်၊ ကျန်တဲ့လူတွေကလည်း ခြေလှမ်းပြင်ကြတာပါပဲ။

ဦးဆောင်တဲ့လူက ကျွန်မ။ ကျွန်မတို့ ခြေလှမ်းတွေက ကျွန်မတို့ အိမ်ဆီကို၊

○

အိမ်ရှေ့ရောက်နေပါပြီ။ ကျွန်မတို့အိမ်က တိတ်ဆိတ်နေတယ်။ အိမ်ပေါ်တက်လိုက်ကြတာနဲ့ ကိုအားကျွေ့ကို ကျွန်မတို့တွေ့တယ်။ ကိုအားကျွေ့က ပက်လက်၊ မလှုပ်မယှက်၊ ငြိမ်ငြိမ်သက်သက်။

သူ့ကို မြင်တော့ ...

"ဟာ" ဆိုတဲ့ အံ့အားသင့် သံပြိုင်တူ ထွက်ပေါ်လာတယ်။

နောက်တော့ ...

"သေပြီဆို"

"မသေပါလား"

"မားနဲ့ခုတ်သတ်ခဲ့တယ်ဆို"

"ဘယ်လိုဖြစ်တာလဲ" ဆိုတဲ့ လူကြီးလေးဦးရဲ့စကားသံတွေ ထွက်ပေါ်လာတာပေါ့။

အဲဒီအခါ စခန်းမှူးကြီးက အသင့်ယူလာတဲ့ လက်ထိတ်နဲ့ မသေသေးတဲ့ မားပြကြီးကို အားကျွေ့ရဲ့လက်နစ်ဖက်ကို ပူးခတ်လိုက်လို့ ...

"ချောက်" ဆိုတဲ့ အသံ ထွက်ပေါ်လာပါတယ်။

အဲဒီအချိန်ထိ ကိုအားကျွေ့မနိုးသေးပါဘူး။ အိပ်ဆေးတွေကြောင့် အိပ်နေဆဲ။ ဘာဖြစ်တာလဲ၊ ငါကိုယ်တိုင် ငှက်ကြီးတောင်မားနဲ့ အပိုင်းပိုင်းဖြစ်အောင် ခုတ်သတ်ခဲ့တာ ဘာလို့ မသေတာလဲ။ အဲဒီလို ကျွန်မ တွေးနေတုန်း စခန်းမှူးကြီးက ...



www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ - ထ - ထ" ဆိုပြီး သူ့ပခုံးကို လှုပ်နှိုးလိုက်တာပေါ့။

ဒီတော့မှ သူက နိုးလာပြီး ...

"မိတုတ် - ဘာဖြစ်တာလဲ" လို့ ကယောင်ကတမ်း ပြောရင်း ...

"ဟာ" ဆိုပြီး သူ့လက်ကို သူကြည့်တယ်။ လက်ကောက်ဝတ်မှာ လက်ထိတ်၊ စခန်းမှူးကြီးနဲ့ ရဲတပ်ဖွဲ့ဝင်နှစ်ယောက်၊ လူကြီးလေးယောက်ကိုမြင်မှ သူ အဖမ်းခံလိုက်ရပြီဆိုတာ ကိုအားကွေ့သိသွားပါပြီ။

ဒီတော့ ကျွန်မဆိုတဲ့ "မိတုတ်" ကို မျက်လုံးစိမ်းကြီးတွေနဲ့ ကြည့်ရင်း ...

"မိတုတ် - နင်ရက်စက်တယ်" လို့တောက်ခေါက်ပြောရင်းမျက်ရည်ကျတယ်။ သူ့အလှည့်ကျတော့ လူတွေ သတ်ခဲ့တဲ့ဓားပြကြီးက ကြောက်တတ်သား။

အဲဒီအချိန်ကျမှ ဗိုလ်ကြီးဆိုတဲ့ စခန်းမှူးကြီးက ...

"မတုတ်တုတ်က သူ့ယောက်ျားကို သူက ဓားနဲ့ခုတ်သတ်ခဲ့တာလို့ ထင်ခဲ့တာ။ တကယ်တော့ သူ့ယောက်ျားကို သူက ငယ်ကြောက်၊ နောက်ပြီး ကိုယ့်ယောက်ျားဆိုတဲ့ သံယောဇဉ်ရှိထားတော့ သတ်ချင်ပေမယ့် မသတ်ရက်ဘူး။ သတ်လည်း မသတ်ရဲဘူး၊ မသတ်ရဲလို့ ဓားနဲ့ နစ်ပိုင်းပြတ်အောင် ခုတ်သတ်ခံထားရတဲ့ ကြောင်အသေကို သူ့ယောက်ျားလို့ထင်ပြီး မြင်ယောင်ပြီး ဓားနဲ့အကြိမ်ကြိမ်ခုတ်တာ၊ ခုတ်တာတောင် မကြည့်ရဲဘူး။ မျက်စိမှိတ်ခုတ်တာ ခုတ်ပြီး ရွှေထုပ်ကိုင်ပြီး ဓားကိုင်ပြီး စခန်းအရောက်ပြေးလာပြီး အဖမ်းခံခဲ့တာ" လို့ ရှင်းပြရင်း ...

"ကဲ - မတုတ်တုတ် ခင်ဗျားက အမိကသက်သေပဲ။ ကျွန်တော်တို့နဲ့ ရဲစခန်းကိုပြန်လိုက်ခဲ့ပါ" လို့ ကျွန်မကို ပြောတယ်။

ပြီးတော့ ...

"ကိုအားကွေ့ရေ - ခင်ဗျားရဲ့ဓားပြဇာတ်လမ်းကတော့ ဇာတ်သိမ်းပြီပေါ့ဗျာ။ ကဲ - ဥပဒေရဲ့အပြစ်ပေးအရေးယူတာခံယူဖို့ရဲစခန်းကိုလိုက်ခဲ့" လို့ပြောပြီးအိမ်ပေါ်က ဆင်းတယ်။ သူ့ရဲ့ဘော်နှစ်ယောက်လည်း ဆင်းတယ်။ ဒေသအာဏာပိုင် လူကြီးလေးယောက်လည်း ပြန်ဆင်းတယ်။ ကျွန်မနဲ့ ကိုအားကွေ့လည်း လိုက်ဆင်းရတာပေါ့"

အိမ်ရှေ့ရောက်တော့ ကျွန်မတို့ခြေလှမ်းတွေက ရဲစခန်းဆီကိုပြန်ပြီးဦးတည် လို့၊ ဓားပြကြီးအစ်ကိုအားကွေ့ရဲ့လူမိုက်ဇာတ်က ဒီတစ်ခါတော့ သိမ်းပါပြီ။

ပန်းတနော် နောင်လပတ်

www.burmeseclassic.com

ww.burmeseclassic.com



ww.burmeseclassic.com

# ဆောင်းနေ

တောရွာမှ ရိုးသားသော မိန်းမပျိုလေးတစ်ယောက် တက္ကသိုလ်တက်ရန် မြို့သို့တက်သွားသောအခါ ...

----------------ဝင်းမောင်ကျော်----------------

ကိုလှူလှနှင့် "မဆောင်းနေ" တို့ ယခုနှစ် ရှစ်တန်းအောင်သွားကြပါသည်။ သူတို့ကော၊ သူတို့ရွာမှာ အထက်တန်းကျောင်းမရှိပါ။ မူလတန်းနှင့် အလယ်တန်းကျောင်းလောက်သာရှိပါသည်။ အထက်တန်းကျောင်းဆက်တက်မည်ဆိုပါကမြို့ကိုသွားတက်ရပါမည်။ မြို့နှင့် သူတို့ရွာကလည်း တော်တော်လေးဝေးသည်။ ထို့အတွက်ကြောင့် ကိုလှူလှနှင့် "မဆောင်းနေ" တို့ ရွာက သူငယ်ချင်းအပေါင်းအသင်းတွေ အလယ်တန်းအောင်ပြီဆိုတာနှင့် အထက်တန်းကျောင်းဆက်တက်ဖို့ရန် မလွယ်ကူတော့။ ဒါကြောင့် ကိုလှူလှနှင့် သူတို့ယောကျ်ားလေး မိတ်ဆွေတစ်စု မိရိုးဖလာ အလုပ်ဖြစ်သည့် တောင်ယာအလုပ်များကို မိဘများနှင့် ဒိုးတူပေါင်ဖက် လုပ်ကိုင်ရန် လုပ်ငန်းခွင်ဝင်ဖို့စိတ်ကူးရပါတော့သည်။ သို့သော်လည်း "မဆောင်းနေ" တစ်ယောက်ကတော့ရွာမှာ သူ့တွင်းကြားနေရသည်။ သူတို့ဦးလေးဘုန်းကြီးရန်ကုန်မှာ "မဆောင်းနေ" ကို ကျောင်းဆက်ထားပေးမည်ဟု သတင်းရနေသည်။ ကိုလှူလှမှာ တစ်ရွာထဲနေ တစ်ရေထဲသောက်ဖြစ်တဲ့ သူငယ်ချင်းရည်းစား "မဆောင်းနေ" မရှိလျှင် သူ့ရင်ထဲမှာ ဟာတာတာကြီးဖြစ်နေမည်။ ဒီသတင်းကို ဟုတ်မဟုတ် ယနေ့ သွားမေးမည်။ သူကြိုက်နှစ်သက်တဲ့ ခရေပန်းလေးတွေလည်း ကောက်ပြီးသီကုံးသွားသည်။

"ဟယ် - ကိုလှူလှ၊ ဒီတစ်ခါခရေပန်းလေးတွေကိုကြိုးနဲ့သီလာတယ်။ အဆင်ပြေလိုက်တာဟယ်။ ကျုပ် ပန်းသီစရာမလိုတော့ဘူး။ ဒီအတိုင်း ဆံထုံးကို ပန်လိုက်မယ်"

"ဆောင်း - နင့်ကို ငါမေးစရာရှိတယ်"



www.burmeseclassic.com

ww.burmeseclassic.com

"ကျုပ်ကလည်း ကိုလူလုကို တိုင်ပင်စရာရှိတယ်တော့"

"ဘာပြောမှာလဲ၊ ဘာတိုင်ပင်စရာရှိလဲ"

ကိုလူလု သိချင်သောစကားတွေကို ပြောစရာမလိုပါ "ဆောင်း"ကပဲ ဆက်ပြီး ဖွင့်ဟပါတော့သည်။

"တိုင်ပင်စရာရှိတာပေါ့ - ကိုလူလုရယ်၊ တို့ ဒီနှစ်(၈)တန်း အောင်သွားပြီလေ"

"အေးလေ - ငါလည်းအောင်တယ်၊ နင်လည်းအောင်တယ်၊ သူငယ်ချင်းတွေ အားလုံး အောင်တာပဲ၊ အဲဒါ ဘာဖြစ်လဲ"

"ကျုပ် ပြောချင်တာ အဲဒီလိုမဟုတ်ဘူးတော့၊ ကျုပ်တို့ ရွာမှာ ကျောင်းဆက်တက်ဖို့(၉)တန်း၊(၁၀)တန်း မရှိတော့ ကျုပ်ကို ရန်ကုန်မှာနေတဲ့ ဦးလေးဘုန်းကြီးက သူနဲ့ရင်းနှီးတဲ့ဒကာမကို ကျောင်းထားပေးပါပြောတော့ ထားပေးမလို့တဲ့တော့၊ (၁၀) တန်းအောင်ရင်လည်း တက္ကသိုလ် ဆက်တက်ရမယ်တဲ့"

"ကောင်းတာပေါ့ဟာ - အဆင်ပြေတာပေါ့"

"ဘယ်ကောင်းမှာလဲ၊ ကိုလူလုနဲ့ ခွဲနေရမှာကို"

"ဒါဆိုလည်း မသွားနဲ့ပေါ့ - ဆောင်းရယ်"

"မသွားရင် မဖြစ်ဘူးတော်၊ ဟိုနေ့က မသွားချင်လို့ပြောတာ အဖေနဲ့အမေ မာန်လိုက်တာ ကိုယ့် ဦးလေးဘုန်းကြီးက မြင့်စေချင်လို့ နတ်ပြည်တင်တာ မြင့်တယ် ဆိုပြီး ခုန်ချချင်တဲ့ ခွေးမဆိုပြီး ငေါက်လိုက်တာတော်၊ တစ်အိမ်လုံး ဆူညံသွားတာပဲ၊ ဘယ်နားသွားနေရမှန်းတောင် မသိဘူးတော့"

"ဒါဆိုလည်း နင်တက္ကသိုလ်တက်မှာ ဘွဲ့ရပြန်လာတဲ့နေ့ ငါ စောင့်မျှော်နေပါ့မယ်ဟယ်"

"ကိုလူလုကလည်း ကျောင်းအတူတူတက်ရအောင် မိဘတွေပြောပါလား၊ ဦးလေးဘုန်းကြီးကျောင်းမှာနေပြီး ကျောင်းတက်ဖို့ ပြောပေးမယ်လေ"

"ဆောင်းရယ် - ရန်ကုန်ဆိုတာနေရေးစားရေးမလွယ်ဘူး၊ အလုပ်ရှာရအောင် သွားတာမဟုတ်ဘူး၊ ပညာရှာရအောင်သွားတာ ငွေက ကုန်ဖို့ပဲရှိတယ်၊ ကိုလူလု မိဘတွေကလည်း ပြောရမှာမဟုတ်ဘူး"

"ဆောင်းတစ်ယောက်တည်း အဖော်မရှိလို့"


www.burmeseclassic.com

ww.burmeseclassic.com

"ကျောင်းတက်နေရင်း ကျောင်းခန်းထဲမှာ သူငယ်ချင်းတွေ တွေ့လာမှာပေါ့"

အမှန်တကယ်မှာ သူပြောချင်တဲ့စကားကမသွားပါနဲ့ ဆောင်းရယ်၊ မြို့ကြီးကို အထင်မကြီးပါနဲ့၊ ရန်ကုန်မြို့ဆိုတာ အတုအယောင်တွေပေါတယ်၊ လူလိမ်လူညာတွေ ပေါတယ်။ တို့တောလို ရိုးသားမှုရှိသူက နည်းတယ်၊ လူတိုင်းတော့ မပြောလိုပါဘူးလို့ ဒီလို ကိုလှုလှု ပြောချင်တာပါ။ ဒါပေမဲ့ ပညာရှာဖို့သွားတယ်ဆိုတော့ မပြောလိုတော့ ပါဘူး။ ဒီလိုနဲ့ ကိုလှုလှုလည်း သူ့ရင်ထဲမှာ ဆောင်းနဲ့ပတ်သက်တဲ့ စကားတွေ ရင်ဖွင့် ပါတော့သည်၊ ဒီတော့ တင်ဆောင်က -

"လှုလှု - မင်းကလည်းကွာ ဆောင်းနေနဲ့ ကလေးဘဝထဲက မင်းတို့နစ်ယောက် အတူနေ အတူစားလာခဲ့တာ ဘာဖြစ်လို့ မြို့သွားမှာကို ခွင့်လွှတ်ရတာလဲ"

"မဖြစ်လို့ပေါ့ - တင်ဆောင်ရာ၊သူက မြို့မှာ ပညာသင်ရအောင်သွားတာကွ"

"လှုလှုရာ - ပညာသင်ရအောင်သွားပေမယ့် မြို့မှာ လူလည်တွေနဲ့ တွေ့သွားရင် မလွယ်ပါဘူးကွာ။ မသွားစေနဲ့ - လှုလှု"

ကိုလှုလှုတို့ရွာမှာ ငယ်စဉ်ကျောင်းတက်သည့်အခါက တောမှာ(၈)နစ်သားလောက်မှ ကျောင်းစာ ပညာသင်ကြပါသည်။ ယခုလို (၈)တန်းအောင်တဲ့အခါကြတော့ လူပျို၊ အပျိုပေါက်ကြီးတွေဖြစ်ကုန်ပြီ။ ဒီလိုနှင့် "ဆောင်းနေ" တို့ဦးလေးဘုန်းကြီး ရန်ကုန်မှ ရွာသို့ကြွလာပါတော့သည်၊ ဘုန်းကြီးနောက်မှာလည်း ရန်ကုန်မှ သူ၏ ဒကာမတွေလည်းပါလာကြသည်။ တောရွာကိုရောက်တော့ ရန်ကုန်မှမြို့သူများသည် နေရာအနှံ့ စပ်စုပါတော့သည်။ ရွာလူတွေကလည်း ခင်ကြမင်ကြနှင့် ထမင်းစားချိန်တွင် တစ်အိမ်ဟင်းတစ်ခွက်နှင့် စားပွဲဝိုင်းတွင် ချစရာနေရာတောင်မရှိတော့ပါ၊ တောရွာက လူတွေက မြို့သားတွေကို ခင်မင်တာကတော့ ပြောလို့မကုန်၊ ဆောင်းနေ ဦးလေး ဘုန်းကြီးကလည်း သူ့တောက အမျိုးတွေစေတနာ ရိုးသားမှု ပေါ်လွင်စေချင်သည့်အတွက် ကြွားဝါပြပါတော့သည်၊

"ဒကာမတို့"

"ဘုရား"

"ကျုပ်တို့တောက အမျိုးတွေကတော့ မြင်တဲ့အတိုင်းပဲဗျာ၊ ခင်ဗျားတို့ မြို့သူတွေကို ခင်မင်ဝီရိယစိုက်ချက်ကတော့ ပြောတောင်မပြောချင်ဘူးဗျာ"



www.burmeseclassic.com

ww.burmeseclassic.com

"မှန်ပါ - ဘုရား၊ တပည့်တော်တို့ကလည်း ဘုန်းဘုန်းတူမလေး မဆောင်းနေကို မြို့သူဖြစ်အောင် လုပ်မလို့ပါပဲ - ဘုရား"

"ဟဲ့ - ဒကာမတို့ရဲ့ မြို့သူဖြစ်ရုံနဲ့ ဘယ်ဖြစ်မလဲ။ ငါ့တူမ ပညာတတ်ကြီးဖြစ်မှပါ - ဒကာမကြီးတို့ရဲ့"

"မှန်ပါ - ဘုရား၊ ပညာတတ်ကြီးဖြစ်အောင် လုပ်ပေးပါ့မယ် ဘုရား"

သူ့ဦးလေး ဘုန်းကြီးရဲ့ဒကာမတွေက ပညာသင်ပေးဖို့ခေါ်တော့မယ်ဆိုတော့ ကိုလူလုစိတ်ထဲမှာ ရင်နစ်ခြမ်းကွဲလုမတတ် ခံစားနေရပါသည်၊ သည့်အတွက်ကြောင့် သူ၏ သူငယ်ချင်းများဖြစ်သည့် တင်ဆောင်နှင့် လွင်အောင်တို့ခေါ်ပြီး မဆောင်းနေ မြို့သွားခင် ရင်ဖွင့်စရာရှိတာတွေ ထင်ထင်ရှားရှား ညချမ်းအချိန်မှာ ဖွင့်ဟတော့သည်၊

"ဆောင်း - နင် တကယ်ရန်ကုန်လိုက်သွားတော့မှာပေါ့နော်"

"ဟုတ်တယ် - ကိုလူလု၊ အဖေတို့အမေတို့ကလည်း ပညာသင်စေချင်တယ်။ ကျုပ်ဦးလေးဘုန်းကြီးကလည်း ပညာတတ်ကြီးဖြစ်စေချင်တယ်။ ကျုပ် ဘယ်လိုလုပ်ရမလဲတော်၊ ကိုလူလုလည်း မခွဲနိုင်ဘူး"

ဤကဲ့သို့ မဆောင်းနေမှ ပြောလိုက်သောအခါ ကိုလူလုရဲ့ သူငယ်ချင်း တင်ဆောင်က ကြားဖြတ်ပြီး ...

"ဟေ့ - ဆောင်းနေ၊ နင်နော် ငါ့ သူငယ်ချင်းလူလုကြီး ရင်ကွဲအောင်တော့ မြို့သားတွေနဲ့ ရှုပ်ရှုပ်ရှက်ရှက် မလုပ်နဲ့နော်။ နင် လုပ်လို့ကတော့ ထန်းစလိုးတဲ့ဓားနဲ့ မှတ်မှာ။ ရန်ကုန်မြို့မကလို့ ဘယ်နေရာဖြစ်နေနေ တက်လိုက်လာမှာ"

"ဒီမှာ - ကိုတင်ဆောင် ကျွန်မကလည်း ကိုလူလုကလွဲရင် ဘယ်ယောက်ျားမှ ဂရုမစိုက်ဘူး။ ဖွဲနဲ့ဆန်ကွဲပဲ ထင်တယ်။ ဖောက်လွဲဖောက်ပြန်လုပ်လို့ကြားရင် ရှင်တို့မှတ်မယ့်ဓားရှေ့မှာ ကျုပ် လည်စင်းပေးလိုက်မယ်တော့်"

ကိုလူလုရဲ့ သူငယ်ချင်းဖြစ်တဲ့ လွင်အောင်ကလည်း ...

"အေးပါ - ဆောင်းနေရာ၊ နင့်စကားနဲ့ နင် မှတ်ထားပါ"

"အေး - ငါပြောပြီးပြီလေ တင်ဆောင်နဲ့ လွင်အောင်၊ ငါ့လူ့လောကမှာ ကိုလူလုကလွဲရင် ဖွဲဆန်ကွဲပါလို့ဆိုမှပဲ "ဆောင်းနေ" ရဲ့အသည်းထဲမှာ "လူလု" ဆိုတဲ့ကမ္ပည်းထိုးပြီးသွားပါပဲ"

○



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့်ဆောင်းတစ်ယောက်ဦးလေးဘုန်းကြီးရဲ့ဒကာမတွေနောက်ရန်ကု မြို့သို့ လိုက်ပါသွားကာ ပညာသင်ဖြစ်ပါတော့သည်။

ဆောင်းတစ်ယောက်(၉)တန်း အောင်မြင်ပြီးနောက် (၁၀)တန်းစာမေး ဖြေပြီး၍ နွေရာသီကျောင်းပိတ်ရက် ရွာသို့ ပြန်လာခဲ့ကြသည်။ ဒီအချိန်မှာ ဆော တစ်ယောက် ရွာကိုပြန်ရောက်လာသည့်အချိန်အခါတွင် တစ်သွေးတစ်မွေးမြို့သူ ပုံသို့ ပြောင်းလဲနေပါသည်။

သူ့မိဘ၊ ညီအစ်ကို မောင်နှမများနှင့်တွေ့ဆုံပြီး ကိုလှလှနှင့် ချိန်းတွေ့သော အခါ ...

“ဆောင်း – နင်(၁၀)တန်း ဖြေနိုင်လား”

“ဖြေနိုင်ပါတယ် – ကိုလှလှ၊ အေးအေးဆေးဆေး စကားပြောချင်တယ်”

“ပြောပါ”

“ဆောင်း – အခုဖြေခဲ့တဲ့(၁၀)တန်းစာမေးပွဲ အောင်သည်ဖြစ်စေ၊ မအော သည်ဖြစ်စေ ရန်ကုန်မှာ ကျောင်းဆက်မတက်ချင်တော့ဘူး”

“ဘာဖြစ်လို့လဲ – ဆောင်းရဲ့ နင့်ဦးလေးဘုန်းကြီးရဲ့ဒကာမတွေက လက် မလား၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ”

“ဘာမှမဟုတ်ပါဘူး၊ ကိုလှလှကို မခွဲနိုင်လို့ပေါ့တော့”

ဒီစကားကြောင့် ကိုလှလှ သည် ကျေနပ်သွားသည်။ အမှန်တကယ် ဆောင်းနေတစ်ယောက်စကားလွှဲပြောခြင်းဖြစ်သည်။ သူ့စိတ်ထဲမှာကျောင်းထား သော သူ့ဦးလေးဘုန်းကြီးရဲ့ဒကာမစိတ်ဓာတ်ကိုမကြိုက်လို့ပါ။ ၎င်းအန်တီဒေါ်ခင် စိတ်ဓာတ်ကို [illegible]သင့်သလောက်သိနေပါပြီ။ သူ၏ အချစ်ဆုံးငယ်ရည်းစား ကိုလှ လည်း မသိစေချင်။ သူ့ညီအစ်ကိုမောင်နှမဆွေမျိုးနှင့် တစ်ရွာလုံးလည်းမသိစေ ရန်ကုန်သို့ပြန်ရန် သူ၏ အန်တီ ဒေါ်ခင်ဥခေါ်သော်လည်း ပြန်မလိုက်ပါ။ ဆော ကတော့(၁၀)တန်း အောင်စာရင်းထွက်မှ ပြန်မည်ဟု ပြောပါသည်။ သူ့ကို ကျေ ထားပေးသော အန်တီဒေါ်ခင်ဥမှ –

“ဆောင်း – သမီး(၁၀)တန်း အောင်စာရင်းထွက်ဖို့ဆိုတာ အဝေးကြီး သေးတယ်၊ ဒီတော့သမီး(၁၀)တန်းအောင်လျှင်တက္ကသိုလ်ဆက်တက်ဖို့ပြင်ဆင် စာတွေ ဆက်လေ့လာဖို့ရှိတယ် – သမီး”



www.burmeseclassic.com

www.burmeseclassic.com

"သမီး - ပြန်မလိုက်ချင်သေးဘူး အန်တီ၊ ရွာမှာ သူငယ်ချင်းတွေနှင့် အောက်မလို့ စကားလက်ဆုံကျ ပြောရတာလည်း မဝသေးဘူး"

ကျောင်းထားပေးသော ရန်ကုန်မှ အန်တီဒေါ်ခင်ဥသည် ရန်ကုန်သို့ပြန်သွားပါသည်။ အမှန်တော့ ဆောင်းဟာ သူမပြောချင်တဲ့ အကြောင်းတစ်ခုရှိပါသည်။ အိမ်ကို အလည်လာနေတဲ့ သူရဲ့အဖေလောက်ရှိတဲ့ ဦးထွန်းမင်းဆိုသူနှင့် ဆောင်းကို အန်တီဒေါ်ခင်ဥက ပေးစားချင်နေသည်။ ဒေါ်ခင်ဥတို့သည် ၎င်းဦးလေးထံမှ ငွေတော်တော်များများ ယူထားပုံရသည်။ တစ်နေ့ - ဆောင်းနေ ကျောင်းသွားပြီထင်၍ ဦးထွန်းမင်းနှင့် အန်တီဒေါ်ခင်ဥတို့ ပြောနေသည်။ အိပ်ခန်းထဲမှ ဆောင်း သနပ်ခါးလိမ်းနေရင်း ကြားနေရသည်။

"ဦးထွန်းမင်း ငွေကိုပြန်ပေးဖို့ ကျွန်မတို့ အိမ်ရောင်းနေပါတယ်"

"ဒီလောက်လည်း အရေးတကြီးမဟုတ်ပါဘူး - ဒေါ်ခင်ဥရယ်၊ ကျွန်တော် ဆောင်းတဲ့ အကူအညီသာ ပေးပါ၊ အေးအေးဆေး ဖြစ်သွားမှာပါ"

"ဒါက ဦးထွန်းမင်းရယ် - မပူပါနဲ့၊ ကျွန်မတို့ လက်ခုပ်ထဲကရေပါ၊ အဆင်ပြေသွားမှာပေါ့"

"ဒါနဲ့ - ဒေါ်ခင်ဥကို မေးရဦးမယ်၊ ဒီကောင်မလေးမှာ သူ့အဖေ၊ အမေ မရှိဘူးလား၊ သူ့နာမည် အပြည့်အစုံက ဘယ်လိုခေါ်လဲ - ပြောဦး"

"သူ့နာမည်အပြည့်အစုံက ဆောင်းနေတဲ့၊ သူ့မှာ မိဘတွေက မရှိတော့ဘူး၊ တောမှာ သေဆုံးသွားတာ ကြာပြီ၊ ကျွန်မတို့ မွေးစားထားတာပါ"

ဤစကားပြောနေခြင်းကိုဆောင်းတစ်ယောက် ကျောင်းသွားတယ် ထင်နေပြီး ဒေါ်ခင်ဥတို့ပြောနေကြတာပါ၊ ဒါကိုနားနဲ့ဆတ်ဆတ်ကြားရသည့်အတွက်ဆောင်းနေတစ်ယောက် ရန်ကုန်မှာ ကျောင်းဆက်မတက်ချင်တော့ပါ၊ တစ်နှစ်လုံး တောမှာနေပြီး(၁၀)တန်း အောင်စာရင်းထွက်တော့ ဆောင်းရဲ့ဦးလေးဘုန်းကြီးနှင့် သူ့ရဲ့ဒကာမ အန်တီဒေါ်ခင်ဥတို့ ရွာသို့ ရောက်လာပါသည်၊ ဆောင်းတစ်ယောက် (၁၀)တန်း အောင်တယ်၊ တက္ကသိုလ်ဆက်တက်ရန် လာခေါ်ကြပါတော့သည်၊ ရွာက လူတွေက ပျော်လိုက်ကြတာ၊ သူ့သူငယ်ချင်းဟောင်း ကိုလူလုတစ်ယောက်ကတော့ ထန်းပင်အောက်မှာ ထန်းရည်တွေသောက်ပြီး ကျွမ်းထိုးလိုက်တာကို အမောပဲ၊ ဆောင်းတစ်ယောက်ကတော့ ပျော်ပုံမပေါ်၊ ရန်ကုန်ကို ပြန်မလိုက်ချင်သည့်အတွက် ...



www.burmeseclassic.com

ww.burmeseclassic.com

"ဆောင်း - သမီးအင်္ကျီအဝတ်အစားတွေထည့်တော့လေ။ မနက်ဖြန် ရန်ကုန် ပြန်ဖို့ပြင်ဆင်တော့"

မိဘဆွေမျိုး၊ ညီအစ်ကို၊ မောင်နှမ သူငယ်ချင်းအပေါင်းအသင်းတွေ၊ ကိုလူလူ ပါမကျန် ပညာဆက်သင်ရန် အားပေးစကားတွေပြောနေတော့ ဘယ်လိုမှမငြင်းသာ နိုင်တော့။

ရန်ကုန် ရောက်ပြီးမကြာပါ၊ ဆောင်းတစ်ယောက် တက္ကသိုလ်ကျောင်းသူ ကြီး ဖြစ်သွားပြီ။ တသွေးတမွေးနှင့် အလှကြီးလှနေတော့ ဦးထွန်းမင်းတစ်ယောက် စိတ်မချသည့်အတွက် ...

"ဒေါ်ခင်ဥ - ကျွန်တော် ဆောင်းကို စိတ်မချတော့ဘူးဗျာ။ တက္ကသိုလ်မှာ ကျောင်းသားအချင်းချင်း ငြိမယ်ထင်တယ်"

"ဒါတော့ ဦးထွန်းမင်း သဘောပဲလေ။ စိတ်မချလည်း ကျောင်းပို့ကျောင်းကြို လုပ်လိုက်လေ။ ကိုယ်ပိုင်ကားတွေ ရှိနေတာပဲ။ ကြိုက်သလို စီစဉ်ပေါ့"

အဲဒီလို ဒေါ်ခင်ဥမှ အခွင့်အရေးပေးလိုက်သော စကားကြားရသည့်အချိန်မှ ဦးထွန်းမင်းသည် သူ့ကားဖြင့် ဆောင်းကို ကျောင်းပို့ကျောင်းကြိုပြီး စားသောက်ဆိုင် မှာ အပြတ်ကျွေး၊ ဘီယာချော့တိုက်၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်များလည်း ဆင်ပေး။ တဖြည်းဖြည်းနှင့် ဆောင်းတစ်ယောက် စိတ်ဓာတ်တွေပြောင်းပြီး ကျောင်း စာလည်းစိတ်မဝင်စားတော့ပါ။ စာသင်တန်းထဲရောက်ပြီးကျောင်းပြန်ချိန် ဦးထွန်းမင်း ကျောင်းလာကြိုမှာကိုပဲ မျှော်လင့်နေမိပါတော့သည်။ ရွာကိုလည်း မေ့လျော့နေပါ သည်။ စာလည်း ယခင်တုန်းကလို တစ်လတစ်ကြိမ် မထည့်ဖြစ်ပါတော့ပါ။ ညနေ စောင်းရင် ဦးထွန်းမင်းမလာလျှင် ဆောင်းရင်ထဲမှာ နွေလို ပူရပါသည်။ ကျောင်းတက် လို့ နှစ်ဝက်ရောက်ရှိသောအခါ ဘီယာဆိုင်မှာ ဆောင်း ခေါင်းမူးပြီး...

"ဦးထွန်းမင်း - ကျွန်မ ဗိုက်ထဲကကိစ္စ ဘယ်လိုလုပ်မလဲ"

"တစ်နေရာရာမှာ ရှင်းပစ်လိုက်မယ် - သမီးရယ်"

"လွယ်ပါ့မလား - ဦးရယ်"

"လွယ်ပါတယ်၊ ဒါမျိုး ဦးထွန်းမင်း ရှင်းနေကျပါ"



www.burmeseclassic.com

www.burmeseclassic.com

ကြက်သီးမွေးညင်းထမိသည်။ ဒါမျိုးရှင်းနေကျဆိုတော့ ဆောင်းတစ်ယောက် ကျာချမ်းသွားသည်။ တောကလာတဲ့ တက္ကသိုလ်ကျောင်းသူတစ်ယောက် ဦးထွန်း မင်း ခြေတော်တင်တာ ပိုင်သွားပြီဆိုတော့ ယခင်တုန်းကလို ဝီရိယမစိုက်တော့ပါ။ ကျောင်းထားပေးတဲ့အန်တီဒေါ်ခင်ဥတို့လည်းငွေကိစ္စအဆင်ပြေလည်သွားလောက် နိုင်သည်။ ဦးထွန်းမင်း ကူညီလို့ ဆောင်းတစ်ယောက် ကျောင်းကိုလည်း သွားတစ် လှည့်၊ မသွားတစ်လှည့်နှင့် ကျောင်းမတက်တဲ့ ရက်ပေါင်းတွေလည်းများပြီး ငွေရေး ကြေးရေး သုံးဖို့စွဲဖို့ကိစ္စ ဦးထွန်းမင်း အလာကျဲသွားတော့ အခက်အခဲကြုံနေသည်။ သူငယ်ချင်းတွေနှင့် ဦးထွန်းမင်းအိမ် စုံစမ်းမေးမြန်းသွားသောအခါ သူ၏အိမ်မှ အမျိုး သမီးကြီးတစ်ယောက် ထွက်လာပြီး ...

"ဦးထွန်းမင်း - အိမ်လားရှင်"

"အေး - ဟုတ်တယ် ဦးထွန်းမင်းကို လာရှာတာလား။ ငါ သော့ခတ်ပြီး သိမ်း ထားလိုက်ပြီ။ ကဲလွန်းအားကြီးလို့။ ငါက သူ့မိန်းမ။ နင်က တောကလာတဲ့ တက္ကသိုလ် ကျောင်းသူ ဆောင်းဆိုတာ - နင်လား"

"ဟုတ်ကဲ့"

"အေး - နောက်ကို ဦးထွန်းမင်းနဲ့ မတွေ့ချင်နဲ့တော့။ နင့်ကို သားသမီးချင်း စာနာလို့ပြောတာ။ ဦးထွန်းမင်းမှာ သူနဲ့ငါမွေးထားတဲ့ သမီးတွေလည်း နင့်အရွယ် လောက် ရှိတယ်။ နောက်ဆိုရင် သူ့နောက် ငါ တကောက်ကောက်လိုက်တော့မှာ။ ရပ်တန်းက ရပ်လိုက်ပါ - သမီး"

ဆောင်းတစ်ယောက် သူငယ်ချင်းတွေကလည်းပါတော့ ရှက်လိုက်တာကို မျက်နှာဘယ်မှာထားရမှန်းတောင် မသိဘူး။ ချုံးပွဲချ ငိုလိုက်တာ အိမ်လည်းရောက် ရော ဒေါ်ခင်ဥကို ...

"ဒီမှာ - အန်တီ၊ ဦးထွန်းမင်းကို ကျွန်မနဲ့နီးအောင်လုပ်ပေးတာ ဘာသဘော လဲ။ အန်တီတို့က ကျွန်မကို ဇန်းပြပြီး ဒီလူကြီးဆီက ငွေချေးစားတာလား"

"အဲဒီလိုမဟုတ်ပါဘူး - သမီးရယ်"

"ဒီလို မဟုတ်ရင် သူ့မှာ မိန်းမကြီးနဲ့၊ သားသမီးချင်း မစာနာဘူး။ ကျွန်မက လွှလွှတ်မှတ်လို့။ အခုတော့ အန်တီတို့ သဘောဖြစ်သွားပြီ။ ကျွန်မမှာတော့ အရှက် ကွဲ အကျိုးနည်း ဖြစ်သွားတယ်။ ကျွန်မ အန်တီတို့အိမ်မှာ မနေတော့ဘူး"



www.burmeseclassic.com

ww.burmeseclassic.com

"တောပြန်မလို့လား - သမီး၊ ကျောင်းမတက်တော့ဘူးလား"

"အဆောင်မှာနေပြီး သူငယ်ချင်းတွေနဲ့ ကျောင်းတက်မယ်"

ကျောင်းဆက်တက်မယ်ဆိုတော့ မပြောတော့ပါဘူး။ ကျောင်းမတက်ဘဲ တောပြန်မယ်ဆိုရင်တော့ တားမှာသေချာတယ်။ ဘာအတွက်ကြောင့်ဆိုသော် ဒေါ်ခင်ဥ ရွှေတောင်းကိုမျက်နှာဖန်းပြီး ဦးထွန်းမင်းဆီက ချေးထားတာတွေ၊ တော လူတွေသိရင် ပြဿနာလာရှာမှာစိုးလို့ ငြိမ်နေခြင်းဖြစ်ပါသည်။

ဆောင်းသည် သူငယ်ချင်းတွေအားကိုးနှင့် အဆောင်မှာနေပြီး ကျော မတက်ဘဲ အလုပ်ရှာပါတော့သည်။ ရပ်ကွက်ထဲမှ တက္ကသိုလ်ကျောင်းလာတက် သော ကျောင်းသူတစ်ယောက်သည် ဆောင်းကို တွေ့သောအခါ ...

"ဟေး - သူငယ်ချင်း၊ နင်အလုပ် လုပ်မယ်ဆိုရင် ငါနဲ့လိုက်ခဲ့၊ ငါတို့ရပ်ကွ ထဲက အန်တီတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်။ နင် အလုပ်လုပ်ချင်တဲ့အကြော ပြောတော့ သူက အလုပ်ရှာပေးမယ်တဲ့"

"လိုက်ခဲ့မယ်လေ - ဘယ်နေ့လိုက်ရမလဲ"

"ဒီနေ့ လိုက်လည်းရတယ်လေ၊ ငါ့ဘာသာပြီးရင် လိုက်ခဲ့ပေါ့"

သူငယ်ချင်းတစ်ယောက် ခေါ်ဆောင်ရာနောက်ကို လိုက်ပါသွားပါသည် အလုပ်ရှာပေးမည့် အန်တီဆိုသော မိန်းမကြီးသည် ဆောင်းကိုမြင်တော့ တစ် တစ်သွေးနှင့် တက္ကသိုလ်ကျောင်းသူ မိန်းမလှလေးဆိုတော့ ...

"သမီးလေး - နာမည်ဘယ်လိုခေါ်လဲ"

"နာမည်အပြည့်အစုံကတော့ ဆောင်းနေပါ။ လူအများခေါ်နေတာက ဆောင်းလို့ ခေါ်ပါတယ်"

"အမလေး - လူကလည်းလှ၊ နာမည်လေးကလည်းလှနဲ့ ငါ့သမီးဖြစ်ရင် ဘ လောက်ကောင်းလိုက်မလဲ"

ဒီမိန်းမကြီး စိတ်ကြိုက်တွေ့သွားပြီး ပေးလိုက်သော အလုပ်တွေကလ ဆောင်းအတွက် လက်ဖျား ငွေသီးနေသော အလုပ်တွေဖြစ်ပြီး နေ့မအား ညမ ကိုကာလသားများသဘောကျ လမ်းကြောင်းပေါ်သို့ ရောက်ရှိလို့သွားပါပြီး ကျေ လည်းပိတ်ခါနီးပြီဆိုတော့ သူငယ်ချင်းတစ်ယောက်ကိုခေါ်ပြီးကျောင်း ပေး ဒေါ်ခင်ဥအိမ်သွား၍ ...



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ – အန်တီ၊ ကျွန်မတို့ ဒီနှစ်ကျောင်းပိတ်ရင် "အ" သုံးလုံး စာသွားသင်ရမယ်၊ တက္ကသိုလ်ကျောင်းသူ၊ကျောင်းသားတွေ ဘယ်နေရာ၊ ဘယ်ဒေသကျမလည်း တော့မသိဘူး၊ ဒီနှစ်နွေရာသီ ကျောင်းပိတ်ရက်ရောက်ရင် ရွာပြန်မလာဖြစ်ဘူးလို့ ဘုန်းဘုန်းကို လျှောက်ပေးပါ၊ တောကိုတော့ စာရေးအကြောင်းကြားလိုက်မယ်"

"သမီး – ကိုယ်တိုင်သွားလျှောက်ပါလား သမီးရယ်၊ ကိုယ့် ဦးလေးဘုန်းကြီးပဲ"

"အန်တီ – မရှည်နဲ့၊ ကျွန်မ ပြောခိုင်းတဲ့အတိုင်းပြော၊ နောက်ထပ်ပြောရမှာက အဆောင်မှာနေတယ်၊ အိမ်ကိုလည်း မကြာခဏလာတယ်လို့ လိပ်စာနဲ့ ဆက်သွယ်ပေးလိုက်ပါ"

ဒေါ်ခင်ဥ ဆောင်းကိုကြောက်နေရပါသည်၊ သူမွေးထားသောမီး၊ သူခင်းထားသော ဇာတ်လမ်းဖြစ်နေ၍ ကြောက်နေရတာဖြစ်သည်၊ တောကိုတော့ "ဆောင်း" စာရေးလိုက်သည်၊ ကျောင်းပိတ်လျှင် ရွာကိုမပြန်ဖြစ်တဲ့အကြောင်း၊ သူ့မိဘဆွေမျိုးများ၊ အပေါင်းအသင်းနှင့်တကွ ကိုလူလှအပါအဝင် အလွမ်းတွေ ရေးပြသွားပါသည်၊

ဆောင်းတစ်ယောက် တစ်နွေလုံး လက်ဖျားမှာ ငွေတွေသီး၊ ယောကျ်ားတွေကလည်း တစ်ယောက်ပြီးတစ်ယောက်တွဲနှင့် ရပ်ကွက်ထဲတွင် အိမ်ငှားနေပါသည်၊

ကျောင်းဖွင့်ခါနီးကျတော့ ဦးလေးဘုန်းကြီးကို ငွေဝတ္ထု လိမ်ညာပြော၍ ကန်တော့သည်၊

"တပည့်တော် စာမေးပွဲအောင်တယ် – ဘုရား၊ နွေရာသီ "အ" သုံးလုံးစာသင်သွားတဲ့ ကျောင်းသူ ကျောင်းသားတွေကို နိုင်ငံတော်က စားစရိတ်ထောက်တယ် – ဘုရား၊ ဘုန်းဘုန်းလည်း ကန်တော့ပါတယ်၊ ရွာက ဖေဖေနဲ့ မေမေလည်း ဒီစာအိတ်ထဲကငွေ လှူကြဲ့ရင် ပေးပေးပါ – ဘုရား"

"အေးကွယ် – သာဓု – သာဓုပါ၊ ငါ့တူမလေး ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ အန္တရာယ်ကင်း ဘေးရှင်းပြီး ပညာတံခွန် လူရည်ချွန် ဖြစ်ပါစေ"

တောကိုလည်း ဘုန်းကြီးက လှူကြဲ့တော့ နိုင်ငံတော်က စရိတ်ထောက်တဲ့အကြောင်း၊ ဒါကြောင့်မို့လို့ ဘုန်းကြီးလည်း ကန်တော့တယ်၊ မိဘတွေလည်း ပေးလိုက်တယ်လို့ လှူကြဲ့ပါးလိုက်တဲ့အခါ မိဘ၊ ညီအစ်ကို၊ မောင်နှမဆွေမျိုးများ ပျော်ကြသည်၊ ကိုလူလှကတော့ မပျော်နိုင်ပါ၊ သူ့အတွက် စာမပါလာလို့၊

ww.burmeseclassic.com

ဆောင်း လုံးဝ ရွာနှင့် အဆက်အသွယ်ပြတ်သွားပါသည်။ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ဆွေမျိုး၊ သူငယ်ချင်းနှင့် ကိုလှလှပါ မေ့လိုက်ပါတော့သည်။ ဘယ်လို အဖွဲ့အခေါ်လဲဆိုတော့ ငါသည် မိန်းမကောင်း မဟုတ်တော့ဘူး။ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေ၊ ရွာက သူငယ်ချင်း အပေါင်းအသင်းတွေနဲ့လည်း ငါမတွေ့ချင်တော့ဘူး။ ကိုလှလှအပေါ်လည်း ငါ သစ္စာဖောက်သွားပြီး ငါမိန်းမပျက်ဖြစ်သွားတဲ့အတွက် ရွာနဲ့ ငါမတန်တော့ဘူး။ ဤကဲ့သို့ ဆုံးဖြတ်လိုက်ပါပြီ။

ဆောင်းက ရွာနဲ့အဆက်အသွယ်ပြတ်နေတော့ ရွာက မိဘဆွေမျိုးတွေ၊ ရန်ကုန်က ဘုန်းကြီးကျောင်းသို့ အဆက်သွယ်ပြုကာ လိုက်လာပါတော့သည်။ ဘုန်းကြီးဆီ ရောက်သောအခါ သူ့ဒကာမ ဒေါ်ခင်ဥဆီကတစ်ဆင့် မေးရပြန်သည်။ သူလည်း ဆောင်းရဲ့မိဘ၊ ဆွေမျိုးတွေ ရွာက လိုက်လာပြီဆိုတော့ မျက်လုံးပြူး မျက်ဆံပြူး၊ တတ္တသိုလ်က အဆောင်ကို လိုက်သွားကြ။ အဆောင်ကျပြန်တော့လည်း သူသိတဲ့ မိတ်ဆွေများက ပြောကြသည်။

"ဆောင်း – မနေတာကြာပြီ။ သူ ယောကျ်ားရပြီးကတည်းက ကျောင်းထွက်သွားတာ"

အားလုံး အံ့သြကုန်သည်။ လိုက်လာတဲ့ မိဘတွေကတော့ ပက်လက်လန်ကုန်ပြီ။ ဘုန်းကြီးကလည်း ဒေါသဖြစ်။ မကျေနပ်ကြ။

"ဒကာမကြီး – ဒေါ်ခင်ဥ၊ ခင်ဗျားကို ယုံလို့ ကျုပ်တူမလေးကို အပ်ထားတာ။ အခုတော့ ကျောင်းလည်းမတက်၊ ရွာလည်းပြန်မရောက်။ ယောကျ်ားရပြီတဲ့။ ခင်ဗျား ဘယ်လိုရှာပေးမလဲ။ ခင်ဗျားမရှိုးသားဘူး။ ထိန်ဝှက်ထားတာတွေရှိမယ်။ ကျုပ်လည်း ဘာမှ လာမပြောပါ[illegible]တားဗျာ"

မှန်ပါသည်။ ဒေါ်ခင်ဥ စတဲ့ဇာတ်လမ်းပါ။ ဆောင်းကို ဒီလိုမျိုးဖြစ်လာအောင် သူ အရင် ဖန်တီးလိုက်တာပါ။ သည့်အတွက်ကြောင့် သူ ရဲရဲတင်းတင်း မပြောရဲဘဲ ထိမ်ဝှက်နေခြင်း ဖြစ်ပါသည်။

ဘုန်းကြီးနှင့်တကွဆောင်းရဲ့မိဘဆွေမျိုးများတို့သည်ရဲစခန်းတွင် လူပျောက် တိုင်ကြား၍ ရွာသို့ ပြန်လာခဲ့ပါတော့သည်။ ကိုလှလှတို့ မိတ်ဆွေတွေသိတဲ့အခါ မခံမရပ်နှင့် ပြောင်းဆန်အောင် ပေါက်ကွဲတော့သည်။

"တင်ဆောင်းနဲ့ လွင်အောင်ရေ – ငါနွားတစ်ကောင်ရောင်းမယ်ကွာ၊ ဆောင်း နောက် လိုက်မလို့ လမ်းစရိတ်အတွက်"



www.burmeseclassic.com

ww.burmeseclassic.com

"ကိုလူလုသွားရင် ကျုပ်တို့လည်း လိုက်မယ်လေဗျာ၊ ကျုပ် အရမ်းဒေါသဖြစ်တယ်ဗျာ၊ ကျုပ် လွယ်အိတ်ထဲ ထန်းစလိုးတဲ့ဓား ထည့်ဖြစ်အောင်ထည့်သွားမယ်"

ကိုလူလုတို့ သူငယ်ချင်းအပေါင်းအသင်းစု ဆောင်းရဲ့မိဘများကို လိုက်ခွင့်တောင်းပြီး ရန်ကုန်သို့ သွားကြပါတော့သည်၊ ရန်ကုန်သို့ရောက်သောအခါ ဘုန်းကြီးကျောင်းမှာတည်းပြီး ဆောင်း နေခဲ့ဖူးသော အဆောင်ဘက်သွားလိုက်သောအခါ ဈေးရောင်းနေသော ဦးလေးကြီးတစ်ယောက် ဖော်ဖော်ရွေရွေနှင့် တွေ့သည်၊

"ဦးလေးကြီး - ဒီမှာ ဈေးရောင်းတာကြာပြီလား"

"တက္ကသိုလ်ကျောင်းဖွင့်ရင် ငါအမြဲ ဒီလှည်းနဲ့ ဈေးရောင်းနေတာကြာပြီ၊ မင်းတို့ ဘာမေးချင်လို့လဲ၊ ဘာသိချင်လဲ"

"ဒီကျောင်းမှာ တက်သွားတဲ့ မဆောင်းနေ ဘယ်မှာနေလဲဆိုတာ သိချင်လို့ပါ - ဦးလေး"

"ဆောင်းဆိုတဲ့ ကောင်မလေးကို ပြောတာလား"

"ဟုတ်ပါတယ် - ဦးလေး"

"အေး - မင်းတို့ဘယ်လိုအမျိုးတော်ကြလဲမသိဘူး၊ ငါတော့ပွင့်ပွင့်လင်းလင်း ပြောမယ်၊ မင်းတို့ တောကလား"

"ဟုတ်ပါတယ် - ဦးလေး၊ ကျွန်တော်တို့ တောကပါ၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ အားမနာပါနဲ့ - ဦးလေး"

"မင်းတို့ ဘယ်သူ့မှ သွားပြောမနေနဲ့၊ အဲဒီကလေးမ ပျက်စီးသွားရှာပြီ၊ သူ့ကျောင်းထားပေးတဲ့သူတွေ ထောက်ပံ့သူတွေက အစဦးဆုံးဖျက်ဆီးခဲ့တာ၊ ကလေးမလေးက အချောအလှလေးဆိုတော့ မလွတ်မလပ်တဲ့ ယောက်ျားတွေနဲ့ မြူဆွယ်၊ ဇန်းပြလုပ်စားရာကနေ နောက်တော့ ကလေးမလေးက ငွေသုံးစွဲတတ်လာတော့ ငွေမသုံးရရင် မနေတတ်တော့ဘူး၊ သူ့အကြောင်း ငါ လေ့လာထားသလို ဖြစ်နေတယ်"

"ဦးလေး - ယောက်ျားရတယ်ဆိုတာရော၊ ဟုတ်လား -"



www.burmeseclassic.com

ww.burmeseclassic.com

"ရရှိတင်ဘယ်ကမလဲကွ၊ ငွေကို လွယ်လွယ်နဲ့ရတဲ့နည်းတွေနဲ့ ယောက်ျား တွေ တစ်ယောက်ပြီးတစ်ယောက်တွဲ သုံးဖြုန်း။ အခုတော့ တရှိုယောက်ျားတွေ တွဲတောင် မတွဲတော့ဘူး။ ရောဂါရနေပြီ၊ တောကို ပြန်ခေါ်သွားလိုက်ပါကွာ"

"ဦးလေးကြီး – ဆောင်းမှာ ဘာရောဂါလဲဗျ"

"ဘာရောဂါလဲဆိုတော့ Leprosy(လက်ပရိုစီ)ဖြစ်နေပြီကွ"

ကိုလူလု၊ တင်မိဆောင်နှင့် လွင်အောင်တို့လည်း မျက်ရည်များတွေတွေ ကျပြီး ကိုလူလုကတော့ "ဗျာ" ဆိုပြီး နောက်ပက်လက်လန်ကျသွားတာ တော်တော် နှင့် ပြန်မထနိုင်ပါ။

"ဦးလေးကြီးရာ – ကျွန်တော်တို့ကို တွေ့ဖို့ ကူညီပါလားဗျာ"

"ကောင်းပြီ – မနက်ဖြန်(၁၀)နာရီလောက် မင်းတို့ ဒီကိုလာခဲ့၊ ငါ ဖန်တီးပေး မယ်"

နောက်နေ့ကျ ဆောင်းတစ်ယောက် ကျောင်းဆောင်တွေဘက် ဈေးရောင်း သည့် ဦးလေးကြီးဆီလာတာ တွေ့ရပါသည်။

"ဦးလေးကြီး – ကျွန်မ မှာတယ်ဆို"

"အေး – ဟုတ်တယ်၊ နင့်ကို အထူးဧည့်သည်တွေနဲ့ မိတ်ဆက်ပေးမလို့"

"ဟဲ့ – ဆောင်း၊ သမီး နင် ဇာတိတောကို မပြန်တော့ဘူးလား"

"ကျွန်မ သေ[illegible]စိညာဉ်အနေနဲ့ပြန်တော့မယ်၊ အသက်ရှိစဉ် လူ့ဘဝနဲ့တော့ မပြန်တော့ဘူး"

ဆောင်းအသံက ကြေကွဲလှသည်၊ အသံတွေ တုန်ယင်နေသည်၊

ကိုလူလုနှင့် သူငယ်ချင်းတစ်စုတို့သည် ဈေးရောင်းသော ဦးလေးကြီးနှင့် ဆောင်းစကားပြောနေတာ စိတ်မထိန်းနိုင်ကာ ဆောင်းကို ပြေးဖက်လိုက်ပါတော့ သည်၊

"ဟယ် – ဘယ်သူတွေလဲ၊ ကိုလူလုတို့ပါလား။ ရှင်တို့ကို ကျွန်မ မတွေ့ချင် တော့ဘူး၊လွှတ်ပါ –"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့လွှတ်ရမှာလဲ၊ အခု ကျောင်းလည်းမတက်၊ ရွာလည်းမပြန်။ အခု နင့် ဘာတွေ ရင်ကွဲမတတ်ဖြစ်နေပြီ။ ငါလည်း အိပ်မပျော်၊ ထမင်းစားမဝင်။ အဲဒါ ရွာကို ပြန်လိုက်ခဲ့"

"မလိုက်တော့ဘူး - ကိုလူလု။ ကျွန်မ သေမှပဲ ပြန်တော့မယ်။ ရွာနဲ့လည်း မတန်တော့ဘူး။ ကိုလူလုအပေါ်လည်း ကျွန်မ သစ္စာဖောက်သွားပြီ။ မတန်တော့ဘူး။ ကျွန်မ ခန္ဓာကိုယ်ကိုလည်း ကြည့်ပါဦး"

တက္ကသိုလ်ဝန်းထဲမှာ ဈေးရောင်းနေတဲ့ ဦးလေးကြီးပြောသလို ဆောင်းရဲ့ ခန္ဓာကိုယ်ဟာ Leprosy(လက်ပရိုစီ) ဖြစ်သွားပြီဆိုတာ မှန်ပါသည်။ သူ၏ မျက်နှာ တွေမှာ အဖုအပိမ့်တွေနှင့်။ တချို့နေရာတွေမှာ ညိုညစ်ညစ် အကွက်ကွက်တွေ။ အသားအရေတွေက ယခင်တုန်းကလိုမဟုတ်၊ သန့်ပြန့်မှုလည်းမရှိ။ ကိုလူလုက တော့ဆောင်းကို မလွှတ်တော့ပါ။ ထွက်ပြေးမှာစိုးသည့်အတွက်။ တင်ဆောင်နှင့် လွင်အောင်ကလည်း ဒေါသဖြစ်ပြီး ...

"ဟေ့ - ဆောင်းနေ၊ နင် တောမှာတုန်းက ရန်ကုန်မသွားခင် ကိုလူလုအပေါ် သစ္စာဖောက်ရင် ထန်းစလျှီးတဲ့ဓားနဲ့ခုတ်ဆို။ ငါ့ထန်းခေါက်ဖာထဲမှာ ဓားပါတယ်"

"ခုတ်ပါဟယ် - ငါ လည်စင်းပေးပါ့မယ်။ ကိုလူလု ကျွန်မကိုလွှတ်ပါ။ ရောဂါ တွေ ကူးကုန်မှာစိုးလို့"

"မလွှတ်ဘူး - ဆောင်း။ နင့်ရောဂါတွေ ငါ့ဘယ်လောက်ကူးကူး၊ ငါ မလွှတ် ဘူး။ ရွာပြန်လိုက်ရမယ်။ ပျောက်အောင် ကုပေးမယ်"

"ရွာပြန်မလိုက်ဘူး၊ ရွာပြန်လိုက်ရမယ်ဆိုရင် ကျွန်မကို ကျွန်မ သတ်သေ လိုက်မယ်"

"နင်မသေရဘူး။ တို့ရွာရဲ့တောင်ဘက်ရွာမှာ တို့ဘကြီးတစ်ယောက်ရှိတယ်။ နင့် ရောဂါမျိုးကို ပျောက်အောင်ကုနိုင်တယ်"

ကိုလူလုလည်းဆောင်းကိုလုံးဝမလွှတ်ဘဲ ရွာကိုမရရအောင် သူ့သူငယ်ချင်း အပေါင်းအသင်းတွေနှင့် ဖျောင်းဖျပြောဆိုပြီး ပြန်ခေါ်သွားပါတော့သည်။ ဆောင်းရဲ့ Leprosy(လက်ပရိုစီ)ရောဂါ ပျောက် မပျောက်တော့မသိ။ ရွာမှာတော့ ဆောင်းကို ကိုလူလု အပျောက်မခံဘဲ ပေါင်းသင်းဆက်ဆံသွားပါတော့သည်။

ဝင်းမောင်ကျော်

www.burmeseclassic.com

ww.burmeseclassic.com

ရှုသာထိမ့်ပျို ကာရာဇ်ဒိုကေ၊

အနိုပ်ပမ်း စလည့် အရွှော အသီးသီးမှ

ပြစ်မှုကျူးလွန်ရောက်လာကြသော

အမျိုးသမီးထောင်ကျသူများ၏

ဘဝခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



# ကိုကို ဘာလို့မုန်းတာလဲ

## မှူး မ

အကျဉ်းထောင်ကြီးထဲမှာ တာဝန်ထမ်းဆောင်နေရပေမယ့်ကျွန်မစိတ်တွေ ဘယ်မှပျော်နိုင်ပါ့မလဲရှင်။ ဘာဖြစ်လို့လဲဆိုတော့ ထောင်ထဲရောက်လာကြသည့် အကျဉ်းသူတွေဆိုတာကလည်း ဒုက္ခပေါင်းစုံနဲ့ ပင်လယ်ဝေနေခဲ့ကြရသူတွေ မဟုတ်ပါလားရှင်။

တစ်နေ့တစ်နေ့ သူတို့တွေနဲ့ပဲ နီးစပ်ရုဝထိတွေ့ဆက်ဆံနေရတော့ ဘယ်လောက် စိတ်ပျက်စရာကောင်းလိုက်မလဲ။ စဉ်းစားသာကြည့်ကြတော့။ [illegible]တ်တယ်လေ။ သူတို့တွေဆိုတာက အမှုပေါင်းစုံ၊ ပြဿနာပေါင်းစုံနဲ့ ကြုံတွေ့လာကြရတဲ့ ဒုက္ခသည်တွေလေ။

www.burmeseclassic.com

ww.burmeseclassic.com

ဒီတော့ ဘယ်မှာလာပြီး စိတ်ချမ်းသာမှုဆိုတာ ရှိနိုင်ပါ့မလဲ။ ဒီကြားထဲ အိပ်ဆောင်ကြီးပတ်ပတ်လည်မှာ အလုပ်လုပ်နေရင်ပဲဖြစ်ဖြစ်၊ အလုပ်နားချိန်မှာ နားနေရင်ပဲဖြစ်ဖြစ် ဂရုတစိုက် စောင့်ကြပ်ကြည့်နေရတာ။

မိန်းမတွေရယ်လို့ လျှော့မတွက်လိုက်နဲ့။ မဟုတ်တာလုပ်တဲ့နေရာမှာ စံတင်လောက်တဲ့ဟာမတွေ။ သူတို့ကတော့ ဘာအပူအပင်မှမရှိသလိုပဲ၊ ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းဆိုတဲ့ အတန်းစားတွေ။

ကျွန်မတို့ဝန်ထမ်းဆိုတာကလည်း နေ့စဉ် မနက်မိုးလင်းက မိုးချုပ်ထောင်ဖွင့်ကနေ ထောင်ပိတ်ချိန်ထိ မျက်လုံးဒေါက်ထောက်ကြည့်နေကြရတာ။ ဘယ်နေရာမှာ ဘယ်လိုအရှုပ်အထုပ်တွေဖြစ်ပြီး ဘယ်လိုပြဿနာဖြစ်နေကြမလဲဆိုပြီး လိုက်လံစစ်ဆေးစောင့်ကြပ်ကြည့်နေရတယ်။

တော်တော်ကြာ အမှိုက်ကစပြဿနာမီးလောင်လျှင် တာဝန်အရှိဆုံးက ကိုယ်ပဲလေ။ မိန်းမသားဆိုတာက အူတိုမျိုးတွေလေ။ တစ်ယောက်ကိုတစ်ယောက် စောင်းလားမြောင်းလားလုပ်ပြီး ထေ့ချင် ငေါ့ချင်နေတတ်တဲ့ဟာတွေ။ တချို့စကားနိုင်လု အငြင်းပွားပြီး ခိုက်ရန် ဖြစ်ပြီဆို ကြားထဲက မြေစာပင် ကျွန်မတို့ပဲ အဆူအပြောခံနေကြရတာ။

မိန်းမဆောင်ထဲမှာက သိတဲ့အတိုင်း သူ့အုပ်စုနှင့်သူ ခွာရာတိုင်းချင် နေကြသူတွေ။ ငတိုမတွေအုပ်စုဆို မလစ်နဲ့၊ လစ်တာနဲ့ သူများပစ္စည်း ကိုယ့်ပစ္စည်းဆိုပြီး ဟန်ကိုယ့်ဘို့ လုပ်နေကြတာ အများကြီး။

သူတို့ကလည်း ဘာလည်သလဲ မမေးနှင့်။ အိပ်ဆောင်နောက်ဘက်မှာ လူသူကင်းရှင်းနေလျှင် မဟုတ်ကဟုတ်က လုပ်ကစားချင် ကစားတတ်ပြန်ရော။ တာဝန်ကျတဲ့ဆရာမတွေ ကင်းလှည့်စစ်လာပြီဆို တစ်ခုခုနဲ့ အချက်ပေးလို့ လက်စလက်နဖျောက်ပစ်ရော။

ဒါကြောင့် သူတို့မဟုတ်တာ လုပ်နေသည့်နေရာမှာ တာဝန်ကျဆရာမ ကင်းလှည့်စစ်လာပြီဆို သူတို့ချင်းပဲသိတဲ့အထာစကား၊ စကားဝှက်တွေနဲ့ အချိန်းအချက်လုပ်ပြီး မခုတ်တဲ့ကြောင်လို ဣန္ဒြေတစ်ခွဲသားနဲ့ မှင်သေသေနေရော။

ဘာတဲ့၊ ကျွန်မတို့ ဝန်ထမ်းတွေထဲက လှည့်ကင်းစစ်လာပြီဆိုလျှင် နာမည်ဝှက် ချစ်စနိုးအမည် (Nick-name) ပြောင်ကို သင်္ကေတပြု ပေးထားကြတယ်။



www.burmeseclassic.com

ww.burmeseclassic.com

"ဟော့ - ပဲပြားပင်ကြီး - လာနေပြီ"

ကြည့်စမ်းပါဦး၊ သူတို့မို့ ရှာရှာဖွေဖွေ ပေးလည်းပေးတတ်ကြပါပေရဲ့။ သူတို့ပြောတဲ့ ပဲပြားပင်ဆိုတာက ဆရာမ မြင့်မြင့်ကြည်ကို ပေးထားတာ။ သူမကလည်း ခန္ဓာကိုယ် ပိန်ပိန်သေးသေး၊ အရပ်ရှည်ရှည်ပုံစံလေးဆိုတော့ လေယူရာတိမ်းမယ့် ပဲပြားပင်လိုပုံပေါ့။ ဟုတ်ပါတယ်။ သူမခန္ဓာကိုယ် သေးသေးသွယ်သွယ်လေးက လေတိုက်ရင်တောင် လဲကျမလားပဲ။

အဲဒီလိုပဲ အိပ်ဆောင်ထဲမှာ ရှိနေသည့် အကျဉ်းသူ နေပုံထိုင်ပုံ စည်းကမ်းတကျ ပုံစံမနေလျှင် လိုက်လံဆူပူ အော်ငေါက်တတ်လွန်းပြီး အသံစာစာနဲ့ အော်ကြီးဟစ်ကျယ် ဆဲဆိုပြောတတ်သည့် သက်မွန်ဆိုသော အမျိုးသမီးဝန်ထမ်းကို "စွာကျယ်မ" တဲ့။

အဲ - အခန့်မသင့်လို့ ပစ္စည်းခိုးဝှက် သည့်ကိစ္စမျိုးမှာ ကောင်းကောင်းမွန်မွန် စစ်မေးလို့မရသည့်အခါ ကျောပြင်ကြီးကို တဖြန်းဖြန်းပြန်ရိုက်မေးတတ်သည့် တပ်ကြပ်မော်လီကိုကျတော့ "ကျားလက်ဝါး" တဲ့လေ။

ဟင်း - ဟင်း - ကျွန်မကိုလား၊ ပါတာပေါ့ရှင်။ ဘယ်နေပါ့မလဲ။ ကျွန်မလို သဘောကောင်း၊ မနောကောင်းသည့်သူမို့ ကဗျာဆန်ဆန်လေး ပေးထားတယ်။ ညီပြာညက်တဲ့။ ကျွန်မက အညာသူပီပီ အသားကညိုညို၊ ခန္ဓာကိုယ်က ဝဝတုတ်တုတ်မို့လား မသိပါဘူးရှင်။

အဲဒီလိုပဲ အိပ်ဆောင်ထဲမှာ တာဝန်ကျနေသည့် ဝန်ထမ်းအားလုံးကို ကင်ပွန်းတပ်ပေးထားကြတာ။ သူတို့ တိုးတိုးတိတ်တိတ် ပစ္စည်းမှာထားတာကို အကြံအဖန်လုပ်ပေးပြီး ပစ္စည်းသယ်သွင်းပေးသည့် တပ်ကြပ်ကြီး ဒေါ်ပြုံးဆို ဘာတဲ့ "ကယ်ရီပြုံးပြုံး" တဲ့။

သူတို့ နာမည်ပေးချက်က အရာရှိမတွေတောင် အလွတ်မပေးကြဘူး။ မိန်းမဆောင် တာဝန်ခံထောင်မှူးကြီး ဥမ္မာကိုလည်း ရွှေကိုင်းမျက်မှန်လေး အမြဲတပ်ထားတာကို ကြည့်ပြီးတော့ "ရွှေမျက်မှန်" တဲ့။

ထောင်မှူးမ အိအိခင်များဆို သူက ထောင်ထဲမှာ စည်းကမ်းတကျ ကိုင်တွယ်ပြောဆိုတတ်ပြီး ပြဿနာဖြစ်တာနှင့် အယူခံဝင်မရအောင် တိတိကျကျ လုပ်တတ်လွန်းလို့ "စာအုပ်ကြီး" တဲ့လေ။



www.burmeseclassic.com

ww.burmeseclassic.com

အဲဒီလိုပဲ ထောင်မှာက လူစုံ၊ အမှုစုံ တွေ စုဝေးထားသည့်နေရာမို့ သူတို့စိတ်ထဲရှိသည့်အတိုင်း ချစ်စနိုးနဲ့ နာမည်ပြောင်တွေ ပေးထားကြတာလေ။ ကျွန်မတို့ဝန်ထမ်းတွေဆိုတာကလည်း ကိုယ့် လက်အောက်ပြစ်ဒဏ်ကျခံနေကြရသည့် အကျဉ်းသူတွေ ညီရင်းအစ်မလို ဆက်ဆံပေါင်းသင်းနေတော့ သူငယ်ချင်းတွေလို ပြောမနာ ဆိုမနာ ဖြစ်နေခဲ့ကြတာပါ။

○

အကျဉ်းသူတွေဘက်ကလည်း ထောင်ကြီးထဲက အိပ်ဆောင်မှာနေရသည့်အခါ အနေချောင်ချင်ကြတာလည်း ပါမှာပေါ့။ သူတို့ကိုများ တင်းတင်းကြပ်ကြပ်နဲ့ စည်းကမ်းကိုင်လျှင် မကြိုက်ချင်ကြဘူး။

ကျွန်မကတော့ ပင်ကိုက အေးအေးဆေးဆေး နေတတ်သူဆိုတော့ အများနှင့် အဆင်ပြေအောင် ရေလိုက်ငါးလိုက် နေပေးတော့ ကျွန်မအပေါ် အားလုံးက ချစ်ကြောက်ရှိသေကြပါတယ်။

ဝန်ထမ်းဆိုတာမျိုးကလည်း လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြတာ မဟုတ်လား။ သဘောကောင်းသူ ရှိသလို၊ စိတ်သဘောထားပုပ်သူတွေလည်း ရှိကြမှာပေါ့၊ တချို့ကလည်း လူကြီးအကြိုက်လိုက်ပြီး စည်းကမ်းကို တင်းတင်းကြပ်ကြပ် ကိုင်ချင်ကြသလို၊ တချို့ကလည်း အများနှင့် လိုက်လျောညီထွေ ရေလိုက်ငါးလိုက် နေထိုင်ဆက်ဆံကြတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ထောင်ထဲမှာဆိုတာက လူကို လူချင်း အုပ်ချုပ်နေကြရတာဆိုတော့ သဘောကောင်းတဲ့သူ ရှိ သလို၊ သဘောဆိုးတဲ့လူလည်း ရှိနေကြမှာပဲ။

အကျဉ်းသူအချို့ဆိုတာကလည်း စာရိတ္တပျက်ပြားကြလို့ ဥပဒေအပေါ် လက်တစ်လုံးခြား လိမ်ညာကျူးလွန်ခဲ့ကြလို့လည်း ပြစ်ဒဏ်နဲ့ ထောင်ထဲကို ရောက်လာကြတာပေါ့။

တကယ်တော့ လောဘ၊ ဒေါသ၊ မောဟ ဆိုသည့် ကိလေသာမီးတွေ မငြိမ်းသတ်နိုင်ခဲ့ကြလို့လည်း ထောင်ထဲကို ဝင်လာမစဲ တသဲသဲဖြစ်နေခဲ့ကြတာလေ။ တ



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရည်သနားကမားလေးတွေနဲ့ ထောင်ထဲကို ဝင်လာသည့်အခါ အမှုကြောင်းကို မေးလိုက်သည်နှင့် လူသတ်မှု၊ ပြည့်တန်ဆာမှုဆိုတာက များတယ်။

ဒါကြောင့်လည်းထောင်ထဲနဲ့ထောင်ပြင်ကိုဝင်စို့ထွက်စို့လုပ်ပြီးတော့ထောင် အကြိမ်ကြိမ်ကျနေကြသည့် အကျဉ်းသူတွေဆိုတာ အများကြီး၊ တချို့များဆို ဒေါသ အလျောက် ဖြစ်ပေါ်လာပြီး ရှေ့နောက်ဆင်ခြင်တိုင်းထွာမှုမရှိကြတော့လည်း လင်ကွဲ၊ သားသမီးကွဲနဲ့ အပူမီးဖျာပါရတွေ ကြွယ်ကုန်ရော။

ကျွန်မတို့ဝန်ထမ်းတွေရဲ့ဘဝက လည်းတစ်နွယ်ငင် တစ်စင်ပါဆိုသလို စုလို ဆိုးသွမ်းမိုက်မဲလွန်းသည့်အာဂမိန်းမများထောင်ထဲကိုဝင်လာခဲ့ပြီဆိုနိုင်နိုင်နင်းနင်း ထိန်းနိုင်သိမ်းနိုင်အောင် ရျော့တစ်ခါ ခြောက်တစ်လှည့်နဲ့ အုပ်ချုပ် ရေးပိုင်းကနေ ကိုင် တွယ်ဆုံးမပေးနေရ တယ်။

ဒီတော့လည်း ကျောသားရင်သား မခွဲခြားဘဲ အားလုံးကို တန်းတူရည်တူ ဆက်ဆံပေါင်းသင်းနေရတယ်။ သူတို့ တွေဆိုတာက ဇက်ရဲလက်ရဲသမားတွေ ဧသမထူး နေမထူးတွေ မဟုတ်ပါလား။

○

ခုတော့ ကျွန်မလည်း အချိန်ရှိခိုက် လုံ့လစိုက်ပြီး ကိုယ်တာဝန်ကျနေသည့် နေရာက ကောင်မတွေကို ဘယ်လိုအချိုးတွေချိုးပြီး မဟုတ်က ဟုတ်ကတွေ လုပ်နေ မလဲဆိုတာ လှည့်ပတ်စစ်ဆေးဖို့ တာဝန်က ရှိနေတော့ အိပ်ဆောင်ပတ် ပတ်လည် ကို ကင်းလှည့်စစ်ဆေးနေရတာ အမော။

ကျွန်မ တွေးထင်ထားသည့်အတိုင်းပဲ အိပ်ဆောင်နောက်ဘက် နားက ထောင့်မှာ အပျော်မယ်အုပ်စုတွေ ဖယ်ဆုပ်တမ်းကစားနေကြတယ်။ သူတို့ကတော့ သူတို့အာရုံနဲ့ သူတို့ ဝိုင်းဖွဲ့ကစားနေကြတာ လေးယောက်လောက် ရှိတယ်။

"ဟဲ့ - ကောင်မတွေ - အလုပ်မလုပ်ဘဲ ဘာလုပ်နေကြတာလဲ"

ကျွန်မ အော်ဟစ်မေးသံကြားမှ ထိုင်နေရာက ပျာပျာသလဲထလာပြီး လူစု ခွဲမလို့လုပ်နေတယ်။ အပျော်မယ် တူးမာ လက်ထဲမှာ အိပ်ဆောင်ဘေးနားဆီက ခဲလုံးသေးသေးလေးတွေ ကောက်ပြီး ဖယ်ဆုပ်ကစားနေကြဟန်တူတယ်။

"ကျွန်မတို့ ရေချိုးမလို့ စောင့်နေတာ ပါ"

www.burmeseclassic.com

"ဘာရေချိုးရမှာလဲ၊ ခုမှ အစောကြီးရှိသေးတယ်၊ နေ့လယ်(၂)နာရီမှ ရေ
ရမယ်။ နင်တို့ကို သန့်ရှင်းရေးလုပ်ခိုင်းတာ ပြီးလို့လား"

"ပြီးသွားပါပြီ - ဆရာမ"

"ဘာပြီးတာလဲ - ဟဲ့ကောင်မ၊ ဒီမယ် လာကြည့်စမ်း - ဟောဟိုနားက ပလ
စတစ်စတွေက နင့်လင် ပစ်ထားတာလား"

"ဟာ - ဆရာမကလဲ - ကျွန်မလင်က ထောင်ထဲထိ လာပစ်မှာလဲ၊ အဲဒါ -
အိပ်ဆောင်အပေါ်ထပ်မှာ ကြမ်းတိုက်နေကြတဲ့ကောင်မတွေ ပစ်ထားတာနေ
ပေါ့"

"ဟေ့ - အပိုတွေ ပြောမနေကြနဲ့၊ သွားကောက်ပြီး ပုံးထဲကို ထည့်စမ်း"

"ဟုတ်ကဲ့ပါ - ဆရာမ"

အဲဒီလိုပဲ လူမလစ်လိုက်နဲ့၊ လူလစ်တာနဲ့ အလုပ်ကို အပါးခိုပြီး ဆော
ဆော့နေတတ်တဲ့ဟာတွေ၊ ကျွန်မ မြင်လို့သာပေါ့၊ ထောင်မှူးမမသာ လိုက်ဖမ်
မြင်သွားရင် စာအုပ်ကြီးအတိုင်း ရိုက်နက်ဆုံးမရင် ဆုံးမနေမှာ၊ ဒါမှမဟုတ် ထောင်
ကြီးရုံးကို တင်ချင် တင်နေမှာ၊

ကျွန်မကတော့ တော်ရုံတန်ရုံ အသေးအမွှားကိစ္စလောက်ဆို အော်ငေါ
ဆူဆဲပစ်လိုက်တာပဲ၊ စာအုပ်ကြီး မမကတော့ တကယ့်မလွယ်ကြောပဲ၊ နည်းနည်
သည်းခံစိတ်မထားဘူး၊ မထင်လျှင် မထင်သလို ရိုက်နက်နေဦး မှာ၊ ကျွန်မကပေ
ပြဿနာကို မီးထွန်း မရှာချင်ဘူး၊ ဒါတောင် -

"တော်ပါသေးရဲ့ - ညီပြာညက်နဲ့ ဆုံလို့၊ စာအုပ်ကြီးသာဆို ကောင်းကော
ဆော်ပလွှော်တီးခံရဦးမှာ"

ဒီအချိန်မှာပဲ ကျွန်မ လျှောက်လာနေတုန်း တောင်ယာနားမှာ တစ်ယော
တည်း ခပ်ငူငူ ထိုင်နေသည့် အကျဉ်းသူကို အမှတ်မထင် တွေ့မြင်လိုက်တယ်၊ သူ
ကတော့ ကန်စွန်းခင်းနားမှာ ပေါင်းမြက် ရှင်းလင်းနတ်နေရင်း တစ်စုံတစ်ရာကို ငေ
တောငေးမောနေဟန်တူတယ်၊

"ဆုမွန် - နင် ဘာတွေထိုင်စဉ်းစားနေတာလဲ"

ကျွန်မထံမှ ရုတ်တရက်ပြောလိုက်သည့် စကားသံကြောင့် တွန့်ခနဲ ဖြစ်သွ
ပြီး နောက်ကို လှည့်ကြည့်လျက် -



www.burmeseclassic.com

ww.burmeseclassic.com

"ဘာရယ် မဟုတ်ပါဘူး – ဆရာမရယ်။ ကိုကို့ကို သတိရနေလို့ပါ"

"ဟုတ်လား – အိမ်ကို လွမ်းနေလို့လား"

"အိမ်ဆိုပေမယ့် – အဓိကက ကိုကို့ကိုပါ"

"သူက ထောင်ဝင်စာ လာမတွေ့လို့လား"

"ဘယ်လိုလုပ် လာတွေ့နိုင်တော့မှာလဲ"

"ဟင် – ဘယ်ရောက်သွားလို့လဲ"

"သေမင်းနိုင်ငံကို ..."

"အမလေး – ဘုရား – ဘုရား – ဘယ်လိုဖြစ်ရတာလဲ – ဆုမွန်ရယ်"

"ကျွန်မကိုယ်တိုင် သတ်ပစ်လိုက်လို့လေ"

"သောက်ပလုတ်တုတ် – ရက်စက်လှချည်လား – ဆုမွန်ရယ်"

ကြည့်စမ်းပါဦး၊ ကိုယ့်ယောက်ျားကို ကိုယ်ကိုယ်တိုင် သတ်ပစ်ခဲ့သည့် မိန်းမတစ်ယောက်က ခြေလွန်လက်လွန် ဖြစ်သွားတော့ သူမအပြစ်ဒဏ်ကို ပြန်လည်တွေးတောနေမိပြီး လွမ်းတပူဆွေးနေဟန်တူပါတယ်။

"ဘယ်လိုကြောင့်များ သတ်ပစ်ချင်လောက်အောင် စိတ်နာစရာများ ရှိခဲ့လို့လားကွယ်"

"ရှိပါပြီကော – ဆရာမရယ်။ လောကမှာ သစ္စာဖောက်ခံရတာမျိုး ကြုံခဲ့ရတဲ့ မိန်းမတစ်ယောက်ရင်မှာ ဘယ်လောက်နာကြည်းစိမ်းကားနေမလဲဆိုတာ ဆရာမကိုယ်တိုင်ကြုံမှ ယုံမှာပေါ့လေ"

ကျွန်မ ဆုမွန်ရဲ့အပြစ်ကင်းစင်အောင် ချောမွေ့နေသည့်မျက်နှာလေးကိုစိတ်မကောင်းခြင်းများစွာဖြင့် ငေးမောကြည့်ရှုလို့နေမိတယ်။ ဆုမွန်ကတော့ ခါးသီးခြင်းရဲ့အမုန်းဒဏ်ကို ရင်မှာပိုက်လျက် သူမ ကိုကိုနှင့်ပတ်သက်သည့်အကြောင်းများကို ပြောပြနေရှာတယ်။

ဆုမွန်ဝေဆိုတာ သူဌေးသမီးလေးပါ။ လှူကုံထံအသိုင်းအဝိုင်းကြားမှာ မွေးဖွားကြီးပြင်းလာခဲ့သူဖြစ်တယ်။ ပီဘိ ကလေးသာသာအရွယ်လေးပဲ ရှိဦးမယ်၊ အသက်က ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်အရွယ်လေး။



www.burmeseclassic.com

www.burmeseclassic.com

သူမ အတန်းပညာတက်နေသည်က ဆယ်တန်းဖြေဆိုမည့် အခြေအနေ၊ ဖျာပုံမြို့ အ.ထ.က( )မှာကျောင်းပညာ သင်ကြားနေတုန်းအရွယ်၊ နေ့စဉ်ကျောင်းကို အိမ်မှ ကြိုပို့ပေးနေသော မာဇဒါဂျစ်ကားကြီးစီးလျက် ကျောင်းတက်ကျောင်းဆင်းနေသူ၊

အဲဒီလို အစစအရာရာ လိုလေသေးမရှိအောင်ပြီးပြည့်စုံနေသည့်ဆုမွန်ဝေ၏ ဘဝလေးထဲကို တိုးဝှေ့ဝင်ရောက်နားခိုလာသူက ထွန်းခေါင်ကျော်၊ သူကလည်း နှစ်ဆယ်ခန့် ဆယ်ကျော်သက်အရွယ် မတိမ်းမယိမ်းလေးမို့ အရပ်ထောင်ထောင်နှင့် လူညိုချောလေး တစ်ဦးဖြစ်တယ်၊

သူတို့နှစ်ယောက်အလယ်တန်းပညာသင်ကြားနေစဉ်ကတည်းကတပူးတွဲတွဲ ရင်းရင်းနှီးနှီး ခင်မင်နေကြသူများဖြစ်တယ်၊ အဲလို ကျောင်းတက်ကျောင်းဆင်း ကျောင်းမှာ ဆုံစည်းဖန်များလာတော့ သံယောဇဉ်ကြိုးတွေ ရစ်ပတ်တိုးပြီး သမုဒယသစ္စာစကားတွေကို အာဂုံဆောင်ရွတ်ရင်း မေတ္တာမျှလာခဲ့ကြတယ်၊

သူတို့နှစ်ဦး ချစ်သူတွေဘဝကို အတိအလင်းကြေညာလို့ ချစ်မဏ္ဍိုင်စိုက်ထူ နိုင်ခဲ့ကြချိန်မှာ ဘဝအရေးတွေ

မုန်တာပြောတာလေ။
ရှင့်မယားငယ် မာမာဆီက
ရှင်ပြန်လာတာ ကျွန်မ မသိဘူးမျ
ရှင် ထင်နေလား။ ကျွန်မမှာတော့
ရှင့်တစ်မျက်နှာ တစ်ရွာထင်ပြီး
အချစ်ကို ယုံစားမိလို့
မိဘအပစ်အပယ်ခံဘဝနဲ့
ရှင့်နောက်လိုက်ခဲ့မိတာ။
ခုတော့ အမှားကြီး မှားမှန်းသိပြီ၊
ရှင့်လို သစ္စာမရှိတဲ့လူကို
ကျွန်မ သိပ်မုန်းတယ်-မုန်းတယ်





www.burmeseclassic.com

ww.burmeseclassic.com

ကို တွေးဆလို့ ပူတတ်လာခဲ့ပြီ။ နှစ်ဦးစလုံးက တစ်ဦးကိုတစ်ဦး မတွေ့ရ မမြင်နိုင်အောင် ချစ်သံယောဇဉ်တွေ တွယ်ငြိလာပေမယ့် ဘဝတစ်ခုကို ထူထောင်ဖို့ဆိုတာ မလွယ်ဘူးလေ။

အထူးသဖြင့် ဆုမွန်အဖေက ဌာနဆိုင်ရာတစ်ခုမှ အရာရှိကြီး။ သူကိုယ်တိုင် သမီးကို နေ့စဉ်နေ့တိုင်း ကျောင်းတက်ကျောင်းဆင်း ကြိုပို့ပေးနေကျ။ သူမဘဝက အချုပ်အနှောင်တွေဖြင့် မလွတ်လပ်သည့်ကြားမှ ရည်းစားထားဖြစ်အောင် ထားခဲ့ကြသေးတယ်။

ခက်နေတာက ထွဋ်ခေါင်ကျော်က သာမန်လက်လုပ်လက်စား သားသမီး တစ်ဦးဖြစ်နေတော့ မိခင်ကြီး ဈေးရောင်းကျွေးတာစားပြီး ကျောင်းတက်နေရသူ။ မိုးနဲ့မြေလို ကွာဟနေသည့် ဘဝနှစ်ခုကို ဖွတ်ပေါင်းဖို့ကြံရွယ်လာမိကြသော ချစ်သူနှစ်ဦး၏ဘဝမှာ ရင်လေးဖွယ်ပင်။

နောက်ဆုံး ဆယ်တန်းစာမေးပွဲကြီး ကို ဖြေဆိုရသည့်အချိန်မှာ ဆုမွန်ဝေ တစ်ယောက် ချစ်သူနှင့်အပျော်လွန်ကဲခဲ့သည့်ရက် များလာတော့ ကျောင်းစာကိုစိတ် မဝင်စားနိုင်ဘဲ ချစ်မှုရေးရာမှာသာ ပျော်မြူးနေတယ်။ ခုလို ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုပြီး မှတ်ကျောက်တင်ခံရသည့်နေရာမျိုးမှာတော့ ဘယ်လိုမှ အရည်အချင်းမမီအောင် ကြုံနေရတယ်။

ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုခဲ့ပြီး နောက်ဆုံးနေ့ရောက်မှပဲ ဆုမွန်တစ် ယောက် မိမိအခြေအနေမှန်ကို ရိပ်မိသိရှိနေခဲ့တာကြောင့် စာမေးပွဲအောင်စာရင်း အဖြေကိုစောင့်ကြည့်နေစရာမလိုဘူးဆိုတာ သိနေသဖြင့် ချစ်သူနောက်သို့ကောက် ကောက်ပါအောင် လိုက်ပြေးသွားခဲ့တော့တယ်။

မိဘများမှာလည်း သမီးမိုက်၏ လုပ်ရပ်ကြောင့် ရင်ကျိုးမတတ် ခံစားသွား ကြရတယ်။ သမီးကလေး "ငါ့သမီးလေး လိမ္မာလှ ချီးမွမ်းမှ ယောက်မမြင်းစီးထွက်" ဆိုသလို အချိုးမျိုး ချိုးသွားရက်လေခြင်းဟု ယူကြုံးမရ ခံစားနေကြရရှာတယ်။

သို့သော်လည်း ...

ဆုမွန်တစ်ယောက်ကတော့ လင်တော်မောင်၏ တစ်မျက်နှာ တစ်ရွာထင်ပြီး မိုးရာလိုက်မိခဲ့တော့မှ ကိုကို့ဘဝ၊ ကိုကို့အခြေအနေမှန်ကို မျက်ဝါးထင်ထင် မြင်တွေ့ လိုက်ရတော့ ရင်မောသွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

မိမိမိဘအိမ်မှာ နေထိုင်စားသောက်ခဲ့ရသည့်ဘဝအခြေအနေနှင့် လုံးဝဆန့်ကျင်ဘက် ကွာခြားနေတယ်။ ကိုကို့အိမ်ရောက်တော့မှပဲ ဘဝသရုပ်မှန်ကို မြင်တွေ့သိရှိလာတယ်၊ နေတော့ တဲစုတ်၊ စားတော့ ပဲပြုတ်ဘဝမျိုးကို ရှောင်လွှဲမရနိုင်အောင် လက်တွေ့ကြုံကြိုက်နေရပြီလေ။

တကယ်တော့ ဆုမွန်တို့လို အပျိုသင်စအရွယ်မှာ အချစ်ရေးကို ဦးစားပေးပြီး ကိုကို့ရုပ်ရည်ချောမောမှု၊ ကြင်နာယုယမှုတွေကို ရှေ့တန်းတင်ထားခဲ့တော့ မျက်စိတိမ်သလ္လာဖုံးပြီး ချစ်မျက်ကန်းလို ဖွတ်တိုးဝင်မိပြီမှန်း နောင်တရမိတယ်၊

ခုတော့ - လက်တွေ့ဘဝမှာ ဆီနှင့်ရေလို အကွာကြီးကွာနေမှပဲ မိမိဘဝမှာ မစားဘူးတာ စားရ၊ မနေဘူးတဲ့နေရာမှာ နေထိုင်ရနဲ့ ဘယ်လောက်များ မွန်းကြပ်ဖို့ကောင်းသလဲ။

အဲဒါကြောင့် လူကြီးသူမတွေ ဆုံးမသလို နောင်တဆိုတာ နောင်ခါမှ ရလို့ကော အခါနှောင်းသွားပြီလေ၊ မိမိ ဆင်ကန်းတောတိုး ဖွတ်ဝင်တိုးမိခဲ့သည့်အဖြစ်ကိုသိလို့ အချိန်မီ နောက်ပြန်လှည့်မယ် ကြိုးစားတော့ အိမ်က သတင်းစာထဲမှာ သမီးမိုက်အဖြစ် အမွေပြတ်ကြေညာပြီးနေပြီ။

နောက်ဆုံးပေါက်သည့်နဖူး မထူးတော့ပြီဆိုပြီး ကိုကို့ကိုပဲ ယုံကြည်စွာ ပုံအပ်လိုက်ချိန်မှာတော့ မိဘအိမ်က ဆင်ပေးလိုက်သည့် လက်ဝတ်လက်စားတွေကလည်း ရှိထုတ်၊ ရှိထုတ်နှင့် တစ်စတစ်စ ပြောင်သလင်းခါခဲ့ပြီ၊

အပြင်ထွက်အလုပ်ရှာပြီး ငွေရှာမယ် ပြင်ပြန်တော့လည်း နှစ်ဦးစလုံး၏ပညာအရည်အချင်းက စွာ့ကာစက ပညာရေးမို့ ဘယ်သူကမှ အလုပ်မခန့်နိုင်ပေ။

မိမိမှာ ပါလာသည့် လက်ဝတ်လက်စားလေးတွေကို ကိုယ်ပေါ်မှာ မြင်နေရတုန်းတော့ ယောက္ခမ၊ ယောက်မတွေ ကြည်ဖြူဖော်ရွေခဲ့ကြပြီး ရွှေပေါ်မြတင်လို ဆက်ဆံနေခဲ့ကြတယ်။

ဟော - ကိုယ်ပေါ်က လက်ဝတ်လက်စားတွေလည်း တတိတိနဲ့ ကုန်ရောမပေးနိုင်၊ မထောက်ပံ့နိုင်တော့ မိသားစုတွေ ဝိုင်းပြီးငြူစူစောင်းမြောင်းဆက်ဆံလာခဲ့ကြပြီလေ။

ကျွန်မတို့ရဲ့ ချစ်ကမ္ဘာလေးကို အတူ တူလက်တွဲပြီး တည်ဆောက်ကြမယ်ဆိုတဲ့ အိပ်မက်တွေလည်း အကောင်အထည်မပေါ်ဘဲ လေထဲ တိုက်အိမ်ဆောက်



www.burmeseclassic.com

ww.burmeseclassic.com

သလို ဖြစ်သွားခဲ့ပြီ၊ ကျွန်မထင် ထား၊ တွေးထားခဲ့တာက ကိုကိုနဲ့ နှစ်ယောက်ကမ္ဘာလေး အတူတူတည်ဆောက်လို့ ကိုကို့ရင်ခွင်ထဲမှာ ခေါင်းတိုးဝင်ကာ ချစ်ခွန်းသီဖွဲ့လို့ ကြည်နူးကြမယ်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်တွေ ဘယ်ရောက်ကုန်ပြီလဲဟင်၊

ခုချိန်မှာတော့ မိမိဘဝကိုက ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ အဖြစ်ဆိုးနှင့် ကြုံကြိုက်နေရပြီ၊ ဆုပ်လည်းစူး၊ စား လည်း ရှူး၊ နမ်းလည်း မူးတဲ့ ပဒိုင်းသီးလို ဘဝမျိုး ဆိုက်နေပြီ၊

ဒီတော့ ဇနီးကောင်းလျှင် စီးပွားတက် ဆိုစကားနှင့်အညီ ကိုကို့ကို အလုပ် တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဆိုပြီး အပူကပ် နားချနေရတော့တယ်၊

"ကိုကိုရယ် – အလုပ်အကိုင် တစ်ခုခု ရှာပါဦးလားဟင်"

"ကိုယ်လည်း ရှာနေတာပဲ – မွန်ရယ်၊ ကိုယ့်ပညာတစ်ပိုင်းတစ်စနဲ့ ဘယ်ဌာန ကမှ အလုပ်မခန့်ချင်တော့ ခက်တယ်"

"ဒါဆိုလဲ – မွန့်ဦးလေးကုမ္ပဏီမှာ အလုပ်တစ်ခုခု ဝင်လုပ်မယ်လို့ မွန် ပြော မယ်လေ"

"မွန်တို့အိမ်က အမွေဖြတ်ထားတာ လက်သင့်ခံပါ့မလား"

"အို – အိမ်က အမွေဖြတ်ပေမယ့် မွန့်ဦးလေးက လက်ခံပါတယ်"

"ဟာ – မွန် သွားအလုပ်လုပ်စရာ မလိုဘူး၊ အိမ်မှာပဲ အေးအေးနေပါ"

"မဖြစ်ဘူး – ကိုကို၊ မွန့်ဆီက ထုတ်နိုင်တုန်းအချိန်ကတော့ ကြည်ကြည်သာ သာ ပြုံးပျော်နေပေမယ့် ခုလက်ထဲ ငွေပြတ်သွားတော့ မျက်နှာရှစ်ခေါက်ချိုးတွေနဲ့ သုန်သုန်မှုန်မှုန် ဆက်ဆံနေကြပြီ"

"မွန်လေးရယ် – ကိုယ်လည်း သဘောပေါက်ပါတယ်၊ ခဏတော့ သည်းခံနေ ပါဦးကွယ်၊ ကိုယ်လည်း ရရာအလုပ် လိုက်ရှာနေပါတယ်"

သည်လိုနှင့် ထွဋ်ခေါင်ကျော်၏ အချေအမြှုစကားတွေကို နားဝယ်ထောင် လျက် အောင့်အည်းသည်းခံနေရတယ်၊ ထွဋ်ခေါင်ကျော်တစ်ယောက်လည်း မိုးလင်း က မိုးချုပ် အိမ်မှထွက်ပြီး ရရာကျပန်းအလုပ်ကို ရှာနေရတယ်၊

နောက်ဆုံး ထွဋ်ခေါင်ကျော်သည် သူငယ်ချင်းတစ်ဦး၏ ဆက်သွယ်ပေးမှု ကြောင့် ကုန်ကားကြီးမောင်းသည့် အလုပ်ကို ရလာခဲ့တယ်၊ အဲဒီလို ကုန်ကားကို



www.burmeseclassic.com

ww.burmeseclassic.com

လစာငွေဖြင့် မောင်းပြီး ပုံမှန်ဝင်ငွေလေးရလာသောအခါ မိဘအိမ်မှ ခွဲထွက်ကာ ရပ်ကွက်လေးထဲမှာ တစ်အိုးတစ်အိမ် ထူထောင်နေကြတယ်။

ကျွန်မက မောင် အလုပ်ရသွားလို့ သီးသီးသန့်သန့်နေရတာကိုပဲ ကျေနပ်ဝမ်းသာလှပါပြီ။ ယောက္ခမအိမ်မှာ ရှိတုန်းကတော့ ပြုံးရွှင်ပျူငှာကြိုဆိုနေပြီ၊ မရှိတော့ ဆူပူစောင်းမြောင်းခံရသည့် ဘဝမှ လွတ်လပ်လာခဲ့တယ်။

မောင်ကတော့ တစ်ပတ်တစ်ခါ အထက်အညာအရပ်ဆီ ကုန်ကားကို မောင်းပြီး ခရီးထွက်နေရတော့ အိမ်မှာ ရှိချိန်နည်းလာတယ်။ ဆုမွန်မှာသာ တစ်ယောက်တည်း ချက်ပြုတ်စားလိုက်၊ တီဗွီကြည့်လိုက်နဲ့ မောင်ပြန်အလာကိုပဲ စောင့်မျှော်နေရတယ်။

မောင် ခရီးထွက်ပြီး ပြန်လာသည့် အချိန်ရောက်မှပဲ နှစ်ဦးအတူတူ အပြင်ထွက် ထမင်းစား၊ ရုပ်ရှင်ကြည့်၊ ပန်းခြံထဲ လျှောက်လည်နှင့် အချိန်တွေကို အတိုးချ ဖြုန်းတီးပစ်ခဲ့ကြတယ်။

သို့သော်လည်း ...

ကံကြမ္မာဆိုတာမျိုးကလည်း ဆန်းကြယ်သား။ အဆင်ပြေချောမွေ့လာပြီ ဆို အဖျက်အမှောင့်ပယောဂကလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ကြုံလာတတ်ပြန်ရော။ လူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားစေမည့် ကံကြမ္မာဆိုးက ဝင်လာတတ်ပြန်တယ်။

လင်ဖြစ်သူ ထွင့်ခေါင်ကျော်၏ မျက်နှာကို တစ်ရှာထင်ပြီးတော့ သူဌေးသမီးလို ရွှေပေါ်မြတင်နေနိုင်ပါလျက် ပိုးဖလံမျိုး ဖွတ်တိုးဝင်လာခဲ့မိတယ်။ ဆုမွန်ဘဝလေးကို အလေးတယူ မပြုဘဲ နင်းချေမွခဲ့တာကတော့။ တစ်နေ့ ...

ခရီးက ပြန်လာသည့် ယောကျ်ားဖြစ်သူ၏ အဝတ်အစားဟောင်းများကို လျှော်ဖွပ်ဖို့စုပုံထားခဲ့ရာမှ အဝတ်လျှော်မည်ဟု ရှင်းလင်းထုတ်နေစဉ်မှာပဲ ဘောင်းဘီနောက်အိတ်ကပ်ထဲက စာခေါက်ကလေးတစ်ခုက စိတ်မှာ အနှောင့်အယှက်ဖြစ်ပေါ်လာတယ်။ ဖွင့်ဖောက်ဖတ်လိုက်တော့ ...

"ကိုကို"

ဟိုနေ့က ဘာဖြစ်လို့မလာတာလဲ။

"မာ" စောင့်နေတာ တစ်နေကုန်ပဲ ကွယ် - သိလား။

"မာမာ"



www.burmeseclassic.com

www.burmeseclassic.com

ဒါကတော့ ဆရာမရယ်-
ဝါသနာကိုယ်စီ ရှိကြတာကိုး။
ကျွန်မတို့လို ဗီးလိမ်းပြင်ဆင်ထားတဲ့
ခင်တင်ဝေးဂီတအဆိုတော်တွေက
မီးရောင်အောက်မှာ
ကြေးရုပ်လေးလို လှပဝင့်ကြွား
နေတာကို အာသာငမ်းငမ်းတက်ပြီး
အိမ်က မိန်းမကြီး ထဘီတစ်ထည်
ဝယ်ခိုင်းကြည့်ပါလား။
ဘတ်ငွေမရသေးလို့
ငွေမပြေလည်သေးလို့
ဖြည်းဖြည်းမှပြောမှာ ...



တုန်ယင်နေသော လက်ချောင်းများဖြင့် စာရွက်ခေါက်လေးပေါ်မှ စာလုံးများကို ဝေဝေဝါးဝါး ဖတ်ကြည့်နေမိစဉ် မျက်ရည်ပေါက်တို့က တသွင်သွင် စီးဆင်းလာနေတယ်။

"တောက် - ရက်စက်ပါပေ့ - ကိုကိုရယ်"

တုန်ယင်နေသောနှုတ်ဖျားလေးဆီမှ စကားလုံးအချို့ပေါက်ကွဲထွက်ပေါ်လာတယ်။ ဒေါသဖြစ်ဖြစ်နှင့် လက်ထဲမှ စာရွက်ခေါက်လေးကိုအစိပ်စိပ်အမြွာမြွာ ဆွဲဖြဲပစ်နေစဉ် မျက်ရည်ပေါက်တို့က တားမနိုင်၊ ဆီးမရ နာကျင်ခံစားနေရတယ်။

ချစ်သူအပေါ် ယုံစားခဲ့မိလို့ မိမိ ရွှေအိမ်စံဘဝကနေ တဲအိုပျက်ဆီကို ခြေစုံပစ်ဆင်းလာခဲ့သည့်မျက်နှာကိုမှ မထောက်၊ ယုတ်မာရက်စက် အကြံပက်လှသည့် ထွင်ရှခေါင်ကျော်အပေါ် ဘယ်လိုမှဖြေသိမ့်လို့မရနိုင်အောင် အချစ်ကြီးတော့ အမျက်ကြီးသလို လက်တွေ့ဘဝမှာ ရင်ဆိုင်နေရတယ်။

နောက်တစ်ပတ်ခန့်အကြာတွင် ထွင်ရှခေါင်ကျော်တစ်ယောက် ထုံးစံအတိုင်း ခရီးက ပြန်ရောက်လာတယ်။ မိမိချစ်ဇနီးလေးစားဖို့ နယ်ထွက်ပစ္စည်းနဲ့လက်ဆောင်တွေ တပွေ့တပိုက်နဲ့ အိမ်ပေါ်တက်လာတယ်။

ww.burmeseclassic.com

"မွန်ရေ - ကိုကို ပြန်လာပြီလေ။ ဘာဖြစ်လို့ ထွက်မကြိုတာလဲ။ လာပါဦး - မွန်လေးရယ်"

ထွဋ်ခေါင်ကျော်ကတော့ သူ့လုပ်ဆောင်နေကျဝသီအတိုင်းပဲ ကျွန်မကို အိမ်ရှေ့ဆီမှ အော်ဟစ်ခေါ်ဆိုနေရင်း အိမ်ထဲဆီ ဝင်လာနေတယ်။ ကျွန်မကလည်း အိမ်အတွက် စားဖို့သောက်ဖို့ ဟင်းချက်မလို့ ကြက်သွန်နီကို စတီးဓားချွန်လေးနဲ့ နွာနေခိုက်ဖြစ်တယ်။

"ဘယ်လိုလဲ - မွန်ရယ်၊ ကိုကိုပြန်လာတာ နောက်ကျလို့ စိတ်ကောက်နေတာလားကွယ်၊ လာပါ - ချက်မနေစမ်းပါနဲ့၊ ကိုယ်တို့နှစ်ယောက် အရင်လို အပြင်ထွက်စားကြတာပေါ့"

ထွဋ်ခေါင်ကျော်ကတော့ သူ့ကိုယ်သူ ခြောက်ပြစ်ကင်း သဲလဲစင်လိုဘဝမျိုးရယ်လို့ မှတ်ထင်ထားလေသလားမသိ၊ ခါတိုင်းလို ခရီးက ပြန်လာသည့်အခါတိုင်း လက်ဆောင်ပစ္စည်းများကို ဝယ်ခြမ်းလာတတ်သလို ဆုမွန်တစ်ယောက်တည်း ထမင်းဟင်းချက်ပြုတ်စားနေရသည်ကိုမစားစေဘဲ အပြင်ထွက်ဆိုင်မှာဝယ်စားလေ့ရှိကြတယ်။

အဖြစ်မှန်ကို နားမလည် မသိရှိ သေးသည့် ထွဋ်ခေါင်ကျော်က အိမ်နောက်ဖေးကို စကားတပြောပြော ဝင်လာပြီး လက်ဆောင်ပစ္စည်းတွေကိုလည်း လက်မှာကိုင်လာတယ်။ ဆုမွန် အနားကပ်ပြီး သိုင်းဖက်ရန်အလုပ်မှာ -

"သွားပါ - ရှင့်မယားငယ် မာမာကိုပဲ သွားချော့ - ကျွန်မကို လာပြီးချော့မနေနဲ့"

ရုတ်တရက် ဆုမွန်ထံမှ တုံ့ပြန်လိုက်သော နှုတ်ထွက်စကားကို ကြားပြီး ထွဋ်ခေါင်ကျော် ကြောင်စီစီဖြစ်သွားတယ်။

"ဟေ့ - မွန် - မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"မှန်တာပြောတာလေ၊ ရှင့်မယားငယ် မာမာဆီက ရှင်ပြန်လာတာ ကျွန်မ မသိဘူးများ ရှင် ထင်နေလား။ ကျွန်မမှာတော့ ရှင့်တစ်မျက်နှာ တစ်ရွာထင်ပြီး အချစ်ကိုယုံစားမိလို့ မိဘအဆပ်အပယ်ခံဘဝနဲ့ ရှင့်နောက်လိုက်ခဲ့မိတာ၊ ခုတော့ အမှားကြီးများမှန်းသိပြီ။ ရှင့်လို သစ္စာမရှိတဲ့လူကို ကျွန်မ သိပ်မုန်းတယ် - မုန်းတယ်"



www.burmeseclassic.com

ww.burmeseclassic.com

ထွင့်ခေါင်ကျော်ကတော့ အဖြစ်မှန်ကိုမသိသေးသောကြောင့် မိမိ အိမ်အပြန် နောက်ကျခြင်းအပေါ်မကျေမနပ်ဖြစ်နေတယ်လို့ထင်မှတ်နေတယ်။ မိမိက ခရီးထွက်သွားပြီး ပြန်လာတိုင်း အိမ်ကို အပြေးအလွှား ပြန်လာနေကျဖြစ်တယ်။

ယခုတစ်ခေါက် ကုန်ကားများကို သက်ဆိုင်ရာက ရှောင်တခင် စစ်ဆေးရေး လုပ်နေသဖြင့် လမ်းကြောင်းရှင်းလင်းပြီးမှ အိမ်ကို ပြန်လာခဲ့ရခြင်းကြောင့် အချိန် နှောင့်နှေးကြန့်ကြာသွားရသည်ကို ရှင်းပြပြောဆိုနေသော်လည်း ဆုမွန်ကတော့ ရင်မှာ အကြိတ်အခဲရှိနေသောကြောင့် လက်သင့်မခံပေ။

ဒါကြောင့် ထွင့်ခေါင်ကျော်ခမျာ ချစ်ဇနီးလေး မျက်နှာမြူစူဖြစ်နေသည်ကို ချော့မြူရှင်းပြရန် မျက်နှာချိုသွေးလျက် –

"မွန်လေးကလည်းကွာ၊ အလကား စိတ်ကောက်စရာမရှိ ကြံဖန်ပြီး စိတ်ကောက်ရတယ်လို့။ ကိုကိုက မွန်လေးကိုခွဲပြီး ခရီးထွက်နေရတာ၊ ဘယ်ခွဲသွားချင်ပါ့မလဲ။ ကိုကို့အလုပ်က မွန်သိတဲ့အတိုင်း ဒီလိုခရီးထွက်မှ ဝင်ငွေရမှာလေ၊ ဒါမှ မွန်လေးကို တင့်တောင်းတင့်တယ် ထားနိုင်မယ်ဆိုပြီး ကြိုးစားငွေရှာနေရတာ၊ ခုလို မွန့်စိတ်တိုင်းကျဖြစ်အောင် တစ်အိုးတစ်အိမ် ထူထောင်ပေးထားပြီလေ၊ မွန့်ကို အောက်ကျနောက်ကျ မဖြစ်စေချင်လို့ပါကွယ်"

"တော်ပါ – ရှင် အပိုတွေ လာပြောမနေနဲ့၊ ကျွန်မကတော့ ချစ်လွန်းလို့ ဘုရား မှတ်လို့ ကိုးကွယ်မိတာ၊ ဖွတ်ထွက်မှ တောင်ပို့မှန်း သိတော့တယ်၊ ရှင်ကတော့ ကျွန်မ ကွယ်ရာမှာ ခြေများပြီး ဖောက်ပြန်နေတယ်ပေါ့၊ ကျွန်မ ရှင့်ကို ဆက်မပေါင်းနိုင်ဘူး၊ ကွာမယ်၊ ကျွန်မ မိဘအိမ်ကို တောင်းပန်တိုးလျှိုးပြီးပြန်မယ်၊ ရှင့်လို သစ္စာမရှိတဲ့လူနဲ့ ဘယ်လိုမှ ဆက်မပေါင်းနိုင်ဘူး – ဒါပဲ"

"မွန် – မင်း ပေါက်ကရတွေလျှောက်မလုပ်နဲ့၊ ငါ လက်မခံဘူး၊ သူများတွေ မလိုတမာ ကုန်းချောတဲ့စကားတွေနဲ့ နားယောင်ပြီး ငါ့ကို လာမပြောနဲ့၊ ငါ ပွေရှုပ်နေတဲ့ကောင်မဟုတ်ဘူး"

ထွင့်ခေါင်ကျော်ကတော့ မိမိကို မလိုတမာစကားတွေ ပြောပြီး စွပ်စွပ်စွဲစွဲ ပြောလာသည်ကို ခါးခါးသီးသီး ငြင်းဆန်နေတယ်၊ ဆုမွန်ကတော့ ဒီကိစ္စကို သိနေခြင်း ကြောင့် မိဘအိမ်ကိုသာ ပြန်မည်ဟု ခြိမ်းခြောက်ပြောဆိုလာသောအချိန်မှာ ခုလို ပေါက်ကွဲထွက်လာနေတယ်၊



www.burmeseclassic.com

ww.burmeseclassic.com

"ဟင်း - ဟင်း - ရှင်က လက်ဆုပ်လက်ကိုင်ရှိနေတာတောင်မှ ငြင်းချင်နေသေးလား။ ဟိုတစ်ခေါက် ရှင်ခရီးက ပြန်လာတော့ ရှင့်ဘောင်းဘီနောက်အိတ်ထဲက စာတစ်စောင်က ရှင့်မယားငယ် မပေးလို့ ဘယ်သူပေးတာလဲ - ကဲ"

"ဟာ - မဟုတ်ရပါဘူး - မွန်ရယ်။ အဲဒါက ကိုယ့်သူငယ်ချင်းကောင်မလေးက လူကြုံပေးခိုင်းလိုက်တဲ့စာပါကွာ"

"တော် - တော် - ရှင် ခုမှ ကလိမ်ကကျစ်စကားတွေ လာမပြောနဲ့။ ရှင်တို့ ကားသမားဆိုတာ အိုင်တွေ့တိုင်း ခြေဆေးတတ်သူတွေ။ ခုမှ - ဟိုလူ့လွှဲချ၊ ဒီလူ့လွှဲချ လုပ်မနေနဲ့ - မယုံဘူး"

"ဟာ - မဟုတ်ရပါဘူး - မွန်ရယ်။ ကိုယ် တကယ်ပြောတာပါ။ ကိုယ့်သူငယ်ချင်းစာကို တွေ့ပြီး အထင်မလွဲပါနဲ့။ ကိုယ်က ဒီလိုလူစားမျိုးမဟုတ်ပါဘူး"

"တော်စမ်းပါ - လျှာအရိုးမရှိတိုင်း လျှောက်လိမ်မနေစမ်းပါနဲ့။ ကျွန်မကတော့ ရှင့်ကို လုံးဝမယုံကြည်ဘူး - ကွာမယ် - ဒါပဲ"

ဆုမွန်တစ်ယောက် ဒေါသတွေ တလိပ်လိပ် တက်လာနေပြီး မိမိ ယောကျ်ားအပေါ် အယုံအကြည်ကင်းမဲ့နေသဖြင့် လင်မယား ကွာရှင်းရန်သာ ဖွတ်ပြောနေတယ်။

ထွန်းခေါင်ကျော်ကတော့ မိမိကိုယ်တိုင် မကျူးလွန်ပါပဲလျက် တစ်ဖက်စောင်းနင်း စွပ်စွဲပြောဆိုနေသော စကားများအပေါ် ဘယ်လိုမှ ဖြေရှင်းမရအောင် ဖြစ်နေတယ်။

"ဟော့ - မွန် - မင်း မဟုတ်မဟတ်တွေကို စွပ်စွဲပြီးပြောမနေနဲ့။ မင်းကိုချစ်လို့ ယူထားတာ။ ဘယ်တော့မှ ကွာမပေးနိုင်ဘူး။ မင်း မြဲမြဲမှတ်ထား"

"ရှင်မကွာလည်း ကျွန်မကတော့ ကွာမှာပဲ၊ ရှင်သိထားပါ"

"ဟော့ - မင်းငါ့ခွင့်ပြုချက်မရဘဲ မင်းသဘောနဲ့မင်း ကွာရဲကွာကြည့် - မင်းကို ငါသတ်ပစ်မယ်"

"လာလေ - ခုသတ်ရဲ သတ်ကြည့်ပါ လား၊ အသက်ချင်း လဲပစ်မယ်"



www.burmeseclassic.com

ww.burmeseclassic.com

ဆုမွန်လည်း ဒေါသတွေ ဆူပွက်လာနေပြီမို့ ပြန်လည်စိန်ခေါ်စကားတွေကို ပြောပြီး စားပွဲပေါ်က ကြက်သွန်လှီးသည့် စတီးဓားလေးကို ကောက်ကိုင်လိုက်ကာ ပြန်လည်တုံ့ပြန်ရန် အသင့်ပြင်နေတယ်။

ထွင့်ခေါင်ကျော်ကတော့ မိမိအပေါ်တကယ်လုပ်ရဲလိမ့်မည်မထင်လို့ ဆုမွန်အနီး ချဉ်းကပ်သွားကာ ဖက်ပွေ့ကျီစယ်ဟန်ပြုမည်အလုပ်မှာပဲ ဆုမွန်ရဲ့ဒေါသစိတ်တို့က ငယ်ထိပ်ရောက်နေပြီမို့ မိမိအပေါ်မတရားအနိုင်ကျင့် မခံချင်စိတ်ဖြင့် ဖွတ်မိုတ်ကာ ထွင့်ခေါင်ကျော် ဝမ်းဗိုက်ဆီ တစ်ရှိန်ထိုး ထိုးချပစ်လိုက်တော့တယ်။

"အား ..."

ထွင့်ခေါင်ကျော်မှာ ဘယ်လိုမျှော်လင့်မထားသောအခြေအနေမှာ ဆုမွန်က ရုတ်တရက် မိမိဝမ်းဗိုက်ဆီ ဓားကို ထိုးသွင်းချလိုက်သောကြောင့် နှုတ်မှ နာကျင်စွာ အော်ဟစ်ညည်းညူရင်း ပုံလဲကျသွားတယ်။

"မွန်ရယ် - မင်း ကိုယ့်ကို လုပ်ရက်တယ်နော်"

ဟု နှုတ်ဖျားမှ စကားသံအချို့မပီ ပိုးဝါးပြောဆိုလျက် ဗိုက်ကို ပွေ့ထားလျက် အသက်ထွက်သွားတော့တယ်။ ဒီတော့မှ ဆုမွန်တစ်ယောက် မိမိ အမှန်တကယ် လက်လွန်သွားပြီမှန်း သတိရသွားကာ ထွင့်ခေါင်ကျော်ကို အပြေးပွေ့ထူလျက် -

"အမလေး - ကိုကိုရယ် - ဆုမွန် မှားသွားပြီ၊ ဆုမွန်လက်နဲ့ ကိုကို့ကို သတ်လိုက်မိပါပေါ့လားကွယ်"

ဆုမွန်တစ်ယောက် ယူကြုံးမရစွာ မချိတင်ကဲ ပြောဆိုလျက် ငိုကြွေးနေရာမှ သတိလစ်မေ့မြောသွားတယ်။ နောက်ပိုင်း လူသတ်မှုဖြင့် ထောင်ဒဏ်ကျခံလာခဲ့ရတော့တယ်။

"အမလေး - လေး - ရက်စက်လိုက်ပါဘိ - ဆုမွန်ရယ်"

"ဟုတ်ပါတယ် - ဆရာမရယ်၊ ကျွန်မလေ - ကိုကို့ကို သိပ်ချစ်တာ၊ ကိုယ့်ချစ်သူအပေါ် သူတစ်ပါးနဲ့ ဖောက်ပြန်သွားမှာကို သိပ်ကြောက်မိလို့ပါ"

"တော်ပါတော့ - မိဆုမွန်ရယ်၊ မိုးလွန်မှ ထွန်ချမနေပါနဲ့၊ အစကတည်းက သူ့ရှင်းပြနေတာကို ညည်း ယုံယုံကြည်ကြည်နဲ့ လက်ခံပေးသင့်တာပေါ့အေ"

"ဩော် - ဆရာမက အပျိုကြီးပီပီ အပျိုကြီးလိုပဲ တွေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"အလိုတော် – ငါက ဘယ်လိုတွေးလို့လဲ"

"ယောက်ျားဆိုတာမျိုးက ကတိမတည်တတ်တဲ့လူစားမျိုး။ အထူးသဖြင့် ကားသမားဆိုတာမျိုးက ကတွတ်ပေါက် ဖျိုင်းစောင့်သလိုပဲ ဆရာမ ယုံသလား။ ကျွန်မကတော့ လုံးဝမယုံဘူးပဲ"

"ဟာင် – ညည်းတို့ချင်း – ချစ်လို့ပဲ ယူထားခဲ့ကြတာလေ"

"ဒါပေါ့ – ဆရာမရယ်၊ ကျွန်မတို့မိန်းမသားဆိုတာ ချစ်မိရင်လည်းအရူးအမူး၊ မုန်းမိရင်လည်း မုန်းလျှားလျှားပဲ၊ ဟို – ဟေမာနေဝင်းသီချင်းလေးထဲကလိုပေါ့"

ဆုမွန်က စကားပြောနေရင်းမှ ချောင်းဟန့်လိုက်ပြီး အသံနေ အသံထား လေးနဲ့ သူမရင်ထဲက ဝေဒနာကို ဖွင့်အံ့ပြလာနေတယ်။

"အနားမှာပဲ ... အမြဲနေချင်တယ် ... ကိုကို ရက်စက်တယ် ... အရဲစွန့်ပြီး ချစ်နေမယ် ... ကိုကို ယုံနော် ... တစ်သက်လုံး ပဲချစ်မယ် ... ညဆိုလည်း ... အိပ်မက်ထဲ ... ကိုတစ်ယောက်တည်းပဲ ... စိုးမိုးတယ် ... နေ့ဆိုလည်း ... အတွေးတွေထဲ ... ကိုကို ဝင်လာနေတုန်းပဲ ...

ကိုကို ဘာလို့ ... ချစ်တာလဲ ...

ကိုကို ဘာလို့ ... မချစ်တာလဲ ...

ကိုကို ဘာလို့ ... မုန်းတာလဲ ..."

"အမလေးဟဲ့ – ဆုမွန်ရယ် – တော်တော်အချစ်ကြီးတဲ့ကောင်မပဲ၊ ဒီလောက် အသည်းပေါက်အောင် ချစ်နေကြပါလျက်ကယ်နဲ့ သံသယမီးပွား လွင့်စဉ်သွားတော့ နစ်ယောက်စလုံး ကိုယ်ကျိုးနည်းရပြီ"

"ဟုတ်ပါတယ် – ဆရာမရယ်၊ သံသယစိတ်တွေ ရင်မှာ ဝင်လာပြီဆို ဘယ် လိုမှ ရှင်းထုတ်မရအောင် စိတ်ဓာတ်ကြံ့ခိုင်ဖို့ လိုတာပေါ့၊ ခုလို စိတ်ဓာတ်ယိမ်းယိုင် သွားတော့ ဘဝပျက်ခဲ့ရပြီလေ"

ကျွန်မ ရင်ထဲမှာ နင့်ခနဲနေအောင် ခံစားလိုက်ရတယ်၊ ဆုမွန်ရဲ့ရင်နာစရာ ကြေကွဲချစ်ပုံပြင်လေးပေါ်မှာ ရှာန်ဝင်သွားပြီး တစ်လောကလုံးကို မေ့နေမိတယ်၊

သတိရလာတော့မှ ငါလည်း တာဝန်တွေ ရှိသေးတာပဲ၊ သူ့ခံစားချက်တွေ နားထောင်ပြီး ဇီလင်ဝင်နေလို့ မဖြစ်သေးဘူး၊ တာဝန်လစ်ဟင်းနေလို့မဖြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ အတွေးဝင်္ကပါထဲမှာတော့ ဆုမွန်အဖြစ်က ရှိမီရှိနဲ့ ဂျူးလီးယက်လို အချစ်မျိုးလား။ ဟော - ခုလို သံသယမီးဖွား လွင့်စဉ်ခံရတော့ နှစ်ယောက်စလုံး ခံနိုင်ရည်မရှိကြတော့ဘူး။ ဘာပဲဖြစ်ဖြစ်၊ အချစ်ဆိုတာ မရှာတာပဲ ကောင်းပါတယ်။ ရှာမိရင် ဆွေးနေရဦးမှာပဲ။

○

ကြည့်စမ်းပါဦး၊ လုပ်နေကြတဲ့ပုံတွေ နွေနေ့လယ်မို့ မခံစားနိုင်ကြဘူးထင်ရဲ့ ဘယ့်နှယ်တော် - သူတို့ကိုယ်သူတို့များ ချောင်းသာတို့၊ ငပလီတို့ကိုများ ရောက်နေကြတယ် မှတ်နေသလား။ တစ်လောကလုံးကို လူမထင်သလို လွတ်လွတ်လပ်လပ် ရေကန်ဘေးမှာ ရေချိုးနေကြတာ ယိုသူမရှက်၊ မြင်သူရှက်ဆိုသလိုပဲ ပြော၊ မပြောချင်ဘူး။

မတော်လို့များ သူပုထွေး ထောင် ပိုင်ကြီးများ အဆောင်ထဲ ဝင်လာစစ်တာနဲ့ များတိုးရင် မိုးမီးလောင်လို့မဆုံးဘူး။ ညည်းတို့ ဒီလို လက်လွတ်စပယ်ကြီး ရေချိုးနေကြတာ ကြိုသတင်းပို့ပါလား၊ ခုတော့ - ငါ့မျက်နှာ ဘယ်ထဲသွားဝှက်ထားရမလဲ ဖြစ်နေပြီ။

ကြည့်ပါဦး၊ မိန်းမဆောင်ထဲက ရေချိုးနေကြတာ ဟိုအပြာကားတွေထဲက မှန်မှန်မွှားမွှား ဖြစ်နေဦးမယ်။ ဒီရေချိုး ဆိပ်မှာက ဝစ်လစ်စလစ်နီးပါးကို ဖြစ်နေကြတာ၊ တချို့က မိန်းမဆောင်ထဲ ဘယ်ယောကျ်ားသနာမှ ဝင်လာမှာ မဟုတ်ဘူးဆိုပြီး လွတ်ချိုးနေသလိုပဲ။ အပေါ်ပိုင်းဗလာနဲ့ အောက်ပိုင်းနံ့ငယ်ပိုင်းလေး ပတ်ထားလို့။

သူတို့ကိုယ်သူတို့ အိမ်က ရေချိုး ခန်းထဲမှာများ ဘုံဘိုင်ခေါင်းဖွင့်ပြီး စိမ်ပြေနပြေ ချိုးနေသလိုပဲ၊ ရှက်ရကောင်းမှန်းလည်း မသိတဲ့ကောင်မတွေ။ ခုတော့ လူမြင်ကွင်းကြီးထဲမှာ တစ်လောကလုံးကို လူမထင်သလို ရေချိုးနေကြတာကို ကြည့်ပြီး ကျွန်မဖြင့် ရှက်လိုက်တာ မပြောပါနှင့်တော့။

ကျွန်မကိုယ်တိုင် လိုင်းခန်းထဲက ရေကန်မှာ ရေချိုးနေရတာကို စိတ်က မလုံချင်ဘူး။ ကျွန်မတို့ ဝန်ထမ်းလိုင်းတွေဆို ရှေ့နောက်တွဲဆောက်ထားတာ များတယ်။ ရေကန်က တစ်ကန်တည်း။ လိုင်းနှစ်လိုင်း နောက်ဘက်မှာ ဆောက်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်လေ။ ကျွန်မလို အပျိုန နုထွတ်ထွတ်လေးတစ်ယောက်က ကိုယ့်ပိုင်ရေချိုးခန်းဆိုတာ ဘယ်ရှိပါ့မလဲ။ အဲဒီနောက်က ရေကန်ကြီးမှာပဲ လူရှင်းတဲ့အချိန်မှ သွားချိုးရဲတာ။

တော်ကြာ – ရေကန်ဘေးနားမှာ ကျွန်မဖြင့် ရေချိုးနေပြီဆိုထမီရင်လျားထားတော့ ဘယ်က ခေါ်တောတစ်ထောင်အားတွေ ချောင်းကြည့်နေပါ့မလဲဆိုပြီး မလုံမလဲနဲ့ ရေချိုးရတာ။

ပြောလို့ရတာမဟုတ်ဘူး။ လိုင်းထဲမှာ ယောကျ်ားသက်သက်၊ မိန်းမသက်သက်ရယ်လို့ ခွဲခြားထားတာမဟုတ်ဘူး။ သူများရေချိုးမယ်ဆိုမှ ရမည်ရှာပြီး ရေဝင်သလိုလို၊ သစ်ပင်ရေလောင်းသလိုလို ဖယားရှုပ်ချင်တဲ့ဟာတွေ အများကြီး။

ပြောရဦးမယ်။ နောက်ဖေးအိမ်က မုဆိုးဖိုကြီး ဦးညိုမှိုင်းကြီးက ပိုကဲတယ်။ လူကိုများ စိုက်ကြည့်နေတာ မျက်မှန်အောက်က မျက်လုံးကြီးက ကျွတ်ထွက်တော့မယ့်အတိုင်းပဲ။ အသက်ကြီးလို့ ပင်စင်ပဲ ယူထားပြီးပြီ။ တရားရိပ်သာမှာ သွားဝင်နေပါလား။ ခုတော့ မဟုတ်ပေါင်။ သမက်အိမ်မှာ နေစရာမရှိလို့ဆိုပြီး မှီခိုနေရတာကတော်တော်ဝါသနာကို မစွန့်နိုင်တာလည်း ပါတယ်။

ခုတော့ – ကိုယ့်သမီးအရွယ်လေးရေချိုးနေပြီဆိုထင်းခွဲနေသယောင်ယောင် တောင်ယာပဲ ရေထလောင်း မယောင်ယောင် ဟိုကြည့်ဒီကြည့်နဲ့ တကျောမငြိမ်တဲ့ မျက်လုံးတွေက ကျီးကန်းတောင်းမှောက် ဖြစ်နေရော။

ဖြစ်မှာပေါ့လေ။ ကျွန်မ ရေခံချိုးနေတဲ့ထမီလေးက တက်ထရွှန်ဆိုတော့ အကိုအရှိအတိုင်းမြင့်နေရတော့ သေနာကြီး သူငယ်နာမစင်သလို သွားရည်တမြားမြားဖြစ်နေမှာပေါ့။

သူ့လို ဝါသနာတူ တောင်ဘက် လိုင်းခန်းက ကျပ်မပြည့်တဲ့ ဝင်းနိုင်လည်း ဘာထူးသေးလဲ။ ဒင်းတို့နှစ်ယောက်စလုံးက စံတော်ချိန် မလိုဘူး။ ကျွန်မ ရေချိုးမယ်ကြားတာနဲ့ လုံခြုံရေးကင်းစောင့် ပေးသလိုပဲ။

အဲဒီကျပ်မပြည့်ကောင်က ပိုဆိုးတယ်။ အတူးတန်းကနေများ တက်ကြည့်နေသလို ကျွန်မ ရေချိုးပြီဆို ရေကန်ဘေးက သရက်ပင်ပေါ်တက်ပြီးတော့ တံချူတစ်ချောင်းနဲ့ သရက်သီးတွေ တက်ချူးနေပြီ။



www.burmeseclassic.com

ww.burmeseclassic.com

ကျွန်မမှာဖြင့် ရေချိုးပြီးလို့ အဝတ်လဲရမှာတောင် ခပ်ကြောက်ကြောက်ရယ်။ သူက လူပါး၊ နောက်ဖေးအိမ်က ဝါဒါဟောင်းကြီး ဦးညိုမှိုင်းလို အောက်ကနေ မကြည့်တဲ့ သစ်ပင်ပေါ် ဒီစီကနေ တက်ကြည့်တာ။

ကျွန်မမှာတော့ စိတ်အေးလက်အေး ရေလာနေတုန်း ရေများများ ချိုးရမလားမှတ်တယ်။ အဲဒီနှာဘူးနှစ်ကောင်ရဲ့ ရှုးကြောင်ကြောင်ကြောင့် အမှုအရာတွေကို ကြည့်ပြီး ကြက်သီးတောင်ထတယ်။

ဩော် – ကျွန်မလည်း မိန်းမဆောင်ထဲက အကျဉ်းသူတွေ ရေချိုးနေကြပုံကို ကြည့်ပြီး ကျွန်မအိမ်နောက်ဖေးက ငနဲကြောနှစ်ကောင်ကို ပြေးသတိရနေမိသေးတယ်။ ဒင်းတို့နှစ်ယောက်စလုံးက ကျွန်မ ဘယ်ချိန်ရေချိုးမလဲ ချောင်းနေကြတဲ့ဟာတွေ။

အမှန်တော့ ထောင်ထဲမှာ ရေချိုးချိန်ဆို ဒီလိုပါပဲ။ ထောင်က ထုတ်ပေးတဲ့ ဝတ်စုံက နှစ်စုံထဲရယ်။ တစ်စုံရေစိုလျှင် တစ်စုံက ရေလဲလုပ်ရတာလေ။ လုံလောက်အောင် ထုတ်မပေးနိုင်တော့ နှစ်စုံကိုပဲ ထည့်လဲဝတ်နေရတော့တာပေါ့။ ဒီတော့လည်း ရေချိုးချိန်မှာ မလုံမလဲ ဝတ်ချိုးနေရတာ မဆန်းပါဘူး"

"ခပ်တစ်ခွက်"

"နောက်တစ်လှမ်းဆုတ်"

"ချိုး"

ရေကန်ပေါင်ပေါ်က နှစ်ပိုင်းတစ်ပိုင်းယောကျ်ားလျာမကလည်း တစ်မျိုး။ သူကလည်း ရေကန်ပေါင်ပေါ်ကနေ ရေကန်ဇာရာဆိုပြီး အခွင့်အရေးယူတာ။ အမိန့်ပေးတာပဲ အောက်က အော်ပေးလည်း ရရဲ့သားနဲ့ သူ့ကိုယ်သူ ရေကန်ဇာရာဆိုပြီး အပေါ်စီးကနေ အကြီးအသေး တက်ကြည့်နေတာလေ။

ပါးစပ်ကနေ အမိန့်ပေးသံကတော့ မှန်မှန်ပေါ်ထွက်နေပါရဲ့၊ သူက လူပါး၊ သူ့ပါတနာ အီစီကလီလေးတွေဆို သူများ တစ်ခွက်ချိုးနေချိန်မှာ နှစ်ခွက် ခပ်သွက်သွက် ချိုးလို့ရအောင် စည်းဝါးကိုက်ထားပြီးသား။

သူများလုပ်သလို ကိုယ်က သွားမလုပ်လိုက်နဲ့။ လက်ထဲက တုတ်ချက် ဖြန်းခနဲ ရောက်လာမှာ။ ဟိုက သူ့ပါတနာ၊ ကိုယ်က ဘောက်ဆင်း ဘာဆိုင်တာ မှတ်လို့

ww.burmeseclassic.com

ရေချိုးချနေလို့သာ ရေချိုးနေကြတယ်။ ရေလေးခွက်လောက်မှာ ချေးတွန်း၊ ဆပ်ပြာတိုက်၊ နောက်လေးခွက် လောက်ဆက်ချိုး။ ဆယ်ခွက်သာ ပြည့်သွားတယ်၊ ဘယ်မှာ ရေက နှံ့စပ်ပါ့မလဲ။

ဒါကြောင့်လည်း ရေကန်ဇာရာဆိုတာ အလုပ်ဖြစ်တာပေါ့။ ရေကို ဖောဖော သီသီ ချိုးချင်သလား။ လာထား - အာဘွား။ ဒါမှ ယောက်ျားလျာမက သူ့ခွင်ထဲကို ဝင်လာမှာပေါ့။ နို့မို့ဆို - အများတကာလိုပဲ ဆင့်ပါးစပ် နှမ်းပက်သလို ရေချိုးနေရမယ်။

အုတ်ရေကန်ထဲမှာ ရေတော့ရှိပါရဲ့၊ လူကလည်းအများကြီးဆိုတော့ပုံစံနဲ့ပဲ ချိုးမှ လောက်ငနိုင်မှာလေ။ ဒီလိုမှမဟုတ်ဘဲ ဖုံးပေါ်လအောာ ချိုးနိုင်းကြည့်ပါလား၊ ရှိတဲ့ရေ အကုန်ပြောင်သွားမှာပေါ့။ မီးရေး ထင်းရေးက ရှိသေးတယ်၊

ညနေစောင်းချိန် ရောက်လာလို့ ထင်ပါရဲ့၊ အပြင်ဘက်ကို ရုံးထွက်သွားကြသည့် ရုံးထွက်ထောင်ကျအကျဉ်းသူတွေပြန်လာနေတယ်။ ထောင်ကျဆောင်ကနေ ရုံးထွက်ဆိုတာ သိပ်မများပါဘူး။ မူလအမှု ပြီးပြတ်သွားလို့ နောက်မှုအတွက် ရုံးထပ်ထွက်ရတာ၊ တချို့ဆို လေးငါးမှုရှိကြတာ၊

ရုံးပြန်လာသူတွေကတော့ အချုပ်ယာဉ်ကြီး စီးပြန်လာကြလို့နဲ့ တူတယ်၊ ချွေးသံတရွှဲရွှဲနဲ့ လက်ထဲမှာ ထောင်ဝင်စာထုပ်လေးတွေ ဆွဲလာနေကြတယ်၊ တချို့ကလည်း ရေကန် ဆီပြေးလို့ ရေကန်ဇာရာနဲ့ညှိပြီး ရေလေးငါးခွက်လောက်ကို ကမန်းကတန်း ချိုးနေတယ်။

ညနေ ထောင်ပိတ်ချိန် နီးနေပြီမို့ အလုပ်ဆိုင်းအားလုံးသိမ်းပြီး ရေမိုးချိုးကာ ဖီးလိမ်းဝတ်စား လမ်းသလားနေကြ တယ်။ တချို့ကလည်း ကိုယ့်အုပ်စုကိုယ့် အဖွဲ့လေးတွေနှင့် ဝိုင်းဖွဲ့စကားပြောသူ ပြောနေကြတယ်၊ များသောအားဖြင့် တစ်နေ့တာ၏ လွတ်လပ်ခွင့် ဆုံးရှုံးတော့ မည်ဆိုသောအသိနှင့် အချိန်ရခိုက် အေးအေးလူလူ စကားဝိုင်းဖွဲ့နေကြတာ ဖြစ်တယ်။

ခုလိုထောင်ပိတ်ခါနီးအချိန်မှာ အိပ်ဆောင်ကြီးအနောက်ဘက် မိလ္လာချောင်တို့၊ တောင်ယာတို့လို နေရာမျိုးမှာ အကျဉ်းသူတစ်ယောက်တလေများ ပုန်းအောင်း ကျန်နေမလားဆိုပြီး လှည့်လည်စစ်ဆေးနေရတယ်။



www.burmeseclassic.com

ww.burmeseclassic.com

ကျွန်မ အိပ်ဆောင်အနောက်ဘက် နေရာတွေဆီ လိုက်လံစစ်ဆေးကြည့်ပြီး ပြန်လာနေစဉ် စပါးလင်ခင်းဘေးနားမှာ လေညင်းခံရင်း လမ်းလျှောက်နေသော ကာရာအိုကေစားသောက်ဆိုင်မှ အဆိုတော်မလေး နန်းဝေနှင့် ဆုံမိခဲ့ကြတယ်။

"နန်းဝေ - တစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"ဘာရယ် - မဟုတ်ပါဘူး - ဆရာမရယ်။ ခုလိုမျိုး တောင်ထဲမှာ အေးအေးဆေးဆေး လမ်းလျှောက်နေရတာ စိတ်ချမ်းသာလို့ပါ"

"ဟင် - ညည်းက အပြင်မှာတုန်းကတော့ မအေးချမ်းလို့လား"

"ဘယ်အေးချမ်းနိုင်ပါ့မလဲ ဆရာမရယ်။ ကျွန်မတို့မှာ စီးပွားရေးအတွက် လုံးပမ်းနေရတာဆိုတော့ ခုလိုမျိုး အေးအေးလူလူ နေရတယ်ဆိုတာ မရှိပါဘူး"

"နင့်မှာကော - ယောကျ်ားမရှိဘူးလား"

"ရှိတာမှ အများကြီးပဲ"

"ဟဲ့ - ကောင်မ - လွန်လှချည်လား"

"ဆရာမကသာ လွန်တယ်ထင်နေ တစ်နေ့တစ်နေ့ စားသောက်ဆိုင်မှာ ကျွန်မကို ပန်းကုံးစွပ်ပြီး လာအားပေးနေတဲ့ဘဲတွေ အများကြီး"

"ဟင် - အဲဒီပန်းကုံးတွေက ငွေနဲ့ ဝယ်ရတာလား"

"ဒါပေါ့ - ဆရာမရဲ့။ တစ်ကုံးကို ငါးထောင်ကနေ တစ်သိန်းထိ ရှိတယ်"

"ဟဲ့ - ငါတို့ ဈေးထဲမှာတော့ စံပယ်တစ်ကုံးမှ နှစ်ရာသုံးရာပဲ ရှိတယ်"

"ဟီး - ဟီး - အပျိုကြီးကတော့ လုပ် ချလိုက်ပြန်ပြီ။ ဒါကြောင့်လည်း အပျိုကြီး ဝင်္ကကမကျွတ်နိုင်သေးတာပေါ့"

"ဟဲ့ - ဘယ့်နှယ် - ပန်းကုံးဈေးမေးမိတာနဲ့ အပျိုကြီးဝဋ်က မကျွတ်ရတော့ဘူးလား"

ဟုတ်တယ်လေ၊ သူတို့ စတိတ်စင်ပေါ်မှာ စွပ်နေကြတဲ့ ပန်းကုံးအမျိုးအစားက ဘာလဲဆိုတာ ကိုယ်မှ မရောက်ဘူးတော့ မသိဘူးလေ။ ကျွန်မ မြင်ဖူးတွေ့ဖူးတာက တပ်မတော်နေ့ဆို ပန်းကုံးတွေ အလုအယက်စွပ်နေကြတာ၊ စပယ်ပန်းကုံးတွေဆိုတာ ဖွေးဖွေးလှုပ်နေတာပဲ။

ww.burmeseclassic.com

ကျွန်မတို့က အဲဒီလိုပန်းကုံးမျိုး စွပ်နေတာကို တီဗွီဖန်သားပြင်ပေါ်မှာပဲ တွေ့မြင်ဖူးနေတာ။ သူတို့ပန်းကုံးတွေက ဘာမို့လို့ ဒီလောက်ဈေးကြီးပေးစွပ်ကြရတာလဲ။

မိနန်းဝေ ပြောပြမှပဲ ကျွန်မ ကာရာအိုကေဆိုင်က စတိတ်စင်ပေါ်မှာ တက်စွပ်နေကြသည့် ပန်းကုံးရှုတွကို နားလည်ခဲ့တော့တယ်။ ဘယ်လိုလူစားတွေကများ နာဘူးကြောထပြီး ပန်းကုံးတွေ တက်စွပ်နေကြတယ် မသိပါဘူး။ ပန်းကုံးတစ်ကုံးရဲ့ တန်ကြေးကလည်း သောင်းချီသိန်းချီရှိဆိုပဲ။

“ကျွန်မတို့ သီချင်းသီဆို ဖျော်ဖြေနေချိန်မှာ စင်အောက်ကနေ အသက်လေးငါးဆယ်ကျော် ဘူဒါးကြီးတွေက ဘီယာပဲ မူးနေတာလား၊ တဏှာပဲ ရူးနေကြတာလား မသိဘူး။ မျက်နှာပြောင် အဆီပြန်နေတဲ့မျက်နှာကြီးတွေနဲ့ စင်ပေါ်တက်လာပြီး တစ်ယောက်နဲ့တစ်ယောက် အားကျမခံ ပန်းကုံးတွေ တက်စွပ်ကြတာ”

“ဟင် – ဒီလိုပန်းကုံးတက်စွပ်နေတာ အိမ်က မိန်းမ မသိဘူးလား”

“ဘယ်သိနိုင်ပါ့မလဲ – ဆရာမရယ်။ အိမ်နဲ့ဝေးတဲ့ ကာရာအိုကေဆိုင်တွေ အရက်သောက်မလိုလိုနဲ့ ရောက်ရောက်လာပြီး ဝါသနာဓာတ်စံက ရှိနေတော့ အဆိုတော်မလေးမျက်နှာကို အနီးကပ်ကြည့်ပြီး တချို့ဆို လက်တောင် နှုတ်ဆက်နေသေးတယ်”

“အင်းပေါ့လေ – ညည်းတို့လိုကာရာအိုကေ စားသောက်ဆိုင်တွေမှုလိုပေါက်နေမှတော့ ရှိုးရှိုးဘီယာ အရက်သောက်နေ၊ စားနေသူတွေလည်း ဒီအမြည်းနဲ့ မတင်းတိမ်ကြတော့ နာဘူးထလို့ကောင်းတဲ့အဆိုတော်တွေဆီ ငွေကြေးအကုန်ခံပြီး ခြေဦးလှည့်ခဲ့ကြတာပေါ့”

“ဒါပေါ့ – ဆရာမရဲ့ ဒီလိုငမူးတွေ နေ့တိုင်းလာချင်အောင်လည်း ကျွန်မတို့က စင်ပေါ်ကနေ လက်ကလေး ဝှေ့ပြလိုက်၊ မျက်စိလေး မှိတ်ပြလိုက်နဲ့က လူ၏သို့ မြူ၏ သို့လုပ်ပြတော့ အသည်းတွေ၊ အူတွေ ကြောင်းဆန်ကုန်ပြီ၊ အသက်ကြီးပေမယ့် မပျက်စီးသေးဘူး။ ကံပေါ်သေးတယ်ဆိုပြီး ခွန်အားတွေ တိုးပွားလာချိန်မှာ ကျွန်မက “ကိုကို နေ့တိုင်းလာနော်” သီချင်းလေးများ ခုန်ပေါက်မှု နဲ့ဟန်လုပ်ပြလိုက်ရင် အိမ်ကမိန်းမကြီး ပါတိတ်ထမီပါ ရောင်းပြီး နေ့တိုင်းလာမယ်ဆိုတဲ့လူမျိုးတွေ”

ww.burmeseclassic.com

"အေးဟယ် - တော်တော်တရားကျစရာကောင်းတဲ့ ယောက်ျားတွေပဲနော်၊ အိမ်က မိန်းမကြီးတွေအတွက် ရင်လေးလိုက်ပါဘိတော့၊ ဘယ့်နယ်တော် - ဘုရားသွား၊ ကျောင်းတက်ရမယ့် အိုကြီးအိုမအရွယ်တွေမှာ ဒင်းတို့တွေက ကိုယ့်သမီးအရွယ်လေးတွေကို ပိုက်ဆံအကုန်ခံပြီး ပန်းကုံးသွားစွပ်နေကြတယ်"

"ဒါကတော့ ဆရာမရယ် - ဝါသနာ ကိုယ်စီရှိကြတာကိုး၊ ကျွန်မတို့လို ဖီးလိမ်းပြင်ဆင်ထားတဲ့ စင်တင်တေး ဂီတအဆိုတော်တွေက မီးရောင်အောက်မှာ ကြွေရုပ်လေးလို လှပဝင့်ကြွားနေတာကို အာသာငမ်းငမ်းတက်ပြီး အိမ်က မိန်းမကြီး ထဘီတစ်ထည် ဝယ်နိုင်းကြည့်ပါလား၊ ဘတ်ငွေမရသေးလို့ ငွေမပြေလည်သေးလို့ ဖြည်းဖြည်းမှပြောမှာ"

"ဟုတ်တာပေ့ါအေ - ဒီလိုလူမျိုးတွေရှိနေသမျှ စားသောက်ဆိုင်ကြီးတွေ မှိုလိုပေါက်အောင် ဖွင့်နေကြတာပေါ့"

"အံမယ် - ဆရာမက ဒီလိုစားသောက်ဆိုင်ကြီးတွေကိုချည်းကြည့်ပြီးပြောလို့မရဘူးလေ၊ ဒင်းတို့ယောက်ျားတွေက ကျွန်မတို့ စားသောက်ဆိုင်ဆီ မလာပြန်ရင်လည်း ဘယ်သွားမယ်ထင်လဲ"

"ဟင် - ဘယ်ကိုသွားကြတာလဲ - ပြည့်တန်ဆာအိမ်လား"

"အို - ဝေးသေး - အနှိပ်ခန်းတွေဆီ ရှိတက်ကြတာပေါ့"

"ဟဲ့ - အနှိပ်ခန်းဆိုတော့ တော် သေးတာပေါ့၊ ကျန်းမာရေးကိစ္စလေ"

"ဟား - ဟား - အပျိုကြီးကတော့ တကယ့်ကိုပိန်းတာပဲ"

"အံမယ် - အံမယ် - ငါက နင်တို့ စားသောက်ဆိုင်ကို မသွားဘဲ အနှိပ်ခန်းကိုသွားတာ ကျန်းမာရေးနဲ့ညီညွတ်လို့ ထောက်ခံတာ"

"ပိုဆိုးသေး - ရှင်ကြီးကျားထက်ဆိုးဆိုသလို အဲဒီအနှိပ်ခန်းကမှ ပါလာလာလေးလည်းကုန်၊ ပါလာလာလေးလည်းကုန်ဖြစ်ပြီး လံကွတ်တီနဲ့ အိမ်ပြန်ရကိန်းဆိုက်မယ်"

ထိုစဉ်မှာပဲ -

"ဒေါင် - ဒေါင် - ဒေါင် - ဒေါင်"

ဂါတ်မကြီးပေါ်ကနေ သံချောင်းခေါက်သံ ပေါ်ထွက်လာမှပဲ ကျွန်မလည်း နန်းဝေနဲ့ နှစ်ယောက်သား စကားလက်ဆုံကျနေသည့်အဖြစ်ကို သတိရလာတော့သည်။



www.burmeseclassic.com

ww.burmeseclassic.com

အမျိုးသမီးဆောင်ထဲက အကျဉ်းသူလေးတွေရဲ့ဘဝတွေကလည်း အမျိုးမျိုး အဖုံဖုံပါပဲ။ မိမိတို့ဘဝ စားဝတ်နေရေးအဆင်ပြေစေအောင်လို့ကံဇာတ်ဆရာ၏ ဆေ စက်ကျရာ လိုက်ပါ အသုံးတော်ခံနေရသလိုပဲ။

နန်းဝေတို့လို ကာရာအိုကေ စားသောက်ဆိုင်တွေမှာသွားပြီး စင်တင်တေး ဂီတဖျော်ဖြေပွဲတွေမှာ အသုံးတော်ခံနေကြရသလို အနှိပ်ခန်းလို့ခေါ်တဲ့ မာဆတ်တွေ မှာ ဖျော်ဖြေမှုပေးနေရသည့် အကျဉ်းသူလေးများ၏ ဘဝကလည်း တစ်နည်းတစ်ဖုံ ကပ်စတာမန် အလိုတော်ကျ ဖြည့်ဆည်းပေးနေကြရပြန်တယ်။

ဘာပဲဖြစ်ဖြစ်၊ အကျဉ်းထောင်ထဲကို သူ့ဘဝဇာတ်ကြောင်းနှင့်သူ ဝင်ရောက် လာခဲ့ကြသော အကျဉ်းသူလေးများ၏ ဘဝအဖုံဖုံကို မျက်မြင်ကိုယ်တွေ့ကြုံနေကြ ရသည့် ကျွန်မတို့ဝန်ထမ်းတွေကတော့ အယုတ်အလတ် အမြတ်မရွေးဘဲ သာတူ ညီမျှ ကူညီဖေးမပေးနေရဦးမှာပေါ့ရှင်။

ထောင်မှူးမမ


**စာရှင်များသို့**

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်စုံစမ်း၍မရရှိခြင်း စသည့် အခက်အခဲများ ရှိပါသဖြင့် **စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်** ထုတ်ယူနိုင်ရန်ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

**လေးစားစွာဖြင့်**
**သည်းထိတ်ရင်ဖိုမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com



ww.burmeseclassic.com

# လက်ဆယ်ဖြာထိပ်မှာမိုးလို့

ဝမ်းစာအတွက် ငါးပိုက်တန်းချထားရာမှ ရုတ်တရက်
ဝင်ရောက်လာသည့် ရေနံတင်သင်္ဘောတွဲကြီးကို မြင်လိုက်ရသည်နှင့်
တံငါသည်ကလေးသည် စွန့်စားမှုတစ်ခုပြုကာ

----------------မောင်သိင်္ကာ----------------

ကြွက်နီလိုတံငါသည်တစ်ယောက်တစ်ဖွေးကလေးမိုတ်မိသည်နှင့်ဧရာဝတီမြစ်လယ်ကောင်တွင် "ဆင်ပြောင်ကြီး" တစ်ကောင်နှင့် ပက်ပင်းတိုးရသည်။

ဆန်းတော့ အတော်ဆန်းသည်။

ဆင်ပြောင်ဆိုသည်မှာ မုဆိုးနှင့်သာ တွေ့ရိုးရှိ၏။

ယခုတော့ တံငါသည်နှင့်မှ တွေ့နေသည်။

တွေ့သည့်နေရာကလည်း ကြည့်ပါဦး။

တသွင်သွင် စီးနေသော ရေနက်လှသည့် ဧရာဝတီမြစ်လယ်ကောင်မှာ။

နက်လှသော ဝါးတောကြီးအတွင်းမှာလည်းမဟုတ်။

ဆင်ပြောင်ဆိုသည်မှာကြီးမားသောကိုယ်ထည်၊ မည်းနက်သောအဆင်းနှင့်အင်အားကြီးမားလှသော ဖြူဖွေးသည့် အစွယ်နှစ်ချောင်းပိုင်ရှင် သတ္တဝါကြီးဖြစ်၏။

ယခု ကြွက်နီနှင့် ပက်ပင်းတိုးမိသော ဆင်ပြောင်ကြီးမှာကား ကြီးမားသောကိုယ်ထည်လည်း ရှိပါ၏။ မည်းနက်သောအဆင်းလည်း ရှိပါ၏။ အင်အားလည်းကြီးမားလှပါ၏။

သို့သော် ဖြူဖွေးသော အစွယ်နှစ်ချောင်းမူ မရှိပါ။ သူ၏ရှေ့တွင် ဂေါ်ပြားကြီးကဲ့သို့သောအရာသာ ရှိ၏။

သူကား "ဆင်ပြောင်" ဟု အမည်ပေးထားသော ရေနံတွန်းသင်္ဘောကြီးတစ်စင်းသာတည်း။

နိုင်ငံတော်ပိုင် ရေနံတွန်းသင်္ဘောကြီးများတွင် ဆင်ပြောင် ၁၊ ဆင်ပြောင် ၂ စသည်ဖြင့် အမှတ်စဉ်ပေးထားသော သင်္ဘောကြီးများ အများအပြားရှိသည်။

www.burmeseclassic.com

ww.burmeseclassic.com

ကြွက်နီနှင့် ရင်ဆိုင်နေရသော ဆင်ပြောင်မှာ ထိုဆင်ပြောင် အများအပြား ထဲမှ ဆင်ပြောင်တစ်စင်းသာ ဖြစ်ပါသည်။

တောထဲမှဆင်ပြောင်အစစ်ထက်အားသန်သည်။ မသန်၍လည်းမဖြစ်။ ရေနံ အပြည့်နှင့် ရေနံတင်တွဲကြီးများကို တွန်းရမည်မှာ သူ၏ဝတ္တရားဖြစ်သည်။

မြန်မာပြည်အထက်ပိုင်းမှရေနံများကိုရန်ကုန်၊ သန်လျင်အရောက်ဧရာဝတီ မြစ်ရိုးအတိုင်း စုန်ဆင်းလာတတ်သော သင်္ဘောကြီးများမှာ သင်္ဘောငယ်များကဲ့သို့ ရုတ်တရက် အရှိန်သတ်၍မလွယ်။

ခုတ်မောင်းလာသော သင်္ဘောကို ခပ်လှမ်းလှမ်းမှ မြင်ရသည်နှင့်တစ်ပြိုင် နက် အချက်ပြရမည်က ကြွက်နီတို့၏ ဝတ္တရား။

သို့မဟုတ်ပါက သင်္ဘောသည် ပိုက်ပေါ်မှ ကျော်ဖြတ်၍ ခုတ်မောင်းသွားကြ ပေလိမ့်သည်။

ရေအောက်တွင် မြုပ်နေသော သင်္ဘောပဲ့ပိုင်းမှ ရေယက်ပန်ကာက ငါးဖမ်း ပိုက်ကို ဖျက်ဆီးပစ်ပေလိမ့်မည်။

ထို့ကြောင့် သင်္ဘောများကို ကြွက်နီ တို့ အထူးဗီရိယပြုကာ သတိထားရ၏။

အထူးသဖြင့် သင်္ဘောများမှာ နွေဘက်တွင် ပိုမိုများပြားသမို့ ပိုမိုသတိထား ရသည်။

ယခု ကြွက်နီနှင့် ဆင်ပြောင်ခေါ် ရေနံတွင်းသင်္ဘောကြီး တွေ့သည်က နံနက် ဝေလီဝေလင်း၊ နင်းကွဲစအချိန်။

အချိန်ကာလက ပြာသိုလ။

ဧရာဝတီမြစ်ပြင်ပေါ်တွင် ဆီးနှင်းမှုန်တို့ဝေ့ဝဲနေသဖြင့်ပတ်ဝန်းကျင်မြင်ကွင်း အားလုံးမှာ မပီမပြင်။ မှုန်မွှားမွှားမျှသာ။

နင်းများများကျလျှင် ကြွက်နီတို့ တံငါသည်များ ဝမ်းသာကြသည်။

ချမ်းချမ်းအေးအေးရာသီတွင် နွေးနွေးထွေးထွေး စောင်ခြုံပြီး ကွေးနေရန် မဟုတ်ပါ။

ကြွက်နီတို့တွင် လုံလုံခြုံခြုံကွေးနိုင်သော စောင်တွေလည်း မရှိပါ။

တတ်နိုင်သမျှ အအေးဒဏ်ကို ကာကွယ်နိုင်ရန် အပိုပုဆိုးဟောင်းကလေး တစ်ထည်ကိုသာ ခြုံထားနိုင်ပါ၏။

www.burmeseclassic.com

ဝမ်းသာရသည်မှာ ယင်းသို့ နှင်းများများကျလျှင် ငါးသလောက်များများ ပိုက်တိုးတတ်ကြသောကြောင့်ပါတည်း။

ထို့ကြောင့် မချမ်းနိုင်၊ မအေးနိုင်။ စောစောစီးစီး နှင်းထုကို အားကိုးပြီး ငါးသလောက်ပိုက်ချနေခြင်းပါ။

ယခုတော့ ငါးသလောက်တစ်ကောင်မှ မရသေး။ ပိုက်ကို ဖျက်ဆီးမည့် ဆင်ပြောင်ကြီးနှင့် တိုးနေပါချေပြီ။

ငါးသလောက်ပိုက်ကို ယနေ့မနက်မှ လာချခြင်းတော့မဟုတ်။

ညကတည်းက အဘိုးဖြစ်သူ အဘ ဉာဏ်နှင့်အတူ ကျုံ့ရွှာအနီး၊ အထက်ပိုက်ချက်တွင် အခြားတံငါသည်များနှင့်အတူ တစ်ညလုံး ပိုက်ချခဲ့ပါ၏။

ထိုတစ်ညလုံးသည် တွက်ရေးမကိုက်ခဲ့ပါ။

လင်းရောင်လာ၍ အရုဏ်တက်ခဲ့ပြီ။

ကျုံ့ရွှာဘက်မှ "လင်းကြက်ဆော်" အချိန်ပြသည့် ကြက်တွန်သံ ဆူဆူညံညံများကိုပင် ကြားနေရသည်။

ထိုအချိန် ရောက်သည်အထိ ကြွက်နီတို့ မြေးအဘိုး ပိုက်ချ၍ရသည်က ငါးသလောက်တစ်ကောင်တည်းမျှသာ။

"ဟေ့ - ကြွက်နီ - ငါတော့ ဒီနေ့ည အတော့်ကို စိတ်ပျက်သွားပြီကွာ"

အဘဉာဏ်သည် စိတ်ပျက်လက်ပျက် ညည်းညူလိုက်၏။

ယခုတစ်လော ဘယ်သို့ဖြစ်သည် မသိ။ ငါးမရသည်မှာ အတော်ကြာပြီ။

အခါတိုင်းနှစ်ဆိုလျှင် ယခုလို ပြာသိုလမှာ နှင်းများ တဖွဲဖွဲကျတတ်ပါ၏။

နှင်းများများကျလျှင် ငါးများများရသည်။

ယခုမူ နှင်းက ကျတစ်ချက်၊ မကျတစ်ချက်။

အဘဉာဏ်တို့ တံငါသည်များမှာ လည်း ငါးရလိုက်၊ မရလိုက်။

သို့သော် မရသည်က များသည်။

ရသည့်ငါးကိုလည်း ပိုက်ပိုင်ရှင်နှင့် တစ်ဝက်စီ ခွဲယူရသမို့ အဘဉာဏ်တို့မြေးအဘိုး ဆန်ဆီ ဆီဖိုးကလေးပင် ရအောင် မနည်းလုံးပမ်းနေရ၏။

ကြာတော့ အဘဉာဏ် စိတ်အား လျော့လာသည်။



www.burmeseclassic.com

ww.burmeseclassic.com

အသက်အရွယ် ကြီးလာသဖြင့် တစ်ညလုံး မအိပ်ရသောဒဏ်နှင့် ဆောင်း ရာသီ၏ အအေးဒဏ်ကို ခံလာရသောအခါ ဖျားချင် နာချင်သလိုလိုလည်း ဖြစ်လာ သည်။

ငါးများများရသောအခါမှ ရာသီဥတု အအေးဒဏ်ကို အဘညာဏ် သတိမမူ မိပါ။ အိပ်ချင်စိတ်လည်း မရှိ။

ယခုတော့ ရသောငါးတစ်ကောင် ကိုယူပြီး ပိုက်ပိုင်ရှင်ထံ အပ်လိုက်တော့ မည်။

မိမိအတွက်ရသော ဝေပုံကျ ပိုက်ဆံကလေးနှင့် ဆန်ဝယ်ရဦးမည်။

ထို့ကြောင့် အဘညာဏ်သည် မြေးဖြစ်သူ ကြွက်နီအား လှမ်းပြောလိုက်၏။

"ကြွက်နီရေ - ပြန်ကြပါစို့ကွာ၊ လင်းရောင်လည်း လာနေပြီ။ ငါလည်း အိပ်ချင် နေပြီ"

"အဘသဘောပဲလေ၊ ကျွန်တော် တော့ သိပ်မအိပ်ချင်သေးပါဘူး။ နှင်းများ များကျလာရင်တော့ ငါးသလောက်ပိုက် ကို ထပ်ချလိုက်ချင်သေးတယ် အဘရာ"

"မင်းချချင်ရင်တော့ တစ်ယောက်တည်း ပြန်ချပေါ့ကွာ၊ ငါ့ကိုတော့ အိမ် လိုက်ပို့ဦးဟေ့၊ ရတဲ့ငါးသလောက်ကလေး တစ်ကောင်ကို ဆကာကြီးရှေးအမိ မှတ္တူးမကို သွားအပ်ပို့နိုင်းရဦးမယ် မဟုတ်လားကွ"

ကြွက်နီတို့မြေးအဘိုး သူတို့နေထိုင်ရာ ဇလွန်ဘက်တန်းရွာသို့ လှေကိုလှော် ကာ ပြန်လာကြ၏။

နံနက်ခင်း၏ အလင်းရောင်သည် မြစ်ပြင်ပေါ်သို့ ဖြန့်ကြဲ၍ ကျလာ၏။

ကျုံရှရွာဘက်မှ ကြက်တွန်သံများလည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပါပြီ။

တက်သစ်စ နေလုံးနီနီကြီးကိုမူ မြင်သင့်သောအချိန်ဖြစ်သော်လည်း မမြင် ရသေးပါ။

နှင်းများ ပိတ်နေ၍ဖြစ်သည်။

မိုးလင်းမှ နှင်းများက ပို၍ကျလာသည်ဟု ထင်သည်။

နှင်းငွေ့နှင်းမှုန်များသည် အစိုင် လိုက်၊ အစုလိုက် ဧရာဝတီမြစ်ရေပြင်ပေါ်တွင် ရှပ်တိုက်ပြေးနေကြ၏။

ကြွက်နီ၏စိတ်ထဲ၌မူ -



www.burmeseclassic.com

ww.burmeseclassic.com

"ဒီလိုနင်းများများကျလာရင်တော့ ငါးသလောက် ရနိုင်သေးတယ်။ အဘကို ငါအိမ်လိုက်ပို့ပြီး ငါးသလောက်ပိုက်ကိုထပ်ချလိုက်ဦးမယ်" ဟူသောအတွေးကြောင့် မအေးနိုင်၊ မချမ်းနိုင်ပါ။ အိပ်ချင်စိတ်လည်း မရှိသေးပါ။

ကြွက်နီတို့လှေသည် တဖြည်းဖြည်း "ဇလွန်ဘက်တန်း" ရွာကမ်းပါးသို့ ကပ်လာချေပြီ။ ဇလွန်ဘက်တန်းရွာမှ အချို့ငါးသည်များပင် ဆကကြီးဈေးသို့ ရေကာတာရိုးအတိုင်း သွားနေကြသည်ကို မြင်နေရပြီ။

ကမ်းပါးထိပ်မှ ပုတူးမက နံနက် ဈေးအမီ ရလာသောငါးများကိုပို့ရန် ရပ်စောင့်နေသည်ကိုပင် နင်းမှုန်မှုန်ကြားမှ ဝိုးတဝါး မြင်နေရသည်။

လှေဦးကို ကမ်းပါးသို့ ထိုးစိုက်လိုက်သည်နှင့်တစ်ပြိုင်နက် ပုတူးမ အပြေးကလေးကမ်းပေါ်မှ ဆင်းလာ၏။

"အဘနဲ့ အစ်ကိုကြွက်နီ - ငါး ဘယ်နကောင်ရသလဲတော်။ ညနေကတောင် ဒေါ်ကလေးမ ယောက်ျား ဦးလေး အုန်းကြိုင်က ပြောသွားသေးတယ်။ ဒီလို ငါးအရနည်းနေရင်တော့ ငါးဈေးကောင်းရဦးမှာတဲ့"

ပုတူးမသည် မျှော်လင့်တကြီးနှင့် အစ်ကိုဖြစ်သူအား လှမ်းမေးလိုက်သည်။

"ဟာ - ပုတူးမရာ - ဒီနေ့လည်း မစွံ ပါဘူးကွာ။ ငါးသလောက်ကလေး တစ်ကောင်ပဲ ရသပေ့"

အဘညက် စိတ်ပျက်လက်ပျက် နှင့် လှမ်းပြောလိုက်၏။

ထို့နောက် ရလာသော ငါးသလောက်ကလေးတစ်ကောင်ကို ယူ၍ အဘညက် လှေပေါ်မှ ဆင်းလိုက်သည်။

စိတ်မကျေနိုင်သေးသော ကြွက်နီက -

"အဘ - ကျွန်တော်တစ်ယောက်ထဲပဲ ပိုက်ဆက်ချလိုက်ဦးမယ်။ ရလိုရငြားပေါ့ - အဘရာ" ဟု အဘိုးဖြစ်သူထံ ခွင့်တောင်းလိုက်၏။

"မင်းသဘောပဲ ကြွက်နီ။ ငါတော့ အိပ်ချင်နေတယ်။ အသက်ကြီးလာတော့ တယ်လည်း ဒဏ်မခံနိုင်တော့ဘူး ထင်ပါတယ်ကွာ" ဟု ညည်းညည်းညူညူ ပြော၍ ကြွက်နီအား ပိုက်ဆက်ချရန် ခွင့်ပြုလိုက်သည်။

နင်းများက ပို၍ပို၍ ကျလာသည်။

အနောက်ဘက်ကမ်း ကျုံရှရွာမှ တောတန်းကလေးကိုပင် အဘညက်တို့ ဇလွန်ဘက်တန်းရွာမှ ကြည့်၍မမြင်ရတော့ပါ။



www.burmeseclassic.com

ww.burmeseclassic.com

မာလိန်ကြီးအား အော်ဟစ်၍ တောင်းပန်သော်လည်း အရာမထင်နိုင်ပါ။ ဆင်ပြောင်ကြီး၏ ခက်သံကို ကြွက်နီ၏အသံက မလွှမ်းမိုးနိုင်ပါ။ အော်၍ ကြားနိုင်လောက်အောင်လည်း ခရီးက မနီးသေးပါ။ ဖြစ်လိုရာ ဖြစ်ခေ။ ကြွက်နီသည် လှေပဲ့ပိုင်းတွင် ထောင့်ကြောင့်ကလေး ထိုင်လိုက်၏။



ကမ်းပါးစပ်မှ ပြန်လည်ထွက်ခွာသွားသော ကြွက်နီ၏ လှေကလေးမှာလည်း နင်းမှုန်မှုန်ကြားသို့ တိုးဝင်သွားကာ တဖြည်းဖြည်း မြင်ကွင်းမှ ပျောက်ကွယ်သွားပါချေပြီကော။

ဘာရယ်လို့မသိ။ သူ့ကို သည်အရပ်ဒေသမှလူများက "မာလိန်ကြီး - မာလိန်ကြီး" ဟူ၍သာ ခေါ်ကြသည်။

အမှန်မှာမူ သူသည် ရေနံတင်တွန်း သင်္ဘောမှ "တက်မကိုင်" တစ်ယောက်မျှသာ ဖြစ်ပါ၏။

မြစ်ဝကျွန်းပေါ်တစ်လျှောက် သူနှင့် ဆက်ဆံသူများအားလုံးက "မာလိန်ကြီး" ဟူ၍ပင် သူ့ကို ခေါ်ကြသည်။

မြစ်ဝကျွန်းပေါ် အရပ်ဒေသများတွင် ရှေးယခင်အင်္ဂလိပ်ခေတ်က "ရွှေကျီးညို" ဇာတ်၊ "တောကျော်" ဇာတ်၊ "ဗိုလ်ကေစိန်" ဇာတ်၊ "စိန်လံဗိုလ်" ဇာတ် စသော ဇာတ်အဖွဲ့များ အမျိုးမျိုးလာရောက် ကပြတတ်ကြ၏။

ဇာတ်ပွဲများဇာတ်ကရာ၌တစ်ခါတစ်ရံသင်္ဘောများခုတ်မောင်းလာသော အခန်းမျိုးလည်းဇာတ်ဝင်တစ်ခန်းအဖြစ် ပါတတ်သည်။

ထိုအခါတွင် လူရွှင်တော်များနှင့် ဆိုင်းသမားများ ဆိုလေ့ရှိသော သီချင်းတစ်ပုဒ် ရှိ၏။ ထိုသီချင်းမှာ -



www.burmeseclassic.com

ww.burmeseclassic.com

"စက်ခုတ်သံလား - မိုးသံလား၊ စက်ခုတ်သံပဲ - မိုးသံပဲ၊ လှိုင်းသံတွေ - လေသံတွေ - နာဂါဝမ်းပု - နာဂါဝမ်းပု"

"မာလိန် - မာလိန်ကြီးရယ်က - ခလား - ခလား - စီးကပ္ပိတန်ရယ်လေ - ဆလ်ရှီလို့၊ ဒွန်နလီ - ဒွန်နလီ - ရေပန်နီထဲကို - ခဲချလို့ပါတဲ့သာ" ဟူသော သီချင်း ဖြစ်သည်။

ဤသီချင်းမှာ မြန်မာဝေါဟာရများ သာမက နိုင်ငံခြားသားစကားများပါ ရောနှောပါနေသည်။ အဓိပ္ပာယ်ဟူ၍ကား မည်မည်ရရမရှိ၊ လူမျိုးခြားစကားမှ အသံထွက်မှာလည်း မှန်၊ မမှန် မသိ၊ သို့ရာတွင် သီဆို၍တော့ ကောင်းလှ၏။

ရှေးယခင် အင်္ဂလိပ်ခေတ်က သင်္ဘောသားများမှာလည်း အများအားဖြင့် လူမျိုးခြားများချည်းလိုလိုဖြစ်၍ ဤသို့ လူမျိုးခြားစကားများနှင့် ရောနှောစပ်ဆိုထားဟန် တူသည်။

ဇာတ်ပွဲများ ကပြအပြီး ဇာတ်အဖွဲ့ရွာမှ ပြန်သွားကြပြီဖြစ်သော်လည်း ဤ "စက်ခုတ်သံလား - မိုးသံလား" အစရှိ သင်္ဘောသားသီချင်းကလေးက ရွာအတွင်းရှိ ကလေးများ၏ ပါးစပ်ဖျားတွင် ကျန်ရစ်နေတတ်စမြဲ။

ထိုသီချင်းထဲမှ "မာလိန် - မာလိန်ကြီးရယ်က" ဟူသော မာလိန်ကြီးဆိုသည်ကို ဤအရပ်ဒေသများမှာ ထိုစဉ်ကတည်းက "တက်မကိုင်ကြီး" အား ခေါ်ဝေါ်ကြောင်းနားလည်ထားကြသည်။

ထိုမှတစ်ဆင့် ယနေ့တိုင် တက်မကိုင်ကို "မာလိန်ကြီး" ဟူ၍ပင် မြစ်ဝကျွန်းပေါ်အရပ်ဒေသတွင် နေထိုင်သူများက ခေါ်နေကြသည်ထင်သည်။

ရေနံတင်တွန်းသင်္ဘော - ဆင်ပြောင်ကြီးမှ မာလိန်ကြီးကား ဤဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် စုန်ချည်ဆန်ချည်ဖြင့် အခေါက်ခေါက် အခါခါ သွားခဲ့ဖူးလှပြီ။

သည်မြစ်ရိုးတစ်လျှောက်မှာ မိတ်ဆွေသင်္ဂဟများမှာလည်း များပြားလှပါဘိ။

အထူးသဖြင့် ဒေသအလိုက် ခုတ်မောင်းနေကြသော မော်တော်သမားများနှင့် ပိုမိုခင်မင်ရင်းနှီးသည်။

ညက မာလိန်ကြီးသည် သူ၏ ဆင်ပြောင်သင်္ဘောကို အဖျောက်ဒေါက်ဘက် "ဒေးရှာ" အနီးတွင် ကျောက်ချဆိုက်ကပ်ကာ ညအိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအချိန်တွင် ဤနေရာကိုရောက်မည်ဟုကြိုတင်သိထားကြသော "လက်ပံစင်ရွာ" မှ မာလိန်ကြီး၏အပေါင်းအသင်း မော်တော်သမားများက လာရောက်၍ စည်ပင်ဝတ်ပြုရန် ကြိုဆိုနေကြ၏။

သဘော်ကျောက်ချပြီး၍ မကြာမီပင် သူတို့၏ မော်တော်ကလေးကို ဆင်ပြောင်ကြီးဘေးသို့ကပ်ကာ တွန်းသဘော်ပေါ်သို့ တက်လာကြသည်။

မော်တော်သမားများ၏ လက်ထဲတွင် အစုံအလင်ပါသည်။ မာလိန်ကြီးကြိုက်တတ်သော ရမ်ပုလင်းများသာမကပါ။ ကြက်သားကြော်၊ ငါးသလောက်ကြော်စသော ရမ်နှင့် မြည်းရမည့် စားဖွယ်သောက်ဖွယ်များကိုလည်း ယူဆောင်လာကြပါသေးသည်။

ထိုနေ့ညက ပျော်လိုက်သည့်ဖြစ်ခြင်း။

ညဘက် နားနားနေနေ အလုပ်ကလည်း မရှိ၊ မော်တော်သမားများနှင့် မာလိန်ကြီး ရမ်နှင့် အမြည်းများကို တစ်ဝကြီး သောက်လိုက် စားလိုက်ကြသည်။

ပျော်လိုက်၊ ပါးလိုက်ကြသည်။

ဟစ်လိုက်၊ အော်လိုက်ကြသည်။

ကလိုက်၊ ခုန်လိုက်ကြသည်။

ထို့နောက် မာလိန်ကြီး အိပ်ပျော်သွား၏။

မာလိန်ကြီးမိတ်ဆွေအပေါင်းအသင်း၊ မော်တော်သမားများပင် ဘယ်အချိန် ဘယ်အခါက သူတို့၏ မော်တော်ကလေးနှင့် ပြန်လည်ထွက်ခွာသွားသည် မသိ။

နံနက်ပိုင်း နင်းများကျ၍ အအေးဓာတ်က မာလိန်ကြီးအား လှုပ်နှိုးမှ နိုးလာတော့သည်။

ညက သောက်ထားသော အရက်ရှိန်မှာ ကောင်းကောင်းမပြေသေးဟု ထင်သည်။

ခေါင်းတစ်ခုလုံး လေးတေးတေးကြီးဖြစ်နေ၏။

သို့သော် ဝတ္တရားက ရှိသေးသည်။

မာလိန်ကြီးသည် မျက်နှာကို ကမန်းကတန်း သစ်လိုက်၏။

ထို့နောက် စောစောက သူ့တပည့် ပို့ထားသော လက်ဖက်ရည်တစ်ခွက်ကို သောက်လိုက်၏။

မာလိန်ကြီး လက်ဖက်ရည်သောက်ပြီး၍ မကြာမီပင် သဘော်စက်နှိုးသံကြားရသည်။ ကျောက်ဆူးကို ဆွဲတင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

တက်မကိုင်ရာ အခန်းထဲသို့ မာလိန်ကြီး ရောက်သွားသောအခါ ဘေးပတ်ဝန်းကျင်တွင် နင်းမှုန်များ တဖွဲဖွဲကျနေဆဲပင်ဖြစ်သည်။

မြင်ကွင်းအားလုံးသည် မှုန်တဝါးဝါး။

မာလိန်ကြီး၏ မျက်လုံးအစုံကလည်း ရီတဝေဝေ။

နင်းမှုန်များအကြားမှ ဆင်ပြောင် ခေါ် ရေနံတွင်းသင်္ဘောကြီးကား ရေနံအပြည့်တင်ထားသော ဖဲ့ကြီးကို တွန်း၍ အေးရှာမှ တဖြည်းဖြည်း ထွက်ခွာခဲ့သည်။

အေးရှာမှထွက်၍မကြာမီ ကြွက်နီ ပိုက်ချနေသော လှေကို နင်းထုအကြားမှ မာလိန်ကြီး မပီမပြင် မြင်လိုက်ရ၏။

"ဟယ် - ဒီလှေက ဘယ့်နယ်ပါလိမ့်"

လှော်တက်ဖြင့်လည်း ဝှေ့ယမ်း၍ အချက်မပြ။

ဘယ့်ဘက်မှာ ပိုက်ချထားသည်လည်းမသိ။

ငနဲသားပိုက်သမားမှာလည်း ထိုးထိုးထောင်ထောင်မရှိ။

ပဲ့ပိုင်းမှာ ပုဆိုးကလေးခြုံလျက် ကွေးကွေးကလေးပါလား။

အချိန်မတော် ပိုက်ချပြီးတယ် အအိပ်ကြီးတဲ့ ပိုက်သမားပါတကား။

မာလိန်ကြီး အတော်ကလေး ဒေါပွသွား၏။

ဖြစ်လိုရာဖြစ်၊ သူအချက်မပြလျှင် မောင်းလိုရာ ရေကြောင်းအတိုင်း မောင်းလိုက်မည်။

ပိုက်တိုးမိ၍ ပျက်စီးသွားလျှင် လည်း သူ့အပြစ်မဟုတ်။

ပိုက်သမားကမှ အချက်မပြပေပဲ။

မာလိန်ကြီးသည် လမ်းကြောင်းကို မပြောင်းပဲ ကြွက်နီ၏လှေဆီသို့ပင် ဦးတည်၍ပင် ခုတ်မောင်းလိုက်တော့ သည်။

ကြွက်နီ ဘယ်သို့ လုပ်ရမည်မသိ။

ဆယ်ပြောင်ခေါ် ရေနံတွင်းသင်္ဘောကြီးကား တရွေ့ရွေ့ဖြင့် မိမိပိုက်ချထားရာသို့ ဦးတည်၍ ခုတ်မောင်းလာနေချေပြီ။

ညတုန်းက ကြွက်နီ တစ်မှေးမျှ မအိပ်ခဲ့ရပါ။ ကျုံ့ရှုရှာဘက်တွင် တစ်ညလုံး ပိုက်ချခဲ့ရသည်။ ထို့နောက်အဘိုးဖြစ်သူအဘညက်ကိုဇလွန်ဘက်တန်းရွာအရောက် လှေလှော်၍ ပို့ပေးခဲ့ရသည်။

www.burmeseclassic.com

ဆန်ဖိုး ဆီဖိုးကလေးရအောင် လောဘဇောကြောင့်သာ ယခုမနက်မြစ်လယ်မှာ ငါးသလောက်ပိုက်ကို ဆက်၍ချလိုက်သည်။

သို့သော်ကြွက်နီ၏လောဘဇောကိုကြွက်နီ၏ကိုယ်ခန္ဓာက မလိုက်နိုင်တော့ပါ။

ပိုက်များကို ရေထဲသို့ ချအပြီး ငါးသလောက်ပိုက်အတိုးကိုစောင့်ရင်း ဘယ်အချိန်က ဘယ်လို တစ်မှေးကလေး မှိတ်၍ အိပ်ပျော်သွားသည်မသိ။

ယခုမူ ဆင်ပြောင်၏ ခုတ်မောင်း လာသော စက်သံကိုကြားမှ ရုတ်တရက် လန့်နိုးလာပေတော့သည်။

ဆင်ပြောင်ခေါ် ရေနံတွန်းသင်္ဘောကြီးကား ကြွက်နီ၏လှေနှင့် အတော်ကလေး လှမ်းပါသေးသည်။

ကွေ့ရှောင်၍ မောင်းလျှင် မောင်း နိုင်ပါသေးသည်။

သို့သော် မာလိန်ကြီးသနားမှ ကြွက်နီ ချမ်းသာမည်။

အချိန်မီ လှော်တက်ဖြင့် အချက် မပြမိသည်က ကြွက်နီ၏အပြစ်။

ဖြစ်လိုရာဖြစ်စေ၊ ကြွက်နီက သူ့လှေနှင့် သူ့ပိုက်ကို အထိမခံနိုင်ပါ။ အပျက်အစီး မခံနိုင်ပါ။ ဤပိုက်နှင့် ဤလှေမရှိပါက ကြွက်နီတို့ မြေးအဘိုး၏ ထမင်းအိုးကို ရိုက်ခွဲပြီး ဖြစ်တော့မည်။

တစ်ခါက အရွယ်နှင့်မလိုက်၊ သူတို့ ပိုက်ကိုလုယူရန်ကြံသော ဓားပြများကို အဘညက်နှင့်အတူ အသက်စွန့်၍ ခုခံခဲ့ဖူးပါသည်။

ဓားပြတစ်ယောက်ကို ရေထဲသို့ ကျသွားအောင် ကြွက်နီ မိန်းနှင့် ထိုးချခဲ့ဖူးပါ၏။

ကြွက်နီသည် ထူးထူးချွန်ချွန် သတ္တိရှိသော ရဲရင့်သော သူတစ်ယောက်ကား မဟုတ်ပါ။

သူလိုကိုယ်လို သာမန်သတ္တိမျှသာရှိသော တံငါသည်တစ်ယောက်သာ ဖြစ်ပါသည်။

သို့သော် သူတို့၏ထမင်းအိုးကို ပျောက်စေမည့် သူတို့ပိုက်ကို လုယူရန် ထိပါးလာသော ဓားပြများကိုမူ သေမထူး၊ နေမထူးမို့ အသက်စွန့်၍ ခုခံခဲ့ပါ၏။

ဓားပြများမှာ ဥပဒေအပြင်ဘက်မှ မတရားလုပ်သူများမို့ တွန်းလှန်ခုခံခဲ့ရခြင်းလည်း ဖြစ်ပါသည်။

ww.burmeseclassic.com

ယခုမူ ဆင်ပြောင်ကြီးကို မှိန်းနှင့် ထိုး၍မရပါ။

အပြစ်ကလည်း ကြွက်နီ၏ အပြစ်ဖြစ်နေသည်။

သူ့ တစ်မေးကလေး မှိတ်လိုက်မိသောကြောင့် အချိန်မီလှော်တက်ကို ဖေ့ ယမ်း၍ လမ်းမပြနိုင်သောအပြစ် ဖြစ်နေပါသည်။

မာလိန်ကြီး၏ လက်ခုပ်အတွင်းမှ ကြွက်နီအဖို့ ရေဖြစ်နေပေသည်။

မာလိန်ကြီး သွန်လိုက သွန်နိုင်သည်။ မှောက်လိုက မှောက်နိုင်သည်။ တစ် နည်းအားဖြင့် သူရှောင်လို ရှောင်၊ တိုက်လိုတိုက်။

ဘယ်သို့လုပ်ရပါ့။

လှေဖြင့် ကိုယ်လွတ်ရုန်းကာ လှော်သွားပါက ကြွက်နီ ကောင်းကောင်း လွတ် ပါ၏။

သို့သော် ပိုက်တော့ ဆုံးရှုံးမည်။ အနည်းဆုံးစုတ်ပြီး ပျက်စီးသွားမည်က မုချ။

ပိုက်ကို ပစ်၍တော့ ကြွက်နီလှေ လှော်မပြေးနိုင်ပါ။

အကြမ်းနည်းဖြင့် ဆင်ပြောင်ကိုခုခံ၍လည်း ဘယ်နည်းနဲ့မျှ မဖြစ်နိုင်ကြောင်း၊ ကြွက်နီ ကောင်းကောင်းသိပါ၏။

ရလိုရငြား အောက်ကျခံ၍ တောင်းပန်ရပေတော့မည်။

မာလိန်ကြီးအား အော်ဟစ်၍ တောင်းပန်သော်လည်း အရာမထင်နိုင်ပါ။ ဆင် ပြောင်ကြီး၏ စက်သံကို ကြွက်နီ၏အသံက မလွှမ်းမိုးနိုင်ပါ။ အော်၍ကြားနိုင်လောက် အောင်လည်း ခရီးက မနီးသေးပါ။

ဖြစ်လိုရာ ဖြစ်စေ။

ကြွက်နီသည် လှေပဲ့ပိုင်းတွင် ဆောင့်ကြောင့်ကလေး ထိုင်လိုက်၏။

ထို့နောက် လက်နစ်ဖက်ကို နဖူးပြင်နှင့်ထိအောင် လက်အုပ်ချီလိုက်သည်။

ထိုအချိန်တွင် နင်းများ ကွဲစပြုပြီ။

နေလုံးနီနီပင် တောစပ်မှ ပေါ်ထွက်လာပြီ။

မာလိန်ကြီးက သူ့ကို ကောင်းကောင်းမြင်နိုင်ပြီဟု ထင်သည်။

သူ ဘယ်နေရာမှာပိုက်ချထားသည်ကိုလည်း နင်းကွဲစပြုပြီဖြစ်သဖြင့် ရေပြင် တွင် ထောင်နေသော ဖော့ကလေးများကိုကြည့်လိုက်လျှင် အလွယ်တကူမြင်နိုင် ပါပြီ။



www.burmeseclassic.com

ww.burmeseclassic.com

မာလိန်ကြီးအား ရည်မှန်းဦးတည်ပြီး ကြွက်နီသည် ကုန်း၍ ကုန်း၍ ရှိခိုးဦးချ လိုက်မိတော့သည်။

"ရှိခိုးပါရဲ့-မာလိန်ကြီးရယ်။ ကျွန်တော့်ပိုက်နဲ့ လှေကို ချမ်းသာပေးတော်မူပါ"

ကြွက်နီ၏ ပါးစပ်မှ တိုးတိုးရွတ်၍ ဦးချနေတော့သည်။

တစ်ကြိမ် - နှစ်ကြိမ် - သုံးကြိမ်။

ဆယ်ကြိမ် - ဆယ့်ငါးကြိမ် - အကြိမ်နှစ်ဆယ်လည်း မကတော့ပါ။

အကြိမ်ကြိမ် အလီလီ ဦးနှိမ်ချ၍ ကြွက်နီ ရှိခိုးကန်တော့နေပါတော့သည်။

လှေပဲ့ပိုင်းမှ ကြွက်နီ ကုန်း၍ ကုန်း၍ ကန်တော့နေသည်ကို မာလိန်ကြီး ကောင်းကောင်းမြင်နိုင်ပါသည်။ သူ ချထားသောပိုက်ကိုလည်း မြင်နိုင်ပါသည်။

မာလိန်ကြီး၏စိတ်ထဲတွင် သူညက ရမ်အရက်နှင့်မြည်းခဲ့သော ငါးသလောက်ကြော်များမှာ ကြွက်နီတို့ကို တံငါသည်များ ရှာဖွေပေးသဖြင့်သာ ကောင်းကောင်း စားရသည်ဟုပင် တွေးမိလေသလားမသိ။

နဂိုကပင် စိတ်ကောင်းရှိ၍ ကိုယ်ချင်းစာတရား ပြည့်ဝဟန်တူသော မာလိန်ကြီးက စက်ရှိန်ကိုလျှော့၍ ကြွက်နီ၏လှေနှင့် ပိုက်ရှိသည့်နေရာမှ လွတ်အောင် ဖြည်းဖြည်းကွေ့၍ ကွင်းရှောင်နေသည်ကို ကြွက်နီ မြင်လိုက်ရသည့်တစ်ခဏ။

ကြွက်နီ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။

မာလိန်ကြီးအား ကျေးဇူးတင်လိုက်သည်ဖြစ်ခြင်း။

ကြွက်နီ၏တစ်ကိုယ်လုံးမှာ ပီတိဖုံး၍လက်အုပ်ချီပြီးနောက် မာလိန်ကြီးအား အကြိမ်ကြိမ် ကန်တော့လိုက်ပြန်သည်။

မာလိန်ကြီး ကြားနိုင်သည် မကြားနိုင်သည်ကို ကြွက်နီ မစဉ်းစားနိုင်တော့ဘဲ ကြွက်နီ၏ ပါးစပ်မှ တတွတ်တွတ် ရွတ်ဖတ်သရဇ္ဈာယ်နေတော့သည်။


ကြွက်နီ၏ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်ကတော့ ...

"လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ - ရှိခိုး ကန်တော့လိုက်ပါရဲ့-မာလိန်ကြီး မင်းများ"

မောင်သိန္ဒာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ww.burmeseclassic.com

# ဖြေမရှင်နိုင်တယ်

ဘဝကို ဆင်းရဲကြပ်တည်းစွာ ရုန်းကန်နေရာမှ ယောက်ျားဖြစ်သူ
အချောင်အမှုဆင်အဖမ်းခံလိုက်သောအခါ

-----------------ကျော်ဦး-----------------

တွေ့တွေ့ချင်း။

"ကိုသာအောင် နေကောင်းတယ်နော်"

"အေး - ငါတော့ နေကောင်းပါတယ်။ မထွေးမေနဲ့ ကလေးတွေရော နေကောင်းကြရဲ့လား"

ဟု ကိုသာအောင်ကလည်း မယားကိုပြန်၍မေးလိုက်သည်။

ကိုသာအောင်နှင့် မထွေးမေတို့သည် တစ်ယောက်ပြောသည့်စကား တစ်ယောက်ကြားဖို့အတွက် အော်၍ပြောနေကြရသည်။ ထိုသို့မှအော်၍ မပြောလျှင်လည်း စီကလပ်အကျဉ်းသားများ ထောင်ဝင်စာအတွေ့ခံရသောနေရာမှ တစ်ပန်းရှုံး၍ နေခဲ့ရမည်သာဖြစ်သည်။

အပြင်မှ ထောင်ဝင်စာလာတွေ့သော သူတို့နှင့် ထောင်အတွင်းအကျဉ်းသားခြင်းခံရသူတို့၏ မေးကြမြန်းကြသော စကားသံများသည် ဆူညံလျက် ရှိနေသည်။ ဆူညံသော စကားသံတို့၏ကြားကပင် ကိုသာအောင်နှင့် မထွေးမေတို့ကလည်း နေရေးထိုင်ရေးကို ပြောဆိုကြရပါသည်။

"မထွေးမေတို့ ဘယ်လိုလုပ်ပြီး စားနေကြသလဲ"

"ဖြစ်သလို စားနေရတာပေါ့"

မထွေးမေ၏ ဖြစ်သလို စားနေရသည်ဆိုသော အဖြေကား ကိုသာအောင်အတွက် ကျေနပ်ဖွယ်ရှိသော အဖြေမဟုတ်ဘဲ မရှင်းလင်းသည့်အဖြေသာ ဖြစ်နေသည်။ ကိုသာအောင်က မရှင်းလင်းသည့်စကားကို ထပ်၍မေးလိုက်သည်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်သလိုဆိုတာက ဘယ်လိုလဲ - မထွေးမေရဲ့"

"ကိုသာအောင်လည်း သိသားနဲ့ ကိုသာအောင်ရယ်။ ကျွန်မက ဘာလုပ်စားတတ်မှာလဲလို့။ သူများဆီမှာ အခစားသွားလုပ်ဖို့ကလည်း ကိုယ့်မှာကလေးသုံးယောက်နဲ့။ ကိုသာအောင် သားအငယ်ကလေးက ခဏခဏနေမကောင်းလို့ ဆရာတုတ်ကိုပင့်ပြီး ကုရတာတစ်ဖက်။ အို - ကျွန်မအဖြစ်တော့ ပြောကို မပြောချင်တော့ပါဘူး။ ဆရာက ခြေကြွခ မယူဘူးဆိုပေမယ့် ဆေးဖိုးဝါးခလေးတော့ပေးရတယ်။ အဲ့ဒီဆေးဖိုးဝါးခပေးဖို့ကိုလည်း ကိုသာအောင်သူငယ်ချင်း ကိုထွန်းမင်းက ကူညီလို့ပေးနိုင်တာပဲ"

ဟု မထွေးမေသည် ကိုသာအောင် မရှိပြီးနောက်ပိုင်းတွင် သူနှင့်ကလေးသုံးယောက်၏တာဝန်ဟု ခက်ခဲစွာထမ်းဆောင်နေရသည်ကို ဆက်၍ ပြောပြလိုက်ပါသည်။

ကိုထွန်းမင်းက ကူညီသည်။ ကိုထွန်းမင်းကူညီလို့သာ သူ့သားငယ်ကလေးအတွက် ဆေးချက်ဝင်အောင် ဆရာခေါ်နိုင်သည်ကိုလည်း ကိုသာအောင်က ...

"ကျေးဇူးကြီးလှပါတယ် သူငယ်ချင်း - ထွန်းမင်းရယ်"

အော်သံကြားရာဘက်သို့ ကိုသာအောင်က လှမ်းကြည့်ရ[illegible] ကြက်သေ သေနေလိုက်သည်[illegible] ကိုသာအောင် သတိထားလိုက်[illegible] မိသည်ကတော့ သူခိုး သူခိုးဟု အော်သံကြားရပြီးနောက် လူနှစ်ယောက် ဈေးကြီးသုတ်ပျာ[illegible] ထိုအော်သံကြားရာဘက်မှ ပြေးထွက်လာပြီး သူ့ကို ဖြတ်ကျော်ကာ အရက်ချက်[illegible] ဘက်သို့ ပြေးဝင်သွားကြသည်[illegible] မြင်လိုက်ရလေသည် ...



ww.burmeseclassic.com

နှစ်ကိုယ် တွေ့ပြီး ကျေးဇူးတင်စကားကိုပင် ပြောလိုက်ချင်သော ဆန္ဒသည် မထွေးမေ၏ စကားအဆုံးတွင် ပေါ်လာခဲ့သည်။

ကိုထွန်းမင်းသည် ကိုသာအောင်၏ ကြီးပေါင်းသူငယ်ချင်းဖြစ်သော်လည်း တစ်ယောက်အကြောင်းရှိလျှင် တစ်ယောက်ကူညီခဲ့သော ရင်းနှီးသည့် မိတ်ဆွေများ ဖြစ်ခဲ့ကြသည်။ ကိုထွန်းမင်းမှာ မယားသေ၍ သုံးလရွယ်ကလေးနှင့် လူ့ပြည်တွင် ကျန်ရစ်ခဲ့၍ ကူညီခဲ့ကြသည်။ အခုလည်း ကိုသာအောင် ဒုက္ခရောက်ရချိန်တွင် ကိုထွန်းမင်းက တစ်လှည့်ကူညီနေရခြင်းပင် ဖြစ်တော့သည်။

"အေး - မထွေးမေ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းထွန်းမင်းကိုသာ အကူအညီ တောင်းပေါ့ကွာ။ ဘယ်တော့မှ လွတ်မယ်ဆိုတာ . . ."

စကားကိုဆက်၍ မပြောဘဲ ရပ်ထားလိုက်သည်။ ကိုသာအောင်သည် သူ့ရဲ့ လွတ်ရက်ကိုတွက်စစ်၍ပင် မကြည့်နိုင်လောက်အောင်ဖြစ်နေမိသည်။ ကိုသာအောင် အကျဉ်းချထားခြင်းခံရသော အပြစ်ဒဏ်သည် မည်သည့်နေ့ရက်တွင် လွတ်မည်ဟု လက်ချိုးရေတွက်၍ မရနိုင်သောကြောင့် သူ့လွတ်ရက်သည် အရှိမေတ္တာယျဘုရား ပွင့်တော်မူတဲ့အခါမှသာ ကျွတ်တန်းဝင်၍ တစ်ပါတည်း လွတ်ရတော့မလောက် အောက်မေ့နေရတော့သည်။

"အဲဒါကြောင့် ကိုသာအောင်ကို တိုင်ပင်ဖို့ လာခဲ့တာပဲ"

မထွေးမေ၏အသံသည် စောစောကလို လေသံရှင်းရှင်းလင်းလင်းနှင့် ထွက် လာသည်မဟုတ်ဘဲ ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောနေလိုက်သည်။

"ဘာတိုင်ပင်ချင်သလဲ ထွေးမေ"

မထွေးမေက ရှေ့သို့မဆက်ဘဲ ကိုသာအောင်ကိုသာ ကြင်နာခြင်းအပြည့် ရှိသော ကြည်ခြင်းဖြင့်သာ ကြည့်လိုက်သည်။ ကိုသာအောင်ကပင် သူ့အား စူးစိုက်၍ ကြည့်နေသော မယားကို ...

"ထွေးမေ - နင် ဘယ်လိုဖြစ်တာလဲ။ ပြောလေ ပြောပါ ။ တိုင်ပင်စရာဆိုတာ ဘာလဲ"

ဟု ထပ်ဆင့်၍ မေးလိုက်ရပြန်သည်။

"ဒီလိုကြီး နေလို့ ဖြစ်ပါ့မလား - ကိုသာအောင်ရယ်"

မထွေးမေသည် သူ့ဘဝ၏ ရပ်တည်နိုင်မှုအတွက် ရင်ဆိုင်ရသော ဒုက္ခကို ကျော်လွှားခြင်းငှာ သူ့အစွမ်းအစဖြင့် မကြိုးပမ်းနိုင်တော့သည့်သဘောဖြင့် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆူညံနေသော စကားသံကြားမှာပင် မထွေးမေ၏ ဖြည်းနေးစွာ ပြောလိုက်သော စကားသံကို ကိုသာအောင် ကြားလိုက်သည်။

"ဒီလိုနေလို့ မဖြစ်ရင် ဘယ်လိုနေပါလား"

လို့ ကိုသာအောင် အကြံပေးဉာဏ်ပေးဖို့မှာလည်း အပြင်လောကတွင် ကိုထွန်းမင်းတစ်ယောက်ကလွဲ၍ ဘယ်သူ့ကိုမှ မမြင်နိုင်တော့။

"မဖြစ်တော့ ထွေးမေက ဘယ်လိုလုပ်ချင်သလဲ"

"ကိုထွန်းမင်းက အခုအတိုင်းပေးတာ ကမ်းတာ ယူပြီး နေသားလဲ အိမ်နီးနားချင်းတွေကကြားရင် သွားပုပ်လေလွင့် ပြောလာကြမှာလည်း ရှိသေးတယ် မဟုတ်လား။ နောက်ပြီး ကိုထွန်းမင်းက ကျွန်မကို ဒီအနေမျိုးနဲ့ ကြာရှည်ကြည့်ရှုထားပါ့မလားဆိုတာကိုလည်း စဉ်းစားရသေးတယ်။ အို – ကျွန်မတော့ ဘာကိုဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

မထွေးမေသည် သူ့စကားကိုပြောရင်းက ပို၍ ရှုပ်ထွေးလာပြန်သောကြောင့် ခေါင်းကိုကုတ်ကာ နေလိုက်သည်။ ကိုသာအောင်ကလည်း ဘာမှဆက်၍မပြောဘဲ ငြိမ်သက်၍ နေတော့သည်။ မထွေးမေကလည်း ဆက်၍မပြောနိုင်သေးဘဲ ငြိမ်၍ တစ်စုံတစ်ရာကိုဆက်၍ ပြောဖို့သာ စဉ်းစားနေမိသည်နှင့် တူပါသည်။

စကားပြောသံများသည် ဆူညံလျက်ပင် ရှိပါသည်။ စီကလပ်အကျဉ်းသားများကဲ့သို့ ဘီကလပ်အကျဉ်းသားများထဲ၌လည်းဆွေမျိုးသားချင်း မိတ်သင်္ဂဟများ တွေ့ဆုံလျက်ရှိကြသည်။ ဘီကလပ်အကျဉ်းသားများဆွေမျိုးမိတ်သင်္ဂဟများတွေ့ဆုံရာကတော့ တစ်ဦးနှင့်တစ်ဦး အကာအကွယ်မရှိ ဟင်းလင်း၌သာ တွေ့ခွင့်ရသောကြောင့် တစ်ယောက်နှင့်တစ်ယောက် မေးကြ၊ ပြောကြသောအသံများမှာ လေသံမျှသာရှိ၍ ကျယ်လောင်ခြင်း မရှိတော့ပါ။

"ကဲ – မထွေးမေ အချိန်လည်း ပြည့်တော့မယ်၊ ပြောစရာရှိရင် ပြောလေ"

ကိုသာအောင်က သတိပေးလိုက်ပြန်သည်။

မထွေးမေက ငိုင်၍ တွေနေရာက ...

"ကျွန်မတော့ လင်ယူမှဖြစ်တော့မယ် ကိုသာအောင်"

လည်ချောင်းတွင်းရှိ တစ်ဆို့နေသော စကားလုံးများကို အနိုင်နိုင်ညှစ်ထုတ်၍ ပြောလိုက်သံကို ကိုသာအောင်သည် အသည်းကို အပ်ဖျားနှင့် ဆွလိုက်သလို ဆတ်ဆတ်ခါနာကြည်းစွာခံလိုက်ရပါသည်။ တစ်ယောက်ကိုတစ်ယောက်စကားမပြောဘဲ ငိုင်၍ကြည့်နေကြသည့် မထွေးမေရဲ့မျက်လုံးမှ မျက်ရည်ပေါက်များသည် ပြိုင်ပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

သို့ စီးဆင်း၍ ကျလာတော့ပြီ။ ကိုသာအောင်ကတော့ ယောက်ျားရင့်မာကြီး တစ်ယောက်ဖြစ်လို့ မျက်ရည်မကျအောင် အားတင်းထားရာကပင် မျက်ရည်ဥများသည် စို့၍ထွက်လာနေပါတော့သည်။

၁၀ နှစ်ကျော်ကျော် ပေါင်းသင်းလာခဲ့သော မယားက ကိုသာအောင်အကျဉ်းထောင်အတွင်းရောက်နေရသော အချိန်တွင် လင်ယူရတော့မည်ဆိုခြင်းကို ကိုသာအောင်သည် မည်သို့သော ခံနိုင်မှုစိတ်ဓာတ်ဖြင့် ကြံ့ကြံ့ခံ၍ နေနိုင်ပါတော့မည်နည်း။

"ကျွန်မပြောတာကို ကိုသာအောင်ကတော့ ရက်စက်တယ်လို့ ထင်မှာပဲနော်"

မထွေးမေက လင်အဖြစ်ကိုကြည့်၍ ယူကျုံးမရသော လေသံနှင့် ပြောလိုက်တော့သည်ကို . . .

"မထင်ပါဘူး – ထွေးမေရယ်။ ရက်စက်တယ်လို့ ငါမထင်ပါဘူး၊ ထွေးမေရဲ့ ဘဝက ဒီလိုဖြစ်ဖို့ ဖန်တီးပေးလိုက်တာကို"

ကိုသာအောင်သည် မမြင်ရသော ဘဝက ဖန်တီးလိုက်သည့် အကြောင်းပြချက်ကိုပင် တကယ်ယုံယုံကြည်ကြည်နှင့် ပြောလိုက်ပါလေသည်၊ ဤအဖြစ်မျိုးမှာ ကိုသာအောင်၏ ဘဝတစ်သက်တာတွင် ဤတစ်ကြိမ်သာ တွေ့ဖူးကြုံဖူးနေခြင်းသာ ဖြစ်ပါတော့သည်။

"မထွေးမေ – မင်း လင်မယူရဘူး။ မင်း လင်ယူမယ်ဆိုတာ ငါ တားမြစ်တယ်"

ကိုသာအောင် ပြောရအောင်ကလည်း မထွေးမေနှင့် ကလေးသုံးယောက်၏ နေရေးထိုင်ရေးကို သူရောက်နေသော အကျဉ်းထောင်တွင်းမှ ဘယ်လိုမှ စီမံဖန်တီး၍ မစွမ်းနိုင်တော့ပြီဖြစ်၍ ...

"မထွေးမေ – ဘယ်သူနဲ့ ယူမှာလဲ။ ကလေးတွေဒုက္ခကို ခံနိုင်ပါ့မလားကွယ်၊ စဉ်းစဉ်းစားစားလည်း လုပ်ပါ။ ငါတော့ တားလည်း မတားဘူး၊ အားလည်း မပေးဘူး၊ တော်တော်ကြာ လင်ယူပြီးမှ ငါ့ကလေးတွေ ပိုပြီးဒုက္ခရောက်နေကြပါဦးမယ်"

လို့ နောက်ဆုံးအဖြေအဖြစ် ပြောလိုက်ရလေသည်။

ထောင်ဝါဒါအစောင့်များက လက်ခုပ်သံပေးလျက်ရှိပါသည်၊ လက်ခုပ်သံသည် ထောင်ဝင်စာ တွေ့ခွင့်ရသောအချိန်သည် ပြည့်သွားပြီဖြစ်၍ ပြန်ထွက်ကြဖို့ပင် ဖြစ်ပါသည်။



www.burmeseclassic.com

ww.burmeseclassic.com

မထွေးမေက ယိုစီးကျသော ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်ယူနေလိုက်သည်။ ကိုသာအောင်ကတော့ မထွေးမေ ဘယ်သူနဲ့ ယူမည်ဆိုသော အဖြေကိုသာ တိုတောင်းသော အချိန်အတွင်း၌ပင် စောင့်စားနေရှာသည်။

"ကိုသာအောင် ကျွန်မ ပြန်မယ်နော်"

မထွေးမေက နှုတ်ဆက်လိုက်သည်။

"နေပါဦး – ထွေးမေ ဘယ်သူနဲ့ ယူမယ်လို့ စဉ်းစားထားသလဲ။ ငါ့လည်း ပြောပါဦး"

"တခြားလူတော့ မဟုတ်ပါဘူး။ ကိုသာအောင့်သူငယ်ချင်း ကိုထွန်းမင်းနဲ့ပဲ"

ကိုသာအောင်၏ နွမ်းလျလျဖြစ်နေသော မျက်နှာသည် ကြည်လင်သလိုလို ရှိလာပြီးမှ ပြန်၍ညှိုးသွားပြန်သည်။

"အေး – အေး – ထွေးမေနဲ့ ကလေးအတွက် ကောင်းမယ်ထင်ရင်တော့ ထွေးမေသဘောပေါ့ကွယ်"

ဤစကားသည် ကိုသာအောင် နောက်ဆုံးထွက်လာသော စကားသာ ဖြစ်တော့သည်။ သူ၏ နောက်ဆုံးထွက်သော စကားအသံတွင် ကြေကွဲလှသည့် လှိုင်းဂယက်သည် ရိုက်ခတ်လျက်ပင် ရှိနေရပါတော့သည်။

မထွေးမေသည် ဝယ်လာသော နို့ဆီခွက်နှင့် လက်ဖက်ရည်ခွက်ဘေးတွင် ကျားပျံမကောက် ငါးပြားတန် ၂၅ လိပ်ထုတ်ထား၍ ...

"ဒီမှာ လက်ဖက်ရည်နဲ့ ဆေးလိပ် ကိုသာအောင်၊ ပြန်မယ်နော်"

ဟု နှုတ်ဆက်၍ ထွက်ခဲ့ရပါတော့သည်။

ကျားခေါင်းပေါက်က ကျော်လွှား၍ ထွက်လာမိပြီးကိုတောင် သတိမထားနိုင်တော့ဘဲ လျှောက်လာခဲ့သည့်မှာ အရှေ့မှ အနောက်သို့ မောင်းလာသော ကားတစ်စီး၏ ဟွန်းသံနှင့်အတူ တစ်စုံတစ်ယောက်က နောက်သို့ဆွဲလိုက်မှ ကားတိုက်ဖို့မှာ သီသီကလေးလွတ်သွားသည်ကို သတိထားမိလေသည်။

ကိုသာအောင်နှင့် မထွေးမေတို့၏ ဘဝသည် နာကြည်းဖွယ်ကောင်းနေကြရပါပြီ။ အိမ်ထောင်သည်ဘဝတွင် ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်နေထိုင်လာခဲ့ရသောကြားကပင် ထိုထက်ဆိုးဝါးလှသော အဖြစ်ဆိုးကြီးကို ရင်ဆိုင်နေကြရပြန်တော့သည်။

တရားသလား၊ မတရားသလားဆိုသော အဖြေကိုရှာဖွေဖို့ထက် လက်ငင်း ခံစားရချက်ကို ဖြေနိုင်ဖို့ အကြံဉာဏ်သည်ပင် ပျောက်ကွယ်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကိုသာအောင်နှင့် မထွေးမေတို့၏ ဘဝသည် ချုပ်ငြိမ်းဆဲပင် ရှိနေကြရပါပြီ၊ မဟုတ်ပါလော။ အသက်ရှင်လျက်ရှိသော ကိုသာအောင်သည် အသက်ကင်းမဲ့သော သူကဲ့သို့ ဖြစ်နေရတော့သည်။ သူ ရောက်လာခဲ့သော လူ့ဘဝသည် သူ့ကအတွက် မွန်မြတ်သော တန်ဖိုးသည် ဘာကိုဆိုလိုသည်ဟုပင် မေးနေမိသည်။ သူ့အတွက် ခံရသည်ကသာ များ၏။ ခံရသည်က ဘာကိုဆိုလိုသည်ကိုပင် မသိနိုင်သော ဘဝပင် ဖြစ်နေရပါသည်။

"သာယာမှုဆိုသည်မှာ ဘာလဲ"

ပြောကြစမ်း၊ ဖြေကြစမ်းပါ။ ဘယ်သူတွေ သာယာလို့ ဘယ်သူတွေ ခံနေကြရလဲ။ တိကျသော အဖြေသည် သူကိုယ်တိုင် တွေ့ကြုံနေရသော ခံရချက်ပင် ဖြစ်နေရပြီ မဟုတ်ပါလော။

○

ဆိုးသည်ထက် ဆိုးခဲ့ပါသည်။ ဤမျှဆိုးသော အဖြစ်မျိုးကို ရင်ဆိုင်တိုးရတော့မည်ဟု မထင်မှတ်ခဲ့မိသော ကိုသာအောင်နှင့် မထွေးမေတို့၏ အတိတ်ဇာတ်လမ်း။

ကိုသာအောင်နှင့်မထွေးမေတို့သည် ဂျပန်အပြေးအင်္ဂလိပ်အဝင်ကပင် သမီးရည်းစားဘဝမှ လင်မယားဘဝသို့ ကူးပြောင်းခဲ့ကြပါ၏။ ကိုသာအောင်နှင့် မထွေးမေသည် သထုံခရိုင် ဖလမ်းရွာကပင်ဖြစ်ကြ၍ ငယ်စဉ်တောင်ကျေးကလေး ဘဝအရွယ်ကပင် ပေါင်းဖော်သင်းဘက်အဖြစ် ကစားလာခဲ့ကြရာမှ ကြီးပြင်လာသည့် အရွယ်တွင် ချစ်ရေးကြွယ်ခဲ့ခြင်းပင် ဖြစ်ခဲ့သည်။

ဖလမ်းရွာ၌ပင် လယ်လုပ်ငန်းကိုမှီ၍ လုပ်ကိုင်စားသောက်နေကြရာက တိုင်းရေးပြည်ရာ ဆူပူလာသည့်အခါတွင် တောလက်ကျေးရွာများတွင် မနေရဲဘဲ ရန်ကုန်သို့ ပြောင်းရွှေ့လာကြပြီး ဘောက်ထော် သရက်တောလမ်းတွင် နေထိုင်ခဲ့ကြရသည်။

ကိုသာအောင် ကလေးအကြီးမမှာ ဖလမ်းရွာတွင်မွေး၍ သားငယ်နှစ်ဦးမှာ သရက်တောလမ်း၌ပင် မွေးဖွားခဲ့ကြသည်။ ကိုသာအောင်၌ လခစားလုပ်ကိုင်စားလောက်သည့် ပညာအရည်အချင်းမရှိသောကြောင့် ရပ်ကွက်ထဲ၌ ရေထမ်းရောင်းခဲ့သည်။ သယ်စရာပိုးစရာရှိ၍ ကူလီငှားရန်သည့်အခါ၌ တွေ့မရှောင်လုပ်ခဲ့ရသည်။ ကိုသာအောင်က တစ်ဖက်ကရှာဖွေနေရသည်ကို မထွေးမေက ထိုင်မစားဘဲ ဘောက်



www.burmeseclassic.com

ww.burmeseclassic.com

ထော်ဘက်တွင်ရှိတော့ ခြံထွက်သီးနှံများကို တစ်ဆင့်ယူ၍ တာမွေဈေးတွင် တစ်နိုင်တစ်ရှက် သယ်၍ရောင်းချရပါသေးသည်။ ဤမျှလင်ရောမယားပါ လုပ်ကိုင်ကြသည့်အထဲကပင် ကိုသာအောင်တို့မိသားတစ်စုမှာ ဘယ်သောအခါမှ အဝတ်ကောင်းကိုခါးပေါ်မတင်ရဘဲ အစားကိုလည်း မသေရုံရေလုံ့ပြုတ်ကိုသာ မှီဝဲကြရသည်မှာ သနားစရာပင် ဖြစ်နေရတော့သည်။

"ထွေးမေရယ် ဒီအတိုင်းလုပ်လို့တော့ နိပ်မှာမဟုတ်ပါဘူးကွယ်။ ငါ တရုတ်အရက်ချက်ရုံမှာ လခနဲ့ ရေထမ်းရရင်တော့ ကောင်းမှာပဲ။ သွားပြောရအောင် အဆက်လည်းမရှိဘူး"

ဟု ကိုသာအောင်က လခစားအလုပ်ကလေးများ လုပ်ချင်သော ဆန္ဒကို မယားအား ပြောပြခဲ့ရ မထွေးမေသည် အိမ်နီးနားချင်းနေ ဒေါ်သြာ၏ အကူအညီဖြင့် တရုတ်အရက်ချက်ရုံတွင် ကိုသာအောင် လခနှင့် ရေထမ်းရဖို့အတွက် ကြိုးစားခဲ့သောကြောင့် သားအလတ်ကလေး မွေးပြီးသောအချိန်တွင် ကိုသာအောင်မှာ လခစားရေထမ်းသမားဘဝကို ရောက်ခဲ့ရလေသည်။

"ထွေးမေရေ - ဒီသားမွေးတာတို့ လာဘ်ရွှင်တယ်ကွဲ့။ ဒီသားလတ်တော့ မောင်ကံပေးလို့ နာမည်ပေးရင် ကောင်းမယ်"

ဟု ကိုသာအောင်ကပင် ကင်ပွန်းတပ်ခဲ့သောကြောင့် ကြီးလာသည့်တိုင်အောင်ပင် ကိုသာအောင် မထွေးမေတို့၏ သားလတ်မှာ မောင်ကံပေးလို့ ခေါ်နေကြရသည်။

ကိုသာအောင်မှာ လခစား ရေထမ်းသမားအဖြစ်သို့ ရောက်လာသောအချိန်တွင် အခါတိုင်းကဲ့သို့ နေထွက်လာမှ ရေကိုသယ်၍မဖြစ်တော့ဘဲ နံနက်လင်းအရုဏ်လာသော အချိန်က ထ[illegible]ရသယ်ရတော့သည်။ အိမ်နှင့် အရက်ချက်ရုံမှာ ၃ ဖာလုံခန့် ဝေးကွာလျက်ရှိသည်။ နံနက်တိုင်းပင် ထို ၃ ဖာလုံခန့် ဝေးကွာသော အရက်ချက်ရုံသို့ သွားရောက်လုပ်ကိုင်ရသည်။

အရုဏ်ဦးမှ နေထန်းတဖျားကျော်သည့်အထိ အလုပ်ကို မရပ်မနားလုပ်ရသည်။ ဒီလို ပင်ပန်းကြီးစွာ လုပ်ကိုင်ရသော်လည်း ကိုသာအောင်မှ ပင်ပန်းလှတယ်လို့ မညည်းညူဘဲ မယားနှင့် သားသမီးများ စားဝတ်နေရေး သာယာဖို့ကိုသာ ပြင်းစွာသော ဆန္ဒရှိနေရလေသည်။

"စိတ်ချပါ - ထွေးမေရယ်၊ ဒီတစ်နှေစုလိုက်ရင် ငါ့အသားအကြီးကို ပဋိကျွရှစ်ပါးနဲ့ ရှင်ပြုနိုင်ပါတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com

သားကြီးကလေး ရှင်ပြုဖို့ ကြိုးစားလုပ်ကိုင်နေသည်ကိုလည်း မယားကို မကြာခဏ အားပေးစကားပြောဆိုခဲ့ပါသေးသည်။

"တော်ရုံလည်း ထမ်းပေါ့ - ကိုသာအောင်ရယ်၊ တော်တော်ကြာ လူဒုက်ဖြစ်နေဦးမယ်"

ဟု မယားထွေးမေက ရေထမ်းပိုးကို ထမ်း၍သွားတော့မည့် ပြုံးနေသောလင်ကို သနားကြင်နာစွာဖြင့် ပြောလိုက်ပါသည်။

လင်းကြက်တွန်သံသည် ခွန်းဆင့်၍ တွန်မြည်လိုက်သည်။

ကိုသာအောင်သည် ရေထမ်းပုံကို ပခုံးပေါ်တင်၍ အရက်ချက်ရုံဘက်သို့လာခဲ့သည်။ ကိုသာအောင်ပါးစပ်မှ ဣတိပိသော ဘဂဝါစသော ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များကိုလည်း ရွတ်ဖတ်လာခဲ့သည်။

"သူခိုးဗျို့ - သူခိုးဗျို့ - သူခိုး - သူခိုး - လိုက်ကြပါ"

ဆိုသော အသံများကို ကိုသာအောင်က အရက်ချက်စက်ရုံမရောက်မီ တစ်ဖာလုံခန့်တွင် ကြားလိုက်ရသည်။ အော်သံကြားရာဘက်သို့ ကိုသာအောင်က လှမ်းကြည့်ရင်း ကြက်သေ သေနေလိုက်သည်။ ကိုသာအောင် သတိထားလိုက်မိသည်ကတော့ သူခိုး သူခိုးဟု အော်သံကြားရပြီးနောက် လူနှစ်ယောက် ရေးကြီးသုတ်ပျာနှင့် ထိုအော်သံကြားရာဘက်မှ ပြေးထွက်လာပြီး သူ့ကိုဖြတ်ကျော်ကာ အရက်ချက်ရုံဘက်သို့ ပြေးဝင်သွားကြသည်ကို မြင်လိုက်ရလေသည်။

လူတွေလည်း အစုလိုက် အပြုံလိုက် ပြေးထွက်လာကြသည်၊ ထိုလူများမှာ ကိုသာအောင်ရှိရာဘက်သို့ ဦးတည်၍ ပြေးလာနေသည်ကို ကိုသာအောင်က သတိထားလိုက်မိသော်လည်း သူ့အတွက် ဘာမှထူးထူးခြားခြားဖြစ်ပေါ်မလာဘဲ ငြိမ်၍သာ ကြည့်နေလိုက်သည်။

"ဟော - သူခိုးတွေ့ပြီ။ ဘာလဲ - မင်းက အစုမှ ရေထမ်းသမားယောင်ဆောင်နေရတာလဲ"

အနီးသို့ရောက်လာနေသော လူတစ်ယောက်က အော်၍ပြောလိုက်သည်။ ဒီတော့မှ ကိုသာအောင် ရုတ်ခြည်းခဏ ကြောက်စိတ်များ ဝင်လာပြီး ...

"ကျွန် - ကျွန် - ကျွန်တော် သူခိုးဟုတ်ပါဘူးဗျာ။ သူခိုးမဟုတ်ပါဘူး"

ကိုသာအောင်၏ တောင်းပန်ချက်ကို အဆုံးလိုပင် နားမထောင်တော့ဘဲ ထိုလူက လက်ထဲတွင် ကိုင်ဆောင်လာသော တုတ်နှင့် ခေါင်းကို လှမ်း၍ ရိုက်လိုက်သည်။



www.burmeseclassic.com

ww.burmeseclassic.com

ကိုသာအောင်သည် ဒါလောက်သာ မှတ်မိလိုက်သည်။ သတိရလာသော အချိန်တွင် ခေါင်းတင် သွေးများလိမ်းကျံ၍ရှိပြီး လူမှာလည်း အချုပ်ခန်းအတွင်းသို့ ရောက်ခဲ့နေသည်ကို သိလာရတော့သည်။

ခေါင်းကိုအနိုင်နိုင်ထူမ၍အချုပ်ခန်းဘေးတွင်သေနတ်ကိုင်၍စောင့်နေသော ရဲသားအား ...

"ကျွန်တော် ဘာဖြစ်လို့ဒီမှာချုပ်ထားရတာလဲဗျာ။ ကျွန်တော့်မှာ ဘာအပြစ်မှ မရှိပါဘူး"

ဟု အဖြစ်မှန်ကို ရိုးသားစွာပင်ရှင်းပြ၍ အသနားခံလိုက်တော့သည်။

"ဘာလို့ မင်းမှာ အပြစ်မရှိရမှာလဲ သူခိုးလူသတ်သမား။ မင်းတို့ လက်ပူး လက်ကြပ်မိတာတောင် မင်းက ငြင်းချင်သေးသလား"

ရဲသားကပြန်၍ဟောက်လိုက်သည်ကိုကိုသာအောင်သည်ဘာမှနားမလည် နိုင်အောင် ဖြစ်နေလေသည်။

"သူခိုးတဲ့၊ နောက်ပြီး လူသတ်သမားတဲ့"

အစောင့်ရဲသား ပြောလိုက်သောစကားကိုကိုသာအောင် အမိပ္ပာယ် ပေါ်လွင် အောင် အတန်ကြာစဉ်းစားယူလိုက်သည်။ သူသည် တကယ်ရိုးသားသော သူတစ် ယောက်ဖြစ်သည်ကိုတော့ သူက ဘုရားနှင့် သိကြားများကိုသာ တိုင်တည်နေရတော့ သည်။

ကိုသာအောင်သည် သူခိုးလည်းမဟုတ်ပါ။ လူသတ်သမားလည်းမဟုတ်ပါ။ ဒါပေမဲ့ သူခိုးလူသတ်သမားလို့ စွပ်စွဲခံရပြီး အချုပ်ခန်းအတွင်းသို့ပင် ရောက်ရှိနေရပါ ပြီ။ ကိုသာအောင် အရေးကြီးဆုံး တွေးပူလိုက်သည်ကတော့ သူ့အတွက်မဟုတ်ပါ။ အိမ်မှာ ကျန်ရစ်ရှာသော မယားနှင့်သားသမီးများအတွက်သာ ဖြစ်ပါ၏။

မကူသာသည့် ကိုသာအောင်၏ ဘဝသည် ပို၍ဆိုးဝါးခဲ့ပြီ မဟုတ်ပါလော။ ကိုသာအောင် အမှုအား ရုံးတင်တရားစွဲသည့်အခါ အတွင်းအိမ်ရှင်အား သတ်သွား သော သူခိုး။ ကိုသာအောင် မိရာနေရာနှင့် ကိုက် ၅၀ ကွာတွင် တွေ့ရသည်ဟု ထွက် ဆိုသွားကြသည်ဤအမှုတွင် ကိုသာအောင်က ဘယ်လိုမှ ထုချေရှင်းလို့မရနိုင်တော့ ဘဲ ခိုးထုတ်ခိုးထည်နှင့်မိသော တရားခံတစ်ယောက်ကဲ့သို့ပင် တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ပေးခြင်းကို ခံလိုက်ရသည်။

www.burmeseclassic.com

ww.burmeseclassic.com

ကိုသာအောင်၏ အသက်သည် ထောင်ဒဏ်အပြစ်ပေးခံရသောအချိန်က ၃၇ နှစ်ပြည့်ဖို့ တစ်လသာလိုခဲ့သည်။ သူ အခါကောင်း၍ ပြန်လွတ်လာရမည့်ရက်သည် ကိုသာအောင်ဘဝမှ ဦးသာအောင် ဖြစ်လာရတော့မည်ကို သိထားရသောကြောင့် သူ့ဘဝ၏လွတ်ရက်သည် ဘုရားတစ်ဆူပွင့်၍ကျွတ်တန်းဝင်ရမည်ဖြစ်သော အချိန်သာ ဖြစ်တော့မှာပဲဟု တွေးနိုင်စရာဖြစ်လာရသည်။

ဤသို့သော အခြေအနေများကြောင့်သာ ကိုသာအောင်က မယားမထွေးမေ နောက်အိမ်ထောင်ပြုရမည်ဟု ပြောခြင်းကို သူ ဘာမှမတတ်နိုင်သောကြောင့် ကြိတ်မှိတ်၍ နေလိုက်ရခြင်းသာ ဖြစ်ရတော့သည်။

အတိတ်ကလည်း မကောင်းခဲ့သော ကိုသာအောင် ပစ္စုပ္ပန်၌လည်း ထောင်သွင်းအကျဉ်းချထားခြင်းခံရသော ကိုသာအောင်၊ သူ့ဘဝ၏ အနာဂတ်အရေးကို တွေးလို့ပင် မကြည့်ရဲသောကြောင့် မယားအိမ်ထောင်ပြုရမည်ကို သူ မတားမြစ်နိုင်ခြင်းသာ ဖြစ်နေရပြီ မဟုတ်ပါလော။

O

နေးကန်လှစွာသော ခြေလှမ်းဖြင့် ကိုသာအောင်သည် တရွေ့ရွေ့ဖြင့်သာ လှမ်း၍ အိပ်ထောင်ထဲသို့ရောက်လာခဲ့သည်။ ပေါင်းနှမ်းညစ်ပေနေသော ခေါင်းအုံးကို အပုံကြားက ဆွဲထုတ်၍ ကြမ်းပြင်ပေါ်သို့ ချလိုက်ပြီး ထိုခေါင်းအုံး မျက်နှာတပ်၍ ဝမ်းလျားမှောက်ကာ အားပါးတရပင် ငိုချလိုက်တော့သည်။

"ငါ့အသည်းတွေ ကြွေနေပြီ ထွေးမေ၊ အသည်းတွေ ကွဲကုန်ပြီ"

ဟု တုန်ရီစွာ ညည်းတွားနေလိုက်လေတော့သည်။

"ထွေးမေ လင်ယူတော့မယ်တဲ့၊ ငါ့ကို မုန်းလို့ အသစ်ကို ရှာတာပါ ထင်ပါရဲ့၊ အို – ဒီလိုလည်း ဟုတ်မယ်မထင်ပါဘူးလေ၊ မထွေးမေဟာ ငါ့အပေါ် သစ္စာအရှိဆုံး မယားဖြစ်ခဲ့တာပဲ"

ဟုကိုသာအောင်သည်အရှုးသဖွယ်တောင်စဉ်ရေမရပါးစပ်မှတတွတ်တွတ် ပြောနေမိလေသည်။

အရူးသူစိုးကြီး ကိုသာအောင်မှာ အကျဉ်းထောင်အတွင်းကနေ၍ မရှုနိုင် မရှိက်နိုင်အောင် ဖြစ်နေရုံမှတစ်ပါး သူ ဘာမှမတတ်နိုင်တော့ပါ။

"ငါ့ကို ကံတရားကသာ ဖန်တီးလိုက်တာပဲ ထင်ပါရဲ့"

ww.burmeseclassic.com

လို့ ကံ၏ အကြောင်းတရားကို ယုံကြည်စွာဖြင့် မြည်တမ်းလိုက်ပြန်ပါသည်။

မထွေးမေနှင့် ကိုထွန်းမင်းတို့က အခန်းထဲမှာ အုံးဆက်ရာယှဉ်တွဲလို့ ပျော်ပွဲဝင်နေကြသည့်အချိန်တွင် သားကြီး၊ သားငယ်၊ သားလတ်တို့သည် အပြင်ဘက်ခန်းရှိ နီးချောဖျာပေါ်ဝယ် လုံချည်ကလေးတွေခြုံ၍ ကွေးနေကြရမှာဟုလည်း ကိုသာအောင် မြင်ယောင်လာခဲ့သည်။

"တောက်"

ဤသို့ အံကြိတ်ကာ တောက်ခေါက်လိုက်သည့်အသံသည် မချင့်မရဲရှိလှသော အသံပင်ဖြစ်သည်။ တောက်ခေါက်လိုက်ခြင်းမှာ သူ့ဘဝ၏ နာကြည်းဖွယ်ရာကို တွေ့ကြုံခံစားနေရခြင်းကို ယူကျုံးမရဖြစ်လာခြင်းကြောင့်ပင် ဖြစ်သည်။

ကိုသာအောင်၏ လည်ပင်းကို ထွေးမေက လက်နှစ်ဖက်နှင့် ရစ်သိုင်းခါဖက်၍…

"ထွေးမေကို ချစ်တယ်နော် – ကိုသာအောင်"

ဟု ကန္တကရ ချစ်စဖွယ်ဆိုခဲ့သော ထွေးမေသည် အခု ကိုသာအောင်ကိုမေ့၍ ကိုထွန်းမင်း၏ ရင်ခွင်ထဲဝယ် နှစ်မွှန်းနေတော့မှာပဲဟူသော တွေးလုံးတွေကိုလည်း ကိုသာအောင်က တစ်ခုပြီးတစ်ခု ဆက်၍ဆက်၍သာ တွေးနေမိလေသည်။

ကိုသာအောင်၏ အဆွေးသည် မဆုံးနိုင်သော အတွေးပင် ဖြစ်နေတော့ပါမည်။

ကိုသာအောင်၏ အတွေးသည် ဖြေမရသောအဆွေးသာ ဖြစ်နေရပေလိမ့်မည်။

ကိုသာအောင်ကတော့ သူ့ဘဝခရီးတွင် အမှန်တရားကိုစောင့်၍ မျှော်နေရလိမ့်မည်သာတည်း။

ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တူနိုင်းမရသော အဖွေ့မေတ္တာ

ကျေးရွာတွင် သောင်းကျန်းနေသော
ကျားကိုနှိမ်နင်းရန် တောထဲဝင်သွားရာမှ ထူးဆန်းသောဖြစ်ရပ်ကို
တွေ့လိုက်ရသည့် မုဆိုးတစ်ယောက်

------------------ဆွေမြင့်------------------

သူတို့ လာကြလိမ့်မည်ဟု ကျွန်တော် ကြိုတင်သိနေသည်။ သူတို့ကို ကျွန်တော် မည်သည့်အဖြေပေးရမည်ဟူ၍ ယတိပြတ် မဆုံးဖြတ်နိုင်သေးချေ။ ပထမဆုံး ကျွန်တော် ကြားရသော သတင်းမှာ တောရိုင်းတိရစ္ဆာန်တစ် ကောင်အကြောင်း ဖြစ်သည်၊ ထိုသတင်းကို ကြားလိုက်ရပြီးကတည်းက ကျွန်တော်၏ ဝမ်းဗိုက်တွင် တင်းတင်းကြပ်ကြပ် ဝေဒနာတစ်ခု ခံစားလိုက်ရသည်။

သူတို့သည် မကြာမီအချိန်အတောအတွင်း ကျွန်တော်နှင့်ပတ်သက်သော အရည်အချင်းကို စဉ်းစားမိကြပေလိမ့်မည်။ ထိုအချိန်သည်ပင်လျှင် ကျွန်တော့်ထံသို့ ဦးတည်ရန် သန္နိဋ္ဌာန်ချမိပေလိမ့်မည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ထူးခြားသော တောရိုင်းတိရစ္ဆာန်တစ်ကောင်ကို ကားမောင်းလာသော အရာရှိကြီးတစ်ယောက်က ကားရှေ့မီးရောင်ဖြင့် သဲသဲကွဲကွဲ မြင်လိုက်ရသည်။ ထို့ကြောင့် သူ့တွင်ပါသော သေနတ်ဖြင့် ပစ်ခတ်လိုက်သည်။ သို့ရာတွင် ထိုသူသည် စိတ်လှုပ်ရှားနေသောကြောင့်ဖြစ်စေ၊ လက်မတည့်သောသေနတ်သမားဖြစ်စေ တောရိုင်းတိရစ္ဆာန်ကို ထိထိမိမိ မပစ်ခတ်နိုင်ခဲ့ပါချေ။ ထိုတောရိုင်းတိရစ္ဆာန်သည် နက်ရှိုင်းသော တောအုပ်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

မည်သို့ပင်ဖြစ်စေ၊ သူ တွေ့ခဲ့ရသော တောရိုင်းတိရစ္ဆာန်မှာ ကျားသင်းကွဲ တစ်ကောင် ဖြစ်လိမ့်မည်ဟု ပြောသည်။ ထို နယ်မြေဒေသဝန်းကျင်တွင် ယခင်က



www.burmeseclassic.com

www.burmeseclassic.com

ကျားဆိုးအချို့ကျင်လည်ကျက်စားခဲ့ဖူးသော်လည်း နောက်ပိုင်းတွင် မတွေ့ရတော့သည်မှာ နှစ်ပရိစ္ဆေဒ အတော်အတန်ပင် ကြာခဲ့ချေပြီ။ စင်စစ်အားဖြင့် ထိုတောရိုင်းတိရစ္ဆာန်များသည် အခြားသောဒေသတွင် သူတို့အတွက် အခြေအနေကောင်း၍ ပြောင်းကြသည်။ သို့ရာတွင် ထိုအရာရှိကြီးနှင့်မကြာသေးမီက ရင်ဆိုင်တွေ့ခဲ့သည်မှ အစပြု၍ သင်းကွဲကျားကြီးတစ်ကောင်၏ အကြောင်းသည် ထိုနယ်မြေဒေသ၌ နေထိုင်ကြသော ကျေးလက်တောရွာမှ ရွာသူရွာ သားများ၏ ပါးစပ်ဖျားတွင် ရေပန်းစားလာခဲ့ကြသည်။

ထိုဒေသဝန်းကျင်တစ်ဝိုက်တွင်မြင့်မားသော တောင်ကြောများဝန်းရံလျက်တည်ရှိပြီး တောင်ခြေတွင် နက်ရှိုင်းသော သစ်တောအုပ်ကြီးက ကျယ်ပြန့်စွာ နေရာယူထားသည်။ ထို့ကြောင့် လက်ယားသော သေနတ်သမားတစ်ယောက်တလေနှင့် လက်တည့်စမ်းလိုသော ဒူးလေးသမားတချို့သည် ထိုတောအုပ်ထဲတွင် လွတ်လပ်စွာ နိုအောင်းနေထိုင်ကျက်စားကြသော တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်ကြလေ့ရှိသည်။ တစ်ခါတစ်ရံ သူတို့ ကြိုတင်ယူဆထားကြသလို တောရိုင်းတိရစ္ဆာန်တိုင်းသည် သူတို့အတွက် သားကောင်ဖြစ်မလာပဲ သူတို့သာလျှင် သားကောင်အဖြစ်၊ တောရိုင်းတိရစ္ဆာန်တို့၏ အစားအစာများ ဖြစ်သွားကြရလေတော့သည်။

လူသားသည် အခြားမည်သည့် အစားအစာနှင့်မှ မတူအောင် နူးညံ့ပျော့ပျောင်းသော စားကောင်းသောက်ဖွယ်တစ်ခု ဖြစ်သည့်အားလျော်စွာ စားဖူးသော တောရိုင်းတိရစ္ဆာန်ကြီးများသည် လူများနေထိုင်ရာ ကျေးရွာဇနပုဒ်များ ဝန်းကျင်သို့ မကြာခဏ ရောက်ရှိလာတတ်ကြသည်။

ရွာသူရွာသားများသည် တောရိုင်း တိရစ္ဆာန်များဖြစ်ကြသော သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်နှင့် ယုန်၊ ဖွတ်၊ ပုတတ်တို့သာမက ကျားကဲ့သို့သော တောကောင်ကြီးများကိုပင် သတ်ဖြတ်၍ မြိန်ရည်ရှက်ရည် ပါးဖြဲနားဖြဲ စားသောက်တတ်ကြသည်။ ထိုတိရစ္ဆာန်ကြီးများ၏ အရေခွံ၊ အစွယ်၊ အရိုး စသည်တို့သာမက မြွေကဲ့သို့သော သတ္တဝါ၏ သည်းခြေတို့ကိုလည်း ရောင်းစားကြသည်။ ပင်လယ်ပျော် ဇီဝစိုးငှက်ကလေးများ အသိုက်ပြုလုပ်ရာတွင် တစ်ခါတစ်ရံ သွေးစသွေးမျှင်များ ပါသည်အပ

www.burmeseclassic.com

အနံ့ရှားရှားပါးပါး ခက်ခက်ခဲခဲ ပြုလုပ်ထားသော ငှက်သိုက်၊ ငါးကြီးအနံ့ဖတ်၊ ဆတ်ချိုနု၊ ကြံ့သွေး၊ ဖျံသို စသည်တို့ကိုလည်း ကာမဆန္ဒနိုးဆွရန်အတွက် ရောနှောဖော်စပ်ဆေးဝါး ပြုလုပ်စားသောက်ကြသည်။ ကြီးမားသော ဆင်ကြီးများမှအစ ယုန်သူငယ်လေးများကိုပင် အလွတ်မပေးကြပါချေ။

ထိုနည်းတူ လူသားအရသာကို ခံတွင်းတွေ့ကြသော တောရိုင်းတိရစ္ဆာန်အချို့သည်လည်း ရွာနီးချုပ်စပ်သို့ ချဉ်းကပ်လာကာ တွေ့ရာ ရွာသူရွာသား၊ ရွာနွားများကို လွယ်လင့်တကူ ကိုက်ချီသတ်ဖြတ်စားသောက်ကြသည်။ ထိုအခါမျိုး တွင် ရက်စက်ကြမ်းကြုတ် ရိုင်းစိုင်းသော တိရစ္ဆာန်များအဖြစ် သမုတ်ကြလျက် ဇီဝိန်ချွေရန် နည်းလမ်းမျိုးစုံကို အသုံးပြုကြသည်။ စင်စစ်အားဖြင့် လူသားများက စတင်၍ စိန်ခေါ်ခဲ့ကြခြင်း မဟုတ်ပါလား။

ဝ

ကျွန်တော့်ကို လာရောက်တွေ့ဆုံကြသူများမှာ ငါးယောက်ဖြစ်သည်။

ထိုအချိန်သည် နံနက်အရုဏ်ဦးအချိန်ကာလကို လွန်မြောက်ခါစ ဖြစ်သည်။ ကျွန်တော်သည် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ကျကျနနထိုင်လျက် နံနက်စောစောစီးစီး စားနေကျ ထမင်းကြမ်းနှင့် ငါးပိဖုတ်ဆီဆမ်း၊ လက်ဖက်ရည်ကြမ်း စသည့် အစာ၊ အစာတို့ကို စားခါစ ဖြစ် သည်။

သူတို့ငါးယောက်သည် ဝါးကွပ်ပျစ်နှင့် မြေနစ်လှမ်းစာအကွာတွင်ရပ်လျက်သား ကျွန်တော့်မျက်နှာကို လှမ်းကြည့်နေကြသည်။ ကျွန်တော်က သူတို့ငါးယောက်စလုံးကို "ထိုင်ပါဦးလား၊ လက်ဖက်ရည်ကြမ်းသောက်ပါဦးလား" စသည့်လောကဝတ်စကားများကိုစိတ်တွင်းက မပါပဲနှင့်မပြောချင်။ ကျွန်တော်သည် သူတို့၏မျက်မှောက်မှ အမြန်ဆုံးထွက်ခွာသွားလိုသောဆန္ဒ ဖြစ်နေမိသည်။ အဘယ်ကြောင့်ဆိုသော် တစ်ရပ်တစ်ကျေးက ရောက်လာသော မြေသလုံးအိမ်တိုင်သမား ကျွန်တော်သည် သူတို့ရွာ၏ မျက်နှာဖုံး ပန်းတောင်ကိုင် ညိုလှလေး၏ မေတ္တာပန်းကို ဆွတ်ခူးရခဲ့သူဖြစ်သောကြောင့် မနာလိုသဝန်တို နေခဲ့ကြသည်။ စင်စစ်အားဖြင့် သူတို့ရွာတွင်



www.burmeseclassic.com

ww.burmeseclassic.com

ထိုးသွမ်းမိုက်ကန်းလျက်ရှိသော ကျွန်းပြန် ငစနေသည် တစ်နေ့သ၌ တောစပ်တွင် မညိုလှနှင့် ရွာသူအချို့စိန္တောဘ်ညွန့် ရှုးဆွတ်ရန်အလာတွင် တွေ့ကြသည်။ ငစနေက ရွာသူမိန်းမဖော်များကို မောင်းထုတ်၍ တစ်ယောက်တည်းဖြစ်သွားသော မညိုလှ အား အဓမ္မပြုရန် ကြိုးစားစဉ် ကံအားလျော်စွာ ကျွန်တော်နှင့် ပက်ပင်းတိုးကြသည်။ ကျွန်တော့် လက်ချက်ဖြင့် မှောက်သွားသော ငစနေသည် အဓမ္မပြုရန် ကြိုးစားမှုဖြင့် ထောင်ကျသွားသည်။ ထိုနောက်ပိုင်းတွင် (မိဒွေး)နှင့် နေရရှာသော မညိုလှလေး သည်ကျွန်တော့်ကိုအားကိုးထိုက်သော ယောကျ်ားဘသားတစ်ယောက်အဖြစ် ဘဝ လုံးပုံ၍အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လိုက်သည်။ ကျွန်တော်ကိုယ်တိုင်ကလည်း မညိုလှလေးကို စတွေ့ကတည်းက စွဲစွဲလမ်းလမ်း ချစ်မိနေသူဖြစ်သည်။ တစ်ချိန်က အမဲလိုက် သမားဘဝနှင့် ကျင်လည်ကျက်စားခဲ့ရာမှ ကျောခိုင်းစွန့်လွှတ်ခဲ့ရသော ကျွန်တော်နှင့်မညိုလှလေးတို့သည် (အရွယ်ရောက်နေကြပြီးဖြစ်သောကြောင့်) သူမ ၏ ဖခင် ခွင့်ပြုချက်အရ အကြင်လင်မယားဘဝသို့ ရောက်ရှိသွားကြသည်။ ရွာပြင် တောစပ်တွင် ရာသီသီးနှံများ စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်ခဲ့သည်။ လင်မယား နှစ်ယောက် စားဝတ်နေရေးချောင်လည်စွာဖြင့် အေးအေးချမ်းချမ်း နေခဲ့ကြသည်။

ဝ

ထိုငါးယောက်ထဲတွင် ရင်အုပ်ကားကားနှင့် ဂင်တိုတိုပုဂ္ဂိုလ်သည် ဤရွာ တွင် မျိုးရိုးစဉ်ဆက် ရွာသူကြီးဖြစ်သည်။ သူ့တွင် အင်္ဂလိပ်အစိုးရ ဆုချသော နှစ်လုံး ပြူး သေနတ်တစ်လက်ရှိကြောင်း ကြားသိရသည်။ သို့ရာတွင် ကျွန်တော် ဤရွာသို့ ဝင်ရောက်ရှိကတည်းက တစ်ကြိမ်တစ်ခါမှ ထိုနှစ်လုံးပြူးသေနတ်ကို အသုံးပြု သည်ဟူ၍ မကြားစဖူးပါချေ။ မည်သို့ပင်ဖြစ်စေ၊ သူကြီးဦးကွန်းမောင်က စတင်၍ စကားပြောသည်။

“မနေ့ ညသန်းခေါင်မှာ အဲဒီတောကောင်ကြီးဟာ အိမ်နောက် နွားခြံနားကို ချဉ်းကပ်လာတယ်။ သူ့အနံ့ရတဲ့ နွားတွေဟာ အလန့်တကြားအော်ကြတာနဲ့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

နီးလာတယ်။ ဒါနဲ့ ကျုပ်က နစ်လုံးပြူးသေနတ်နဲ့ ပစ်မလို့ပဲ။ ဒါပေမဲ့ – ဂျမ်းဖြစ်နေတယ်၊ ကျည်မထွက်ဘူး။ သူကြီးကတော်က မီးဖိုချောင်ထဲရရာလက်နက်ဖြစ်တဲ့ ငရုတ်ကျည် ပွေ့ကို ကောက်ပြီး နောက်ဖေးပြတင်းက ပစ်ပေါက်တယ်။ အဲဒီ့တောကောင်ကြီး၏ နာရိုးပေါ်ကို တည့်တည့်မတ်မတ် ထိသွားတယ်ထင်တယ်။ တစ်ခါထဲ ဆွေ့ဆွေ့ခု အော်ဟစ်လို့ ထွက်ပြေးသွားတော့တာပါပဲ"

သူကြီးပြောသည့်အတိုင်းဆိုလျှင် သူ့နှစ်လုံးပြူးသေနတ်သည် ငရုတ်ကျည် ပွေ့လောက်ပင် အသုံးတည့်ဟန် မတူပါချေ။

"ဒီကောင်ကြီးဟာ အခုဆိုရင် ရွာထဲအထိတောင် ဝင်လာပြီဆိုတော့ အတော် အတင့်ရဲလာပြီဗျ။ ရွာထဲက သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေကို အလွယ် တကူ ဖမ်းဆီးသတ်ဖြတ်နိုင်လိမ့်မယ်"

"အဲဒီ့တောကောင်ကြီးဟာ ညသန်းခေါင်ယံအချိန်မှာ လထိန်ထိန်သာနေလို့ သာ သေချာမြင်လိုက်ရတာ၊ မျက်လုံးတွေက နီရဲနေတယ်။ ကိုယ်လုံးကြီးက အ မတန်ကြီးထွားပြီး အလျားကလည်း အတော်ရှည်တယ်။ ကိုးတောင်ကျားနီး ပါ လောက် ရှိမယ်ထင်တယ်"

သူကြီးနှင့် ဆယ်အိမ်ခေါင်းဖြစ်ဟန်တူသူတို့က တစ်ယောက်တစ်ပေါက်ပြော ကြသည်။ ကျွန်တော်က ဘာတစ်ခွန်းမှ ပြန်လည်မှတ်ချက်ချခြင်းမပြုပဲ ထမင်းကြ ကိုသာ မဲ၍စားနေသည်။ သူတို့ငါးယောက်စလုံးသည် မခေါ်ပဲနှင့် လာကြသူများဖြ သောကြောင့် မ[illegible]ပဲနှင့် ပြန်စေချင်နေသည်။

"အဲဒီ့တောကောင်ကြီးကြောင့် ကျုပ်တို့တစ်ရွာလုံးသာမက ရွာနီးချုပ်စပ် လူတွေပါ ညဆိုရင် အပြင်မထွက်ရဲကြတော့ဘူး။ အိမ်တံခါးကိုသာ အခိုင်အခန့်ပြု နေကြပြီ"

ရွာလူကြီးတစ်ယောက် ပစ္စက္ခအခြေအနေကို တင်ပြသည်။

"ကျေးဇူးပြုပြီး အဲဒီ့တောကောင်ကြီးရဲ့ရန်ကို နှိမ်နင်းပေးပါလား မောင်ရ ဒီနယ်မြေဒေသတစ်ခုလုံးမှာ မောင်ရင်ဟာ အတော်ဆုံးအမဲလိုက်သမား၊ အ ကျင်ဆုံး မုဆိုးတစ်ယောက် …"

www.burmeseclassic.com

ww.burmeseclassic.com

သူမက ရုတ်တရက် ခုန်ထ၍
မတ်တတ်ရပ်လိုက်သည်။
အံကြိတ်ထားသဖြင့်
မေးကြောကြီးများ
ာင်ထနေသည်။ မျက်နှာပြင်တွင်
ပေတေညစ်ပတ်နေပြီး
ဆံနွယ်မျှင်တို့က သူမ၏
က်နှာတစ်ခြမ်းကို ဖုံးကွယ်လုနီးပါး
ဖြစ်နေသည်။



သူကြီးစကားမဆုံးမီ ကျွန်တော်က လက်ဝါးထောင်ပြ၍ တားသည်။

"အရင်တုန်းကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ - ကျွန်တော်မညီုလှနဲ့ အိမ်ထောင်ကျခါနီး အချိန်မတိုင်မီ သုံးလလောက်ကတည်းက အမဲလိုက်တဲ့ အလုပ်ကိုမလုပ်ဖြစ်တော့ပါဘူး။ ဟောဒီ ယာခင်းထဲမှာပဲ ရာသီသီးနှံတွေကို စိုက်ပျိုးစားသောက်နေခဲ့တာ သူကြီးမျက်မြင် ကိုယ်တွေ့ပါပဲ"

"မှန်ပါတယ်။ အခု - ကျုပ်တို့ အကူအညီတောင်းကြတာက မောင်ရင် အမဲလိုက်ဖို့မဟုတ်ပါဘူး။ အဲဒီ့တောရိုင်း တိရစ္ဆာန်ကြီးရဲ့ သတ်ဖြတ်စားသောက်ခြင်းကို ခံစားရတော့မယ့် ကျုပ်တို့ရွာက မိန်းမသားတွေ၊ ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေရဲ့အသက်ကိုကယ်ဆယ်ပေးဖို့ပါ။ ရွာသားလူငယ်လူရွယ်တွေကတော့ သူတို့ ကိုယ်သူတို့ ကာကွယ်နိုင်ပါလိမ့်မယ်"

ကျွန်တော်က ဦးခေါင်းကို ညင်သာစွာ ခါပြသည်။

"ဒါဆိုရင် ကောင်းပါပြီ။ ကျုပ်မှာရှိတဲ့ မီးကျိုးမောင်းပျက် သေနတ်တစ်လက်နဲ့ ရွာသားတွေဆီမှာ ရှိကြတဲ့ဓား၊

www.burmeseclassic.com

လုံ၊ လေးမြားတွေကို အသုံးပြုပြီး ကျုပ်တို့ဘာသာ အသက်စွန့်တန် စွန့်ရတော့မှာ ပေါ့ကွယ်"

သူကြီး၏ လေယူလေသိမ်းက ဝေဒနာတစ်နင့်တစ်ပိုး ခံစားနေရသမှာ၊ ပကတိ တုန်ယင်လျှက်မောနေသည်၊

ထိုအခိုက်အတန့်တွင် ကျွန်တော့် ဇနီး မညိုလှက အိမ်ထဲမှ ထွက်လာသည်၊ ကျွန်တော်ရှိနေသော ဝါးကွပ်ပျစ်အစွန်တွင် တင်ပါးလွှဲထိုင်သည်။ သူမက သူကြီးနှင့် ရွာလူကြီးတို့ကို မျက်လုံးတစ်ချက် ဝေ့၍ကြည့်လိုက်ပြီးနောက် ...

"ကျွန်မ ယောကျ်ားက အဲဒီတောရိုင်းတိရစ္ဆာန်ကြီးရဲ့ အန္တရာယ်ကို ဖယ်ရှားပါလိမ့်မယ်။ သူ - ဒီနေ့ပဲ တောထဲဝင်ဖို့ စီစဉ်တော့မှာပါ။ စိတ်ချလက်ချ ပြန်ကြပါရှင်"

မညိုလှက အပိုင်နိုင်ဆုံးစကားလုံးများဖြင့် တင်းမာပြတ်သားစွာ ပြောသည်၊ ကျွန်တော့်အနေနှင့် သူမ၏ မျက်နှာပေါ်တွင် ထိုကဲ့သို့ တင်းမာပြတ်သားသော အမူအရာမျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါချေ။

စင်စစ်အားဖြင့် မညိုလှသည် ဤရွာတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည်၊ တစ်ရွာလုံးတွင် သူမနှင့် မရင်းနှီးသူဟူ၍ မရှိပါချေ။ ဤရွာတွင် နေထိုင်ကြသူအားလုံးတို့ အပေါ်သို့ ကျရောက်တော့မည့် အသက်အန္တရာယ်ကို မျက်နှာလွှဲခြင်း မပြုနိုင်သော ကြောင့် ကျွန်တော့်ကိုယ်စား ရဲရဲတင်းတင်း တာဝန်ယူစကား ပြောလိုက်ခြင်းပင်၊

သူကြီးနှင့် ရပ်ရွာလူကြီးများ အကြီးအကျယ် အံ့သြသွားကြသည်၊ သူတို့ အနေနှင့် မညိုလှ၏ စကားကို ကျွန်တော်က မည်သို့သဘောထားမည်နည်းဟူသော သံသယ ဖြစ်နေကြဟန်တူသည်။

ထို့ကြောင့် ကျွန်တော်က ဦးခေါင်းကို အသာအယာညိတ်ပြလိုက်သည်၊

"ကျွန်တော် တောထဲသွားဖို့ အဆင်သင့်ဖြစ်အောင် အချိန်ယူပြီး ဆောင်ရွက်စရာရှိတာလေးတွေ ကြိုတင်ပြင်ဆင်ရပါဦးမယ်၊ ကျွန်တော် မကြာခင်သွားတော့မှာပါ။ ဒါပေမဲ့ - ကျွန်တော် တောထဲတောင်ထဲ ရောက်နေခိုက်မှာ နောက်ထပ် ဘယ်သူ့ကိုမှ တောထဲကို မဝင်စေချင်ဘူး။ လက်နက်ပုန်းရှိနေသူတချို့ဟာ အခွင့်အချိန်



www.burmeseclassic.com

ww.burmeseclassic.com

အခါမျိုးမှာလက်ယားလို့မထော်မနန်းနဲ့လိုက်လာပြီးပစ်လား၊ ခတ်လားလုပ်ရင် သူတို့အတွက် အန္တရာယ်ဖြစ်လိမ့်မယ်။ ဒီကိစ္စကို ကျွန်တော် တစ်ယောက်တည်းနဲ့ ပြီးစီးအောင် ဆောင်ရွက်ဖို့ တာဝန်ယူပါတယ်"

ကျွန်တော့်ကတိစကားကြောင့် သူကြီးက သက်ပြင်းမောတစ်ချက်ချလိုက်သည်။ သူတို့ငါးယောက်စလုံး ကျွန်တော့်မြင်ကွင်းမှ ထွက်ခွာသွားချိန်တွင် ကျွန်တော်က မညိုလှကို မျက်နှာချင်းဆိုင်၍မေးလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး မင်း ငါ့ကို ဘာကြောင့်လုပ်စေချင်တာလဲ"

"ရှင့်ကို ရွာသူကြီးနဲ့ ရပ်ရွာလူကြီးတွေက အထင်သေးနေခဲ့ကြတယ်။ အခုလိုမျိုး တစ်ရွာလုံးအတွက် အသက်အန္တရာယ် စိုးရိမ်နေကြရတဲ့အချိန်မှာ တခြားဘယ်သူမှ ရဲရဲရင့်ရင့် စွန့်စွန့်စားစား လုပ်ရဲတဲ့သူမရှိဘူး။ ဒါကြောင့် ရွာမှာ ဩဇာအရှိဆုံးဖြစ်နေတဲ့ သူကြီးတစ်ယောက်လုံးက အားကိုးအားထားပြုပြီး ကိုယ်တိုင်လာတောင်းပန်တာမဟုတ်လား။ ဒီအခွင့်အရေးကို ရှင်က ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်ခြင်းအားဖြင့် ရပ်ရွာတစ်ခုလုံးရဲ့ ကယ်တင်ရှင်ကြီး ဘဝကို တစ်မုဟုတ်ချင်း အလိုလိုရောက်သွားနိုင်မှာ ကျွန်မလည်း ရှင့်အတွက်နဲ့ ဂုဏ်တက်ရမှာမဟုတ်လား။ လူစွမ်းကောင်းတစ်ယောက်ရဲ့ဇနီးမယားအဖြစ်နဲ့ပေါ့နော်"

မညိုလှက စကားအဆုံးတွင် လှိုက်လှိုက်လှဲလှဲ ပြုံးပြလိုက်သည်။

ထိုအပြုံးသည်ပင်လျှင် ကျွန်တော့်အတွက် ခွန်အားတစ်ခု ဖြစ်ဟန်တူသည်။

ကျွန်တော် ကျင်လည်ခဲ့ဖူးသော အမဲလိုက်ခရီးထွက်ခြင်းကို ကနဦးအစ ပထမဆုံးခြေလှမ်း လှမ်းလိုက်မိသည်နှင့်တစ်ပြိုင်နက် ယခင်အတွေ့အကြုံများ၊ အလေ့အကျင့်များသည် ကျွန်တော့်ထံသို့ ပြန်လည်ရောက်ရှိလာသည့်ပမာ အလိုအလျောက် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြေလှမ်းတိုင်းက ဖျတ်လတ်သွက်လက် တက်ကြွလာသည်။ စိတ်လှုပ်ရှားမှု ဖြစ်စေ၊ စိတ်လေးလံထိုင်းမှိုင်းခြင်းဖြစ်စေ မရှိ။ ပကတိတည်ငြိမ်နေသည်။ တစ်နည်းအားဖြင့် သားရဲတိရစ္ဆာန်တစ်ကောင်ကောင်နှင့်တွေ့လျှင် မိမိက လက်ဦးမှု အရယူ၍ တိုက်ခိုက်နိုင်ရန် အဆင်သင့်ဖြစ်နေသည်။ အမဲလိုက်ခရီးအတွက် လိုအပ်သော ပစ္စည်းပစ္စယ အပြည့်အစုံပါသည်။ မညိုလုက အပိုဆောင်းထည့်ပေးလိုက်သော တိုင်းရင်းဆေးအချို့လည်း ပါသေးသည်။

စုစုပေါင်းတစ်နာရီနှင့် လေးဆယ့်ငါးမိနစ်မျှလျှောက်ခဲ့သောအခါ တောင်ခြေသို့ ချဉ်းကပ်မိလေပြီ။ တောလမ်းခရီးကြမ်းဖြစ်သောကြောင့် ခရီးမတွင်ပါချေ။ သက်ရင့်ပံသုအောက်စံ အပေါ်ယံမြေသားမွမွဖြစ်သောကြောင့်တိရစ္ဆာန်တို့၏ ခြေရာအချို့ကို မကြာခဏ တွေ့လိုက်ရသည်။

လျှိုမြောင်စိမ့်စမ်းများမှ ကွေ့ပတ်ရစ်ခွေလျက် တသွင်သွင် စီးဆင်းလာသော ချောင်းရေသည် ကြည်လင်စိမ်းမြနေသည်။ ချောင်း၏အောက်ခြေရှိ တောက်ပသော အရောင်မျိုးစုံ ကျောက်စရစ်ခဲလေးများကိုပင် တွေမြင်နိုင်သည်။

ကျွန်တော်က ချောင်းနှုတ်ခမ်းဘေး မှ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ခဲ့သည်။ လက်ထဲတွင်ပါရှိသော ဒူးလေးကို အသင့်ပစ်ရန် မြားတံထည့်၍ လေးညှို့ကိုတင်ထားပြီးဖြစ်သည်။

စမ်းချောင်းဘေးနှုတ်ခမ်းစပ် သဲမြေပေါ်မှ တောကောင်ကြီး၏ ခြေရာသည် နေးကွေးစွာ လျှောက်လှမ်းနေဟန်တူသည်။ ခြေရာများကို ကြည့်ရသည်မှာ ခန္ဓာကိုယ်အလေးချိန်ကိုဖိအားပေး၍နင်းချလာသောကြောင့် သဲမြေမွမွပေါ်တွင် နက်နက်ရှိုင်းရှိုင်း နင်းသွားနေရကြောင်း သိသာသည်။ တစ်နေရာတွင် သွေးတစ်စက်၊ နှစ်စက် မဖြစ်စလောက်ကိုမြင်လိုက်ရသည်။ သူ ဒဏ်ရာရလာသည်မှာ သေချာသည်။ သို့ရာတွင် ကြီးကျယ်သောဒဏ်ရာမျိုးတော့ မဟုတ်ပါချေ။

www.burmeseclassic.com

ww.burmeseclassic.com

ချောင်း၏အကျဉ်းပိုင်းတစ်နေရာသို့အရောက်တောကောင်ကြီး၏ခြေရာက ရုတ်တရက် ချက်ချင်းလုံးလုံးလျားလျား အစပျောက်သွားသည်။ ချောင်းကျဉ်းကို ဖြတ်ကျော်ကာ တစ်ဖက်ကမ်းသို့ လမ်းကြောင်းပြောင်းလိုက်ခြင်းပင်။

ကျွန်တော်သည် ထိုချောင်းတစ်ဖက်ကမ်းသို့ ဖြတ်မကူးမီ ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာသို့လေ့လာလိုက်ရသည်။ အကယ်၍တစ်စုံတစ်ယောက် သူ့နောက် သို့ လိုက်လာလို လိုက်လာငြား ပုန်းခိုစောင့်ကြည့်နေခဲ့သော တောကောင်ကြီးဖြစ်ခဲ့ လျှင် သူ၏သတ်ကွင်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကျွံဝင်မသွားစေရန် လေ့လာရခြင်း ဖြစ်သည်။

ချောင်း၏ တစ်ဖက်အစပ်နှင့် ကိုက်လေးရာမျှအကွာတွင် တောင်နံရံကြီးက ပိတ်ဆို့ကာဆီးနေသည်။ ထိုတောင်နံရံ အောက်ခြေရှိ ဂူပေါက်ငယ်တစ်ခုကို လှမ်း မြင်လိုက်ရသည်။ ဂူပေါက်ငယ်၏ဝင်ပေါက်မှာ လေးပေပတ်လည်မျှခန့်မျှသာ ကျယ် ဝန်းသောကြောင့် သာမန်လူဆိုပါက ခက်ခက်ခဲခဲ လေးဘက်ထောက် ဝင်မှသာ ရနိုင် လိမ့်မည်။ အကယ်၍ကျားတစ်ကောင်အနေနှင့်ဆိုလျှင် အလွယ်တကူ သက်သောင့် သက်သာ ဝင်နိုင်သည်။

ထို့ကြောင့် စောစောက ဒဏ်ရာတစ်ခုခုရခဲ့လိမ့်မည်ဟု ယူဆရသော တော ကောင်ကြီးသည် အကယ်၍ ချောင်းတစ်ဖက်သို့ ဖြတ်ကူးသွားခဲ့မည်ဆိုလျှင် ထို လိုဏ်ဂူပေါက်ဝမှဝင်သွားပြီး ဂူတွင်း၌ အနားယူနေနိုင်ဖွယ်ရာ ရှိသည်။

ကျွန်တော်က အတွေးအကြံအရ ကောက်ချက်ချလိုက်မိသည်။

ထို့ကြောင့် ကျွန်တော့် ထင်မြင်ယူဆချက်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်စေရန် တသွင်သွင် စီးဆင်းနေသော ချောင်းရေကို ကန့်လန့်ဖြတ်ကူးခဲ့သည်။ ကျွန်တော်၏ အကြည့်ကို ဂူပေါက်သို့ အာရုံစိုက်လျက် လက်ထဲရှိ ဒူးလေးကိုလည်း လျှပ်တစ်ပြက် ထိုးချိန်ပစ်ခတ်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသည်။

ချောင်းတစ်ဖက်ကမ်းစပ်သို့ ရောက်သည့်တိုင် ဂူတွင်းမှ လှုပ်ရှားမှုအရိပ် အယောင်တစ်ခုခုကိုသော်လည်းကောင်း၊ အသံတစ်သံကိုလည်းကောင်း မမြင်ရ၊ မကြားရသေးချေ။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်သည် သတိကြီးစွာထားလျက်

ww.burmeseclassic.com

ခြေသံလုံလုံဖြင့် လိုက်ဂူအပေါက်ဝ၏လက်ျာဘက်ဘေးသို့ ချဉ်းကပ်ခဲ့သည်။ မမျှော်လင့်ဘဲ "ဖလူး-ဖလူး"မြည်သံဖြင့် ဂူထဲမှ ခိုတစ်ကောင် ပျံထွက်သွားသည်။ ဂူဝင်ပေါက်၏ဘေးဘက်ကျောက်သားနံရံနှင့် ကျွန်တော်၏လက်ဝဲဘက်ပခုံးထိကပ်သွားသည်အထိ နေရာယူလိုက်သည်။ ဂူတွင်းမှ ရုပ်ဖြေပ်တစ်ခုခု ထွက်လာလို ထွက်လာငြား စူးစူးရဲရဲကြည့်လျှက် နားစွင့်ထားသည်။

ထိုအခိုက်အတန့်တွင် ကျွန်တော်၏ အကြားအာရုံထဲသို့ ခပ်သဲ့သဲ့မျှသောအသံတစ်သံကို ကြားလိုက်ရသည်။ အစပထမတွင် မသဲမကွဲ ကြားရသောအသံနှင့်ပတ်သက်၍ မိမိကိုယ်မိမိ မယုံကြည်ချင်။ ထို့ကြောင့် ရှေ့သို့ တရွေ့ရွေ့တိုးသွားသည်။ ထိုနောက်ဦးခေါင်းကိုငဲ့လျက် လိုက်ဂူတွင်းသို့ တစ်စေ့တစောင်းကြည့် လိုက်မိသည်။ အတွင်း၌ မီးတောက်နေသောမီးဖိုမှ အနွေးဓာတ်ရရှိနေသည်။ ထို့နောက် ငိုညည်းသံနှင့်အတူ ဆံပင်ဖားလျားချထားသော မိန်းမပျိုတစ်ယောက်၏နောက်ဘက်ခန္ဓာကိုယ်ကို မြင်လိုက်ရသည်။ မိမိအမြင်ကို မိမိယုံကြည်ချင်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ပစ်ရမည့်တောကောင်ကြီး ခိုအောင်းရာ လိုက်ဂူဟူ၍ တစ်ထစ်ချ ယူဆထားသောကြောင့် ယခုမြင်တွေ့ရ သည်နှင့် ပါစင်အောင် လွဲနေသည်။

မိမိမျက်စိကို မိမိလက်ဖမိုးဖြင့် ပွတ်ကြည့်သည်။

အမြင်မှားခြင်းများလားဟူ၍ သေချာစေရန် ထပ်ကြည့်ရသည်။ ဂူပေါက်ဝဘက်သို့ ကျောပေးထားလျက် ကြုံ့ကြုံ့ထိုင်နေသောမိန်းမပျိုကိုအမြင်မှားခြင်းမဟုတ်ပဲ တွေ့နေရသည်။ သူမသည် သင်တိုင်းရှည်ကို ဝတ်ဆင်ထားသည်။ ငိုရှိုက်သံသဲ့သဲ့နှင့်အတူ ခန္ဓာကိုယ်က လှုပ်ရှားနေသည်။

ကျွန်တော်၏ ခြေလှမ်းများသည် ကြင်နာစိတ်ယိုဖိတ်မှုကြောင့် လျှောက်မှန်းမသိလိုက်ပဲ ဂူတွင်းသို့ လျှောက်ဝင်သွားကာ မိန်းမပျို၏ နောက်ကျောဘက် ခြေတစ်လှမ်းစာအကွာတွင် ရပ်လိုက်သည်။

သူမ၏ရှေ့တွင် လူတစ်ယောက် ပက်လက်လဲလျောင်းလျက်သား။ ခန္ဓာကိုယ်တစ်ခုကို လွှာချင်းစောင်တစ်ထည်ဖြင့် ဦးခေါင်းမှ ခြေဖျားအထိ လွှမ်းခြုံထားသည်။ မိန်းမပျိုက-



www.burmeseclassic.com

ww.burmeseclassic.com

"အဖေ – အဖေရယ် – ဖြစ်မှဖြစ်ရလေရှင်၊ သမီးကိုပါတစ်ခါတည်းခေါ်သွားပါ အဖေ"

"ဘယ်လိုဖြစ်တာလဲကွယ်။ မိန်းကလေးအဖေကို တောကောင်ကြီးက အန္တရာယ်ပေးသွားတာလား ဟင်"

ကျွန်တော်က ရုတ်တရက် မေးလိုက်သည်။

မထင်မှတ်သောအသံကြောင့် မိန်းကလေးက သူမ၏ နောက်ကျောဘက်ရှိ ကျွန်တော့်အား ရှာခနဲ လှည့်ကြည့်သည်။ သူမ၏ လက်ထဲတွင် တင်းကြပ်စွာ ဆုပ်ကိုင်ထားသော အမဲလိုက် ဓားမြှောင်တစ်လက်ရှိသည်။

"ရှင် – ရှေ့မတိုးနဲ့နော် – သေသွားမယ် – ဘာမှတ်သလဲ"

သူမက ရုတ်တရက် ခုန်ထ၍မတ်တတ်ရပ်လိုက်သည်။ အံကြိတ်ထားသဖြင့် မေးကြောကြီးများ ထောင်ထနေသည်။ မျက်နှာပြင်တွင် ပေတေညစ်ပတ်နေပြီး ဆံနွယ်မျှင်တို့က သူမ၏ မျက်နှာတစ်ခြမ်းကို ဖုံးကွယ်လုနီးပါး ဖြစ်နေသည်။

"ကျုပ်က မိန်းကလေးရဲ့ရန်သူမဟုတ်ပါဘူးကွယ်။ ကျုပ် ကျတ်တီးကုန်းရွာမှာ နေပါတယ်။ ဒီလိုက်ဂူနား ရောက်လာတုန်း မိန်းကလေးရဲ့ ငိုသံကြားရလို့ အကူအညီပေးဖို့ ဝင်ပြီးမေးရတာပါ။ အဖေ ဘာကြောင့်ဆုံးသွားတာလဲ"

"ကျွန်မအဖေ တောလိုက်သွားရင်း ကုန်းမြင့်ပေါ်က မှောက်လျားထိုးကျလို့ မျက်နှာနဲ့ ကျောက်စွန်းဆောင့်မိခဲ့တယ်။ အဖေက ဒဏ်ရာကြီးရလျက်နဲ့ ကျွန်မဆီကို အရောက်ပြန်လာတယ်။ ဟောဒီဂူထဲ မှာ အဖေနဲ့ ကျွန်မပဲ တူတူနေကြတာ။ အဖေ ပြောပြီးတာနဲ့ အသက်ရှူသွားတော့တာပါပဲ။ ကျွန်မတစ်ယောက်တည်း ကျန်ရစ်ခဲ့ပြီ ရှင့်"

မိန်းကလေးက စကားအဆုံးတွင် ရှိုက်ကြီးတငင် ငိုကြွေးနေရှာသည်။ သူမ အနေနှင့် ကျွန်တော်နှင့် မျက်လုံးချင်းမဆိုင်မိစေရန် အကြည့်လွှဲ၍ ပြောနေသည်ကို ကျွန်တော် သတိပြုမိသည်။

လိုဏ်ဂူဝန်းကျင်တွင် အခြောက်လှန်းထားသော အသားများ၊ မီးကင်ကျပ် တိုက်၍ ကြာရှည်ခံအောင် ပြုလုပ်ထားသော အသားခြောက်များကို ဖောဖောသီ



www.burmeseclassic.com

ww.burmeseclassic.com

တွေ့ရသည်။ ကျွန်တော် ဘဝင်မကျသည်က သမီးနှင့်အဖေ လိုဏ်ဂူထဲတွင် အတူတကွ နေထိုင်ကြပြီး အမဲလိုက်သော လက်နက်ဟူ၍ မည်မည်ရရ မတွေ့ရပါချေ။

"ဒါထက် - သမီးအဖေနဲ့ ဒီလိုဏ်ဂူ မရောက်ခင်က ဘယ်ရွာမှာနေခဲ့ကြလဲ"

"ထန်းသုံးပင်ရွာမှာ နေခဲ့တာပါ"

"ဘာကြောင့် တောထဲ တောင်ထဲကို နှစ်ယောက်တည်း လာနေကြတာလဲ။ ကျုပ်က အကူအညီပေးဖို့ မေးတာပါ။ တစ်လွဲမထင်နဲ့နော်"

"ဒီလိုပါ - အဖေက အမဲလိုက်ရင် တခြားမုဆိုးထက် ပိုပြီးသားကောင်ရတယ်။ ဒါကို မနာလိုတဲ့ တခြားမုဆိုးတချို့က ကျွန်မ အဖေကို သမန်းကျားလို့ သမုတ်ကြတယ်။ ဒါကြောင့် ထန်းသုံးပင်ရွာမှာ အမေဆုံးပြီးကတည်းက အဖေနဲ့ ကျွန်မ နှစ်ယောက်သား ဒီတောထဲကို ရောက်လာပြီး ဟောဒီလိုဏ်ဂူလေးမှာပဲ အခြေချခဲ့ကြတာ တစ်နှစ်ကျော်ပါပြီ။ ရှာရတဲ့သားကောင်တွေရဲ့အသားခြောက်၊ အရေခွံ၊ အစွယ်တွေကို စုထားပြီး များများစားစားရမှ တောမြို့ကို တစ်ခါတစ်ခါ သွားရောင်းကြတယ်။ ရောင်းလို့ရတဲ့ငွေနဲ့ လိုအပ်တဲ့အစားအစာ၊ အဝတ်အထည် စသဖြင့် ဝယ်ခဲ့ကြတယ်"

မိန်းမပျိုက ရှည်ရှည်လျားလျား ရှင်းပြသည်။

"မသိလို့ မေးပါရစေ။ မိန်းကလေးရဲ့အဖေဟာ အမဲလိုက်တဲ့အခါ ဘယ်လိုလက်နက်မျိုး အသုံးပြုလေ့ရှိသလဲ"

ကျွန်တော်က ကောက်ကာငင်ကာ မေးလိုက်ခြင်းဖြစ်သည်။

ဤလိုဏ်ဂူအတွင်း၌ အမဲလိုက်သည့်အခါ အသုံးပြုသောလက်နက်ဟူ၍ လုံးဝမတွေ့မမြင်မိသောကြောင့်ပင်။ မိန်းမပျိုထံတွင် အမဲလိုက်ဓားမြှောင်တစ်လက်ကိုသာ တွေ့ရသည်။ ဂူအဝင်ဝတွင် သံတူးရွင်းတစ်ချောင်း ထောင်ထားသည်။

"အဖေက သူ့ကိုယ်သူ လက်နက်အဖြစ် အသုံးပြုပြီး သားကောင်တွေကို ရှာဖွေဖမ်းဆီး သတ်ဖြတ်ခဲ့တာပါရှင်"

"ဒါဆိုရင် - ထန်းသုံးပင်ရွာက လူတွေပြောကြတဲ့အတိုင်း မှန်နေပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျိုသည် ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် ကျွန်တော့်ကို စူးစူးရဲရဲ ကြည့်သည်။ တဒင်္ဂမျှ တွေဝေနေပြီးမှ -

"ကျွန်မ အမှန်အတိုင်း ပြောပါ့မယ်။ အဖေဟာ သမန်းကျားပါ။ အဖေ လိုဏ်ဂူထဲက ထွက်သွားချိန်မှာ ပကတိလူတစ်ယောက်အတိုင်းပါပဲ။ ဒါပေမဲ့ - သူ့ပါးစပ်က တတွတ်တွတ်ရွတ်ဆိုပြီး လက်ခမောင်းခတ်တယ်။ သုံးကြိမ် လက်ခမောင်းခတ်ပြီးတာနဲ့ တောအုပ်ထဲကို ကျွမ်းထိုးပြီး ဝင်သွားတော့တာပါပဲ။ သားကောင်ရလို့ ကိုက်ချီလာပြီဆိုရင် ကြို့ပင်အောက်ရောက်ရင် ကျားတစ်ကောင်ရဲ့အသွင်သဏ္ဍာန်နဲ့ ဟိန်းသံပေးတယ်။ အဲဒီ့အချိန်မှာ ကျွန်မက ကြို့ပင်ခွဆုံပေါ် မှာ ကြိုစောင့်နေပြီး လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့ အမွှေး[illegible]ဆိုးကို သူ့ခန္ဓာကိုယ်ပေါ်ကို တည့်တည့်မတ်မတ် ထိအောင်ပစ်ပေါက်လိုက်ရတယ်။ ပုဆိုးနဲ့ ကျားကို ထိမှန်သွားတာနဲ့တစ်ပြိုင်နက် တဖြည်းဖြည်းချင်း အဖေ့ မူလရုပ်သွင် ပြန်ပေါ်တော့တာပါပဲရှင်။ အခုတော့ သူ့မျက်နှာမှာ ဒဏ်ရာကြီးနဲ့ နှာခေါင်းရိုးကျိုးကြေပြီး သမီးဆီကို အရောက်ပြန်လာခဲ့တယ်။ နောက်ဆုံးထွက်သက်နဲ့အတူ သမီးကိုအကျိုးအကြောင်းပြောပြီးအသက်ရှူရပ်သွား တော့တာပါပဲရှင်"

မိန်းမပျိုက စကားအဆုံးတွင် တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြင့် ရှိုက်ကြီးတငင် ငိုကြွေးနေရှာသည်။

အတန်ကြာမှ ကျွန်တော်က -

"ကဲ - မင်းအဖေနဲ့ အသုဘကို မြေမြှုပ်သင်္ဂြိုဟ်ရဦးမယ်လေ။ ပြီးတော့မှ မိန်းကလေးအတွက် တစ်ခုခု စီစဉ်ကြတာပေါ့"

ကျွန်တော်က ပြောပြောဆိုဆို လိုဏ်ဂူအဝင်ဝတွင် ထောင်ထားသော သံတူးရွင်းကိုယူ၍ ဂူပြင်သို့ထွက်သွားသည်။ ဂူပေါက်ဝနှင့် ခြေလှမ်းဆယ်လှမ်းစာမျှ အကွာတွင် ကြို့ပင်ကြီးတစ်ပင်ရှိသည်။ ထိုကြို့ပင်၏ အောက်ခြေတွင် မိန်းကလေးအဖေ၏ သက်မဲ့ခန္ဓာကိုယ်ကြီးကို မြှုပ်နှံရန် ကျင်းတစ်ကျင်း တူးရသည်။ ကျွန်တော် ပင်ပန်းသောအခါ သူမက တစ်လှည့် ဝင်တူးပေးသည်။



www.burmeseclassic.com

ww.burmeseclassic.com

သို့ဖြင့် နောက်ဆုံးတွင် အလောင်းမြှုပ်နှံသောကိစ္စကို အဆင်ပြေပြေဆောင်ရွက်နိုင်ခဲ့သည်။ ကျွန်တော်က "သူမ၏ ရှေ့ရေးကို မည်သို့စဉ်းစားထားသလဲ" ဟူ၍ မေးရာ သူမက –

"အစ်ကိုဝင်မလာမီအချိန်လေးက ခိုတစ်ကောင် လွှတ်လိုက်တယ်။ အဲဒီခိုက အဖေ့ညီဝမ်းကွဲ ဦးဘိုလူ့ဆီကို ရောက်သွားလိမ့်မယ်။ အဲဒီခိုရောက်တာ နဲ့ ဦးဘိုလူဟာ နွားလှည်းတစ်စီးနဲ့ အရောက်လာမှာ သေချာတယ်။ ခါတိုင်းလည်း တစ်လတစ်ခါ လာနေကျပါပဲ။ ကျွန်မတို့ စုထားတဲ့ အသားခြောက်တွေ၊ အရေခွံတွေ၊ ချိုတွေ၊ အစွယ်တွေကို ဦးဘိုလူရဲ့လှည်းနဲ့ တင်ပြီး မြို့သာယာကို သွားရောင်းလေ့ရှိတယ်။ နောက်ထပ် အလွန်ဆုံး တစ်နာရီကျော်ကျော် လောက်ကြာရင် ဦးဘိုလူရဲ့လှည်း ရောက်လာလိမ့်မယ်"

"တကယ်လို့ ကျုပ် အကူအညီလို ရင်လည်း ပြောပါ။ ဘာလုပ်ပေးရမလဲ"

"မလိုတော့ပါဘူးရှင်။ ဂူထဲက အသားခြောက်တွေ၊ အရေခွံ၊ ဦးချို၊ အစွယ်တွေကို ဦးဘိုလူ လှည်းနဲ့ တင်ပြီး မြို့သာယာကို သွားတော့မှာပါ။ မြို့သာယာမှာပဲ ကျွန်မ အခြေချနေဖို့ စီစဉ်ရပါတော့မယ်။ ဦးဘိုလူဟာ ကျွန်မနဲ့ အဖေ့အပေါ်မှာ အင်မတန် သစ္စာရှိတယ်။ နှုတ်လည်း လုံတယ်။ ဒါကြောင့် ဦးဘိုလူနဲ့တွေ့ပြီး တိုင်ပင်ဆွေးနွေးဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ အစ်ကို့ကျေးဇူးကိုလည်း သတိရနေမှာပါရှင်"

မိန်းမပျိုက လက်အုပ်ချီ၍ ကန်တော့သည်။

ကျွန်တော့်နားထဲတွင် အလွန်တရာဝေးလံသော တောလမ်းတစ်နေရာမှ နွားလှည်းတစ်စီး အပြင်းမောင်းလာသံကို ခပ်သဲ့သဲ့မျှ ကြားလိုက်ရသည်။

"ကဲ – ဒါဆိုရင် တို့ပြန်တော့မယ်။ မိန်းကလေးရဲ့အဖေအတွက် မြို့ရောက်ရင် အလှူဒါနပြုပြီး အမျှအတန်းဝေဖို့မမေ့နဲ့။ ကံမကုန်ရင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တို့ပြန်ဆုံကြသေးတာပေါ့"

ကျွန်တော်က သူမကို ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

ww.burmeseclassic.com

“ကျွန်မအဖေ တောလိုက်သွားရင်း ကုန်းမြင့်ပေါ်က မှောက်လျားထိုးကျလို့ မျက်နှာနဲ့ ကျောက်စွန်းဆောင့်မိပြီး ဒဏ်ရာကြောင့် သေတာလို့ ညာပြောခဲ့တာကို ခွင့်လွှတ်ပါရှင်”

သူမ၏တောင်းပန်သံအဆုံးတွင် ကျွန်တော်သည် လိုက်ဂူအနီးမှ ခွာခဲ့သည်။ ကျွန်တော်၏ ခြေဦးတည်ရာမှာ ဇနီးဖြစ်သူ မညိုလှရှိရာ အိမ်ဂေဟာသို့သာ ...။ ။

ဆွေမြင့်

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့ မည်မဟုတ်ပါ၍ မိတ္တူ ပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖို မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ဟန်ချက်ပျက်သွားသော
# ပစ်မှတ်

တင့်ထူး



www.burmeseclassic.com

ww.burmeseclassic.com

# ဟန်ချက်ပျက်သွားသော ပစ်မှတ်

တောကောင်ကို ပစ်ခတ်ခါနီး ကြောက်မက်ဖွယ်
ရယ်စရာကြီးကြောင့် ဟန်ချက်ပျက်သွားသောအခါ

----------------တင့်ထူး(ဒေယျဝတီ)----------------

ဆောင်းဦးပေါက်အချိန်သို့ရောက်ရှိလာခဲ့သည်နှင့် လယ်လုပ်သူ တောင်သူတို့ အလုပ်များခဲ့ကြတော့သည်။ စပါးများကလည်း မကြာမတင်မီ အချိန်၌ ရင့်မှည့်လာကြပေတော့မည်။ ရင့်မှည့်လာကြပြီဆိုလျှင် အချိန်မီ ရိတ်သိမ်းပေးကြရမည်။ နောက်ကျနေပါက နေကျွမ်းကာ စပါးရိတ်သည်နှင့် စပါးစေ့များ ကြွေကျကုန်တော့သည်။ ထို အခါ တစ်မိုးတွင်းလုံး ပင်ပန်းတကြီး ထွန်ယက်စိုက်ပျိုးခဲ့ရသော လယ်မြေများမှ စပါးအထွက်မှာ ဖိတ်တစ်ဝက် စဉ်တစ်ဝက်ဖြစ်ကာ စပါးထွက်လျော့နည်းတတ်လေသည်။

စပါးများရိတ်သိမ်းရမည့် အလုပ်ရှိနေသလို စပါးရိတ်သိမ်းပြီးသော ရိုးပြတ်တောများတွင် ဆောင်းသီးနှံများဖြစ်သော ပြောင်း၊ မြေပဲ၊ ဆေးရွက်ကြီး၊ ပဲနောက်၊ မတ်ပဲ၊ ကုလားပဲ၊ နေကြာ၊ နှမ်း စသည့် သီးနှံများကို အောက်ခံတ်မဆုတ်မီ စိုက်ကြရသည်။ အောက်ခံတ်ခြောက်သွေ့သွားမှ စိုက်ခဲ့လျှင်လည်း ကြဲခဲ့သည့် သီးနှံများ အကုန် အစင်အပင်မပေါက်လာနိုင်တော့သဖြင့်ရသင့်သလောက်မရဖြစ်ကြရသည်။ အချို့လယ်သမားများက ပဲနောက်၊ မတ်ပဲ၊ ကုလားပဲ ဈေးများကောင်းသဖြင့် ရွာအနီးအနား ရှိ မိမိတို့ လယ်ကွက်များကို တစ်ကွက်မကျန် ထပ်တိုးကာ ပဲကြဲခဲ့ကြသည်။

“ဟေ့ - သာအောင်၊ မင်း လယ်ကွက်တွေ အားလုံးကို ပဲတွေချည်း ထိုးကြဲလိုက်တော့ နှမ်းကို ဘယ်နေရာမှာ သွားစိုက်တော့မှာလဲဟ”



www.burmeseclassic.com

ww.burmeseclassic.com

"ဟာ – ဦးလေးဖြိုးကလည်းဗျာ၊ ဟိုအနောက်တောစပ်က တောင်ကုန်းစောင်း တွေ၊ ချောင်းခုံတွေ ရှိနေတာပဲဗျ၊ အဲဒီမှာ နှမ်းခင်းသွားခုတ်ပြီး နှမ်းကြဲမယ်လေဗျာ"

"အေးဟ – အဲဒါလည်း မဆိုးဘူးပဲ၊ လယ်တွေထဲက ပဲတွေရ၊ တောစပ်တောင် ကုန်းတွေက နှမ်းတွေရတော့မှာပေါ့"

တကယ်တော့ လယ်ထဲတွင် နှမ်းစိုက်သည်ထက် တောစပ်တောင်ကုန်းများ ကို ခုတ်ထွင် မီးရှို့ရှင်းလင်းပြီး နှမ်းစိုက်သည်က နှမ်းပိုထွက်လေသည်။ တောစပ် တောင်ကုန်းများတွင် မြေပြင်အနည်းငယ် ညီညာသောနေရာများ၌ ပထမတွင် ခုတ်ထွင်ရသည်။ သုံးလေးရက်ကြာလျှင် နေပူဖြင့်ခြောက်သွားကြသည်။ ထိုအခါတွင် မီးရှို့ပေးရသည်။ သစ်ကိုင်းအသေးများ၊ သစ်ရွက်များ အားလုံးမီးလောင်သွားခဲ့လျှင် နှမ်းထိုးကြဲမည့် မြေကွက် ပေါ်လာခဲ့သည်။ မီးမလောင်ဘဲ ကျန်နေသော သစ်သား ချောင်းများကို ကာကွယ်အားသို့စုပုံကာ ဖယ်ရှားလိုက်ရသည်။ ပြီးမှ ပေါ်လာသော အကွက်ကို ထယ်ထိုးကြရသည်။ ထယ်ထိုး၊ ကြမ်းတုံးရိုက်ဖြင့် ထယ်ရေးညက်လျှင် မိုးအခြေအနေကြည့်ကာ နှမ်းကြဲကြရခြင်း ဖြစ်သည်။

"သာအောင်ရာ၊ မင်းပြောတာနဲ့ပဲ ငါလည်း ရွာနားက လယ်ကွက်တွေ အားလုံး ပဲနောက်နဲ့ မတ်ပဲတွေ ကြဲလိုက်ပြီကွာ၊ နှမ်းခင်းကိုတော့ မင်းနဲ့ပဲ တောစပ်လိုက်ပြီး နှမ်းခင်းခုတ်ပြီးကြဲတော့မယ်လေ"

"ကောင်းတာပေါ့ဗျာ – ကျုပ်လည်း အဖော်ရတာပေါ့"

ပဲများ အလျှင်မြန် ထိုးကြဲကြပြီးသောအခါ တောင်ခြေ တောစပ်သို့ ထမင်း ထုပ်ပါယူ၍ နွားတွေကိုပါ မောင်းလာခဲ့ကြသည်။ တောင်ခြေရောက်ပါက နွားတွေကို တောင်ပေါ်တင်ပြီး လွှတ်ပေးထားကြမည်။ သူတို့က တောင်ခြေတောစပ်၌ မြေအနည်း ငယ် ညီညာသော နေရာများကိုရှာဖွေကာ တောခုတ်ရှင်းကြမည် ဖြစ်သည်။ တစ် ယောက်နှင့်တစ်ယောက် မနီးမဝေးနေရာများ၌ တောစတင်ခုတ်ခဲ့ကြလေသည်။ မွန်း တည့်ခါနီး အချိန်အထိ ခုတ်ခဲ့ကြလေသည်။

"ဟေ့ – သာအောင်ရေ၊ နေ့လည်း ပူလှပြီကွာ၊ နားကြရအောင်လေ"

"အေးဗျ – ကျုပ်လည်း ထမင်းဆာနေပြီလေ"

နှစ်ယောက်သား ချောင်းရေတွင် ကိုယ်လက်သန့်စင်လိုက်ကြသည်။



www.burmeseclassic.com

ww.burmeseclassic.com

"ကဲ - ဒီသစ်ပင်အောက်မှာပဲ ထိုင်နားပြီး နေ့လယ်စာ စားကြတာပေါ့ကွာ"

"မင်း - ဘာဟင်းနဲ့ ထုပ်လာတာလဲကွ"

"ငါးပိကောင် ချက်နဲ့ဗျ"

"ဟာ - ဒါဆိုရင် တို့မြုပ်စားရအောင် ဟိုချောင်းစပ်ကမ်းဘေးမှာ ကန့်ကလာ ...က်တွေ သွားခူးလိုက်ဦးမယ်ကွာ"

"နေဦးဗျမစားနဲ့ဦး၊ ကျုပ် စားဦးစားဖျား တောပိုင်တောင်ပိုင်ကို ပ.သ တင် ...ြှောက်လိုက်ဦးမယ်"

သာအောင်က ပြောပြောဆိုဆိုနှင့် ဖက်ရွက်တစ်ရွက်တွင် ထမင်းနည်းနည်း ...ည့်ကာ ဟင်းပုံတင်၍ ဘေးဘယာ ကင်းဝေးရကြောင်း တိုင်တည်ကာ ပ.သတင် ...ြှောက်ခဲ့လေသည်။

"ကဲဗျာ - စလိုက်ကြရအောင်"

"မင်း ငါးပိကောင်ချက်က ငရုတ်သီးအစိမ်းတောင့်တွေပါ ထည့်ချက်ထား ...တာ့ အရွက်တွေနဲ့ တို့မြုပ်စားရတာ အဆင်ပြေတယ်ဟေ့"

"စားကောင်းလိုက်တာကွာ၊ ထမင်းထုပ်တောင် ပြောင်သွားခဲ့တာပဲ"

စားသောက်ပြီးကြ၍ နေ့ခင်းနေပူသဖြင့် သစ်ပင်ရိပ်တွင် နေခိုကာ နားနေခဲ့ကြ ...ည်။ ညနေသုံးနာရီခန့်မှ တစ်ဖန် သစ်တောများကို ဆက်လက်ခုတ်ရှင်းကြလေ ...ည်။ သူတို့နည်းတူပင် ရွာထဲမှ နမ်းခင်းခုတ်ကြသူတွေလည်း ရှိလေသည်။ ထိုအချိန် ...င် တောင်ခြေတောစပ်တစ်လျှောက်တွင် သစ်ပင်ခုတ်သံများ ဆူညံနေလေတော့ ...ည်။

"ဦးလေးဖြိုး - ကျွန်တော်တို့ ပြန်ကြတော့မှုပဲဗျ"

"အေး - ပြန်ကြမယ်ဆိုရင် နွားတွေ သွားရှာပြီးမောင်းထုတ်ကြမှပဲကွာ"

နစ်ယောက်သား တောင်ပေါ်တင်လွှတ်ကျောင်းထားသော နွားများကို တော ...မှာ လိုက်ရှာကာ ကွင်းစပ်သို့ မောင်းထုတ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - တောထဲလွှတ်တင်ထားခဲ့တဲ့ နွားတွေကို ကြည့်စမ်းပါဦးကွာ၊ ဗိုက်တွေကို ဖောင်းကားနေတော့တာပဲ"

"အေးလေဗျာ - တောထဲမှာ စိတ်ကြိုက်စားကြရတော့ ဗိုက်ပြည့်ကြတော့တာပေါ့"

ထိုနွားများကို မောင်းနှင်ကာ ရွာသို့ ပြန်ခဲ့ကြလေသည်။ နောက်နေ့များတွင်လည်း ထမင်းထုပ်ပါ တစ်ပါတည်းယူကြကာ နွားများနှင့်အတူ နမ်းခင်းခုတ်လာခဲ့ကြလေသည်။

○

"ဟာ - သာအောင် မင်း နမ်းခင်းခုတ်တဲ့နေရာနားက ချောင်းခုံကြီးက အကျယ်ကြီးပါလားဟ"

"ဟုတ်တယ်ဗျ - ချောင်းတစ်ဖက်ကမ်းကို ချောင်းရေဦးတိုက်စီးဆင်းနေလေတော့ ရေဦးတိုက်ရာမှာ ကမ်းပါးတွေ ပြိုကျပြီး ဒီဘက်ကမ်းမှာ သောင်ထွန်းပြီး ချောင်းခုံကြီး ကျယ်လာတာပဲလေဗျာ"

"မင်း - အဲဒီချောင်းခုံကြီးကိုပါ နမ်းစိုက်မှာလား"

"စိုက်မယ်ဆိုလည်း ကလနားတွေမှာပဲ စိုက်နိုင်မှာဗျ၊ ချောင်းခုံကြီးရဲ့

ကျုပ် ကိုယ်တိုင်တောင်
ဆတ်တစ်ကောင်ကို အဲဒီတောထဲမှာ
ဝင်ပစ်ခဲ့ဖူးတယ်။ ပစ်လို့
လဲကျသွားလို့ ရွာကို လှည်းနဲ့
သယ်ယူမယ်ဆိုပြီး ကျုပ် တပည့်ကို
ရွာကို လှည်းသွားခေါ် ခိုင်းခဲ့တယ်။
အဲ - လှည်းလည်းရောက်လာရော
မလှုပ်မယှက် လဲကျနေတဲ့
ဆတ်ကြီးက အကောင်းပကတိ
အတိုင်း ထပြေးခဲ့တော့တာပဲဗျာ။
လုံးဝကို ရှာမတွေ့ခဲ့တော့ဘူးလေ





www.burmeseclassic.com

ww.burmeseclassic.com

အလယ်မှာက နန်းတွေဝင်ပြီး မြေသားပျော့နေတယ်လေ၊ ကျွဲနွားတွေဖြတ်သွား၊ရင် တောင်ပိုက်တွေထိအောင် နစ်မြုပ်နေတာဗျ။ နောက်တဖြည်းဖြည်း ကုန်းမြေမာလာရင်တော့ နှမ်းစိုက်ကြည့်ရမှာပဲဗျ"

"ဟာ - နန်းအိုးကြီးလို ဖြစ်နေတာဆိုတော့ နှမ်းစိုက်လို့ကတော့ တအားကောင်းပေါ့ကွာ"

သာအောင်တို့လည်း နေ့စဉ်ပင် ရွာမှလာ၍နှမ်းခင်း လုပ်ခဲ့ကြရာ ယခုဆိုလျှင် နှမ်းတွေပင် အတော် ကြဲပြီးခဲ့ကြလေပြီ။ သာအောင်က ချောင်းနံ့ကြီး၏ ဘေးတစ်လျောက်တွင် ထယ်ထိုးကာ နှမ်းကြဲခဲ့သည်။ လက်ဦးကြဲထားသော အကွက်များတွင် နှမ်းပင်ကလေးများ အစီအရီပေါက်ထွက်လာကြပြီ ဖြစ်သည်။

နှမ်းအားလုံးကြဲပြီးသွား၍တောထဲသွားစရာ မလိုတော့ပဲ စပါးများကို နယ်ကြရတော့သည်။ စပါးအားလုံး နယ်ပြီးသွား၍ ဝမ်းစာ၊ မျိုးများ ချန်ကာ အပိုအလျှံများကို ရောင်းကြသည်၊ စပါးပြီးလျှင်ပဲ ပဲရိတ်ကြရပြီး ထွက်လာသော ပဲများကိုပင် ဈေးကောင်းကောင်းနှင့် ရောင်းကြရ၍ ဝင်ငွေကောင်းကြသည်၊

"သာအောင်တို့ မိသားစုပါလားကွ၊ လှည်းနဲ့ တောထဲကို နှမ်းရိတ်သွားကြမှာလားဟေ့"

"ဟုတ်တယ်ဗျ - နှမ်းတွေ ရင့်မှည့်နေကြပြီလေ"

နှမ်းများကို ရိတ်ကြပြီး အထုံးများထုံးကာ လှည်းပေါ်စီတင်ကြသည်။ ညနေစောင်းလျှင် နှမ်းလှည်းကြီး မောင်းလာကြကာ အိမ်တလင်းတွင် နှမ်းထုံးများကို ထောင်ပြီး နေလှန်းထားပေးကြရသည်၊ သုံးလေးရက်ကြာအောင် နေလှန်းထားလျှင် နှမ်းသီးနံ့များခြောက်ပြီး အာလာကြသည်၊ ထိုအခါ အထုံးလိုက် ဖောက်ထိုးထား၍ ခါချလျှင် နှမ်းများရလာသည်။ ထိုနှမ်းများကို သန့်အောင်ဆန်ကာချ၍ ဆီစက်တွင် နှမ်းကြိတ်ယူလျှင် နှမ်းဆီများရလာသည်။ ကောက်ပဲသီးနံ့ စိုက်ပျိုးလုပ်ကိုင်ကြသော လယ်သမားများမှာ ဝမ်းစာ ဆန်စပါး၊ ပဲ၊ နှမ်းများရကြကာ ဝယ်စားရန် မလိုကြပေ၊

"ဟေ့ - သာအောင်၊ မင်း ချောင်းဆုံမှာစိုက်ခဲ့တဲ့နှမ်းကို သီးသန့်ခါချရဲ့လား"

"အေးဗျ၊ သီးသန့်ခါချခဲ့တာ နှမ်းဆီ နှစ်ပုံး ရတယ်လေ၊ ရှေ့နှစ်တော့ ကလနားတွေမှာ နှမ်းစိုက်ပြီး ချောင်းနံ့ကြီးရဲ့အလယ်ကြောမှာ မြေပဲစိုက်ကြည့်မလားလို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"အိုး မြေပဲသာစိုက်ခဲ့ရင် သဲနန်းမြေဆိုတော့ မြေပဲတွေ မလိုချင်လောက်အောင် ထွက်မှာသေချာတယ်ကွ"

"ဗ္ဗအေးဗျာ – လာမယ့်ဆောင်းရောက်ရင်တော့ မြေပဲ စမ်းပြီးစိုက်ကြည့်ရမှာပဲဗျ"

ဆောင်းပိုင်း ရောက်လာခဲ့သောအခါ သာအောင်လည်း ထိုချောင်းခုံကြီး၏ မြေကွက်ကြီးကို ထယ်ထိုးခဲ့တော့သည်။ မြေက မာလာပြီဖြစ်၍ ကျွဲနွားများလည်း မကျုံတော့ပေ။ ထယ်ထိုးရမည်မှာလည်း သဲနန်းမြေဖြစ်၍ လွယ်ကူစွာ ထယ်ထိုးနိုင်ခဲ့သည်။ နမ်းများ ကြဲပြီးသွားသည်နှင့် ထိုချောင်းခုံကြီး၌ မြေပဲများ စိုက်ခဲ့တော့သည်။

"ဟာ – သာအောင်၊ မင်း မြေပဲခင်းကတော့ကွာ တစ်ခင်းလုံးကို မည်းပြီး ထလာပါလားဟေ့၊ ဒီလောက်အပင်တွေ သန်ရင်တော့ မြေပဲတွေ တအားဥလာမှာ သေချာတယ်ဟေ့"

"ဟုတ်တယ် – ဦးလေးဖြိုးရေ၊ ကျုပ်လည်း မြေပဲခင်းကို အရိပ်တကြည့်ကြည့်ရှိနေရတော့တာပဲဗျ"

"မင်း – အခုချိန်တော့ ဥ မဥသေးတော့ တော်သေးတာပေါ့ကွာ၊ နောက်ပိုင်း မြေပဲဥတွေ ဆင်းလာရင်တော့ တော်တော်ဂရုစိုက်ကြည့်ပေးရလိမ့်မယ်ကွ"

"ဘာပြုလို့လဲဗျ"

"ဟ – ဘာပြုရမှာလဲကွ၊ မြေပဲဥတွေရင့်လာရင် နွားကျောင်းသားတွေဝင်နုတ်ပြီး စားကြမယ်၊ တောထဲတောင်ထဲ သွားသူတွေလည်းဝင်နုတ်စားကြမယ်လေ၊ ပိုလို့ဆိုးမှာက တောဝက်တွေ ဝင်စားမှာပဲကွ"

"အေးလေ – ကျုပ်ခြံတန်းကာပေးဖို့တော့ စိတ်ကူးထားတယ်"

"မင်း တောဝက် မြေပဲခင်း ဝင်စားတာကော တွေ့ဖူးပြီလား"

"မတွေ့ဖူးဘူးဗျ"

"တောဝက်တွေကကွာ ညဘက်ရောက်လာရင် အခင်းထဲဝင်ကြပြီး ပဲပင်ရဲ့ အမြစ်ခြေထဲမှာ ရှိနေတဲ့ ပဲဥတွေကို စားကြတာကွ၊ အပင်ကတော့ လဲသွားပေမယ့် မသေဘူး။ ဒါပေမဲ့ မြေပဲပင်မှာ ပဲတစ်ဥမှ မကျန်တော့ဘူးကွ"



www.burmeseclassic.com

ww.burmeseclassic.com

"ဟာ – အဲဒီလိုပဲလားဗျာ"

"အေး – မင်းမယုံရင် စောင့်ကြည့်နေလေကွာ"

ဦးလေးဖြိုး ပြောပြလာသဖြင့်သာအောင်မှာ သူ့ပဲခင်းအတွက် စိတ်ပူခဲ့ရတော့သည်။ ထို့ကြောင့် နောက်နေ့မှ စ၍ အနောက်ဘက် တောင်ကုန်းပေါ်မှ ဝါးများ တက်ခုတ်၊ ထမ်းချ၊ ပဲခင်းပတ်လည်တွင် ခြံကာပေးရတော့သည်။ သဲနုန်းမြေဖြစ်ပြီး ပဲပင်များသန်သန်စွမ်းစွမ်းဖြစ်လာကြသဖြင့် မြေပဲဥများက ထင်သည်ထက်ပိုရလာနိုင်မည် ဖြစ်ခြင်းကြောင့် သူ အထူးဂရုပြုပေးနေရသည်။ နေ့စဉ်ပင် ပဲခင်းသို့ လာခဲ့ပြီး ရွာမပြန်မီတွင် ပဲခင်းဘေးတွင် ထင်းတုံးအခြောက်တုံးများဖြင့် မီးဖိုပေးထားခဲ့သည်။

ပဲပင်များက အပင်များတုံးလာကာ ဥများ ဆင်းနေကြပြီဖြစ်သည်။

"သာအောင်ရေ – မင်းပဲခင်းက ဒသမငါးဆယ်လောက်သာရှိပေမယ့်ပဲထွက်ကောင်းပြီး ပဲဆီကတော့ အနည်းဆုံး လေးငါးပုံးလောက်ကို ရနိုင်မယ်ကွ"

"အေးလေဗျာ – ဒါကြောင့်လည်း ကျုပ် နေ့တိုင်း လာစောင့်ကြည့်ပေးနေရတော့တာပဲလေ"

သာအောင်လည်း သူ့ပဲခင်းသို့နေ့စဉ် လာနေကျအတိုင်းလာခဲ့ရာက တစ်နေ့တွင် ပဲခင်းထဲ လိုက်ကြည့်မိခဲ့သည်။

"ဟာ – ဟိုနားက ပဲပင်သုံးလေးပင်ဟာ ဘာကြောင့် လဲကွဲနေပါလိမ့်"

"ဟင် – တောဝက်ဝင်ပြီး အမြစ်ပတ်လည်ကို တူးစားသွားခဲ့တာပဲ၊ လဲနေတဲ့ အပင်တိုင်းမှာ မြေပဲဥတစ်လုံးမှ မရှိတော့ပါလား"

"အင်း – အစရှိ အနှောင်နှောင်ဆိုသလို နေ့တိုင်းညတိုင်းသာ ဝင်စားခဲ့ရင်တော့ ငါ့ပဲခင်းက မြေပဲတောင် နှုတ်စရာလိုတော့မှာ မဟုတ်ဘူး"

ကိုစသာအောင်မှာ တောစပ်က ချောင်းကွေ့ထဲရှိချောင်းခုံကြီးတွင် မြေသြဇာကောင်းသဖြင့် မြေပဲခင်းစမ်း၍ စိုက်ကြည့်မိခဲ့သည်။ ယခုတော့ ကိုယ့်အတတ်နှင့်ကိုယ်စူးနေရလေပြီ။ တောဝက်များက ညတိုင်းအခင်းထဲ ဝင်စားလာကြ၍ တောဝက်များ ဝင်မစားအောင် မဆောင်ရွက်နိုင်လျှင် မြေပဲရနိုင်တော့မည် မဟုတ်မှန်း သိမြင်လာခဲ့လေသည်။



www.burmeseclassic.com

ww.burmeseclassic.com

"မဖြစ်ရပါဘူး၊ ငါ အပင်ပန်းခံပြီး ထွန်ယက်စိုက်ပျိုးခဲ့ရတာပဲ၊ ပြီးတော့ မြေပဲမျိုးဖိုးကလည်း နည်းတာမဟုတ်ဘူး၊ မြေပဲ ရနိုင်အောင်တော့ တစ်နည်းနည်းနဲ့ကြံစည်ရတော့မှာပဲ"

ထိုသို့ တွေးမိရင်းမှ နောက်ဆုံး၌ ရွာထဲက မုဆိုးဖလကို အကူအညီတောင်းရန် စဉ်းစားမိခဲ့တော့သည်။

"နေစမ်းပါဦး ကိုသာအောင်ရဲ့ ခင်ဗျားမြေပဲခင်းထဲကို တောဝက်တွေက ဘယ်ဘက်က ဆင်းလာပြီး ဝင်တူးစားခဲ့တာလဲဗျ"

"ဟိုမြေပဲခင်းရဲ့ မြောက်ဘက်မှာရှိတဲ့ ဘီလူးရယ် တောထဲက ထွက်လာပြီး စားကြတာဗျ"

"ဟာ - ဟုတ်လား၊ အင်မတန် တောကတ်တဲ့ ဘီလူးရယ် မြောင်ဘက်က တောဝက်တွေဆိုတော့ ပစ်ရမှာတောင် ခပ်လန့်လန့်ပဲ - ကိုသာအောင်ရေ"

"ဟင် - ဘာလန့်စရာရှိလဲဗျာ၊ သေနတ်ကို ဘာကောင်မှ မခံနိုင်ပါဘူးဗျ"

"ခင်ဗျားက ဘီလူးရယ်မြောင်အကြောင်းမှ မသိလေတော့ ပြောနိုင်တာပေ့ါလေဗျာ"

"ဟာ - ဘယ်လိုအကြောင်းတွေများ ရှိခဲ့လို့လဲဗျာ၊ ကျုပ် နားလည်အောင်ပြောပြနိုင်မလား"

"ဒီလိုဗျ၊ မုဆိုးတိုင်းဟာ ဒီတောကို တောကတ်လို့ အသိအမှတ်ပြုကြတယ်၊ သားကောင်တွေ ပစ်ရင် ထိမှန်တယ်။ အဲ - လဲကျနေတဲ့ သားကောင်ကို သွားကောက်ရင် ထပြေးလွတ်သွားတာက များတယ်လေ။ ကျုပ် ကိုယ်တိုင်တောင် ဆတ်တစ်ကောင်ကို အဲဒီတောထဲမှာ ဝင်ပစ်ခဲ့ဖူးတယ်။ ပစ်လို့ လဲကျသွားလို့ ရွာကို လှည်းနဲ့သယ်ယူမယ်ဆိုပြီး ကျုပ် တပည့်ကို ရွာကို လှည်းသွားခေါ်ခိုင်းခဲ့တယ်။ အဲ - လှည်းလည်း ရောက်လာရော မလှုပ်မယှက် လဲကျနေတဲ့ ဆတ်ကြီးက အကောင်းပကတိအတိုင်း ထပြေးခဲ့တော့တာပဲဗျာ။ လုံးဝကို ရှာမတွေ့ခဲ့တော့ဘူးလေဗျာ"

"ဟောဗျာ - အခုဟာက အဲဒီ ဘီလူးရယ်မြောင်ထဲမှာမှ မဟုတ်တာပဲဗျ၊ ချောင်းခြားပြီး ဒီဘက်က ချောင်းခံ့ထဲက မြေပဲခင်းထဲ ဝင်စားတဲ့ တောဝက်ကို ပစ်မှာပဲ"



www.burmeseclassic.com

ww.burmeseclassic.com

"အင်း – ဟုတ်တော့ဟုတ်ပါတယ်လေ၊ ဘီလူးရယ်မြောင်နဲ့တော့ ချောင်းခြား နေလို့ လွတ်ကင်းပါတယ်"

သို့နှင့် မုဆိုးကိုဗလက ကိုသာအောင်၏ မြေပဲခင်းထဲ ဝင်ရောက်တူးဆွ စားသောက်သော တောဝက်များကို နှိမ်နင်းပစ်ခတ်ပေးရန် ကတိပေးခဲ့လေသည်။

"ကဲ – ကိုသာအောင်၊ ကျုပ်တို့ ဒီလဆန်းရက်ညမှာ တောဝက်ပစ်ရအောင် ချောင်းမြောင်းပစ်ရမယ့်နေရာ ရှာကြရအောင်ဗျာ"

"ဟောဒီ ကမ်းပါးထိပ်ကနေ ပဲခင်းထဲကို ချောင်းကြရင် မကောင်းလားဗျ"

"အင်း – ဟုတ်တယ်ဗျို့ တောဝက်ကို ပစ်လိုက်လို့ လူဆီကို ယမ်းငွေ့အတိုင်း ပက်ဖို့ ပြေးလာခဲ့ရင်လည်း ဒီကမ်းပါးပေါ်အရောက် ပြေးမလာနိုင်လို့ အန္တရာယ်မရှိနိုင်ဘူးဗျ"

ထိုသို့ပစ်ခတ်ရန် နေရာရှာဖွေကြပြီးနောက် ထိုကမ်းပါးထိပ်တွင် နစ်ယောက်သား မြောက်ဘက်တောင်ကုန်းပေါ်မှ တောဝက်များ ဆင်းအလာကိုရေးရေးသာ လင်းနေသော လရောင်အောက်တွင် ငြိမ်သက်စွာ စောင့်ဆိုင်းနေခဲ့ကြလေတော့သည်။

"ခင်ဗျား ချောင်းမဟန့်နဲ့၊ မချေမိစေနဲ့နော်၊ ပြီးတော့ ခြင်ကိုက်တယ်ဆိုပြီး အသံထွက်အောင် ခြင်မရိုက်လေနဲ့ဗျ၊ တောတိရစ္ဆာန်တွေက နားသိပ်ပါးကြတာ၊ ဆေးလိပ်လည်း မသောက်နဲ့၊ မီးခိုးနံ့က အဝေးကြီးတည်းက ရသွားပြီး တောဝက်မလာပဲ နေလိမ့်မယ်"

နစ်ယောက်သားကျည်တောင့်ထိုးပြီး ငြိမ်သက်စွာစောင့်နေကြစဉ် လဝင်ခါနီးအချိန်၌ မြောက်ဘက်တောင်ကုန်းအစပ် တောထဲမှ ငှက်ကလေးများ လန့်အော်သံကြားလာရသည်။

"ငှက်ကလေးတွေ လန့်အော်တာဟာ တစ်ကောင်ကောင် တောတိုးလာလို့ပဲဗျ၊ အသာကြည့်နေဗျို့"

"ဟော – မြောက်ဘက်တောင်ကုန်းအစပ်က မည်းမည်းအကောင်တွေ ပဲခင်းဆီကို ဆင်းလာနေကြပြီဗျ"

"အသာငြိမ်နေပါ ကိုသာအောင်၊ ကျုပ်လည်း မြင်တယ်ဗျ"


www.burmeseclassic.com

ww.burmeseclassic.com

"ဟာ အရှေ့ဆုံးက တောဝက်ကြီးနှစ်ကောင်က ရင်ပေါင်တန်းပြီးပဲခင်းခြံတန်း ဆီကို တဖြည်းဖြည်း လာနေကြပါလား"

"ပစ်လိုက်တော့လေ ကိုဗလ"

"နေဦးဗျ၊ ဒီတောဝက်နှစ်ကောင်ဟာ ကာထားတဲ့ ခြံတန်းကိုရောက်ရင် နှစ်ကောင်သား ပြိုင်တူငုံ့ပြီး ဝင်လာကြလိမ့်မယ်၊ အဲဒီလို ပြိုင်တူငုံ့ဝင်တော့မှ ပစ်လိုက်ရင် တစ်ချက်ထဲနဲ့ တောဝက်နှစ်ကောင် ရနိုင်မယ်ဗျ"

တောဝက်အုပ် ရှေ့ဆုံးမှ ရင်ပေါင်တန်းပြီး ဆင်းလာနေသော တောဝက်နှစ်ကောင်မှာ မျှော်မှန်းထားသည့်အတိုင်း ဝန်းကျင်ကိုစူးစမ်းကြကာ ရှေ့တိုးလာနေကြရင်း ခြံတန်းနားသို့ ရောက်လာခဲ့ကြတော့သည်။

"ဟော - ခြံတန်းကို နှစ်ကောင်လုံး ရင်ပေါင်တန်းပြီး ငုံ့ဝင်ကြပြီဗျို့"

မှဆိုး ကိုဗလလည်း ထိုတောဝက်ကို အမိအရ ချိန်ရွယ်ကာ သေနတ်မောင်း ဖြုတ်ရန် မောင်းကွင်းထဲ ထိုးထားသောလက်ညှိုးကို ကွေးစပြုနေလေသည်။

"ဟေး - ဝူး - ဝူး - ဟေး"

"ဟင် - ဘာကောင်ကြီးက လာအော်ခဲ့တာလဲပဲ၊ တောဝက်တွေ ထွက်ပြေးသွားကြပြီ"

ညဘက်တွင် မမျှော်လင့်ဘဲ ရုတ်တရက် အော်ဟစ်သံကြီး ထွက်ပေါ်လာခဲ့သဖြင့် ကိုဗလနှင့် ကိုသာအောင်တို့ပင် လန့်ဖျန့်သွားခဲ့ကြသည်။

"သွားပြီဗျာ - ကျုပ်တို့ အပင်ပန်းခံ၊ အအိပ်ပျက်ခံပြီး စောင့်ခဲ့ကြရတာ အလကားဖြစ်သွားပြီဗျ"

"ခင်ဗျားက လက်နှေးနေတာကိုးဗျ"

"အို - တောဝက်တွေ့တိုင်း ရမ်းပစ်လို့ မရဘူးလေဗျာ၊ သေကွင်းပစ်မှတ်ကို မိမိရရချိန်ရသေးတယ်လေ၊ ပစ်မှတ်ကို ချိန်လဲပြီးရော ပစ်တော့မယ့်အလုပ်မှာ မမျှော်လင့်ဘဲ အလန့်တကြားအော်သံကြီးထွက်ပေါ်လာခဲ့တော့ ပစ်မှတ်ကိုဟန်ချက်လွဲပြီး ပစ်ချိန်မရလိုက်တာပါပဲဗျာ"

သူတို့နှစ်ယောက်လည်း မိုးလင်းခါနီးအချိန်ထိ ဆက်လက်စောင့်ဆိုင်းခဲ့သော်လည်း တောဝက်များ နောက်ထပ်ဆင်းမလာခဲ့ကြတော့လေ။



www.burmeseclassic.com

ww.burmeseclassic.com

"ခင်ဗျားယုံသွားပြီမဟုတ်လားကိုသာအောင်၊ ဘီလူးရယ်မြောင်ဟာ တော ကာတ်တယ်ဆိုတာလေ၊ အခု တောဝက်ကို ပစ်ရခါနီးမှ ကြောက်မက်ဖွယ် အော်ဟစ် သံကြီးနဲ့ သူ့သားကောင်တွေကို ခြောက်လှန့်လွှတ်လိုက်တာလေ"

ကိုသာအောင်လည်း ဘီလူးရယ်မြောင်၏တောကာတ်ပုံကို သိရှိခဲ့ရ၏။ ဘာပဲ ဖြစ်ဖြစ် သူ့ပွဲခင်းထဲ တောဝက်တွေ ဝင်မစားဖြစ်ခဲ့သည်ကိုတော့ သူ ကျေနပ်ခဲ့မိလေ သည်။

တင့်တူး (ဧေယျဝတီ)

စာမူများ
ပေးပို့လိုပါက
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
အမှတ် (၅၀၈/၅၁၂)၊(၂/ခ)၊ ပထမထပ်
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com